ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲဝင်ရောက်ဖြေဆိုလိုသူများ နှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်)

# တတိယဆင့်မှတ်စု

## ( သမုစ္စည်း ၊ ပစ္စည်း ၊ ကမ္မဋ္ဌာန်း )

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
မဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မဗျူဟာသာသနမာမကအဖွဲ့
( လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း )

## သမ္မာသမ္ဗုဒ္ဓဉာဏ်တော်အစွမ်း

* သိရန်မှန်က မကျန်ရအောင်
လုံးဝစုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* သိသည့်တရား များအပြား၌
ဟောထားစဖွယ် နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* ကျွတ်ထိုက်ကြပေ များဝေနေ၏
ဣန္ဒြေစရိုက် သူ့အကြိုက်ကို
နိုက်ချွတ်စုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* သဗ္ဗညုဉာဏ်အား စွမ်းသုံးပါးကြောင့်
အများဝေနေ ကျွတ်လွတ်စေဖို့
မနေမနား သက်တော်အားဖြင့်
ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင်
ဘုန်းခေါင်. . . . ငါတို့ဘုရားတည်း။

တောင်မြို့ - မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

"ကောင်းမွန်" ကွန်ပျူတာ အမှတ် - ၁၁၄၊ ၃၄ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၈၉၀၂၃, ၀၉၅၁၆၀၁၀၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်)

# တတိယဆင့်မှတ်စု

## ( သမုစ္စည်း၊ ပစ္စည်း၊ ကမ္မဋ္ဌာန်း )


သင်တန်းမှူး

ဓမ္မဗျူဟာ-ဒေါ်ခင်လှတင်

မဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မဗျူဟာသာသနမာမကအဖွဲ့

(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၁။ သမုစ္စည်းပိုင်း


| | | |
|---|---|---|
| ၁။ | သင်္ဂဟမာတိကာ | ၁ |
| ၂။ | အကုသလသင်္ဂဟ | ၂ |
| | (၁) အာသဝ | ၂ |
| | (၂) ဩဃ, ယောဂ, ဂန္ထ | ၄ |
| | (၃) ဥပါဒါန် | ၅ |
| | (၄) နီဝရဏ | ၆ |
| | (၅) အနုသယ | ၇ |
| | (၆) သံယောဇဉ်, ကိလေသာ | ၉ |
| ၃။ | မိဿကသင်္ဂဟ | ၁၁ |
| | (၁) ဟိတ်, ဈာနင် | ၁၁ |
| | (၂) မဂ္ဂင် | ၁၂ |
| | (၃) ဣန္ဒြေ | ၁၄ |
| | (၄) ဗိုလ် | ၁၈ |
| | (၅) အဓိပတိ | ၁၈ |
| | (၆) အာဟာရ | ၁၉ |
| | (၇) ဈာနင်, ဗိုလ် စသည် မထိုက်သောတရားများ | ၂၀ |
| | (၈) အဓိပတိထိုက်သောတရားဆိုင်ရာ မှတ်ဖွယ် | ၂၂ |
| | (၉) တရားကိုယ်ကောက်နည်းဆိုင်ရာ မှတ်ဖွယ် | ၂၃ |
| | (၁၀) မိဿကသင်္ဂဟ၌ ပြဆိုအပ်သောတရားတို့၏ ဌာနအသီးသီး | ၂၄ |
| ၄။ | ဗောဓိပက္ခိယသင်္ဂဟ | ၂၅ |
| | (၁) သတိပဋ္ဌာန် | ၂၅ |
| | (၂) သမ္မပ္ပဓာန် | ၂၇ |
| | (၃) ဣဒ္ဓိပါဒ် | ၂၇ |
| | (၄) ဣန္ဒြေ, ဗိုလ် | ၂၈ |
| | (၅) ဗောဇ္ဈင် | ၂၈ |
| | (၆) မဂ္ဂင် | ၂၉ |
| | (၇) ဗောဓိပက္ခိယသင်္ဂဟ၌ ပြဆိုအပ်သောတရားတို့၏ ဌာနအသီးသီး | ၃၀ |

၅။ သဗ္ဗသင်္ဂဟ ၃၁
(၁) ခန္ဓာ ၃၁
(၂) ဥပါဒါနက္ခန္ဓာ ၃၃
(၃) အာယတန ၃၄
(၄) ဓာတ် ၃၅
(၅) အရိယသစ္စာ ၃၇
(၆) ဝင့်ဟူသည် ... ၃၉
(၇) သတ္တဝါနှင့် ဒေသနာ ၄၁

## ၂။ ပစ္စည်းပိုင်း

၁။ ပစ္စည်း, ပစ္စယုပ္ပန် ဆိုင်ရာမှတ်ဖွယ် ၄၃
၂။ နည်းနှစ်ပါးအဖွင့် ၄၄
၃။ ပဋိစ္စသမုပ္ပါဒ်နည်း ၄၆
(၁) အဝိဇ္ဇာမှ ဥပါယာသ ၄၆–၅၂
(၂) အဝိဇ္ဇာစသည်တို့ကို အကြောင်းပစ္စည်းအဖြစ်ဖြင့်ယူရပုံ ၅၃–၅၆
(၃) ပဋိစ္စသမုပ္ပါဒ်နည်း၌ သိဖွယ်ရာများ ၅၇–၆၃
၄။ ပဋ္ဌာန်းနည်း ၆၄
(၁) ပဋ္ဌာန်းနည်းအဖွင့် (အကျဉ်း) ၆၄–၇၄
(၂) ပဋ္ဌာန်းနည်းအဖွင့် (အကျယ်) ၇၄–၉၅
(၃) ၂၄ ပစ္စည်းအကျဉ်းချုပ် ၉၅
(၄) ၂၄ ပစ္စည်းကို ကာလအားဖြင့် ဝေဖန်ပုံ ၉၆
(၅) နာမ်နှင့်ရုပ်အခွဲ ၉၇
၅။ ပညတ် ၉၈
(၁) အတ္ထပညတ်အမျိုးမျိုး ၉၈
(၂) သဒ္ဒပညတ် ၆ ပါး ၉၉
(၃) ဝိဇ္ဇမာနပညတ် စသည် ၆ပါး ၁၀၀
(၄) ပညတ် ၂မျိုးသိပုံ ၁၀၁
၆။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပစ္စည်း–ပစ္စယုပ္ပန်တရားများ ၁၀၃

# ၃။ ကမ္မဋ္ဌာန်းပိုင်း


| | | |
|---|---|---|
| ၁။ | သမထ, ဝိပဿနာ, ဘာဝနာ, ကမ္မဋ္ဌာန်း | ၁၀၉ |
| ၂။ | သမထဘာဝနာ ကမ္မဋ္ဌာန်း | ၁၁၀ |
| | (၁) ကမ္မဋ္ဌာန်း ၄၀ | ၁၁၀–၁၁၈ |
| | (၂) စရိုက် ၆ ပါး | ၁၁၈–၁၂၀ |
| | (၃) သပ္ပါယဘေဒ | ၁၂၁–၁၂၄ |
| | (၄) ဘာဝနာဘေဒ | ၁၂၄–၁၂၇ |
| | (၅) နိမိတ္တဘေဒ | ၁၂၇–၁၃၆ |
| | (၆) အဘိညာဉ်ခန်း | ၁၃၇–၁၄၃ |
| ၃။ | ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်း | ၁၄၄ |
| | (၁) လက္ခဏာယာဉ် ၃ ပါး | ၁၄၄ |
| | (၂) အနုပဿနာ ၃ ပါး | ၁၄၅ |
| | (၃) ဝိပဿနာဉာဏ် ၁၀ ပါး | ၁၄၅ |
| | (၄) ဝိသုဒ္ဓိဘေဒ | ၁၄၉–၁၆၁ |
| | (၅) ဝိမောက္ခဘေဒ | ၁၆၂–၁၆၅ |
| | (၆) ပုဂ္ဂလဘေဒ | ၁၆၆ |
| | (၇) သမာပတ္တိဘေဒ | ၁၆၇ |

**ဓမ္မဗျူဟာ**

**အဘိဓမ္မာဂုဏ်ထူးဆောင်(ဋီကာကျော်)**

**တတိယဆင့်(မှတ်စု)**

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

# သမုစ္စည်းပိုင်း

**သမုစ္စယသင်္ဂဟ** = ၇၂-ပါးသော ပရမတ္ထသဘောတရားများကို အတူတကွ ပေါင်း စည်းရာ ဖြစ်သောကြောင့် သမုစ္စယသင်္ဂဟ မည်၏။

**ဝတ္ထုဓမ္မ-ပရမတ္ထဓမ္မ** = စိတ်သည် အာရုံသိမှုတူ၍ ၁-ပါး၊ စေတသိက် ၅၂-ပါး၊ နိပ္ဖန္နရုပ် ၁၈-ပါး၊ နိဗ္ဗာန် ၁-ပါး ၊ ပေါင်း ၇၂-ပါးသည် တရားကိုယ် ထင်ရှားရှိသော ဝတ္ထုဓမ္မ-ပရမတ္ထဓမ္မ မည်၏။

**အဝတ္ထုဓမ္မ-ပညတ္တိဓမ္မ** = အနိပ္ဖန္နရုပ် ၁၀-ပါးသည် နိပ္ဖန္နရုပ်တို့၏ အခိုက်အတန့်မျှသာဖြစ်၍ တရားကိုယ် ထင်ရှားမရှိသော အဝတ္ထုဓမ္မ-ပညတ္တိဓမ္မ မည်၏။

## သင်္ဂဟမာတိကာ

၁။ **အကုသလသင်္ဂဟ** = အကုသိုလ်ဇာတ်အားဖြင့် တူသောသဘော ရှိကုန်သော အာသဝေါ စသောတရားတို့ကို တစ်ပေါင်းတည်းပြု၍ ပြဆိုရာဖြစ်သော သင်္ဂဟသည် အကုသလသင်္ဂဟ မည်၏။

၂။ **မိဿကသင်္ဂဟ** = ကုသိုလ် အကုသိုလ် အဗျာကတဖြစ်သော တရားတို့ကို ရောနှော၍ သိမ်းယူ ပြဆိုရာဖြစ်သော သင်္ဂဟသည် မိဿကသင်္ဂဟ မည်၏။

၃။ **ဗောဓိပက္ခိယသင်္ဂဟ** = ဗောဓိဉာဏ်၏ ရင့်ခြင်းအကြောင်း ဖြစ်ကုန်သော သတိပဋ္ဌာန် စသောတရားတို့ကို (ဝါ) အရိယာမဂ်ဉာဏ်၏

အဆော့က်အဦ အသင်းအပင်း၌ ဖြစ်ကုန်သော သတိ စသော တရားတို့ကို တစ်ပေါင်းတည်း သိမ်းယူပြဆိုရာ ဖြစ်သော သင်္ဂဟသည် ဗောဓိပက္ခိယသင်္ဂဟ မည်၏။

၄။ **သဗ္ဗသင်္ဂဟ** = အလုံးစုံသော ပရမတ္ထတရားတို့ကို ခန္ဓာအစရှိသည်တို့၏ အစွမ်းဖြင့် တစ်ပေါင်းတည်း သိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟသည် သဗ္ဗသင်္ဂဟ မည်၏။

## ၁။ အကုသလသင်္ဂဟ

(မှတ်ချက်။ ။ အကုသလသင်္ဂဟဆိုင်ရာ သရုပ်,တရားကိုယ်များကို အဘိဓမ္မာအတိုင်း သိပါ။)

### ၁။ အာသဝ

(၁) ရှည်မြင့်စွာသော ကာလပတ်လုံး ထုံခြင်းရှိသောအနက်, ထူထပ်သော အနက်ကြောင့်လည်းကောင်း၊

(၂) အိုင်းအမာမှ မန်းရည်ပြည်စေးများ ယိုစီးသကဲ့သို့ စက္ခုစသော ဒွါရ ၆-ပါးမှ ရူပါရုံစသော အာရုံခြောက်ပါး၌ ယိုစီးတတ်သောကြောင့်လည်း ကောင်း၊

(၃) ဘုံအားဖြင့် ဘဝဂ်တိုင်အောင်, ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် နှံ့၍ ဖြစ်တတ်သောကြောင့်လည်းကောင်း အာသဝ မည်၏။

**အာသဝ ၄-ပါး**

(၁) **ကာမာသဝ** = ကာမဂုဏ် ၅-ပါးတို့၌ လိုချင်တပ်မက်သော လောဘစေတသိက်သည် ကာမာသဝ မည်၏။
(ကာမတဏှာသည်ပင် အာသဝမည်သောကြောင့် ကာမရာဂသည် ကာမာသဝ မည်၏။)

၂) **ဘဝါသဝ** = ရူပဘဝ, အရူပဘဝတို့၌ တပ်နှစ်သက်သော လောဘစေတသိက်သည် ဘဝါသဝ မည်၏၊ ဈာန်စိတ်တည်းဟူသော ကမ္မဘဝ၌ တပ်နှစ်သက်သော လောဘ, သဿတဒိဋ္ဌိဟူသော ဘဝဒိဋ္ဌိနှင့် တကွ ဖြစ်သော လောဘတို့သည်လည်း ဘဝါသဝ မည်၏။

(၃) **ဒိဋ္ဌာသဝ** = ၆၂–ပါးသော ဒိဋ္ဌိသည် ဒိဋ္ဌာသဝ မည်၏။

(၄) **အဝိဇ္ဇာသဝ** = သစ္စာလေးပါးတို့၌လည်းကောင်း၊ အတိတ်ဖြစ်သော ခန္ဓာ–အာယတန–ဓာတ် အစွန်းဖြစ်သော ပုဗ္ဗန္တ၌လည်းကောင်း၊ အနာဂတ်ဖြစ်သော ခန္ဓာ–အာယတန–ဓာတ် အစွန်းဖြစ်သော အပရန္တ၌ လည်းကောင်း၊ အတိတ်–အနာဂတ်ဖြစ်သော ခန္ဓာ–အာယတန–ဓာတ် အစွန်းဖြစ်သော ပုဗ္ဗန္တ–အပရန္တ၌လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂–ပါး၌လည်းကောင်း မသိခြင်း မောဟသည် အဝိဇ္ဇာသဝ မည်၏။

**လောဘ, ဒိဋ္ဌိ, မောဟ မှတစ်ပါး မာနစသော အကုသိုလ်တရားများသည် အာသဝ မမည်ရခြင်း**

ဘုံအားဖြင့် နေဝသညာနာသညာယတနဘုံတိုင်အောင် နှံ့၍လည်းကောင်း၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် နှံ့၍လည်းကောင်း မာနစသော အကုသိုလ်တရားတို့သည် ဖြစ်တတ်သော်လည်း "ငါ၏ကိုယ်၊ ငါ၏ဥစ္စာ"ဟု မှားသောအားဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့် အထူးသဖြင့် နှံ့၍ ဖြစ်တတ်သည်ဖြစ်၍၊ ယစ်ခြင်းကို ပြုတတ်သည်ဖြစ်၍ မုဒရက်ရည်နှင့် တူသောကြောင့် လောဘ ဒိဋ္ဌိ မောဟ ဤတရားသုံးပါးတို့သည်သာလျှင် အာသဝဟူသော ဝေါဟာရဖြင့် ထင်ရှားကုန်၏၊ မာန စသော အကုသိုလ်တရားတို့သည်ကား အာသဝ မမည်ပေ။

**ဘဝါသဝ–အရဖြစ်သော တဏှာ ၃–ပါး အထူး**

| ဘဝါသဝ = တဏှာ ၃–ပါး | ရာဂအမည် |
|---|---|
| (၁) ရူပဘဝ၊ အရူပဘဝဟူသော ဥပပတ္တိဘဝ တို့၌ဖြစ်သော တဏှာ၊ | (၁) ဆန္ဒရာဂ |
| (၂) ရူပ၊ အရူပ ကုသိုလ်ဈာန်ဟု ဆိုအပ်သော ကမ္မဘဝ၌ဖြစ်သော တဏှာ၊ | (၂) ဈာနနိကန္တိရာဂ |
| (၃) သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သောတဏှာ၊ | (၃) ဘဝဒိဋ္ဌိနှင့်တကွဖြစ်သောရာဂ |

## ၂။ ဩဃ

(၁) သတ္တဝါတို့ကို လွှမ်းမိုး၍ အောက်သို့ ဆောင်တတ်သောကြောင့် လည်းကောင်း၊

(၂) ဝဋ်ဆင်းရဲအောက်၌ နစ်မွန်းစေတတ်သောကြောင့်လည်းကောင်း၊ လောဘ, ဒိဋ္ဌိ, မောဟတရား ၃-ပါးတို့သည် ရေအယဉ်နှင့်တူသောကြောင့် ဩဃ မည်၏။

## ၃။ ယောဂ

(၁) ဝဋ်ဆင်းရဲ၌လည်းကောင်း၊ ဘဝတည်းဟူသော ယန္တရားစက်၌လည်းကောင်း သတ္တဝါတို့ကို ကံ၏အကျိုးတရားနှင့် ယှဉ်စေတတ်ကုန်သောကြောင့်လည်းကောင်း၊

(၂) ဘဝတစ်ပါး အစရှိသည်တို့ကို ဘဝတစ်ပါး အစရှိသည်တို့နှင့် ယှဉ်စေတတ် ဖွဲ့ချည်တတ်သောကြောင့်လည်းကောင်း၊

(၃) သတ္တဝါတို့ကို ဝဋ်ဆင်းရဲနှင့် ယှဉ်စေတတ်သောကြောင့် လောဘ, ဒိဋ္ဌိ, မောဟတရား ၃-ပါးတို့သည် ယောဂ မည်၏။

## ၄။ ဂန္ထ

နာမ်တရားပေါင်း (နာမကာယ)နှင့် ရုပ်အပေါင်း (ရူပကာယ) ကိုလည်းကောင်း၊ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကိုလည်းကောင်း၊ ဖြေနိုင်ခက်အောင် ရစ်ပတ်ထုံးဖွဲ့ တတ်သောကြောင့် လောဘ, ဒေါသ, ဒိဋ္ဌိ တရား ၃-ပါးတို့သည် ကာယဂန္ထ မည်၏။

(စုတိ,ပဋိသန္ဓေတို့၏ အစွမ်းဖြင့် ဝဋ်သုံးပါး၌ ဆက်စပ် ထုံးဖွဲ့တတ်သောကြောင့် ဂန္ထ မည်၏။)

(၁) **အဘိဇ္ဈာကာယဂန္ထ** = နာမကာယနှင့် ရူပကာယကိုလည်းကောင်း၊ ပစ္စုပ္ပန် ကာယနှင့် အနာဂတ်ကာယကို လည်းကောင်း ဖြေနိုင်ခက်အောင် ရစ်ပတ်ထုံးဖွဲ့ တတ်သောကြောင့် တဏှာသည် အဘိဇ္ဈာကာယဂန္ထ မည်၏။

(၂) **ဗျာပါဒကာယဂန္ထ** = နာမကာယနှင့် ရူပကာယကိုလည်းကောင်း၊ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို လည်းကောင်း ဖြေနိုင်ခက်အောင် ရစ်ပတ်ထုံးဖွဲ့ တတ်သောကြောင့် ဒေါသသည် ဗျာပါဒကာယဂန္ထ မည်၏။

(၃) **သီလဗ္ဗတပရာမာသကာယဂန္ထ** = နွားတို့၏အလေ့၊ နွားတို့၏အကျင့် စသည်ဖြင့် သံသရာမှ စင်ကြယ်၏-ဟု သဘောမဟုတ်သောအားဖြင့် စွဲလမ်းခြင်း ဒိဋ္ဌိသည် သီလဗ္ဗတ-ပရာမာသကာယဂန္ထ မည်၏။

(၄) **ဣဒံသစ္စာဘိနိဝေသကာယဂန္ထ** = "ငါ၏အယူသည်သာလျှင် မှန်၏၊ တစ်ပါးသောအယူသည် မမှန်၊ အချည်းအနှီးသာတည်း"ဟု မြဲမြံစွာစွဲလမ်းခြင်း (သီလဗ္ဗတပရာမာသဒိဋ္ဌိမှ ကြွင်းသော) ဒိဋ္ဌိအပေါင်းသည် ဣဒံသစ္စာ-ဘိနိဝေသကာယဂန္ထ မည်၏။

## ၅။ ဥပါဒါန်

မြွေသည် ဖားကို မြဲမြံစွာ ဖမ်းယူသကဲ့သို့ အာရုံကို ပြင်းစွာ မြဲမြံစွာ စွဲလမ်းတတ်သောကြောင့် ဥပါဒါန် မည်၏။

(၁) **ကာမုပါဒါန်** = တေဘူမက တရားမှန်သမျှကို ပြင်းစွာ စွဲလမ်းတတ်သော ကာမတဏှာသည် ကာမုပါဒါန် မည်၏။

(၂) **သီလဗ္ဗတုပါဒါန်** = "ငါ၏ နွားတို့၏အလေ့၊ နွားတို့၏အကျင့် စသည်ဖြင့် သံသရာမှ စင်ကြယ်၏"ဟု နွားသီလ(ဂေါသီလ)၊ နွားအကျင့်(ဂေါဝတ) စသည်တို့ကို ပြင်းစွာစွဲလမ်းခြင်း ဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန် မည်၏။

(၃) **အတ္တဝါဒုပါဒါန်** = တိတ္ထိတို့သည် ကြံဆအပ်သော ၂၀-ပါးသော အတ္တဒိဋ္ဌိ (ဝါ) သက္ကာယဒိဋ္ဌိကို ဆိုကြောင်းဖြစ်သော မှားသောအယူတို့ကို ပြင်းစွာစွဲလမ်းခြင်း ဒိဋ္ဌိသည် အတ္တဝါဒုပါဒါန် မည်၏။

(ဤမိစ္ဆာအယူဖြင့် ငါ၏ကိုယ်ဟူ၍ ဆိုတတ်ကုန်၏၊ ထိုသို့ ဆိုကြောင်းဖြစ်သောကြောင့် ဝါဒ–မည်၏၊ ဥပါဒါနက္ခန္ဓာ ၅–ပါးတို့ဖြင့် ဝိသေသ သာမညအားဖြင့် ၂၀–သောအပြားအားဖြင့် တိတ္ထိတို့ ကြံဆအပ်သော အတ္တကို ယူကြောင်းဖြစ်သောကြောင့် အတ္တဝါဒ–မည်၏၊ ထိုအတ္တဝါဒသည်ပင်လျှင် ဥပါဒါန်ဖြစ်သောကြောင့် အတ္တဝါဒုပါဒါန် မည်၏။)

(၄) ဒိဋ္ဌုပါဒါန် = သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် မှကြွင်းသော ဒိဋ္ဌိအယူတို့အပေါ် ပြင်းစွာစွဲလမ်းခြင်း ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန် မည်၏။

## ၆။ နီဝရဏ

(၁) ချာန် အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ထိုက်သော ကုသိုလ်စိတ်ကို တားမြစ်တတ်၊ ထိုဈာန်စသည်တို့၏ အဖြစ်ဖြင့် ဖြစ်ခွင့်ကို မပေးတတ်သောကြောင့်လည်းကောင်း၊

(၂) ပညာဉာဏ်မျက်စိကို ဖုံးလွှမ်းပိတ်ပင် တားမြစ်တတ်သောကြောင့်လည်းကောင်း နီဝရဏ မည်၏။

### ထိန–မိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စ–ကုက္ကုစ္စ နီဝရဏဟု တစ်ပေါင်းတည်းပြုကာ ဟောတော်မူရခြင်း

ထိနနှင့် မိဒ္ဓ၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ စေတသိက်တို့သည် လက္ခဏာချင်း ကွဲပြားပါသော်လည်း ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက်ချင်း တူသောကြောင့် ထိန–မိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စ–ကုက္ကုစ္စ နီဝရဏဟု တစ်ပေါင်းတည်းပြုကာ ဟောတော်မူရခြင်း ဖြစ်သည်။

### ထိန နှင့် မိဒ္ဓ တူညီပုံ

(၁) ကိစ္စ = ထိနနှင့် မိဒ္ဓတို့သည် သမ္ပယုတ်ဖြစ်သောစိတ်၏ တွန့်တိုခြင်းသို့ ရောက်စေခြင်း–ဟု ဆိုအပ်သော ကိစ္စချင်း တူကြ၏။

(၂) အကြောင်း = ထိနနှင့် မိဒ္ဓတို့သည် ပျင်းရိခြင်း ကိုယ်တဆန့်ဆန့် ရှိသည် အဖြစ်ဟု ဆိုအပ်သော အကြောင်းချင်း တူကြ၏။

(၃) ဆန့်ကျင်ဘက်= ထိန၏ဆန့်ကျင်ဘက်သည် ဝီရိယ၊
မိဒ္ဓ၏ ဆန့်ကျင်ဘက်သည်လည်း ဝီရိယ၊
ဤသို့အားဖြင့် ကိစ္စ၊ အကြောင်း၊ ဆန့်ကျင်ဘက်ချင်း တူကြ၏။

**ဥဒ္ဓစ္စ နှင့် ကုက္ကုစ္စ တူညီပုံ**

(၁) ကိစ္စ = ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည် သမ္ပယုတ်ဖြစ်သော စိတ်၏ မငြိမ်သက်သည်၏အဖြစ်ကို ပြုခြင်းဟု ဆိုအပ်သော ကိစ္စချင်း တူကြ၏။

(၂) အကြောင်း = ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည် ဆွေမျိုး စည်းစိမ် ပျက်စီးခြင်း စသည်ကို ကြံခြင်းဟု ဆိုအပ်သော အကြောင်းချင်း တူကြ၏။

(၃) ဆန့်ကျင်ဘက်= ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက်သည် သမထ(သမာဓိ)၊
ကုက္ကုစ္စ၏ ဆန့်ကျင်ဘက်သည်လည်း သမထ(သမာဓိ)၊
ဤသို့အားဖြင့် ကိစ္စ၊ အကြောင်း၊ ဆန့်ကျင်ဘက်ချင်း တူကြ၏။

**၇။ အနုသယ**

မဂ်ဖြင့် မပယ်ရသေးသဖြင့် သတ္တဝါတို့၏ သန္တာန်၌ အဖန်တလဲလဲ ဖြစ်တတ်၊ ကိန်းတတ်သောကြောင့် အနုသယ မည်၏။ (ကိလေသာဖြစ်ဖို့ရန် သင့်လျော်သော အာရုံ စသောအကြောင်းကို ရလတ်သော် ဖြစ်ပေါ်တတ်သော, ဖြစ်ပေါ်ခြင်းငှာ ထိုက်သောတရားများဟု ဆိုလိုသည်။)

**အနုသယနှင့် ကိလေသာ(အထူး)**

(၁) အနုသယ = မဂ်ဖြင့် မပယ်ရသေးသော အားအစွမ်းဖြင့် ပြည့်စုံသော ကာမရာဂ စသော ကိလေသာတို့ကိုသာ အနုသယ–ဟု ဆိုရသည်။

(၂) ကိလေသာ = သာမညကိလေသာ (အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန) တို့ကိုမူ အနုသယ–ဟု မဆိုရပါ။

**မုချနှင့် ပရိယာယ်အားဖြင့် ယူပုံ**

အနုသယဟူသည် မုချအားဖြင့် အနာဂတ်ကိလေသာ ဖြစ်၏၊ သို့သော် သဘောအားဖြင့် တူသောကြောင့် အတိတ်ကိလေသာနှင့် ပစ္စုပ္ပန်ကိလေသာတို့ကိုလည်း ပရိယာယ်အားဖြင့် အနုသယ–ဟု ဆိုအပ်ကုန်၏။

**မဂ်ဖြင့် မပယ်အပ်သေးသည် အဖြစ်ဟူသော အခိုက်အတန့်ရှိသော ကိလေသာတို့ကို 'အနုသယ'ဟု ဆိုရခြင်းအကြောင်း**

မဂ်ဖြင့် မပယ်အပ်သေးသော ကိလေသာတို့သည် ကိလေသာဖြစ်ဖို့ရန် အာရုံစသော အကြောင်းကို ရခဲ့သည်ရှိသော် ဖြစ်ခြင်းငှာ ထိုက်ကုန်သည်ဖြစ်၍ သတ္တဝါတို့ သန္တာန်၌ အဖန်ဖန် အထပ်ထပ် ကိန်းဝပ်ကုန်သကဲ့သို့ ဖြစ်ကြသောကြောင့် ထိုမဂ်ဖြင့် မပယ်အပ်သေးသည်၏ အဖြစ်ဟူသော အခိုက်အတန့်ရှိသော ကိလေသာတို့ကို 'အနုသယ' ဟု ဆိုရခြင်း ဖြစ်ပါသည်။

**အနာဂတ်ကိလေသာနှင့် အတိတ်, ပစ္စုပ္ပန်ကိလေသာတို့ သဘောအားဖြင့် မကွဲပြားကြ**

အတိတ်စသော ကာလကွဲပြားခြင်းကြောင့် ပရမတ္ထတရားတို့၏ သဘောအားဖြင့် ကွဲပြားခြင်း မရှိနိုင်ပါ၊ ထို့ကြောင့် အနာဂတ်ကိလေသာနှင့် အတိတ်, ပစ္စုပ္ပန်ကိလေသာတို့သည် သဘောအားဖြင့် မကွဲပြားကြပါ။

**မဂ်ဖြင့် မပယ်အပ်သေးသော ကိလေသာအားလုံးကို အနုသယဟု မဆိုနိုင်**

မေး = မဂ်ဖြင့် မပယ်အပ်သေးသည်၏အဖြစ်ကြောင့် အနုသယတို့ ဖြစ်ကြသည် ဆိုလျှင် မဂ်ဖြင့် မပယ်အပ်သေးသော ကိလေသာအားလုံး အနုသယ ဖြစ်ကုန်ရာသည် မဟုတ်ပါလော။

ဖြေ = မဂ်ဖြင့် မပယ်အပ်သေးသည်၏ အဖြစ်မျှကို အနုသယဟု မဆိုကြပါ၊ စင်စစ်မှာကား မဂ်ဖြင့် မပယ်အပ်သေးသည်၏ အဖြစ်ကြောင့် အားအစွမ်းသို့ ရောက်သော အင်အားကြီးမားသော ကိလေသာတို့ကိုသာ အနုသယဟု ဆိုကြပါသည်။

**အင်အားကြီးမားသော ကိလေသာ(အနုသယ)နှင့် အင်အားနည်းသော ကိလေသာ**

အင်အားကြီးမားသော ကိလေသာမှာ– လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာဟူသော ၆–ပါးဖြစ်၍၊ အင်အားနည်းပါးသော ကိလေသာမှာ– ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပတို့ ဖြစ်ကြပါသည်။

**၈။ သံယောဇဉ်**

သတ္တဝါတို့ကို သံသရာတည်းဟူသော နှောင်အိမ်၌ အာရုံအမျိုးမျိုး တည်းဟူသော ကြိုးတို့ဖြင့် တုပ်နှောင်ဖွဲ့ချည်တတ်သောကြောင့် သံယောဇဉ် မည်၏။

**သုတ္တန်နည်းသံယောဇဉ် ၁၀–ပါး**

**ကာမဘုံသို့ ဆက်သွယ်ပေးသော သံယောဇဉ်(ကြိုး) ၅–ပါး–ဩရမ္ဘာဂိယသံယောဇဉ်**

(၁) ကာမရာဂသံယောဇဉ်
(၂) ပဋိဃသံယောဇဉ်
(၃) ဒိဋ္ဌိသံယောဇဉ်
(၄) သီလဗ္ဗတပရာမာသသံယောဇဉ်
(၅) ဝိစိကိစ္ဆာသံယောဇဉ်

**ရူပဘုံ,အရူပဘုံသို့ ဆက်သွယ်ပေးသော သံယောဇဉ်(ကြိုး) ၅–ပါး ဥဒ္ဓံဘာဂိယသံယောဇဉ်**

(၁) ရူပရာဂသံယောဇဉ်
(၂) အရူပရာဂသံယောဇဉ်
(၃) မာနသံယောဇဉ်
(၄) ဥဒ္ဓစ္စသံယောဇဉ်
(၅) အဝိဇ္ဇာသံယောဇဉ်

**၉။ ကိလေသာ**

စိတ်၏ ပူပန်ကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ စိတ်ကို နှိပ်စက် ညှဉ်းဆဲတတ်သောကြောင့်လည်းကောင်း ကိလေသာ မည်၏။

**အကုသလသင်္ဂဟ တရားကိုယ်ကောက်နည်းဆိုင်ရာ မှတ်ဖွယ်များ**

**နီဝရဏ ၆–ပါးသာ ရှိပါလျက် တရားကိုယ်အားဖြင့် ၈–ပါး ဖြစ်ရခြင်း**

ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စတို့ကို လက္ခဏာကွဲပြားသည့်အတွက် အသီးအခြား တစ်ခုစီ ယူထားသောကြောင့် နီဝရဏသည် တရားကိုယ်အားဖြင့် ၈–ပါး ဖြစ်ရပါသည်။

**အနုသယ ၇–ပါးရှိလျက် တရားကိုယ်အားဖြင့် ၆–ပါးသာ ဖြစ်ရခြင်း**

ကာမရာဂါနုသယ, ဘဝရာဂါနုသယတို့ကို တဏှာသဘောအားဖြင့် တစ်ပေါင်း တည်း ယူအပ်သောကြောင့် အနုသယ ၇–ပါးရှိလျက် တရားကိုယ်အားဖြင့်

၆–ပါးသာ ဖြစ်ရပါသည်။

**သုတ္တန်နည်း, အဘိဓမ္မာနည်း သံယောဇဉ် ၁၀–ပါးစီ ရှိပါလျက် တရားကိုယ်အားဖြင့် ၉–ပါးသာ ဖြစ်ရခြင်း**

နည်းနှစ်မျိုးလုံး၌ ဟောတော်မူအပ်သော တဏှာသဘောရှိသော သံယောဇဉ်, ဒိဋ္ဌိသဘောရှိသော သံယောဇဉ်တို့ကို တစ်ခုစီ တစ်ခုစီ ပေါင်းယူအပ်သောကြောင့် တရားကိုယ်အားဖြင့် ၉–ပါးသာ ဖြစ်ရပါသည်။

(သုတ္တန်နည်း၌ တဏှာသဘောရှိသော ကာမရာဂ, ရူပရာဂ, အရူပရာဂ–သံယောဇဉ်တို့ကို၊ အဘိဓမ္မာနည်း၌ ကာမရာဂ, ဘဝရာဂသံယောဇဉ်တို့ကို တဏှာတစ်မျိုးတည်း အဖြစ်ဖြင့် ပေါင်းယူထား၏၊ နည်းနှစ်မျိုးလုံး၌ ဒိဋ္ဌိသဘောရှိသော ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသ သံယောဇဉ်တို့ကို ဒိဋ္ဌိတစ်မျိုးတည်းအဖြစ်ဖြင့် ပေါင်းယူထား၏။)

## လောဘ, ဒိဋ္ဌိ စသောတရားတို့၏ ဌာနအသီးသီး

(၁) လောဘသည် အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာအားဖြင့် ၉–ဌာန ဖြစ်သည်။

(၂) ဒိဋ္ဌိသည် နီဝရဏကြဉ် ၈–ဌာန ဖြစ်သည်။

(၃) အဝိဇ္ဇာ(မောဟ)သည် ဂန္ထ, ဥပါဒါန်ကြဉ် ၇–ဌာန ဖြစ်သည်။

(၄) ပဋိဃ(ဒေါသ)သည် ဂန္ထ, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာအားဖြင့် ၅–ဌာန ဖြစ်သည်။

(၅) ဝိစိကိစ္ဆာသည် နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာအားဖြင့် ၄–ဌာန ဖြစ်သည်။

(၆) မာနသည် အနုသယ, သံယောဇဉ်, ကိလေသာအားဖြင့် ၃–ဌာန ဖြစ်သည်။

(၇) ဥဒ္ဓစ္စသည် နီဝရဏ, သံယောဇဉ်, ကိလေသာအားဖြင့် ၃–ဌာန ဖြစ်သည်။

(၈) ထိနသည် နီဝရဏ, ကိလေသာအားဖြင့် ၂–ဌာန ဖြစ်သည်။

(၉) ကုက္ကုစ္စ, မိဒ္ဓတို့သည် နီဝရဏ ၁–ဌာန ဖြစ်သည်။

(၁၀) အဟိရိက, အနောတ္တပ္ပတို့သည် ကိလေသာ ၁–ဌာန ဖြစ်သည်။

(၁၁) ဣဿာ, မစ္ဆရိယတို့သည် သံယောဇဉ် ၁–ဌာန ဖြစ်သည်။

**ပါပသင်္ဂဟ** = မိမိကိန်းရာ သဝ္ဘောဝါတို့ကို အပါယ်စသော ဆင်းရဲသို့ ကျရောက်စေတတ်သောကြောင့် "ပါပ" ခေါ် အကုသိုလ်တရားတို့ကို သိမ်းယူရာ, သိမ်းယူကြောင်းသင်္ဂဟသည် ပါပသင်္ဂဟ မည်၏။

## ၂။ မိဿကသင်္ဂဟ

(မှတ်ချက်။ ။ မိဿကသင်္ဂဟဆိုင်ရာ သရုပ်, တရားကိုယ်များကို အဘိဓမ္မာအတိုင်း သိပါ။)

### ၁။ ဟိတ်

အာရုံ၌ မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကုန်သော အကျိုးတရားတို့ကို ကောင်းစွာ ခိုင်ခံ့ တည်တံ့စေတတ်သော အကြောင်းတရားသည် ဟိတ် မည်၏။

(ဟိတ်ခြောက်ပါးအဖွင့်သည် ပကိဏ်းပိုင်းအဖွင့်နှင့် အတူတူပင် ဖြစ်သည်။)

### ၂။ ဈာန

**ဈာန, အင်္ဂ, ဈာနင်္ဂ မည်ပုံ**

- အာရုံသို့ ကပ်၍ကြံခြင်းဟု ဆိုအပ်သော ရှုတတ်သောအနက်ကြောင့်လည်းကောင်း၊ ထိုက်သည့်အားလျော်စွာ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့်လည်းကောင်း ဝိတက်စသော တရားတို့သည် ဈာန(ဈာန်) မည်ကုန်၏။
- ထိုဈာန်တို့ဟူသည် အပေါင်းဖြစ်ကုန်သော ဈာန်တရားတို့ကို အစိတ်၏ အဖြစ်ဖြင့် သိအပ်ကုန်သောကြောင့် အင်္ဂ(အင်္ဂါ)တို့လည်း မည်ကုန်၏။
- ထိုနှစ်ပါးသော အနက်ကြောင့် ဈာနင်္ဂ(ဈာနင်) မည်ကုန်၏။

**ဈာနင် ၇–ပါးကို ဇာတ်အားဖြင့် ခွဲဝေပုံ**

ကောင်းသောကုသိုလ်အာရုံ၌ဖြစ်စေ၊ မကောင်းသောအကုသိုလ်အာရုံ၌ဖြစ်စေ စူးစူး စိုက်စိုက် စွဲစွဲမြဲမြဲ ကပ်၍ ရှုတတ်သောကြောင့် ဈာန် မည်၏၊ ထို့ကြောင့် ဈာနင် ၇–ပါးတို့တွင် ဒေါမနဿသည် အကုသိုလ်ဈာနင်သက်သက်ဖြစ်၏၊ ကြွင်း ၆– ပါးတို့ကား ကုသိုလ် အကုသိုလ် အဗျာကတ သုံးမျိုးတို့နှင့် ဆိုင်သော ဈာနင်များ ဖြစ်ကြ၏။

**မေး** = ဝိတက်စသည်တို့ကို ဈာန်အင်္ဂါအဖြစ်ဖြင့်လည်းကောင်း၊ ဈာန်အဖြစ်ဖြင့် လည်းကောင်း ဆိုရပုံကို ရှင်းပြပါ။

**ဖြေ** = အစိတ်ဈာန်အင်္ဂါတို့မှ လွတ်သော အပေါင်းဈာန် မရှိပါသော်လည်း သေနင်္ဂ, ရထင်္ဂ စသည်တို့၌ကဲ့သို့ ဝိတက်စသည်တို့ကို အပေါင်းဈာန်၏ အသီးသီး (တစ်ပါးစီ တစ်ပါးစီ) ဈာန်အင်္ဂါအဖြစ်ဖြင့် ဆိုရခြင်းဖြစ်ပါသည်။

ဝိတက်စသော အစိတ်ဈာန်အင်္ဂါတို့သည် တစ်ပေါင်းတည်းဖြစ်ကုန်၍ ကသိုဏ်းအစရှိသော အာရုံကို ကပ်၍ ကြံတတ် ရှုတတ် ဆန့်ကျင်ဘက် နီဝရဏ တရားတို့ကို လောင်မြိုက်တတ်သောကြောင့် ၎င်းတို့ကို ဈာန်အဖြစ် ဆိုရခြင်း ဖြစ်ပါသည်။

## ၃။ မဂ္ဂင်

**မဂ်, အင်္ဂ, မဂ္ဂင် မည်ပုံ**

– သမ္မာဒိဋ္ဌိ စသောတရားတို့သည် သုဂတိဘုံ ဒုဂ္ဂတိဘုံ နိဗ္ဗာန်သို့ ရှေးရှု ရောက်စေတတ်သောကြောင့် မဂ် မည်၏။
– ထို သုဂတိဘုံ ဒုဂ္ဂတိဘုံ နိဗ္ဗာန်တို့သို့ ရောက်ကြောင်း ဖြစ်ကုန်သော သမ္မာဒိဋ္ဌိ စသော အစိတ်တို့သည် အင်္ဂ(အင်္ဂါ) မည်ကုန်၏။
– ထိုနှစ်ပါးသော အနက်ကြောင့် မဂ္ဂင် မည်ကုန်၏။

**သမ္မာမဂ္ဂင် ၈–ပါး**

သမ္မာဒိဋ္ဌိစသော တရား ၈–ပါးတို့သည် သုဂတိဘုံနှင့် နိဗ္ဗာန်သို့ ရောက် ကြောင်းဖြစ်သောကြောင့် သမ္မာမဂ္ဂင် မည်၏။

(၁) **သမ္မာဒိဋ္ဌိ** = ထိုပညာဖြင့် သမ္ပယုတ်တရားတို့သည် မဖောက်ပြန်သောအားဖြင့် မြင်တတ်သောကြောင့် သမ္မာဒိဋ္ဌိ မည်၏။
(သမ္မာဒိဋ္ဌိသည် အတ္ထိဒိန္နံ စသည်ဖြင့် ၁၀-ပါး အပြားရှိ၏၊ တစ်နည်းအားဖြင့် ပရိညာ အစရှိသော ကိစ္စ၏အစွမ်းအားဖြင့် ၄-ပါး အပြားရှိ၏။)

(၂) **သမ္မာသင်္ကပ္ပ** = ထိုဝိတက်ဖြင့် သမ္ပယုတ်တရားတို့သည် မဖောက်ပြန်သောအားဖြင့် အာရုံကို ကြံတတ်သောကြောင့် သမ္မာသင်္ကပ္ပ မည်၏။
(သမ္မာသင်္ကပ္ပသည် နေက္ခမ္မသင်္ကပ္ပ, အဗျာပါဒသင်္ကပ္ပ, အဝိဟိံသသင်္ကပ္ပ ဟူ၍ ၃-ပါး အပြားရှိ၏။)

(၃) **သမ္မာဝါစာ** = ထိုသမ္မာဝါစာတရားဖြင့် အာဇီဝဟေတုကို မငဲ့မူ၍ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်တတ်သောကြောင့် သမ္မာဝါစာ မည်၏။

(၄) **သမ္မာကမ္မန္တ** = ထိုသမ္မာကမ္မန္တတရားဖြင့် အာဇီဝဟေတုကို မငဲ့မူ၍ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်တတ်သောကြောင့် သမ္မာကမ္မန္တ မည်၏။

(၅) **သမ္မာအာဇီဝ** = ထိုသမ္မာအာဇီဝတရားဖြင့် အာဇီဝဟေတုကို ငဲ့၍ ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်တတ်သောကြောင့် သမ္မာအာဇီဝ မည်၏။

(၆) **သမ္မာဝါယာမ** = ထိုဝီရိယတရားဖြင့် သမ္ပယုတ်တရားတို့သည် မဖောက်ပြန်သောအားဖြင့် အားထုတ်တတ်သောကြောင့် သမ္မာဝါယာမ မည်၏။

(၇) **သမ္မာသတိ** = ထိုသတိတရားဖြင့် သမ္ပယုတ်တရားတို့သည် မဖောက်ပြန်သောအားဖြင့် အောက်မေ့တတ်သောကြောင့် သမ္မာသတိ မည်၏။

(၈) **သမ္မာသမာဓိ** = ထိုဧကဂ္ဂတာတရားဖြင့် သမ္ပယုတ်တရားတို့သည် မဖောက်ပြန်သောအားဖြင့် မိမိနှင့် ယှဉ်သောစိတ်ကို အာရုံ၌ ကောင်းစွာ ထားတတ်သောကြောင့် သမ္မာသမာဓိ မည်၏။
(ပထမဈာန် အစရှိသည်တို့၏ အစွမ်းဖြင့် ငါးပါးအပြားရှိသော ဧကဂ္ဂတာသည် သမ္မာသမာဓိ မည်၏။)

**မိစ္ဆာမဂ္ဂင် ၄–ပါး**

မိစ္ဆာဒိဋ္ဌိစသော တရား ၄–ပါးတို့သည် ဒုဂ္ဂတိဘုံသို့ ရောက်ကြောင်းဖြစ်သော ကြောင့် မိစ္ဆာမဂ္ဂင် မည်၏။

## ၄။ ဈာနင်္ဂ

သမ္မယုတ်တရားတို့ကို အစိုးရသောကြောင့် ဈာနင်္ဂ မည်၏။

(တစ်နည်း) ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို အစိုးရသော ဈာန်မည်သော ကံကို ပြတတ်သောကြောင့် ဈာနင်္ဂ မည်၏။

(တစ်နည်း)ဈာန်မည်သော ကံကြောင့် ပြီးကုန်သည် ဖြစ်ရကား ဈာနင်္ဂ မည် ၏။

(တစ်နည်း)ဈာန်မည်သော မြတ်စွာဘုရားသည် မြင်အပ် ဟောအပ်သော ကြောင့် ဈာနင်္ဂ မည်၏။

**ဈာနင်္ဂ ၂၂–ပါး ဟောစဉ်**

(၁) **ပသာဒိန္ဒြေ ၅–ပါး** = သတ္တဝါဟု ခေါ်ဝေါ်အပ်သော အက္ခရာအစဉ်ဟု ဆိုအပ်သော နာမပညတ်၏ ထူးသော မှီရာအကြောင်း ဖြစ်သောကြောင့် အဇ္ဈတ္တိကာယတန ၅–ပါးကို အစဦး ဟောတော်မူသည်။

(၂) **ဘာဝိန္ဒြေ ၂–ပါး** = သတ္တဝါဟုဆိုအပ်သော နာမပညတ်၏ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏အစွမ်းဖြင့် မိန်းမ ယောကျ်ားဟု ကွဲပြားသောအဖြစ်သို့ ရောက်ခြင်းကို ပြခြင်းငှာ ကာယိန္ဒြေ၏ အခြားမဲ့၌ ဘာဝ ရုပ် ၂–ပါးကို ဟောတော်မူ၏။

(၃) **ဇီဝိတိန္ဒြေ** = ဥပါဒိန္နကမ္မဇရုပ်တရားတို့သည် ဇီဝိတိန္ဒြေ၏အစွမ်းဖြင့် တည်ကြသောကြောင့် ဤ ဥပါဒိန္နကမ္မဇရုပ်တရားတို့၏ တည်ရာအကြောင်းကို ပြခြင်းငှာ ထိုဘာဝရုပ်တို့၏ အခြားမဲ့၌ ဇီဝိတိန္ဒြေကို ဟောတော်မူ၏။

(၄) **မနိန္ဒြေ** = မနိန္ဒြေသည် အဇ္ဈတ္တိကာယတနမျိုးဖြစ်၍ အဇ္ဈတ္တိ–

ကာယတန ဖြစ်သော ပသာဒိန္ဒြေ ၅–ပါး၏ အခြားမဲ့၌ ဆိုသင့်သော်လည်း သုခိန္ဒြေစသော နာမ်ဣန္ဒြေတို့နှင့် တစ်ပေါင်းတည်းပြခြင်းငှာဇီဝိတိန္ဒြေ၏အခြားမဲ့၌ဆိုရ၏။

(၅) **ဝေဒနိန္ဒြေ ၅–ပါး** = သတ္တဝါဟု ခေါ်ဝေါ်အပ်သော ဥပါဒိန္နတရားအပေါင်းသည် သန္တာန်အစဉ်၏ အစွမ်းဖြင့် ဖြစ်သည်ရှိသော် ဤဝေဒနာတို့ ကြောင့်ညစ်နွမ်းတတ်သည်ဟု ညစ်နွမ်းခြင်း၏အကြောင်းကို ပြခြင်းငှာ မနိန္ဒြေ၏အခြားမဲ့၌ သုခိန္ဒြေစသော ဝေဒနိန္ဒြေ ၅–ပါးကို ဟောတော်မူ၏။

(၆) **မိုလ်ဣန္ဒြေ ၅–ပါး**= ထိုညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သော ဝေဒနာတို့မှ စင်ကြယ်ခြင်းကို အလိုရှိကုန်သော ပုဂ္ဂိုလ်တို့၏ စင်ကြယ်ခြင်း၏အကြောင်းကို ပြခြင်းငှာ ထိုဝေဒနိန္ဒြေ ၅–ပါးတို့၏ အခြားမဲ့၌ သဒ္ဓိန္ဒြေအစရှိသော ဣန္ဒြေအပေါင်းကို ဟောတော်မူ၏။

(၇) **ပညိန္ဒြေ ၃–ပါး** = 'ဆည်းပူးအပ်ပြီးသော ဖြူစင်ခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုရှိကုန်သော သူတော်ကောင်းတို့သည် ဤအနညာတညဿာမိတိန္ဒြေ စသော ဣန္ဒြေ ၃–ပါးတို့ဖြင့် ညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သော ဝေဒနာတို့မှ စင်ကြယ်ရ၏–ဟု စင်ကြယ်ခြင်း၏ အကြောင်းအဖြစ်ကိုလည်းကောင်း၊ စင်ကြယ်ခြင်းသို့ ရောက်သည်၏ အဖြစ်, ပြီးပြီးသောကိစ္စ ရှိသည်၏အဖြစ်ကိုလည်းကောင်း ပြခြင်းငှာ အဆုံး၌ အနညာတညဿာမိတိန္ဒြေ စသည့်ဣန္ဒြေ ၃–ပါးကို ဟောတော်မူ၏။

**ဣန္ဒြေတို့ အစိုးရပုံ**

(၁) **ပသာဒိန္ဒြေ ၅–ပါး** = မြင်ခြင်းအစရှိသော ကိစ္စတို့ကြောင့် စက္ခုဝိညာဉ်အစရှိသည်တို့ကို အစိုးရသည်။

(၂) **ဘာဝိန္ဒြေ ၂–ပါး** = များသောအားဖြင့် ထိုဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့နှင့်

တကွ ဖြစ်ကုန်သော မိန်းမ, ယောကျ်ားတို့၏ သန္တာန်တို့သာလျှင် ဣတ္ထိလိင် အစရှိသည်တို့ ဖြစ်ခြင်းကြောင့် လိင်အစရှိသည်တို့ကို အစိုးရသည်။

**(၃) ဇီဝိတိန္ဒြေ** = သဟဇာတ်တရားတို့ကို စောင့်ရှောက်တတ်သည် အဖြစ်ကြောင့် တည်တံ့ကုန်သော ကမ္မဇရုပ်, သမ္ပယုတ်တရားတို့ကို အစိုးရသည်။

**(၄) မနိန္ဒြေ** = အာရုံကို သိခြင်း၌ သမ္ပယုတ်တရားတို့ကို အစိုးရသည်။

**(၅) ဝေဒနိန္ဒြေ ၅–ပါး** = ဣဋ္ဌာရုံအစရှိသည်တို့ကို ခံစားခြင်းကိစ္စ ရှိသည်အဖြစ်၌ သုခဝေဒနာ အစရှိသည်တို့နှင့် တကွဖြစ်သော တရားတို့ကို အစိုးရသည်။

**(၆) ဗိုလ်ဣန္ဒြေ ၅–ပါး** = ယုံကြည်ခြင်း အစရှိသည်တို့၌ ယုံကြည်ခြင်း အစရှိသော အစွမ်းကြောင့် ဖြစ်ကုန်သော ထိုသဟဇာတ်တရားတို့ကို အစိုးရသည်။

**(၇)အနညာတညဿာမီတိန္ဒြေ** = မသိဘူးသေးသော သစ္စာလေးပါးတို့ကို သိအောင်ပြုအံ့ဟု ကျင့်သောပုဂ္ဂိုလ်အား အနညာတညဿာမီ–တိန္ဒြေဖြစ်ခြင်းကြောင့် ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော သဟဇာတ်တရားတို့ကို အစိုးရသည်။

**(၈) အညိန္ဒြေ** = ပဌမမဂ်ဖြင့် သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ သိခြင်းကြောင့် ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော သဟဇာတ်တရားတို့ကို အစိုးရသည်။

**(၉) အညာတာဝိန္ဒြေ** = ရဟန္တာတို့၏ ဥစ္စာဖြစ်သည်အဖြစ်ကြောင့် ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော သဟ–ဇာတ်တရားတို့ကို အစိုးရသည်။

**ပညိန္ဒြေ ၃–ပါးအထူး (လောကုတ္တရာဣန္ဒြေ ၃–ပါးမည်ပုံ အသီးသီး)**

(၁) **အနညာတညဿာမီတိန္ဒြေ** = အစမထင် သံသရာပြင်၌ တစ်ရံတစ်ဆစ်မျှ မသိဘူးသေးသော အမြိုက်နိဗ္ဗာန် သစ္စာလေးပါးတရားထူးကို သိအောင်ပြုအံ့ဟု ကျင့်သောယောဂီပုဂ္ဂိုလ်၏ ဣန္ဒြေသည် အနညာတညဿာမီတိန္ဒြေ မည်၏။ (သောတာပတ္တိမဂ်၌ ယှဉ်သော ပညာစေတသိက်)

(၂) **အညိန္ဒြေ** = သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသော အပိုင်းအခြားကို မလွန်မူ၍ သိတတ်သောဣန္ဒြေသည် အညိန္ဒြေ မည်၏။ (အထက်မဂ် ၃–ပါး၊ အောက်ဖိုလ် ၃–ပါး၌ ယှဉ်သော ပညာ စေတသိက်)

(၃) **အညာတာဝိန္ဒြေ** = ရဟန္တာတို့၏ ဥစ္စာဖြစ်သည်အဖြစ်ကြောင့် ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော သဘောတရားတို့ကို အစိုးရသည်။ (အရဟတ္တဖိုလ်၌ ယှဉ်သော ပညာ စေတသိက်)

**တရားကိုယ်အားဖြင့် ပညာတစ်ပါးတည်းသာ ဖြစ်ပါလျက် ပညိန္ဒြေစသည်ဖြင့် ၄–ပါး ခွဲခြား၍ ဟောတော်မူရခြင်း**

ဣန္ဒြေဖြစ်သော ပညာတရား၏ သရုပ်ကို ပြခြင်းအကျိုးငှာ ဣန္ဒြိယဒေသနာ၌ ပညိန္ဒြေကို ဟောတော်မူခြင်းဖြစ်၏။

ပုဂ္ဂလစ္ဈာသယ, ကိစ္စဝိသေသကို ပြခြင်းအကျိုးငှာ အနညာတညဿာမီတိန္ဒြေ စသော သုံးပါးကို ဟောတော်မူခြင်း ဖြစ်၏။

**ဖဿ, ပထဝီစသောတရားတို့ကို ဣန္ဒြေအဖြစ် ဟောကြားတော်မမူခြင်းအကြောင်း**

စက္ခုစသော ၂၂–ပါးသော ဣန္ဒြေတို့ကို ဟောခြင်းဖြင့်ပင် အလိုရှိအပ်သော အနက်အဓိပ္ပာယ် ပြီးစီးခြင်းကြောင့် ဣန္ဒြိယဒေသနာ၌ စက္ခုအစရှိသော တရားတို့ကိုသာ လျှင် ဣန္ဒြေအဖြစ် ဟောကြားတော်မူ၍ ဖဿ, ပထဝီစသောတရားတို့ကို ဣန္ဒြေအဖြစ် ဟောကြားတော်မမူခြင်း ဖြစ်ပါသည်။

**ညစ်နွမ်းကြောင်းက္လေ့ စသည်သရုပ်**

(က) ညစ်နွမ်းကြောင်းက္လေ့ = ဝေဒနိန္ဒြေ ၅–ပါး၊
(ခ) စင်ကြယ်ကြောင်းက္လေ့ = သဒ္ဓိန္ဒြေစသော က္လေ့ ၅–ပါး၊
(ဂ) စင်ကြယ်ဆဲက္လေ့ = အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊
(ဃ) စင်ကြယ်ပြီးက္လေ့ = အညာတာဝိန္ဒြေ၊

## ၅။ ဗိုလ်

(၁) ဆန့်ကျင်ဘက်တရားတို့သည် မတုန်လှုပ်စေနိုင်သောကြောင့် လည်းကောင်း၊

(၂) သမ္ပယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်သည့်အဖြစ်ကြောင့်လည်းကောင်း ဗိုလ် မည်၏။

**သဒ္ဓါအစရှိသော ၇–ပါးတို့ ဗိုလ်မည်ပုံ**

(၁) အဿဒ္ဓိယ, ကောသဇ္ဇ, ပမာဒ, ဥဒ္ဓစ္စ, အဝိဇ္ဇာ, အဟိရိက, အနောတ္တပ္ပ ဟုဆိုအပ်ကုန်သော ဆန့်ကျင်ဘက်တရားတို့သည် မတုန်လှုပ်စေနိုင်သောကြောင့် လည်းကောင်း၊

(၂) သမ္ပယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်သည့်အဖြစ်ကြောင့်လည်းကောင်း၊ ဤအကြောင်းနှစ်ပါးကြောင့် သဒ္ဓါစသော ၇–ပါးတို့သည် ဗိုလ် မည်ကုန်၏။

**အဟိရိကနှင့် အနောတ္တပ္ပ ၂–ပါးတို့ ဗိုလ်မည်ပုံ**

အဟိရိကနှင့် အနောတ္တပ္ပတရား နှစ်ပါးတို့ကား သမ္ပယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်သောကြောင့်သာ ဗိုလ် မည်ကုန်၏။

## ၆။ အဓိပတိ

မိမိနှင့် စပ်၍ဖြစ်ကုန်သော သမ္ပယုတ်တရားတို့၏ အရှင်သခင်၊ အကြီးအမှူးဖြစ်သောကြောင့် အဓိပတိ မည်၏။

"ဆန္ဒဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ = ဆန္ဒရှိသူမှာ အဘယ်မည်သော အမှုသည် မပြီးဘဲ ရှိအံ့နည်း" အစရှိသော ရှေး၌ဖြစ်သော ပြုစီမံတတ်သော စိတ်ဟူသော ပကတူပနိဿယပစ္စည်းကို ရ၍ဖြစ်သော နောက်စိတ်၌ ဆန္ဒစသောတရားတို့သည် မိမိကိုယ်တိုင် မိမိနှင့်ယှဉ်ဖက်တရားတို့ကို မိမိအလိုကျ ပြီးစေ,ဖြစ်စေကြပါသည်၊ ထို မိမိနှင့် ယှဉ်ဖက်တရားတို့သည်လည်း ထိုဆန္ဒစသော တရားတို့၏ အလိုကျ ဖြစ်ကြရသည်၊ ထို့ကြောင့် ထိုဆန္ဒစသော တရားတို့သည် မိမိနှင့်စပ်သော ဖြစ်ခြင်းရှိသော သမ္ပယုတ်တရားတို့၏ အဓိပတိ(အရှင်သခင်) ဖြစ်ကြပါသည်။

**အဓိပတိနှင့် ဣန္ဒြေ အထူး**

| အဓိပတိ | ဣန္ဒြေ |
|---|---|
| မိမိ အဓိပတိ တပ်နေခိုက် အခြားသော အဓိပတိတရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်၍ မိမိသာ အစိုးရသည် အဖြစ်သည် အဓိပတိ အစိုးရခြင်းဖြစ်သည်။ | တစ်ပါးသော ဣန္ဒြေများ အစိုးရခြင်းရှိသော်လည်း မိမိနှင့်စပ်သော တရားကိုသာ မိမိအလိုသို့ လိုက်စေခြင်းသဘော– အစိုးရခြင်းသဘောမျိုးသည် ဣန္ဒြေ အစိုးရခြင်း ဖြစ်သည်။ |

ဤသို့အားဖြင့် အဓိပတိနှင့် ဣန္ဒြေတို့ အစိုးပုံချင်း ခြားနားပါသည်။

**၇။ အာဟာရ**

ဩဇာလျှင် ရှစ်ခုမြောက်ရှိသော အာဟာရဇအဋ္ဌကလာပ်ရုပ် စသည်ကို ဆောင်တတ်သောကြောင့် အာဟာရ မည်၏။

**အာဟာရ ၄–ပါးဆောင်ပုံ**

(၁) ကဗဠီကာရာဟာရသည် ဩဇာလျှင် ရှစ်ခုမြောက်ရှိသော အာဟာရဇအဋ္ဌ–ကလာပ်ရုပ်ကို ဆောင်သည်။

(၂) ဖဿာဟာရသည် ဝေဒနာ ၃–ပါးကို ဆောင်သည်။ (ဖဿပစ္စယာ ဝေဒနာ)

(၃) မနောသဉ္စေတနာဟာရဟု ဆိုအပ်သော ကုသိုလ် အကုသိုလ်ကံသည် ဘဝ ၃–ပါး၌ ပဋိသန္ဓေဝိညာဏ်ကို ဆောင်သည်။ (သင်္ခါရပစ္စယာ ဝိညာဏံ)

(၄) ဝိညာဏာဟာရဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဏ်သည် တကွဖြစ်ဖက် နာမ်ရုပ်ကို ဆောင်သည်။ (ဝိညာဏပစ္စယာ နာမရူပံ)

**အာဟာရဟု ဆိုရပုံ**

မိမိ မိမိ၏ ပစ္စယုပ္ပန်တရားတို့ကို ဆောင်တတ်သော ဝေဒနာစသော အခြားတရားများ ရှိကြပါသော်လည်း အဇ္ဈတ္တိကသန္တာန်၏ ထူးသော အကြောင်းတရားများဖြစ်သောကြောင့် ကဗဠီကာရ စသောလေးပါးတို့ကိုသာ အာဟာရဟု ဆိုရပါသည်။

**အာဟာရ ၄–ပါးထူးပုံ**

(၁) **ကဗဠီကာရာဟာရသည်** ကဗဠီကာရာဟာရလျှင် အစာရှိကုန်သော သတ္တဝါတို့၏ ရူပါကာယ၏ ထူးသောအကြောင်းဖြစ်သည်။

သတ္တဝါတို့၏ ရူပါကာယသည် ကံအစရှိသည်တို့က ဖြစ်စေတတ်သော်လည်း ကဗဠီကာရာဟာရဟူသော အထောက်အပံ့၏ အစွမ်းကြောင့်သာလျှင် ၁၀–နှစ်အစရှိသော ကာလပတ်လုံး တည်နိုင်သည်၏ အဖြစ်ကြောင့် ကဗဠီ–ကာရာဟာရသည် ရူပကာယ၏ ထူးသောအကြောင်းဖြစ်သည်။

ဥပမာ– အထိန်းသည်သည် သတို့သားကို နို့ရည်တိုက်ခြင်း စသည်ဖြင့် ထောက်ပံ့ခိုင်စေသကဲ့သို့လည်းကောင်း၊ ဆွေးမြေ့သောအိမ်ကို ထောက်ပံ့ခိုင်စေသော ယန္တယားတိုင်ကဲ့သို့လည်းကောင်း ဖြစ်သည်။

(၂) **ဖဿာဟာရသည်** သုခ အစရှိသော ဝေဒနာတို့၏ အကြောင်းဖြစ်သော အာရုံကို တွေ့ထိလျက်သာလျှင် သုခအစရှိသော ဝေဒနာတို့ကို ဖြစ်စေခြင်းအားဖြင့် သတ္တဝါတို့ ကြာမြင့်စွာ တည်ခြင်း၏ ထူးသောအကြောင်းဖြစ်သည်။

(၃) **မနောသဥ္စေတနာဟာရသည်** ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အစွမ်းဖြင့် အားထုတ်လျက်သာလျှင် ဘုံသုံးပါးတို့၌ တည်ခြင်းကို ဖြစ်စေတတ်သောကြောင့် သတ္တဝါတို့တည်ခြင်း၏ ထူးသောအကြောင်းဖြစ်သည်။

(၄) **ဝိညာဏာဟာရသည်** အာရုံကို သိလျက်သာလျှင် နာမ်ရုပ်ကို ဖြစ်စေခြင်းဖြင့် သတ္တဝါတို့ တည်ခြင်း၏ ထူးသောအကြောင်းဖြစ်သည်။

**အာဟာရလေးပါးအစဉ်**

ကဗဠီကာရာဟာရစသော အာဟာရလေးပါးအစဉ်သည် ဒေသနာဟောစဉ် ဖြစ်သည်၊ (ဖဿာဟာရ စသည်တို့၏ ဒုတိယစသော အစဉ်သည် မြတ်စွာဘုရား ဟောတော်မူစဉ် = ဒေသနာက္ကမ ဖြစ်သည်၊) ဖြစ်စဉ် (ဥပ္ပတ္တိက္ကမ) မဟုတ်ချေ။

* * * * *

**ဈာန်င်, မိုလ်, မဂ္ဂင်, ဣန္ဒြေ, အဓိပတိ မထိုက်သော တရားများ**

**၁။ ဒွေပဉ္စဝိညာဏ် ၁၀–ပါး ဈာန်င်မထိုက်ခြင်း**

ဒွေပဉ္စဝိညာဏ် ၁၀–ပါးသည် ဝိတက်ကင်းသဖြင့် အာရုံသို့ ရှေးရှုကျကာမျှ ဖြစ်၍ ထို ဒွေပဉ္စဝိညာဏ် ၁၀–ပါး၌ရှိသော သုခ, ဒုက္ခ, ဥပေက္ခာ, ဧကဂ္ဂတာ တို့သည် အာရုံသို့ ကပ်၍ရှုခြင်း အခြင်းအရာမရှိသောကြောင့် ဈာန်င် မထိုက်ပေ။

**၂။ ဒွေပဉ္စဝိညာဏ် ၁၀–ပါး၊ မနောဓာတ် ၃–ပါး၊ သန္တီရဏ ၃–ပါးဟု ဆိုအပ်သော ဝီရိယမယှဉ်သော စိတ် ၁၆–ပါးတို့ မိုလ်မထိုက်ခြင်း**

ထိုစိတ် ၁၆–ပါးတို့သည် ဝီရိယမယှဉ် ဝီရိယအထောက်အပံ့ကင်းသဖြင့် အားနည်းသောကြောင့် ၎င်းတို့၌ ယှဉ်သော ဧကဂ္ဂတာ စေတသိက်သည် သမာဓိ မိုလ် မထိုက်ပေ။

**၃။ အဟိတ်စိတ် ၁၈–ပါးတို့ မဂ္ဂင်ကိစ္စမတပ်နိုင်ခြင်း**

အဟိတ်စိတ်တို့သည် ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်ဟိတ် ကင်းသဖြင့် အားနည်းသောကြောင့် အဟိတ်စိတ် ၁၈–ပါး၌ ယှဉ်သော ဝိတက်, ဝီရိယ, ဧကဂ္ဂတာစေတသိက်တို့သည် မဂ္ဂင်ကိစ္စ မတပ်နိုင်ပေ။

**၄။ ဝိစိကိစ္ဆာစိတ်**

အာရုံကို ဆုံးဖြတ်ခြင်းသဘောရှိသော အဓိမောက္ခ ကင်းခြင်းကြောင့် ဝိစိ–ကိစ္ဆာသဟဂုတ်စိတ်၌ရှိသော ဧကဂ္ဂတာသည် စိတ်၏ တည်ကြည်ခြင်းမျှသာ ဖြစ်၏၊ ထို့ကြောင့် ယင်းဧကဂ္ဂတာစေတသိက်သည် မိစ္ဆာသမာဓိ(မဂ္ဂင်), သမာဓိန္ဒြေ, သမာဓိ, မိုလ် မဖွဲ့ထိုက်ပေ။

## ၅။ အဓိပတိ မရသောစိတ်

(က) အဟိတ်စိတ် ၁၈–ပါးသည် ဟိတ်မရှိသောကြောင့်လည်းကောင်း၊

(ခ) ဧကဟိတ်စိတ်သည် ယှဉ်ဖော်ယှဉ်ဖက် ဟိတ်မရှိသဖြင့် အလွန်တွေဝေသောကြောင့်လည်းကောင်း၊

(ဂ) လောကီဝိပါက်စိတ်များသည် ပဋိသန္ဓေစိတ်, ဘဝင်စိတ်များဖြစ်၍ အားထုတ်ခြင်း ကင်းသောကြောင့်လည်းကောင်း အဓိပတိ မထိုက်ပေ။

### အဓိပတိထိုက်သောတရားဆိုင်ရာ မှတ်ဖွယ်များ

**အဓိပတိထိုက်သောတရား**

ဒွိဟိတ်ဇော ၁၈–ပါး၊ တိဟိတ်ဇော ၃၄–ပါးတို့၌ ဖြစ်သင့်သည့်အားလျော်စွာ အဓိပတိတရားကိုယ် တစ်ပါးစီသာလျှင် ရအပ်လေသည်။

“**ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ**= ဒွိဟိတ်ဇော ၁၈–ပါး၊ တိဟိတ်ဇော ၃၄–ပါးတို့၌ ဖြစ်သင့်သည့် အားလျော်စွာ အဓိပတိတရားကိုယ် တစ်ပါးစီသာလျှင် ရအပ်လေသည်” ဟူသော စကား၌–

(၁) **ဒွိဟေတုက တိဟေတုက**–ဟူသော ပါဌ်ဖြင့် ဧကဟိတ်စိတ် အဟိတ်စိတ်တို့၌ အဓိပတိ မရအပ်ဟူသော အဓိပ္ပာယ်ကို ပြ၏။

(၂) **ဇဝနေသွေဝ**–ဟူသော ပါဌ်ဖြင့် လောကီဝိပါက်စိတ်တို့၌ အဓိပတိ မရအပ်ဟူသော အဓိပ္ပာယ်ကို ပြ၏။ (လောကီဝိပါက်စိတ်တို့သည် ဆန္ဒအစရှိသည်တို့ကို အကြီးအမှူး ပြုကုန်၍ မဖြစ်သောကြောင့် အဓိပတိတို့ မဖြစ်ကုန်။)

(၃) **ယထာသမ္ဘဝံ**–ဟူသော ပါဌ်ဖြင့် ဒွိဟိတ်ဇောတို့၌ ဝီမံသာဓိပတိ မဖြစ်သင့်သောကြောင့်လည်းကောင်း၊ နောက်စိတ်ကို ပြုပြင်တတ်သော ရှေးစိတ်ဟုဆိုအပ်သော ဥပနိဿယ၏ ဖြစ်သင့်သော ဒွိဟိတ်ဇော,တိဟိတ်ဇော အားလျော်စွာ ဖြစ်ခြင်းကြောင့်လည်းကောင်း သင့်လျော်သော အဓိပတိ တစ်ပါးပါးကိုသာလျှင် ရအပ်သည် ဟူသော အဓိပ္ပာယ်ကို ပြ၏။

(၄) **ဧကောဝ လဗ္ဘတိ**= အဓိပတိတစ်ပါးကိုသာလျှင် ရအပ်ခြင်းဟူသည်....

“အဓိပတိ ၂–ပါး, ၃–ပါး, ၄–ပါးကို တစ်ပြိုင်နက် ရသည်”ဟုဆိုလျှင်

အဓိပတိတို့သည် တူမျှသော အင်အားရှိသည့်အတွက် အချင်းချင်း အဓိပတိအဖြစ်ဖြင့် ပြိုင်ယှဉ်၍ မဖြစ်နိုင်သောကြောင့်၊ (တစ်နည်း) ကွဲပြားသည့် ပုဗ္ဗာဘိသင်္ခါရဟူသော ဥပနိဿယရှိသည့်အတွက် တစ်ပြိုင်နက်သော ခဏ၌ အဓိပတိအဖြစ်ဖြင့် ပြိုင်ယှဉ်၍ မဖြစ်နိုင်သောကြောင့် ဖြစ်သင့်သည့်အားလျော်စွာ အဓိပတိ တစ်ပါးကိုသာလျှင် ရအပ်၏၊ ၂–ပါး,၃–ပါး,၄–ပါးတို့ကို မရအပ်၊ မရနိုင်ဟု ဆိုလိုသည်။

(၅) **အဓိပတိတစ်ပါးသာ ဖြစ်သင့်ကြောင်း သာဓက**

"ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ–ပစ္စယေန ပစ္စယော" စသော ပဋ္ဌာန်း ပစ္စယနိဒ္ဒေသပါဠိတော် ဖြစ်ပါသည်။ (မြတ်စွာဘုရားသည် ဟေတုပစ္စယနိဒ္ဒေသ၌ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"စသည့်ဖြင့် ဟိတ်အများရအောင် 'ဟေတူ'ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူသကဲ့သို့ အဓိပတိပစ္စယနိဒ္ဒေသ၌ "အဓိပတီ အဓိပတိသမ္ပယုတ္တကာနံ ဓမ္မာနံ"စသည်ဖြင့် အဓိပတိအများရအောင် 'အဓိပတီ'ဟု ဗဟုဝုစ်ဖြင့် မဟောဘဲ "ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ" စသည့်ဖြင့် တစ်ပါး တစ်ပါးသော အဓိပတိ၏ အစွမ်းဖြင့်သာလျှင် အဓိပတိပစ္စည်းကို ထုတ်ဆောင်တော်မူအပ်ပါသည်၊ ထို့ကြောင့် အဓိပတိတစ်ပါးသာ ဖြစ်သင့်ကြောင်း သိရပါသည်။)

### မိဿကသင်္ဂဟ တရားကိုယ်ကောက်နည်းဆိုင်ရာ မှတ်ဖွယ်များ

### ဈာနင် ၇–ပါးရှိပါလျက် တရားကိုယ်အားဖြင့် ၅–ပါးသာ ဖြစ်ရခြင်း

သောမနဿ, ဒေါမနဿ, ဥပေက္ခာတို့ကို ဝေဒနာ၏အစွမ်းဖြင့် တစ်ပေါင်းတည်း ယူအပ်သောကြောင့် ဈာနင်တို့သည် တရားကိုယ်အားဖြင့် ၅–ပါးသာ ဖြစ်ရပါသည်။

### မဂ္ဂင် ၁၂–ပါးရှိပါလျက် တရားကိုယ်အားဖြင့် ၉–ပါးသာ ဖြစ်ရခြင်း

မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိတို့ကို ဝိတက်, ဝီရိယ, ဧကဂ္ဂတာ

တို့၏ အာရုံသို့ ရှေးရှုတင်ပေးခြင်း စသော သဘောအားဖြင့် သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသမာဓိနှင့် တစ်ပေါင်းတည်း ယူအပ်သောကြောင့် မဂ္ဂင်တို့သည် တရားကိုယ်အား ဖြင့် ၉-ပါးသာ ဖြစ်ရပါသည်။

**ဣန္ဒြေ ၂၂-ပါးရှိပါလျက် တရားကိုယ်အားဖြင့် ၁၆-ပါးသာ ဖြစ်ရခြင်း**

ဝေဒနိန္ဒြေ ၅-ပါးတို့ကို ဝေဒနာချင်း တူကုန်သည် အဖြစ်ဖြင့်, လောကုတ္တရာ ဣန္ဒြေ ၃-ပါးနှင့် ပညိန္ဒြေတို့ကို ဉာဏ်ချင်းတူကုန်သည် အဖြစ်ဖြင့် တစ်ပေါင်းတည်း ယူအပ်သောကြောင့်လည်းကောင်း၊ ဇီဝိတိန္ဒြေကို အသီးအခြားနှစ်ပါးခွဲ၍ ယူအပ်သောကြောင့်လည်းကောင်း ဣန္ဒြေတို့သည် ၂၂-ပါးရှိပါလျက် တရားကိုယ်အားဖြင့် ၁၆-ပါးသာ ဖြစ်ရပါသည်။

**မိဿကသင်္ဂဟ၌ ပြဆိုအပ်သော တရားတို့၏ ဌာနအသီးသီး**

(၁) ပညာသည် အမောဟဟိတ်, သမ္မာဒိဋ္ဌိမဂ္ဂင်, ပညိန္ဒြေ, ပညာဗိုလ်, ဝီမံသာဓိပတိတို့၏ အစွမ်းဖြင့် ၅-ဌာန ဖြစ်သည်။
(၂) ဝီရိယသည် သမ္မာဝါယာမမဂ္ဂင်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယာဓိပတိတို့၏ အစွမ်းဖြင့် ၄-ဌာန ဖြစ်သည်။
(၃) ဧကဂ္ဂတာသည် ဈာနင်, သမ္မာသမာဓိမဂ္ဂင်, သမာဓိန္ဒြေ, သမာဓိဗိုလ် အစွမ်းဖြင့် ၄-ဌာန ဖြစ်သည်။
(၄) စိတ်သည် မနိန္ဒြေ, ဝိညာဏာဟာရ, စိတ္တာဓိပတိတို့၏ အစွမ်းဖြင့် ၃-ဌာန ဖြစ်သည်။
(၅) သတိသည် သမ္မာသတိမဂ္ဂင်, သမာဓိန္ဒြေ, သမာဓိဗိုလ်တို့၏ အစွမ်းဖြင့် ၃-ဌာန ဖြစ်သည်။
(၆) သင်္ကပ္ပ(ဝိတက်)သည် ဈာနင်, သမ္မာသင်္ကပ္ပမဂ္ဂင် အားဖြင့် ၂-ဌာန ဖြစ်သည်။
(၇) ဝေဒနာသည် ဈာနင်, ဣန္ဒြေအားဖြင့် ၂-ဌာန ဖြစ်သည်။
(၈) သဒ္ဓါသည် သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်အားဖြင့် ၂-ဌာန ဖြစ်သည်။
(၉) ကြွင်း ၂၈-ပါးတို့မှာ ၁-ဌာနစီသာ ဖြစ်ကြသည်။

# ၃။ ဗောဓိပက္ခိယသင်္ဂဟ

(မှတ်ချက်။ ဗောဓိပက္ခိယသင်္ဂဟဆိုင်ရာ သရုပ်,တရားကိုယ်များကို အဘိဓမ္မာအတိုင်း သိပါ။)

**ဗောဓိ** = သစ္စာ ၄–ပါးတရားတို့ကို သိတတ်သောကြောင့် အရိယမဂ်ဉာဏ်သည် ဗောဓိ မည်၏။

**ဗောဓိပက္ခိယ** = သစ္စာ ၄–ပါးတရားတို့ကို သိတတ်သော အရိယမဂ်ဉာဏ်၏ အသင်းအပင်း ဖြစ်ကုန်သော သတိပဋ္ဌာန်, သမ္မပ္ပဓာန် စသော တရားတို့သည် ဗောဓိပက္ခိယ မည်၏။

**ဗောဓိပက္ခိယသင်္ဂဟ** = သစ္စာ ၄–ပါးတရားတို့ကို သိတတ်သော အရိယမဂ်ဉာဏ်၏ အသင်းအပင်း၌ ဖြစ်ကုန်သော သတိပဋ္ဌာန်,သမ္မပ္ပဓာန် စသော တရားတို့ကို ရေတွက်ဖော်ပြရာဖြစ်သော သင်္ဂဟသည် ဗောဓိပက္ခိယသင်္ဂဟ မည်၏။

## ၁။ သတိပဋ္ဌာန်

အခြားတစ်ပါး များစွာသော အာရုံတို့၌ စိတ်ပျံ့နှံ့ပြေးဝင်ခြင်းကို တားမြစ်၍ ကိုယ်စသော အာရုံတို့၌သာလျှင် သက်ဝင်လျက် တည်တံ့စွာ ဖြစ်တတ်သော သတိအထူးသည် သတိပဋ္ဌာန် မည်၏။

(ကိုယ်စသောအာရုံ၌ လွန်စွာသက်ဝင်၍ တည်တတ်, ဖြစ်တတ်သောကြောင့် ပဋ္ဌာန မည်၏၊ အသုဘအခြင်းအရာကို ယူခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ကိုယ်စသောအာရုံသို့ သက်ဝင်၍ ထိုအာရုံ၌ ဖြစ်တတ်၏၊ သတိသည်သာလျှင် ကိုယ်စသောအာရုံ၌ ဖြစ်တတ်သောကြောင့် သတိပဋ္ဌာန် မည်၏။)

**သတိပဋ္ဌာန် ၄–ပါး ပြားရခြင်း**

သတိပဋ္ဌာန်ဟူသည် တရားကိုယ်အားဖြင့် သတိတစ်ပါးတည်းပင် ဖြစ်သော်လည်း–

(က) **ယူသောကိစ္စ** = ကာယ,ဝေဒနာ,စိတ္တ,ဓမ္မ ဟူသောအာရုံတို့၌ အသုဘ, ဒုက္ခ,အနိစ္စ,အနတ္တ ဟူသော အခြင်းအရာကို ယူခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း၊

(ခ) **ပယ်ခွါသောကိစ္စ** = သုဘ, သုခ, နိစ္စ, အတ္တဟူသော သညာဝိပလ္လာသတရားတို့ကို ပယ်သည့်၏အစွမ်းအားဖြင့်လည်းကောင်း၊

ဤသို့ ယူသောကိစ္စ, ပယ်ခွါသောကိစ္စအားဖြင့် ၄–ပါးစီ ပြားသောကြောင့် သတိပဋ္ဌာန် ၄–ပါး ပြားရခြင်းဖြစ်သည်။

**သတိပဋ္ဌာန် ၄–ပါး**

(၁) **ကာယာနုပဿနာသတိပဋ္ဌာန်** = (ကာယ + အနုပဿနာ + သတိပဋ္ဌာန်)

စက်ဆုပ်ဖွယ်ရှိကုန်သော ဆံ–အစရှိသည်တို့၏ ဖြစ်ရာဖြစ်သောကြောင့် အတ္တဘောသည် 'ကာယ' မည်၏။ (တစ်နည်း) ထွက်သက်ဝင်သက် အပေါင်းသည် ကာယ မည်၏၊ ထိုကာယကို အဖန်တလဲလဲ စီးဖြန်းခြင်း၊ အနိစ္စာနုပဿနာ စသော အနုပဿနာ ၇–ပါးဖြင့် စီးဖြန်းခြင်း အစွမ်းဖြင့် အောက်မေ့မှု သတိသည် 'ကာယာ–နုပဿနာ' မည်၏။

(အသုဘဟူသော အခြင်းအရာကိုယူ၍ သုဘသညာဟူသော ဖောက်ပြန်ခြင်း ဝိပလ္လာသကို ပယ်၏)

(၂) **ဝေဒနာနုပဿနာသတိပဋ္ဌာန်**

ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခအားဖြင့်ဖြစ်ကုန်သော ဝေဒနာတို့ကို အဖန်တလဲလဲ စီးဖြန်းခြင်း၊ အနိစ္စာနုပဿနာ စသောအနုပဿနာ ၇–ပါးဖြင့် စီးဖြန်းခြင်း အစွမ်းဖြင့် အောက်မေ့မှုသတိသည် 'ဝေဒနာနုပဿနာ' မည်၏။

(ဒုက္ခဟူသော အခြင်းအရာကိုယူ၍ သုခသညာဟူသော ဖောက်ပြန်ခြင်း ဝိပလ္လာသကို ပယ်၏။)

(၃) **စိတ္တာနုပဿနာသတိပဋ္ဌာန်**

သရာဂ, မဟဂ္ဂုတ အစရှိသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ သမ္ပ–ယောဂအပြား, ဘုံအပြားအားဖြင့်လည်းကောင်း ပြားသောစိတ်တို့ကို အဖန်တလဲလဲ စီးဖြန်းခြင်း၊ အနိစ္စာနုပဿနာ စသော အနုပဿနာ ၇–ပါးဖြင့် စီးဖြန်းခြင်း အစွမ်းဖြင့် အောက်မေ့မှု သတိသည် 'စိတ္တာနုပဿနာ' မည်၏။

(အနိစ္စဟူသော အခြင်းအရာကိုယူ၍ နိစ္စသညာဟူသော ဖောက်ပြန်ခြင်း ဝိပလ္လာသကို ပယ်၏)

**(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်**

ပြားသောလက္ခဏာရှိကုန်သော သညာ, သင်္ခါရဟုဆိုအပ်ကုန်သော တရားတို့ကို အဖန်တလဲလဲ စီးဖြန်းခြင်း၊ အနိစ္စာနုပဿနာ စသောအနုပဿနာ ၇-ပါးဖြင့် စီးဖြန်းခြင်း အစွမ်းဖြင့် အောက်မေ့မှု သတိသည် 'ဓမ္မာနုပဿနာ' မည်၏။

(အနတ္တဟူသော အခြင်းအရာကိုယူ၍ အတ္တသညာဟူသော ဖောက်ပြန်ခြင်း ဝိပလ္လာသကို ပယ်၏။)

## ၂။ သမ္မပ္ပဓာန်

ထိုဝီရိယဖြင့် သမ္ပယုတ်တရားတို့သည် ကောင်းစွာ အားထုတ်တတ်ကုန်၏၊ ထိုသို့ အားထုတ်ကြောင်း ဖြစ်သောကြောင့် သမ္မပ္ပဓာန် မည်၏၊ ထိုဝီရိယသည် ကိစ္စအပြားအားဖြင့် လေးပါးအပြားရှိ၏။

(အသုဘဟူ၍ နှလုံးသွင်းခြင်း ဟူသော ကမ္မဋ္ဌာန်းကို အဖန်ဖန် တလဲလဲ အားထုတ်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် အားထုတ်ခြင်းသည် ဝါယာမ မည်၏။)

**သမ္မပ္ပဓာန် ၄-ပါး ပြားရခြင်း**

သမ္မပ္ပဓာန်သည် တရားကိုယ်အားဖြင့် ဝီရိယတစ်ပါးတည်း ဖြစ်သော်လည်း-

(က) ဖြစ်ကုန်ပြီးသော အကုသိုလ်တို့ကို ပယ်ခြင်း၊

(ခ) မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်း၊

(ဂ) မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်း၊

(ဃ) ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို ပွားများစေခြင်း-ဟူသော ကိစ္စတို့၏စွမ်းဖြင့် ၄-ပါး ပြားရခြင်း ဖြစ်သည်။

## ၃။ ဣဒ္ဓိပါဒ်

ဈာန် မဂ် ဖိုလ်ရမှု ပြီးစီးအောင်မြင်မှုသည် ဣဒ္ဓိ မည်၏၊ ထိုပြီးစီး အောင်မြင်မှု၏ အခြေခံ အကြောင်းရင်းဖြစ်သော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသတရားတို့သည် ဣဒ္ဓိပါဒ် မည်၏။

(ဤဣဒ္ဓိဝိအဘိညာဉ်ဖြင့် ဓိဋ္ဌာန်အပ် ဖန်ဆင်းအပ်သော နဂါး ဂဠုန် အသွင် အစရှိသော ဝတ္ထုသည် ပြည့်စုံတတ်၏၊ ထိုသို့ ပြည့်စုံကြောင်းဖြစ်သော သတ္တိကြောင့်

ဣန္ဒြိယဝိညာဏ်သည် ဣန္ဒြိ မည်၏၊ ဣန္ဒြိယဝိညာဏ်၏ တည်ရာသည် ဣန္ဒြိပါဒ် မည်၏၊ ဆန္ဒသည်သာလျှင် တည်ရာဖြစ်သောကြောင့် ဆန္ဒိဒ္ဓိပါဒ် မည်၏။)

၄။ ဣန္ဒြေ }
၅။ ဗိုလ် } တို့၏အဓိပ္ပာယ်ရှေ့၌ ပြန်လှေ့လာပါ။

၆။ ဗောဇ္ဈင်

**ဗောဓိမည်ပုံ**

သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိတတ်သောကြောင့် ယောဂီပုဂ္ဂိုလ်သည် ဗောဓိ မည်၏။

(တစ်နည်း) ညီညွတ်သော သတိစသော တရား ၇-ပါးသည် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိခြင်း၏ အကြောင်းဖြစ်သောကြောင့် ဗောဓိ မည်၏။

(တစ်နည်း) ညီညွတ်သော သတိစသော တရား ၇-ပါးသည် ကိလေသာအစဉ်ဟု ဆိုအပ်သော အိပ်ပျော်ခြင်းမှ နိုးကြောင်းဖြစ်သောကြောင့် ဗောဓိ မည်၏။

(တစ်နည်း) ညီညွတ်သော သတိစသော တရား ၇-ပါးသည် ကိလေသာတို့ကြောင့် တွန့်တိုခြင်း မရှိသဖြင့် မဂ်ဖိုလ်သို့ ရောက်ခြင်းဖြင့် ပွင့်ကြောင်း ဖြစ်သောကြောင့် ဗောဓိ မည်၏။

**ဗောဇ္ဈင်မည်ပုံ**

သစ္စာလေးပါးကို ထိုးထွင်း၍သိသော ယောဂီပုဂ္ဂိုလ်၏ အကြောင်းဖြစ်သောကြောင့် ဗောဇ္ဈင် မည်၏။

(တစ်နည်း) သတိစသော ညီညွတ်သော တရားအပေါင်းဟု ဆိုအပ်သော ဓမ္မသာမဂ္ဂီဗောဓိ၏ အစိတ်ဖြစ်သောကြောင့် ဗောဇ္ဈင် မည်၏။ (သတိအစရှိသော တရားတို့ ပေါင်းဆုံညီညွတ်ခြင်းဟူသော ဗောဓိ၏ အကြောင်းဖြစ်သောတရားတို့သည် ဗောဇ္ဈင် မည်၏။)

**ဗောဓိ ၂–ပါးအထူး**

– ဗောဓိပက္ခိယ၌ 'ဗောဓိ' အရ အရိယမဂ်ဉာဏ်ကို ရ၏။
– ဤဗောဇ္ဈင်္ဂ၌ 'ဗောဓိ' အရကား ယောဂီပုဂ္ဂိုလ် (တစ်နည်း) သတိအစရှိသော တရားအပေါင်းကို ရ၏၊ ဤသို့ ထူးပါသည်။

**သတိသမ္ဗောဇ္ဈင်္ဂေါ– အစရှိသော စကားကို မိန့်ဆိုရခြင်း**

ဗောဇ္ဈင်တို့သည် တရားကိုယ်ခမ္မ၏ အစွမ်းဖြင့် ၇–ပါး ပြားသောကြောင့် ထို ၇–ပါးတို့ကို သရုပ်အားဖြင့် ထုတ်ပြခြင်း အကျိုးငှာ သတိသမ္ဗောဇ္ဈင်္ဂေါ– အစရှိသော စကားကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

**သတိသမ္ဗောဇ္ဈင် မည်ပုံ**

သတိသည်ပင် ကောင်းသော ဗောဇ္ဈင်ဖြစ်သောကြောင့် သတိသမ္ဗောဇ္ဈင် မည်၏။
(တစ်နည်း) သတိသည်ပင် ကောင်းသော သိတတ်သော ယောဂီပုဂ္ဂိုလ်၏ အကြောင်းဖြစ်သောကြောင့် သတိသမ္ဗောဇ္ဈင် မည်၏။
(တစ်နည်း) သတိသည်ပင် ကောင်းသော သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိကြောင်းဖြစ်သော သတိအစရှိသော တရားတို့ ပေါင်းဆုံညီညွတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် သတိသမ္ဗောဇ္ဈင် မည်၏။

**ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၌ ဓမ္မဝိစယ မည်ပုံ**

အနိစ္စစသော တရားတို့ကို စုံစမ်း ဆင်ခြင်တတ်သောကြောင့် ဝိပဿနာပညာသည် ဓမ္မဝိစယ မည်၏။

**ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၌ ဥပေက္ခာအရ**

ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၌ ဥပေက္ခာအရ တတြမဇ္ဈတ္တုပေက္ခာကို ယူရ၏။

**၇။ မဂ္ဂင် ၏ အဓိပ္ပာယ် ရှေ့၌ ပြန်လေ့လာပါ။**

**ဗောဓိပက္ခိယသင်္ဂဟလာ တရားတို့၏ ဌာနအသီးသီး**

(၁) ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် တစ်ဌာန တစ်ကိစ္စသာ တပ်၏။
(၂) ပဿဒ္ဓိစေတသိက်သည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ။
(၃) ပီတိစေတသိက်သည် ပီတိသမ္ဗောဇ္ဈင် ။
(၄) တတြမဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင် ။
(၅) ဆန္ဒစေတသိက်သည် ဆန္ဒိဒ္ဓိပါဒ် ။
(၆) လောကုတ္တရာစိတ်သည် စိတ္တိဒ္ဓိပါဒ် ။
(၇) သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင် ။
(၈) သမ္မာကမ္မန္တစေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင် ။
(၉) သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ သဒ္ဓါဗိုလ်အားဖြင့် နှစ်ဌာန နှစ်ကိစ္စ တပ်၏။
(၁၀) ပညိန္ဒြေစေတသိက်သည် ဝီမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယ-သမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိမဂ္ဂင်အားဖြင့် ငါးဌာန ငါးကိစ္စ တပ်၏။
(၁၁) သတိစေတသိက်သည် သတိပဋ္ဌာန် ၄-ပါး, သတိန္ဒြေ, သတိဗိုလ်, သတိ-သမ္ဗောဇ္ဈင်, သမ္မာသတိမဂ္ဂင်အားဖြင့် ရှစ်ဌာန ရှစ်ကိစ္စ တပ်၏။

**အချို့သော လောကုတ္တရာစိတ်၌ သင်္ကပ္ပ(ဝိတက်), ပီတိတို့ မဖြစ်ခြင်းအကြောင်း**

လောကုတ္တရာစိတ်၌ အလုံးစုံသော ဗောဓိပက္ခိယတရားတို့သည် တစ်ပြိုင်နက် ဖြစ်ကုန်၏၊ သို့သော် ဝိတက်စေတသိက်သည် ပထမဈာန်၌သာ ဖြစ်၍ ဒုတိယစသော ဈာန်တို့၌ မဖြစ်၊ ပီတိသည် ပထမ, ဒုတိယ, တတိယဈာန်တို့၌သာဖြစ်၍ စတုတ္ထဈာန်, ပဥ္စမဈာန်တို့၌ မဖြစ်၊ ထို့ကြောင့် အချို့သော လောကုတ္တရာစိတ်တို့၌ သင်္ကပ္ပ (ဝိတက်), ပီတိတို့ မဖြစ်ခြင်း ဖြစ်ပါသည်။

**လောကီစိတ်၌ ဗောဓိပက္ခိယတရားတို့ ဖြစ်ပုံ မဖြစ်ပုံ စိစစ်ချက်**

လောကီ ကာမာဝစရ, မဟဂ္ဂုတ် ကုသိုလ်စိတ်၌ သီလဝိသုဒ္ဓိ စသော ၆-ပါးသော ဝိသုဒ္ဓိတို့ ဖြစ်ရာအခါဝယ် ထိုထို သတိပဋ္ဌာန်စသော ကိစ္စအားလျော်စွာ အချို့သော ဗောဓိပက္ခိယတရားတို့သည် အချို့သော လောကီစိတ်၌ အသီးသီး ဖြစ်ကြပါသည်၊ အချို့သော လောကီစိတ်၌ မဖြစ်ကြပါ။

# ၄။ သဗ္ဗသင်္ဂဟ

(မှတ်ချက်။ ။ သဗ္ဗသင်္ဂဟဆိုင်ရာ သရုပ်, တရားကိုယ်များကို အဘိဓမ္မာအတိုင်း သိပါ။)

## ၁။ ခန္ဓာ

အတိတ် ပစ္စုပ္ပန် အနာဂတ် စသော ၁၁–ဌာနအပြားရှိ၍ ထိုထိုသို့သော သဘောတူကုန်သော တရားတို့သည် ပညာဖြင့် တစ်ပေါင်းတည်းပြုအပ်သော ပေါင်းစုခြင်း အနက်သဘောကြောင့် ခန္ဓာ မည်၏။

**ခန္ဓာ ၅–ပါးသာ ဟောရခြင်း**

ခန္ဓာတို့ကို "စားရာခွက်, စားအပ်သော ဘောဇဉ်, စားဖွယ်ဟင်းလျာ, စားစေတတ်သူ(ထမင်းချက်သမား), စားတတ်သူ"ဟု အထူးကြံဆခြင်း၏ အစွမ်းဖြင့်လည်းကောင်း (ခန္ဓာတို့သည် စားရာခွက် အစရှိသည်တို့နှင့် တူသောကြောင့်လည်းကောင်း)၊ ရူပက္ခန္ဓာ အစရှိသော စကားအစဉ်ဖြင့် အလိုရှိအပ်သော အနက်, အကျိုး၏ ပြည့်စုံပြီးစီးခြင်းကြောင့်လည်းကောင်း မယုတ်မပို ခန္ဓာ ၅–ပါးကိုသာ ဟောရခြင်း ဖြစ်ပါသည်။

**ခန္ဓာ ၅–ပါးတို့၏ စားရာခွက် စသည်တို့နှင့် တူရခြင်းအကြောင်း**

| | | |
|---|---|---|
| ၁။ ရူပက္ခန္ဓာသည် | ဝေဒနာ၏မှီရာဖြစ်သောကြောင့် | စားရာခွက်နှင့် တူပါသည်။ |
| ၂။ ဝေဒနာက္ခန္ဓာသည် | ဝိညာဏ်သည် ခံစားအပ် ခံစားထိုက်သောကြောင့် | ဘောဇဉ်နှင့် တူပါသည်။ |
| ၃။ သညာက္ခန္ဓာသည် | ဝေဒနာ၏ သာယာမှုကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် | ဟင်းလျာနှင့် တူပါသည်။ |
| ၄။ သင်္ခါရက္ခန္ဓာသည် | ဝေဒနာ(ဘောဇဉ်)ကို ပြုစီမံတတ်သောကြောင့် | ထမင်းချက်နှင့် တူပါသည်။ |
| ၅။ ဝိညာဏက္ခန္ဓာသည် | ဝေဒနာ(ဘောဇဉ်)ကို သုံးဆောင်ခံစားတတ်သောကြောင့် | စားတတ်သူနှင့် တူပါသည်။ |

**'ရူပက္ခန္ဓော' အစရှိသော စကားရပ်ကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူရခြင်း**

မြတ်စွာဘုရားရှင်က ခန္ဓာတို့ကို "စားရာခွက်, စားအပ်သောဘောဇဉ်, စားဖွယ်ဟင်းလျာ, စားစေတတ်သူ(ထမင်းချက်သမား), စားတတ်သူ"ဟု အထူးကြံဆခြင်း၏ အစွမ်းဖြင့် ၅-ပါးသာ ဟောတော်မူခြင်းကြောင့် အရှင်အနုရုဒ္ဓါဆရာသည် 'ရူပက္ခန္ဓော' အစရှိသော စကားရပ်ကို မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

**'ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော' စသည်ဖြင့် ဟောစဉ်(ဒေသနာက္ကမ)ကို ပြုတော်မူရခြင်း**

မြတ်စွာဘုရားရှင်သည် ခန္ဓာ ၅-ပါးတို့ကို ဟောတော်မူရာ၌ ရုပ်စသည်တို့၏ စားရာခွက် အစရှိသည်တို့နှင့် တူသောကြောင့်ပင်လျှင် 'ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော' စသည်ဖြင့် ဟောစဉ်(ဒေသနာက္ကမ)ကို ပြုတော်မူခြင်း ဖြစ်ပါသည်။

**ဝေဒနာ သညာတို့ကို သီးခြားခန္ဓာတစ်ပါးစီပြု၍ ဟောတော်မူရခြင်း**

ဝေဒနာသည် ဝဋ္ဋတရားတို့၌ သာယာတတ်သောကြောင့်လည်းကောင်း၊ သညာသည် ထိုသာယာတတ်သော ဝေဒနာ၏ အကြောင်းအဆောက်အဦ ဖြစ်သောကြောင့် လည်းကောင်း၊ သံသရာ၏ ပဓာနအကြောင်းများ ဖြစ်၏၊ ထိုကြောင့် ဖဿ အစရှိသည်တို့မှ သီးခြားခွဲ၍ တစ်ပါး တစ်ပါးသော ခန္ဓာအဖြစ်ဖြင့် ပြခြင်းအကျိုးငှာ ဝေဒနာ,သညာတို့ကို သီးခြားခန္ဓာတစ်ပါးစီပြု၍ ဟောတော်မူရခြင်း ဖြစ်ပါသည်။

**သညာသည် ဝေဒနာ၏ အကြောင်းအဆောက်အဦဖြစ်ပုံ**

ဝေဒနာသည် အသုဘ၌ သုဘအစရှိသော သညာဝိပလ္လာသ၏ အစွမ်းဖြင့် တေဘူမကတရားတို့၌ သာယာသော အခြင်းအရာဖြင့် ဖြစ်တတ်သောကြောင့် သညာသည် ဝေဒနာ၏ အကြောင်းအဆောက်အဦ ဖြစ်ရပါသည်။

**အစုအပေါင်းကို ခန္ဓ-သဒ္ဒါက ဟောပါလျှင် တစ်ပါးစီသာဖြစ်သော ဝေဒနာ သညာတို့ကို အဘယ်သို့လျှင် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာဟု ခေါ်ဆိုရပါသနည်း။**

ဝေဒနာ သညာတို့သည် တစ်ပါးစီသာ ဖြစ်ပါသော်လည်း အတိတ် အနာဂတ် ပစ္စုပ္ပန် စသော ၁၁-ဌာနအားဖြင့် ကွဲပြားသော ဝေဒနာ, သညာတို့ကို ဉာဏ်ဖြင့် စုပေါင်းထားခြင်းကြောင့် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာဟု ခေါ်ဆိုနိုင်ပါသည်။

**ဥပါဒါနက္ခန္ဓာ**

ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာသည် ဥပါဒါနက္ခန္ဓာ မည်၏။ (ကာမုပါဒါန်စသော ဥပါဒါန်တရား, အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော လောကီခန္ဓာငါးပါးသည် ဥပါဒါနက္ခန္ဓာ မည်ကုန်၏။)

**ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ အထူး**

(၁) ရုပ္ပနသဘော အစရှိသည်ဖြင့် တူကုန်သော အလုံးစုံသော တရားတို့ကို ပေါင်းခြင်း အကျိုးငှာ အာသဝေါတရားတို့၏ အာရုံလည်း ဖြစ်ကုန်သော, အာသဝေါတရားတို့၏ အာရုံလည်း မဖြစ်ကုန်သော တရားတို့ကို သာမညအားဖြင့် **ပဉ္စက္ခန္ဓာဟူ၍ ဟောတော်မူ၏**။

ဝိပဿနာဈာန်၏ ဖြစ်ရာအာရုံကို ပြခြင်းငှာ အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော တရားတို့ကို **ဥပါဒါနက္ခန္ဓာဟူ၍ ဟောတော်မူ၏**။

(၂) ဥပါဒါန်တရား အာသဝေါတရားတို့၏ အာရုံမဟုတ်ကုန်သော လောကုတ္တရာ နာမ်ခန္ဓာလေးပါးတို့သည် ခန္ဓာသာ မည်ကုန်၏၊ ဥပါဒါနက္ခန္ဓာ မမည်ကုန်၊ ရူပက္ခန္ဓာကား သာသဝဓမ္မာ ဟူသော ဒုက်အရ လောကီအာသဝေါတရားတို့၏ အာရုံကေန်ဖြစ်၏၊ နာမ်ခန္ဓာလေးပါးသည်ကား ဥပါဒါန် အာသဝေါတရားတို့၏ အာရုံဖြစ်လျှင် ဥပါဒါနက္ခန္ဓာ မည်၏၊ ဥပါဒါန် အာသဝေါတရားတို့၏ အာရုံ မဟုတ်လျှင် ခန္ဓာသာ မည်၏။

**ရုပ်သည် သာသဝ အနာသဝ နှစ်မျိုးမပြား**

ခန္ဓာ ၅-ပါးတို့တွင် ဝေဒနာစသော တရားတို့သည် သာသဝ အနာသဝ နှစ်မျိုး ပြားသော်လည်း ရုပ်သည် နှစ်မျိုးမပြား သာသဝတစ်မျိုးတည်းသာ ဖြစ်ပါသည်၊ အကြောင်း မှာ ရုပ်သည် ဧကန် ကာမာဝစရတရား ဖြစ်သောကြောင့်တည်း။

**ရုပ်သည် သာသဝတစ်မျိုးတည်းသာ ဖြစ်ပါလျက် ခန္ဓာ,ဥပါဒါနက္ခန္ဓာ နှစ်မျိုးလုံး၌ ဟောရခြင်း**

ရုပ်သည် သာသဝ အနာသဝဟု နှစ်မျိုးမပြား သာသဝတစ်မျိုးတည်းသာ ဖြစ်ပါသော်လည်း ရုပ္ပနအဖြစ်ဖြင့် သဘောတူသော ရုပ်အစုကို ပေါင်းသည်၏ အစွမ်းဖြင့် ထိုရုပ်ကို ခန္ဓာတို့၌ ဟောတော်မူအပ်ပါသည်။

ဥပါဒါန်တရားတို့၏ အာရုံအဖြစ်ဖြင့်လည်းကောင်း၊ ရုပ္ပနအဖြစ်ဖြင့် သဘောတူကုန်သော ရုပ်တရားအစု၏ အစွမ်းဖြင့် လည်းကောင်း ဥပါဒါနက္ခန္ဓာတို့၌ ဟောတော်မူအပ်ပါသည်။

**နိဗ္ဗာန်သည် ခန္ဓာမှ လွတ်ပုံ** (အဘိဓမ္မာအတိုင်း သိပါ။)

**၂။ အာယတန**

(၁) ထိုထို့ဒွါရ ထိုထိုအာရုံ၌ ဖြစ်ကုန်သော စိတ် စေတသိက်တရားတို့၏ ထိုထိုအာရုံကိုခံစားခြင်း စသောကိစ္စဖြင့် အားထုတ်ရာဌာန ဖြစ်သောကြောင့် စက္ခုပသာဒ စသည်တို့သည် အာယတန မည်၏။

(၂) ထိုထို့ဒွါရ ထိုထိုအာရုံ၌ ဖြစ်တတ်သောကြောင့် 'အာယ'မည်သော စိတ် စေတသိက်တို့ကို ချဲ့ထွင်တတ်သောကြောင့် စက္ခုပသာဒ စသည်တို့သည် အာယတန မည်၏။

(၃) ရှည်လျားလှစွာသော သံသရာဝဋ္ဋဆင်းရဲကို ဆောင်တတ် ဖြစ်စေတတ်သောကြောင့် စက္ခုပသာဒ စသည်တို့သည် အာယတန မည်၏။

(၄) စက္ခုဝိညာဉ် အစရှိသော စိတ် စေတသိက်တို့၏ အကြောင်းဖြစ်ကုန်သောကြောင့် စက္ခုပသာဒ စသည်တို့သည် အာယတန မည်၏။

**စက္ခာယတန မည်ပုံ**

စက္ခုပသာဒလည်း ဟုတ်၏၊ ထို စက္ခုပသာဒဟူသည် အာယတနလည်း ဟုတ်သောကြောင့် စက္ခာယတန မည်၏၊ (ကြွင်း အာယတန စသော ပုဒ်တို့၌လည်း ထို့အတူ သိပါ။)

**အာယတန ၁၂-ပါး စဉ်ထားပုံ**

(၁) အဇ္ဈတ္တိကာယတနတို့တွင် စက္ခာယတနသည် သနိဒဿန, သပ္ပဋိဃဟူသော ရူပါရုံကို အာရုံရှိသည်ဖြစ်၍ ထင်ရှားသောကြောင့် ၎င်းကို ရှေးဦးစွာ မိန့်ဆိုပါသည်။

(၂) ထိုစက္ခာယတန၏ အခြားမဲ့၌ အနိဒဿန, သပ္ပဋိဃလျှင် အာရုံရှိသောကြောင့်

မထင်ရှားသောကြောင့် သောတာယတန,ဃာနာယတန,ဇိဝှါယတန,ကာယာ-ယတနတို့ကို မိန့်ဆိုပါသည်။

ထို သောတာယတန စသည်တို့တွင်လည်း-

(က) အသမ္ပတ္တဂါဟကရုပ်ချင်း တူသောကြောင့် စက္ခာယတန၏ အခြားမဲ့၌ သောတာယတနကို မိန့်ဆိုသည်။

(ခ) သမ္ပတ္တဂါဟကရုပ်တို့တွင် လျင်မြန်စွာ အာရုံကို ယူခြင်း၌ စွမ်းနိုင်သောကြောင့် ဃာနာယတနကို ရှေးဦးစွာ မိန့်ဆိုသည်။ (ရှေ့မှ ထားကာမျှဖြစ်သော ဘောဇဉ် စသည်၏ အနံ့သည် လေကို အစဉ်လျှောက်သဖြင့် ဃာနပသာဒ၌ ထိ၏၊ ထို့ကြောင့် အာရုံကို ရှေးဦးစွာ ယူနိုင်၏။)

(ဂ) ထို၏အခြားမဲ့၌ ခန္ဓာကိုယ်၏ တစ်စိတ်တစ်ပိုင်း၌ ဖြစ်ခြင်းအားဖြင့် တူသောကြောင့် ဇိဝှါယတနကို မိန့်ဆိုသည်။

(ဃ) ထိုမှနောက်၌ အလုံးစုံသော ရူပကာယကို နှံ့၍တည်သောကြောင့် ကာယာယတနကို မိန့်ဆိုသည်။

(၃) ထိုကာယာယတန၏ အခြားမဲ့၌ အဇ္ဈတ္တိကာယတန ၅-ပါးတို့၏ အာရုံကို ယူခြင်း၌ စွမ်းနိုင်သော မနာယတနကို မိန့်ဆိုသည်။

(၄) ထို့နောင် အဇ္ဈတ္တိကာယတန ၆-ပါးတို့၏ အစဉ်အားလျော်စွာ ထိုအဇ္ဈတ္တိ-ကာယတနတို့၏ အာရုံဖြစ်သော ရူပါယတန စသည်တို့ကို မိန့်ဆိုပါသည်။

**မှတ်ချက်။** ဘုရားရှင်သည် အာယတန ၁၂-ပါးကို ဟောတော်မူရာ၌ 'စက္ခာယတနံ, ရူပါယတနံ ....(ပ).... မနာယတနံ, ဓမ္မာယတနံ'ဟု ဟောတော်မူပါသည်၊ အရှင်အနုရုဒ္ဓါဆရာက အဇ္ဈတ္တိကာယတနာ, ဗာဟိရာယတနတို့ကို မရောယှက်သောအားဖြင့် ပြခြင်းအကျိုးငှာ ဤသို့ စဉ်ထားသည်ဟု မှတ်သားပါ။

**၃။ ဓာတ်**

(၁) မိမိ မိမိ၏ ကက္ခဠ, ဖုသန စသော သဘောလက္ခဏာကို ဆောင်တတ်သောကြောင့်လည်းကောင်း၊

(၂) ဖြစ်သင့်သည်အားလျော်စွာ တစ်ပါးမက များသောအပြားရှိသော သံသရာ

ဆင်းရဲကို စီမံတတ်သောကြောင့်လည်းကောင်း၊

(၃) ဝန်ထမ်းသမားတို့သည် ဝန်ကို ဆောင်အပ်သကဲ့သို့ သတ္တဝါတို့သည် ဆောင်အပ်သောကြောင့်လည်းကောင်း၊

(၄) မိမိအလိုသို့ မလိုက်စေနိုင်ကြသည့်အတွက် သံသရာဆင်းရဲကို စီမံခြင်းမျှ ဖြစ်သောကြောင့်လည်းကောင်း၊

(၅) သတ္တဝါတို့၏ သံသရာဆင်းရဲကို အဖန်တလဲလဲ ပြုပြင်စီရင်ကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊

(၆) အကြောင်း၏အဖြစ်ဖြင့် ပြုအပ် စီရင်အပ်သော သံသရာဆင်းရဲ၏ ထားရာဖြစ်သောကြောင့်လည်းကောင်း၊

(၇,၈) သိထိုက်သော ဉေယျတရား၏ အစိတ်အပိုင်းဖြစ်ကုန်သော ထိုတရားတို့သည် အကြောအသွေး အစရှိသော ခန္ဓာကိုယ်၏ အစိတ်အပိုင်းဖြစ်သော ဓာတ်တို့နှင့် တူသောကြောင့်လည်းကောင်း၊ ဆေးဒန်း မြင်းသီလာ အစရှိသော ကျောက်၏ အစိတ်အပိုင်းဖြစ်သော ဓာတ်တို့နှင့် တူသောကြောင့်လည်းကောင်း ဓာတ် မည်ကုန်၏။

**မှတ်ချက်**။ အမှတ်စဉ် (၁)ဖြင့် ဓာတု–သဒ္ဒါ၏ လောကီ, လောကုတ္တရာဖြစ်သော ဓာတ်တို့နှင့် ဆက်ဆံသော အနက်ကို ပြ၍ (၂)မှ (၈)တိုင်အောင် လောကီဖြစ်သော ဓာတ်တို့၏ သီးခြားဖြစ်သော အနက်ကို ပြ၏။

## ‘စက္ခုဓာတု’ အစရှိသော စကားရပ်ကို မိန့်ဆိုရခြင်းအကြောင်း (ဓာတ် ၁၈–ပါး ပြားရခြင်းအကြောင်း)

မနာယတနကို ဝိညာဏဓာတ်၏ အစွမ်းဖြင့် ၇–ပါး ခွဲခြား၍ ကြွင်းသော အာယတန ၁၂–ပါးတို့နှင့်တကွ ဓာတ် ၁၈–ပါးဟူ၍ ဓာတုဝိဘင်း၌ ဘုရားရှင် ဟောတော်မူပါသည်၊ ထို့ကြောင့် ‘စက္ခုဓာတု’ အစရှိသော စကားရပ်ကို အရှင်အနုရုဒ္ဓါဆရာက မိန့်ဆိုရခြင်း ဖြစ်ပါသည်။

**မှတ်ချက်**။ ဓာတ် ၁၈–ပါး ရှေ့နောက်စဉ်ခြင်းအကြောင်းကို အာယတန၌ ဆိုခဲ့ပြီးသော နည်းအတိုင်း မှတ်ပါ။

## ၄။ အရိယသစ္စာ

(၁) အရိယာပုဂ္ဂိုလ်တို့၏ အဖြစ်ကို ပြုတတ် ပြီးစေတတ်ကုန်သောကြောင့် အရိယ မည်၏၊ မှန်ကန်သောကြောင့် သစ္စာ မည်၏၊ ထို့ကြောင့် အရိယာ ပုဂ္ဂိုလ်တို့၏အဖြစ်ကို ပြုတတ်သည့် မှန်ကန်သော တရားတို့သည် အရိယ–သစ္စာ မည်ကုန်၏။

(၂) ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့သည် ထိုးထွင်း၍ သိအပ်သော သစ္စာ ဖြစ်သောကြောင့် အရိယသစ္စာ မည်ကုန်၏။

(၃) အရိယမည်သော မြတ်စွာဘုရား၏ သစ္စာဖြစ်သောကြောင့် အရိယသစ္စာ မည်၏။

**အရိယ–အရယူပုံ**

(၁) အရိယာပုဂ္ဂိုလ်၏အဖြစ်ကို ပြုတတ်သော သစ္စာ၊

(၂) ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်၊

(၃) မြတ်စွာဘုရား၊

**အရိယသစ္စာ ၄–ပါး**

အရိယသစ္စာတို့သည် ကိလေသာတို့သည် ဖျက်ဆီးအပ်, ကိလေသာတို့သည် မဖျက်ဆီးအပ်သော အကျိုးအကြောင်းတို့၏ အစွမ်းဖြင့် ၄–ပါး အပြားရှိ၏။

'ဒုက္ခသစ္စံ'အစရှိသော ပါဠ်၌–

- စက်ဆုပ်အပ်သည်အဖြစ်ကြောင့်လည်းကောင်း၊ အချည်းအနှီးဖြစ်သည် အဖြစ်ကြောင့်လည်းကောင်း **ဒုက္ခ** မည်၏၊
- ကံအစရှိသော ပစ္စည်း အပေါင်းတို့သည် တည်သည်ရှိသော် ဒုက္ခသစ္စာ ဖြစ်ခြင်း၏အကြောင်း ဖြစ်သောကြောင့် ထိုရာဂကြောင့် ဒုက္ခသည် ဖြစ်တတ်၏၊ ဤသို့ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သောကြောင့် **သမုဒယ** မည်၏၊
- ဒုက္ခသစ္စာ၏ ဖြစ်ကြောင်းသည် **ဒုက္ခသမုဒယ** မည်၏၊
- ဤအသင်္ခတ တရားဖြင့် ဒုက္ခသစ္စာ၏ တစ်ဖန် မဖြစ်သောအားဖြင့် ချုပ်၏၊ ထိုသို့ ဒုက္ခ၏ တစ်ဖန် မဖြစ်ခြင်းဖြင့် အပြီးချုပ်ရာချုပ်ကြောင်း ဖြစ်သော သတ္တိကြောင့် **ဒုက္ခနိရောဓ** မည်၏၊

- ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်တတ်သောကြောင့် **ဒုက္ခနိရောဓဂါမိနီ** မည်၏၊
- ထိုသမ္မာဒိဋ္ဌိ စသော တရားအပေါင်းဖြင့် ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ အရိယာပုဂ္ဂိုလ်တို့သည် ရောက်တတ်၏၊ ထိုသို့ ရောက်ကြောင်းဖြစ်သောကြောင့် **ဒုက္ခနိရောဓဂါမိနီပဋိပဒါ** မည်၏။

**သစ္စာ ၄–ပါးတို့က အရိယာပုဂ္ဂိုလ်၏ အဖြစ်ကို ပြုတတ်, ပြီးစေတတ်ပုံ**

သစ္စာ ၄–ပါးကို ထိုးထွင်း၍ သိခြင်းမရှိလျှင် အရိယာအဖြစ်သို့ မရောက်နိုင်သောကြောင့်လည်းကောင်း၊ သစ္စာ ၄–ပါးကို ထိုးထွင်း၍ သိမှသာ ဧကန်စင်စစ် အရိယာအဖြစ်သို့ ရောက်နိုင်သောကြောင့်လည်းကောင်း သစ္စာ ၄–ပါးတို့က အရိယာပုဂ္ဂိုလ်၏အဖြစ်ကို ပြုတတ်, ပြီးစေတတ်ပါသည်။

**သစ္စာ ၄–ပါးတို့ မှန်ကန်ကြပုံ**

**ဒုက္ခသစ္စာ** = မိမိကိန်းရာသတ္တဝါကို ညှဥ်းဆဲနှိပ်စက်တတ်သည်၏ အဖြစ်ဟူသော ဗာဓကသဘောသည် ဒုက္ခ၌သာ ရှိ၏၊ ဒုက္ခမှတစ်ပါး အခြားသော တရားတို့၌ မရှိ။

**သမုဒယသစ္စာ** = ဒုက္ခ၏အမွန်အစအဖြစ်ဟူသော ပဘဝသဘောသည် သမုဒယ၌သာ ရှိ၏၊ သမုဒယမှတစ်ပါး အခြားသော တရားတို့၌ မရှိ။

**နိရောဓသစ္စာ** = ဒုက္ခ, သမုဒယတို့၏ ထွက်မြောက်ရာအဖြစ်ဟူသော နိဿရဏသဘောသည် နိရောဓ၌သာ ရှိ၏၊ နိရောဓမှတစ်ပါး အခြားသော တရားတို့၌ မရှိ။

**မဂ္ဂသစ္စာ** = ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သည်၏ အဖြစ်ဟူသော နိယျာနိကသဘောသည် မဂ္ဂ၌သာ ရှိ၏၊ မဂ္ဂမှတစ်ပါး အခြားသော တရားတို့၌ မရှိ။

ဤသို့အားဖြင့် ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂတို့၌ ဗာဓက, ပဘဝ, နိဿရဏ, နိယျာနိကအဖြစ်တို့သာ ရှိ၏၊ အဗာဓက, အပဘဝ, အနိဿရဏ, အနိယျာနိက အဖြစ်တို့ မရှိကြပါ။ ဤသို့ ဒုက္ခအစရှိသည်တို့မှ တစ်ပါးသောတရားတို့၌ ဗာဓကသဘော အစရှိသည်တို့ မဖြစ်ခြင်း၊ ထိုဒုက္ခအစရှိသော တရားတို့၌သာ

ဗာဓကသဘော စသည်တို့ ပျံ့နှံ့မှုရှိကြခြင်းဟု ဆိုအပ်သော လက္ခဏာအားဖြင့် ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂတို့သည် မှန်ကန်သော သစ္စာတရားများ ဖြစ်ကြရပါသည်။

**သစ္စာ ၄–ပါး ပြားရပုံ**

သံကိလိဋ္ဌဖလ(ညစ်နွမ်းသောအကျိုး)၊ သံကိလိဋ္ဌဟေတု(ညစ်နွမ်းသောအကြောင်း)၊ အသံကိလိဋ္ဌဖလ(မညစ်နွမ်းသောအကျိုး)၊ အသံကိလိဋ္ဌဟေတု(မညစ်နွမ်းသောအကြောင်း)တို့၏ အစွမ်းဖြင့် သစ္စာ ၄–ပါး ပြားရပါသည်။

**မှတ်ချက်–** (၁) သံကိလိဋ္ဌဖလသစ္စာ = ဒုက္ခသစ္စာ၊
(၂) သံကိလိဋ္ဌဟေတု = သမုဒယသစ္စာ၊
(၃) အသံကိလိဋ္ဌဖလ = နိရောဓသစ္စာ၊
(၄) အသံကိလိဋ္ဌဟေတု = မဂ္ဂသစ္စာ

**သစ္စာလေးပါး အစဉ်ထားပုံ**

များသောကြောင့်လည်းကောင်း၊ ရုန့်ရင်းသောကြောင့်လည်းကောင်း၊ အများနှင့် ဆက်ဆံသောကြောင့်လည်းကောင်း၊ ဒုက္ခသစ္စာကို ရှေးဦးစွာဆို၏၊ ဒုက္ခ၏ အကြောင်းဖြစ်သောကြောင့် သမုဒယသစ္စာကို ဒုတိယဆို၏၊ သမုဒယအကြောင်းချုပ်လျှင် အကျိုးချုပ်သည်ဟု ပြခြင်းငှာ နိရောဓသစ္စာကို တတိယဆို၏၊ ထိုနိရောဓသို့ ရောက်ကြောင်းဖြစ်၍ မဂ္ဂသစ္စာကို အဆုံး၌ထား၍ ဆိုရ၏။

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ, တဏှာ သမုဒယော ဘဝေ၊
နိရောဓော နာမ နိဗ္ဗာနံ, မဂ္ဂေါ လောကုတ္တရော မတော။

ဒုက္ခသစ္စာအရ ဘုံ ၃–ပါး၌ဖြစ်သော ဝဋ္ဋတရား၊ သမုဒယသစ္စာအရ တဏှာ၊ နိရောဓသစ္စာအရ နိဗ္ဗာန်၊ မဂ္ဂသစ္စာအရ လောကုတ္တရာ မဂ္ဂင် ၈–ပါးဟု သိအပ်၏။

**'ဒုက္ခံ တေဘူမကံ ဝဋ္ဋံ'၌ ဝဋ္ဋဟူသည်**

သံသရာစက်၌ လောကီကုသိုလ်ကံ အကုသိုလ်ကံသည်လည်းကောင်း၊ ထိုကံ၏ အကျိုးဖြစ်သော ဝိပါက်သည်လည်းကောင်း ဖြစ်တတ်၏၊ ထိုသို့ဖြစ်ရာ ဖြစ်သော သတ္တဝါကြောင့် ဝဋ္ဋမည်၏။

## 'တဏှာ သမုဒယော ဘဝေ'၌ တဏှာဟူသည်

တဏှာဟူသည် ကာမတဏှာ အစရှိသည်တို့၏ အစွမ်းဖြင့် ၃–ပါးအပြား ရှိသော၊ အာရုံ ၆–ပါးတို့၏ အစွမ်းဖြင့် ၁၈–ပါး အပြားရှိသော၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့၏ အစွမ်းဖြင့် ၅၄–ပါး အပြားရှိသော၊ အဇ္ဈတ္တိက, ဗာဟိရတို့၏ အစွမ်းဖြင့် ၁၀၈–ပါး အစွမ်းရှိသော တဏှာတည်း။

## တဏှာကိုသာလျှင် သမုဒယဟု ဆိုရခြင်း

တဏှာမှတစ်ပါးကုန်သော ဒုက္ခ၏ အကြောင်းတရားတို့ ရှိကြပါလျက် တဏှာကိုသာလျှင် သမုဒယ= ဒုက္ခဖြစ်ကြောင်းဟု ဆိုရခြင်းမှာ– တဏှာသည် ဒုက္ခ၏ပဓာန အကြောင်း ဖြစ်သောကြောင့် ဖြစ်ပါသည်။

## တဏှာသည် ဒုက္ခ၏ပဓာနအကြောင်း ဖြစ်ရပုံ

လောကီကုသိုလ်, အကုသိုလ်ကံ ဆန်းကြယ်စွာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ ကံ၏ အဖော်သဟဲအဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်လည်းကောင်း၊ ဒုက္ခဆန်းကြယ်စွာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ တဏှာသည် ဒုက္ခ၏ထူးသောအကြောင်းဖြစ်၏၊ ထို့ကြောင့် တဏှာသည် ဒုက္ခ၏ပဓာနအကြောင်း ဖြစ်ရပါသည်။ (ပဓာနအကြောင်း = ပြဋ္ဌာန်းသောအကြောင်း)

## သစ္စာဝိမုတ်တရား

အဋ္ဌင်္ဂိကမဂ်မှ ကြွင်းသော မဂ်နှင့်ယှဉ်သော ဖဿ အစရှိသောတရား၊ သမ္ပယုတ်တရားတို့နှင့်တကွဖြစ်သော ဖိုလ်တရား၊ ဤတရားတို့သည် သစ္စာလေးပါးမှ လွတ်ကုန်၏။ (မဂ်စိတ္တုပ္ပါဒ် ၂၉–ပါး၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ပါးတို့သည် သစ္စာဝိမုတ်တရားများ ဖြစ်၏။)

## မဂ်စိတ္တုပ္ပါဒ်, ဖိုလ်စိတ္တုပ္ပါဒ်တို့ကို သစ္စာလေးပါး၌ သွင်းယူပုံ

ဓမ္မသင်္ဂဏီပါဠိတော် အညာတာဝိန္ဒြေနိဒ္ဒေသ၌ 'မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ'ဟူ၍ ဘုရားရှင် ဟောတော်မူခြင်းကြောင့် ဖိုလ်တရားတို့၌ယှဉ်သည့် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင် ၈–ပါးတို့ကို မဂ္ဂင်ချင်းတူသောကြောင့် မဂ္ဂသစ္စာ၌ သွင်းယူနိုင်သည်၊ ထိုမှတစ်ပါးသော မဂ်နှင့် ယှဉ်သောတရား, ကြွင်းသော ဖိုလ်နှင့်ယှဉ်သောတရားတို့ကို သင်္ခါရဒုက္ခချင်း တူသည်၏အဖြစ်ကြောင့် ဒုက္ခသစ္စာ၌ သွင်းယူနိုင်သည်။

**သစ္စာဝိမုတ်တရားတို့ကို သစ္စာလေးပါးတို့၌ သွင်းယူရကျိုး**

သစ္စာဝိမုတ်တရားတို့ကို သစ္စာလေးပါးတို့၌ သွင်းယူလိုက်လျှင် အာယတန ဓာတုဒေသနာသာမက သစ္စာဒေသနာတော်သည်လည်း အလုံးစုံသော တရားတို့ကို သိမ်းယူနိုင်သည်၏ အဖြစ်သည် ပြည့်စုံပါတော့သည်။

**ခန္ဓာအစရှိသော များစွာသောတရားတို့ကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုရခြင်းအကြောင်း**

မြတ်စွာဘုရားရှင်သည် ထိုအတိုင်းပင် ခန္ဓာအစရှိသည်တို့၏ အစွမ်းဖြင့် များစွာသောတရားတို့ကို ဟောတော်မူသောကြောင့် ခန္ဓာအစရှိသော များစွာသော တရားတို့ကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုရခြင်း ဖြစ်ပါသည်။

**မြတ်စွာဘုရားသည် ခန္ဓာအစရှိသော များစွာသောတရားတို့ကို ဟောတော်မူခြင်းအကြောင်း**

သုံးမျိုးသုံးစား အပြားရှိသော သတ္တဝါတို့ကို ချီးမြှောက်ခြင်းကို အလိုရှိသောကြောင့် မြတ်စွာဘုရားရှင်သည် ခန္ဓာအစရှိသော များစွာသော တရားတို့ကို ဟောတော်မူရခြင်း ဖြစ်ပါသည်။

**သတ္တဝါနှင့် ဒေသနာ**

| သတ္တဝါ သုံးမျိုးသုံးစား | ဟောသောတရား | အကြောင်းပြခြင်း |
|---|---|---|
| (၁) **နာမ်၌တွေဝေသောသတ္တဝါ**<br>– ရင့်သောဣန္ဒြေရှိသောသတ္တဝါ<br>– အကျဉ်းဒေသနာ၌ နှစ်သက်သောသတ္တဝါ | ခန္ဓဒေသနာ | နာမ်ကို ၄–ပါးအပြားဖြင့် ဝေဖန်တော်မူအပ်သောကြောင့် |
| (၂) **ရုပ်၌တွေဝေသောသတ္တဝါ**<br>– မရင့်လွန်းသော ဣန္ဒြေ ရှိသောသတ္တဝါ<br>– အလယ်အလတ်ဒေသနာ၌ နှစ်သက်သောသတ္တဝါ | အာယတနဒေသနာ | ရုပ်ကို ၁၀½ ပါးအားဖြင့် ဝေဖန်တော်မူအပ်သောကြောင့် |
| (၃) **နာမ်ရုပ်၌တွေဝေသောသတ္တဝါ**<br>– နုသော ဣန္ဒြေရှိသောသတ္တဝါ<br>– အကျယ်ဒေသနာ၌ နှစ်သက်သောသတ္တဝါ | ဓာတ်ဒေသနာ | နာမ်ကို ၇½ ပါး၊ ရုပ်ကို ၁၀½ ပါးအားဖြင့် အကျယ် ဝေဖေန် တော်မူအပ်သောကြောင့် |

**ခန္ဓာ, အာယတန, ဓာတ်တို့နှောင် သစ္စာကို ဟောရခြင်း**

ခန္ဓာ, အာယတန, ဓာတ်ဟူသော တရား ၃–ပါးကို တဏှာကြောင့် ဖြစ်ခြင်းဟူသော ဒုက္ခ၊ တဏှာ၏ ဆုတ်နစ်ရာဖြစ်သော နိရောဓ၊ ထို နှစ်ပါးစုံ၏ အကြောင်းဖြစ်သော သမုဒယ, မဂ္ဂတို့၏ အစွမ်းဖြင့် ဝေနေယျတို့က မြင်မှသာ ထိုတရား ၃–ပါးက မဂ် ဖိုလ် နိဗ္ဗာန်ဟူသော တရားထူးကို ရစေနိုင်ခြင်းဟူသော ကျေးဇူးအထူးကို ဆောင်နိုင်၏၊ တစ်ပါးသော အခြင်းအရာအားဖြင့် မြင်အပ်သော ခန္ဓာ, အာယတန, ဓာတ်တို့သည် မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော ကျေးဇူးအထူးကို မဆောင်နိုင်ပေ၊ ထို့ကြောင့် ခန္ဓာ, အာယတန, ဓာတ်တို့ အခြားမဲ့၌ သစ္စာဒေသနာတော်ကို ဟောတော်မူရခြင်း ဖြစ်ပါသည်။

သမုစ္စည်းပိုင်းမှတ်စု ပြီး၏။

# ပစ္စည်းပိုင်း

အကြောင်းတို့သည် ပေါင်း၍ ပြုပြင်အပ်သည်အဖြစ်ကြောင့် သင်္ခတ ဟု ဆိုအပ်သော ပစ္စယုပ္ပန်တရားတို့အား ပစ္စည်းတရားတို့သည် အကြင်အကြင်သို့သော အကြောင်းသတ္တိဖြင့် ဋ္ဌီကာလ၌လည်းကောင်း၊ ဥပါဒ်ကာလ၌လည်းကောင်း ကျေးဇူး ပြုတတ်ကုန်၏၊ ထိုသို့ ပစ္စယုပ္ပန်တရားတို့အား ပစ္စည်းတရားတို့၏ ကျေးဇူးပြုပုံ အခြင်းအရာကို ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းတို့၏ အစွမ်းဖြင့် ခွဲခြားဝေဖန်၍ ပြရာအပိုင်းသည် ပစ္စည်းပိုင်း မည်၏။

**ပစ္စည်း(ပစ္စယ)** = (၁) အကျိုးပစ္စယုပ္ပန်တရားတို့၏ စွဲ၍ အညီအညွတ် ဖြစ်ရာ တရား၊
(၂) ဆိုင်ရာအကျိုးကို ပေးတတ်သော အကြောင်းတရား၊

**ပစ္စယုပ္ပန်(ပစ္စယုပ္ပန္န)** = အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်သော အကျိုးတရား၊

**ပစ္စယုပ္ပန်တရားမှန်လျှင်** သင်္ခတတရားချည်းသာ ဖြစ်၏၊ (စိတ်,စေတသိက်,ရုပ်) အသင်္ခတဖြစ်သော နိဗ္ဗာန်နှင့် ပညတ်မပါ။

**ပစ္စည်းတရား၌ကား** သင်္ခတတရားများသာမက အသင်္ခတဖြစ်သော နိဗ္ဗာန်နှင့် ပညတ်တရားပါ ပါ၏၊
(စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်,ပညတ်)

## ပစ္စည်းတရား၌ အသင်္ခတတရားပါဝင်ရခြင်း

အသင်္ခတတရားဖြစ်သော နိဗ္ဗာန်နှင့် ပညတ်တရားတို့သည် ပစ္စယုပ္ပန်တရားတို့ အား အာရမ္မဏသတ္တိ စသည်တို့ဖြင့် ကျေးဇူးပြုနိုင်၏၊ ထို့ကြောင့် ပစ္စည်းတရား၌ နိဗ္ဗာန်နှင့် ပညတ်တို့ ပါဝင်ခြင်းဖြစ်၏။

**ပစ္စယုပ္ပန်တရား၌ အသင်္ခတတရား မပါဝင်နိုင်ခြင်း**

ပစ္စယုပ္ပန်တရားဟူသည် ဆိုင်ရာအကြောင်းတို့က စီမံ၍ ဖြစ်ရသော တရားများ ဖြစ်၏၊ နိဗ္ဗာန်နှင့် ပညတ်တို့ကို ထိုကဲ့သို့ အကြောင်းတရားများက မစီမံနိုင် စီမံ၍မဖြစ်၊ ထို့ကြောင့် ပစ္စယုပ္ပန်တရားတို့တွင် အသင်္ခတဖြစ်သော နိဗ္ဗာန်နှင့် ပညတ်တရားတို့ မပါဝင်နိုင်ခြင်းဖြစ်၏။

**ပစ္စည်းတရားတို့က ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသည်ဆိုရာ၌**

(၁) မဖြစ်သေးသော ပစ္စယုပ္ပန်တရားကို ဖြစ်ပေါ်(ဥပါဒ်)စေခြင်း၊

(၂) ဖြစ်ပေါ်ပြီးသော ပစ္စယုပ္ပန်တရားကို ဌီအခိုက်၌ တည်တံ့စေခြင်းတို့ကို ကျေးဇူးပြုသည်ဟု ဆိုသည်။

* * * * *

## နည်း(၂)ပါးအဖွင့်

**ပဋိစ္စသမုပ္ပါဒ်**

အကြောင်းတရားတို့၏ ညီညွတ်ခြင်းသို့ အညီအညွတ်ဆိုက်ရောက်၍ အကျိုးတရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် အဝိဇ္ဇာစသော အကြောင်းတရားသည် ပဋိစ္စသမုပ္ပါဒ် မည်၏။

ပဋိစ္စသမုပ္ပါဒ်အရ အညီအညွတ်ဆိုက်ရောက်၍ အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ကျေးဇူးပြုပုံအခြင်းအရာသတ္တိကို ရ၏။

**ပဋ္ဌာန်း**

အထူးထူးအပြားပြားသော ပစ္စည်းတို့၏ ဖြစ်ရာဖြစ်သောကြောင့် ပဋ္ဌာန်း မည်၏။

ပဋ္ဌာန်းအရ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီးကိုရ၏၊ ထိုပဋ္ဌာန်းကျမ်းကြီး၌ ဟောအပ်သောနည်းသည် ပဋ္ဌာန်းနည်း မည်၏။

**နည်း(၂)ပါးအထူး**

(၁) – အဝိဇ္ဇာအစရှိသော ပစ္စည်းတရားတို့၏ ဖြစ်ခြင်းကြောင့်, ဖြစ်လေ့ရှိကုန်သော သင်္ခါရ အစရှိသော ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ခြင်းဟူသော အခြင်းအရာမျှဖြင့် မှတ်အပ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်၏။

– အထူးပြု၍ဖြစ်သော ပစ္စည်းဟုဆိုအပ်သော တည်ရာကို အကြောင်းပြု၍ ဖြစ်သောနည်းသည် ပဋ္ဌာန်းနည်း မည်၏။

(၂) – ပစ္စည်းပစ္စယုပ္ပန်မျှကိုသာပြ၍ ပစ္စယသတ္တိကို မပြသောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်၏။

– ပစ္စည်းပစ္စယုပ္ပန်မျှကိုသာမက မည်သည့်သတ္တိဖြင့် ကျေးဇူးပြုပုံ ပစ္စယသတ္တိထူးကိုပါ ပြသောနည်းသည် ပဋ္ဌာန်းနည်း မည်၏။

(၃) – အဝိဇ္ဇာပစ္စယာ(အကြောင်း)နှင့် သင်္ခါရာ(အကျိုး)ဟု အကြောင်းအကျိုးနှစ်ပါးကိုသာ ပြသောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်၏။

– ဟေတူ(အကြောင်း)၊ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ(အကျိုး)၊ ဟေတုပစ္စယေနပစ္စယော(သတ္တိ)ဟု အကြောင်း အကျိုး သတ္တိ သုံးပါးကို ပြသောနည်းသည် ပဋ္ဌာန်းနည်း မည်၏။

# ပဋိစ္စသမုပ္ပါဒ်နည်း

## ပဋိစ္စသမုပ္ပါဒ် အနုလောမ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

**အဝိဇ္ဇာ**

(၁) သစ္စာ ၄–ပါးစသည်ကို မသိတတ်သောကြောင့်လည်းကောင်း၊

(၂) မလျောက်ပတ်သည်ဖြစ်၍ မရထိုက်သော ကာယဒုစရိုက်စသည်ကို ရတတ်သောကြောင့်လည်းကောင်း၊

၃) လျောက်ပတ်သည်ဖြစ်၍ ရထိုက်သော ကာယသုစရိုက် စသည်ကို မရတတ်သောကြောင့်လည်းကောင်း၊

၄) သိအပ်သော သစ္စာ ၄–ပါးစသည်ကို မသိအပ်သည်ကို ပြုတတ်သောကြောင့်လည်းကောင်း၊

၅) ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ယောကျ်ား,မိန်းမ စသည်၌ ယောကျ်ား, မိန်းမဟု ထင်မှားစေတတ်သောကြောင့်လည်းကောင်း၊

၆) ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ စသည်၌ ခန္ဓာဟု မထင်မှတ်စေတတ်သောကြောင့်လည်းကောင်း – အဝိဇ္ဇာ မည်၏။

(တရားကိုယ်ကား – အကုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်သော မောဟတည်း။)

အဝိဇ္ဇာအရ သစ္စာ ၄–ပါးတို့၌လည်းကောင်း၊ ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ် ၄–ဌာနတို့၌လည်းကောင်း မသိခြင်း မောဟကို ရ၏။

**မသိတိုင်း အဝိဇ္ဇာမဟုတ်**

ဤ ၈-ဌာနနှင့်စပ်၍ မသိမှသာ အဝိဇ္ဇာမည်၏၊ ဤ ၈-ပါးနှင့်စပ်၍ သိသည်ဟု ဆိုရာ၌လည်း စာအားဖြင့် သရုပ်ရေတွက်တတ်သော အသိမျိုးမဟုတ်၊ ယင်းအသိမျိုးမှာ သညာသိမျိုးသာ ဖြစ်၏၊ ဉာဏ်ဖြင့်, ဒုက္ခသဘောစသည်ကို ပိုင်ပိုင်နိုင်နိုင် သိမှသာ ဝိဇ္ဇာသိ မည်၏။

**သင်္ခါရ**

ပြုပြင်စီရင်အပ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟူသော အကျိုးတရားတို့ကို ပြုပြင်စီရင်တတ်သောကြောင့် ကံတရားသည် သင်္ခါရ မည်၏။

(တရားကိုယ်ကား-အကုသိုလ်စိတ် ၁၂-ပါး, လောကီကုသိုလ်စိတ် ၁၇-ပါး၌ ယှဉ်သော စေတနာစေတသိက် ၂၉-ပါးတည်း။)

**သင်္ခါရအပြား**

(၁) ပုညာဘိသင်္ခါရ = ကာမကုသိုလ်စိတ် ၈-ပါး၊ ရူပကုသိုလ်စိတ် ၅-ပါး ၌ရှိသော စေတနာ ၁၃-ပါး၊

(၂) အပုညာဘိသင်္ခါရ = အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော စေတနာ ၁၂-ပါး၊

(၃) အာနေဉ္ဇာဘိသင်္ခါရ = အရူပကုသိုလ်စိတ် ၄-ပါး၌ရှိသော စေတနာ ၄-ပါး၊

**မှတ်ချက်။** "အာနေဉ္ဇ"သဒ္ဒါသည် "မတုန်လှုပ်ခြင်း" အနက်ကိုဟော၏၊ သမာဓိအားကောင်းသည့်အတွက် ဆန့်ကျင်ဘက်တရားတို့ကြောင့် လှုပ်ရှားမယိုင်-မြဲခိုင်တည်တံ့သော အရူပဈာန်ကို "အာနေဉ္ဇ"ဟုခေါ်သည်။

**အကျိုး "သင်္ခါရ"နှင့် အကြောင်း "သင်္ခါရ"အထူး**

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၌ ပါရှိသော အကျိုးသင်္ခါရ အရ-အဝိဇ္ဇာမကင်းသူ၏ သန္တာန်၌ ဖြစ်ကြရသော လောကီကုသိုလ်၊ အကုသိုလ်စေတနာအားလုံးကို ကောက်ယူရ၏။

"သင်္ခါရပစ္စယာ ဝိညာဏံ"၌ ပါရှိသော အကြောင်းသင်္ခါရအရ ပဋိသန္ဓေဝိညာဏ်အား ဖြစ်စေနိုင်သော (ဥဒ္ဓစ္စစေတနာနှင့် ကုသိုလ်အဘိညာဏ်စေတနာ-ကြဉ်သော) လောကီကုသိုလ်၊ အကုသိုလ်စေတနာကို ကောက်ယူရ၏။

## ဝိညာဏ်

ပဋိသန္ဓေ၏အစွမ်းဖြင့် ပဋိသန္ဓေစိတ် ၁၉-ပါး၊ ပဝတ္တိ၏အစွမ်းဖြင့် လောကီဝိပါက်စိတ် ၃၂-ပါးသည် ဝိညာဏ် မည်၏။ (ဝဋ္ဋကထာဖြစ်၍ လောကုတ္တရာ ဝိပါက်ဝိညာဏ်တို့ကို မယူရပါ။)

## အကျိုး "ဝိညာဏ်"နှင့် အကြောင်း "ဝိညာဏ်"အထူး

"သင်္ခါရပစ္စယာ ဝိညာဏံ"၌ ဝိညာဏ်အရ ပဋိသန္ဓေစိတ် ၁၉-ပါး (သို့မဟုတ်) လောကီဝိပါက်စိတ် ၃၂-ပါး (သို့မဟုတ်) စိတ် ၈၉-ပါးလုံးကို ယူရ၏။

"ဝိညာဏပစ္စယာ နာမရူပံ"၌ ဝိညာဏ်အရ ပဋိသန္ဓေစိတ် ၁၉-ပါး (သို့မဟုတ်) လောကီဝိပါက်စိတ် ၃၂-ပါးကိုသာ ယူရ၏။

## နာမ်ရုပ်

နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း နာမ်ရုပ်မည်၏၊ ထိုနာမ်ရုပ်တို့တွင် ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်းသည် နာမ်မည်၏၊ ဘူတရုပ်၊ ဥပါဒါရုပ်အားဖြင့် နှစ်ပါးအပြားရှိသော ကံကြောင့်ဖြစ်သောရုပ်သည် ရုပ် မည်၏။

## နာမ်ရုပ် ၂-မျိုးအထူး

"ဝိညာဏပစ္စယာ နာမရူပံ"၌ နာမ်အရ စေတသိက် ၃၅-ပါး, ရုပ်အရ ကမ္မဇရုပ်ကို ယူရ၏။

"နာမရူပပစ္စယာ သဠာယတနံ"၌ နာမ်အရ ဝေဒနာစသော ခန္ဓာ ၃-ပါး, ရုပ်အရ မိမိသန္တာန်၌ အကျုံးဝင်သော မဟာဘုတ် ၄-ပါး, ဝတ္ထုရုပ် ၆-ပါး, ဇီဝိတိန္ဒြေကို ယူရ၏။

(လောကီဝိပါက်ဝိညာဏ်သည် နာမ်အမည်ရသော်လည်း၊ အကြောင်း "ဝိညာဏ်" အနေနှင့် ယူပြီးဖြစ်သောကြောင့် နာမ်အရ စေတသိက်နာမ်ကိုသာ ယူရ၏)

**သဠာယတန**

စက္ခာယတနစသော အဇ္ဈတ္တိကာယတန ၆–ပါးသည် သဠာယတန မည်၏၊ အချို့ဆရာတို့ကား ဗာဟိရာယတန ၆–ပါးကိုပါ ယူကြ၏။

ခြောက်ပါးသော အာယတနတို့သည်လည်းကောင်း၊ ခြောက်ခုမြောက်သော မနာယတနသည်လည်းကောင်း သဠာယတန မည်၏။

**ဖဿ**

စက္ခုသမ္ဖဿစသော ၆–ဒွါရ၌ဖြစ်သော ဖဿသည် ဖဿ မည်၏။

**ဝေဒနာ**

သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့၏ အစွမ်းဖြင့် ဝေဒနာ ၃–ပါးသည် ဝေဒနာ မည်၏။

__မှတ်ရန်__

ပဋိစ္စသမုပ္ပါဒ်ဟောနည်းသည် – (၁) အဘိဓမ္မဘာဇနီယနည်း၊

(၂) သုတ္တန္တဘာဇနီယနည်း ဟု ၂–မျိုးရှိ၏။

(၁) **အဘိဓမ္မဘာဇနီယနည်း** အားဖြင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ၅–ပါးတို့အရ ရနိုင်သမျှ အားလုံးကို ကောက်ယူရသည်။

(၂) **သုတ္တန္တဘာဇနီယနည်း** အားဖြင့် (အတိတ်အကြောင်း ၅–ပါး၊ ပစ္စုပ္ပန် အကျိုး ၅–ပါး စသည် ခွဲခြားရမည်ဖြစ်၍) ဝိညာဏ်စသည့် ၅–ပါးတို့ အရ လောကီဝိပါက်၊ ထိုဝိပါက်နှင့်ယှဉ်သော စေတသိက်၊ ကမ္မဇရုပ် တို့ကိုသာ ထိုက်သည့်အားလျော်စွာ ကောက်ယူရ၏။

ဤ၌လည်း – အဘိဓမ္မတ္ထသင်္ဂဟကျမ်းနှင့်ညီအောင် သင်္ဂြိုဟ်ကျမ်း၌ ကောက်ယူထားသော သုတ္တန္တဘာဇနီယနည်းအားဖြင့်သာ ကောက်ယူထားသည်။

| အဘိဓမ္မာဘာဇနီယနည်းယူပုံ | သုတ္တန္တဘာဇနီယနည်းယူပုံ |
|---|---|
| ဝိညာဏ် = စိတ် ၈၉–ပါး | ဝိညာဏ် = လောကီဝိပါက်စိတ် ၃၂–ပါး |
| နာမ်ရုပ် = စေတသိက် ၅၂–ပါး၊ ရုပ် ၂၈–ပါး | နာမ်ရုပ် = စေတသိက် ၃၅–ပါး၊ ကမ္မဇရုပ် ၂၀–ပါး |
| သဠာယတန = ပသာဒရုပ် ၅–ပါး၊ စိတ် ၈၉–ပါး | သဠာယတန = ပသာဒရုပ် ၅–ပါး၊ လောကီဝိပါက် ၃၂–ပါး |
| ဖဿ = စိတ် ၈၉–ပါး၌ယှဉ်သော ဖဿ၊ | ဖဿ = လောကီဝိပါက်စိတ် ၃၂–ပါး၌ယှဉ်သောဖဿ၊ |
| ဝေဒနာ = စိတ် ၈၉–ပါး၌ယှဉ်သော ဝေဒနာ | ဝေဒနာ = လောကီဝိပါက်စိတ် ၃၂–ပါး၌ယှဉ်သောဝေဒနာ၊ |

**တဏှာ**

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူ၍ တဏှာ ၃–ပါးသည် တဏှာ မည်၏၊ ထိုတဏှာတို့သည် အာရုံ ၆–ပါး အစရှိသည်တို့၏ အစွမ်းဖြင့် ၁၀၈–ပါး အပြားရှိ၏။

## ဥပါဒါန်

ကာမုပါဒါန်စသော ဥပါဒါန် ၄–ပါးတို့သည် ဥပါဒါန် မည်၏။

### တဏှာနှင့် ကာမုပါဒါန် (အထူး)

| တဏှာ (အကြောင်း) | ကာမုပါဒါန် (အကျိုး) |
|---|---|
| (၁) အားသေးသောလိုချင်မှုသည် တဏှာ မည်၏။ | (၁) အားကြီးသောလိုချင်မှုသည် ကာမုပါဒါန် မည်၏။ |
| (၂) တစ်စုံတစ်ခုသောအာရုံကို မရသေးခင် လိုချင်တောင့်တမှုသည် တဏှာ–မည်၏။ ဥပမာ–အမှောင်ထဲ၌ ဥစ္စာကို ယူအံ့သောငှာ ခိုးသူ၏လက်ကို ဆန့်သကဲ့သို့ | (၂) ရရှိပြီးနောက် စုံစုံမက်မက်နှစ်သက်စွဲလမ်းမှုသည် ကာမုပါဒါန်–မည်၏။ ဥပမာ–ခိုးသူ၏လက်သို့ ရောက်ပြီးသော ဥစ္စာကို မြဲမြဲစွာ ကိုင်သကဲ့သို့ |

| တဏှာ (အကြောင်း) | ကာမုပါဒါန် (အကျိုး) |
|---|---|
| (၃) အပ္ပိစ္ဆတာ–မလိုချင်မှု၏ ဆန့်ကျင်ဘက်သည် တဏှာ–မည်၏။<br>(၄) တောင့်တရမှု–ရှာဖွေရမှု ဒုက္ခစု၏ အကြောင်းရင်းသည် တဏှာမည်၏။ | (၃) သန္တောသ–တင်းတိမ်ရောင့်ရဲမှု၏ ဆန့်ကျင်ဘက်သည် ကာမုပါဒါန်–မည်၏။<br>(၄) စောင့်ရှောက်ရမှု–ကြောင့်ကြရမှု ဒုက္ခစု၏ အကြောင်းရင်းသည် ကာမုပါဒါန်မည်၏။ |
| ဤသို့အားဖြင့်–တဏှာနှင့် ကာမုပါဒါန်တို့ ထူးခြားမှု ရှိပါသည်။ | |

**ဘဝ**

ဘဝသည် ကမ္မဘဝနှင့် ဥပပတ္တိဘဝဟု ၂–ပါးအပြားရှိ၏။ ထိုဘဝနှစ်ပါးတို့တွင် –

(က) ကမ္မဘဝသည် ကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော အကြောင်းကြောင့် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟူသော အကျိုးတရားသည် ဖြစ်တတ်၏၊ ထိုသို့ ဖြစ်စေတတ်သော သတ္တိကြောင့် ဘဝ မည်၏။ ထိုကမ္မဘဝသည် လောကီကုသိုလ် အကုသိုလ်တို့၏ အစွမ်းဖြင့် ၂၉–ပါး ရှိ၏။

(ခ) ဥပပတ္တိဘဝသည်ကား ကံကြောင့် ဖြစ်တတ်သောကြောင့် ဘဝ မည်၏၊ ထိုဥပပတ္တိဘဝအရ ကာမဘဝ စသည်ဖြင့် ၉–ပါးရှိ၏။

(ချမ်းသာအမျိုးမျိုး, ဆင်းရဲအမျိုးမျိုးတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် စေတနာတရားသည် ကမ္မဘဝမည်၏၊ ထင်ရှားစွာ ဖြစ်ပေါ်လာသော ဝိပါက်ကမ္မဇရုပ်ဟု ဆိုအပ်သော ကာမဘဝစသော အကျိုးတရားသည် ဥပပတ္တိဘဝ မည်၏။)

**အကျိုး "ဘဝ"နှင့် အကြောင်း "ဘဝ" အထူး**

"ဥပါဒါနပစ္စယာ ဘဝေါ"၌ပါသော အကျိုးဘဝအရ အကြောင်းဥပါဒါန်ကြောင့် ဖြစ်ပေါ်ရသော ကမ္မဘဝနှင့် ဥပပတ္တိဘဝနှစ်မျိုးလုံးကို ယူရသည်။

"ဘဝပစ္စယာ ဇာတိ"၌ပါသော အကြောင်းဘဝအရ ဇာတိတည်းဟူသော ဥပပတ္တိဘဝကို ဖြစ်စေနိုင်သော ကမ္မဘဝကိုသာ ယူရသည်။ (ဥပပတ္တိဘဝ–ဟူသည် ရှေးဦးစွာဖြစ်သော ခန္ဓာသဘောရှိသော ဇာတိပင်ဖြစ်၏။ ဇာတိတစ်ခုသည် ဇာတိတစ်ခု၏အကြောင်း မဖြစ်သင့်သောကြောင့် "ဘဝပစ္စယာ ဇာတိ"၌ ဘဝအရ ဥပပတ္တိဘဝကို မယူရခြင်း ဖြစ်ပါသည်။)

**ဇာတိဇရာ စသည်**

ဇာတိ = သတ္တဝါတို့၏ ဂတိစသည်တို့၌ အတ္တဘောကိုရခြင်းသည် ဇာတိ မည်၏။

ဇရာ = ဖြစ်ပေါ်လာသော အတ္တဘော၏ ဟောင်းနွမ်းဆွေးမြေ့ခြင်းသည် ဇရာ မည်၏။

မရဏ = တစ်ဘဝဖြင့် ပိုင်းခြားအပ်သော အတ္တဘော၏ ပျက်ဆုံးခြင်းသည် မရဏ မည်၏။

သောက = ဆွေမျိုးစည်းစိမ်ဂုဏ်သိန်စသည်တို့ ပျက်စီးမှုကြောင့် ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်း။
(တရားကိုယ်–ဒေါသမူဒွေးရှိ ဒေါမနဿဝေဒနာ)

ပရိဒေဝ = ဆွေမျိုးစည်းစိမ်ဂုဏ်သိန်စသည်တို့ ပျက်စီးမှုကြောင့် တမ်းတငိုကြွေးခြင်း။ (တရားကိုယ်–စိတ္တဇဝိပ္ပလ္လာသ သဒ္ဒရုပ်)

ဒုက္ခ = ခန္ဓာကိုယ်ဆင်းရဲခြင်း ကာယိကဒုက္ခ၊
(တရားကိုယ်–ဒုက္ခသဟဂုတ် ကာယဝိညာဏ်နှင့်ယှဉ်သော ဝေဒနာ)

ဒေါမနဿ = စိတ်ဆင်းရဲခြင်း စိတ်နှလုံးမသာယာခြင်း စေတသိကဒုက္ခ၊
(တရားကိုယ်–ဒေါသမူဒွေးရှိ ဒေါမနဿဝေဒနာ)

ဥပါယာသ = ဆွေမျိုးစည်းစိမ်ဂုဏ်သိန်စသည်တို့ ပျက်စီးမှုကြောင့် သောက ပရိဒေဝတို့ထက် လွန်ကဲလျက် အသံမျှ မထွက်နိုင်အောင် ရှိုက်ကြီးတငင် ဖြစ်ကာ အတွင်းဆွေး ဆွေးခြင်း။
(တရားကိုယ်–ဒေါသမူဒွေးရှိ ဒေါသ)

# အဝိဇ္ဇာစသည်တို့ကို အကြောင်းပစ္စည်းအဖြစ်ဖြင့် ယူရပုံ

ပဋိစ္စသမုပ္ပါဒ်နည်း၌ ဝတ္ထုအာရုံစသော အခြားသော ပစ္စည်း(အကြောင်း)တို့ ရှိကြသော်လည်း အဝိဇ္ဇာစသည်တို့က ပြဋ္ဌာန်းသောကြောင့်လည်းကောင်း၊ သင်္ခါရစသည်တို့၏ အကြောင်းအဖြစ် ထင်ရှားသောကြောင့်လည်းကောင်း အဝိဇ္ဇာစသော တစ်ပါးတစ်ပါးသော အကြောင်းကိုသာ ဟောတော်မူ၏။

## ၁။ အဝိဇ္ဇာ၏အကြောင်းပစ္စည်းဖြစ်ပုံ

(အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ, သို့မဟုတ်, အဝိဇ္ဇာသည် သင်္ခါရ၏အကြောင်းဖြစ်ပုံ)

အဝိဇ္ဇာနုသယသည် အဖန်တလဲလဲဖြစ်စေအပ်သော သေက္ခပုဂ္ဂိုလ် ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာလျှင် သင်္ခါရတရားတို့သည် ဝိပါက်ခန္ဓာတို့ကို ရင့်ကျက်စေခြင်းသဘောရှိသောကြောင့် (အဝိဇ္ဇာရှိသူမှသာ ကုသိုလ် အကုသိုလ် သင်္ခါရတို့ကို ပြုလုပ်သောကြောင့်) အဝိဇ္ဇာသည် သင်္ခါရတို့၏အကြောင်း (ပစ္စည်း) ဖြစ်သည်။

## ၂။ သင်္ခါရ၏အကြောင်းပစ္စည်းဖြစ်ပုံ

(သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ, သို့မဟုတ်, သင်္ခါရသည် ဝိညာဏ်၏အကြောင်းဖြစ်ပုံ)

ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေအပ်သော ဇနကကံ(သင်္ခါရ) ဟူသော အကြောင်း မရှိလျှင် ထိုဝိညာဏ်၏ ဖြစ်ပေါ်လာခြင်းမရှိ၊ ထို့ကြောင့် သင်္ခါရသည် ဝိညာဏ်၏အကြောင်း ဖြစ်၏။

## ၃။ ဝိညာဏ်၏အကြောင်းပစ္စည်းဖြစ်ပုံ

(ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ, သို့မဟုတ်, ဝိညာဏ်သည် နာမ်ရုပ်၏အကြောင်းဖြစ်ပုံ)

နာမ်ရုပ်၏ ရှေ့သွားပြဋ္ဌာန်းသည်လည်းဖြစ်သော, တည်ရာလည်းဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် ထောက်ပံ့နိုင်စေအပ်သည်ဖြစ်၍ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ နာမ်ရုပ်သည် တည်တတ်၏၊ ထို့ကြောင့် ဝိညာဏ်သည် နာမ်ရုပ်၏ အကြောင်းဖြစ်၏။

## ၄။ နာမ်ရုပ်၏အကြောင်းပစ္စည်းဖြစ်ပုံ

(နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ, သို့မဟုတ်, နာမ်ရုပ်သည် သဠာယတန၏ အကြောင်းဖြစ်ပုံ)

နာမ်ရုပ်ဟူသောအကြောင်းကြောင့် ဖြစ်လာသော သဠာယတနသည် ၆-ပါး အပြားရှိသော ဖဿ၏ အကြောင်းအဖြစ် ထိုက်သည့်အားလျော်စွာ ဖြစ်၏၊ တစ်ပါးသောအကြောင်းကြောင့် မဖြစ်၊ ထို့ကြောင့် နာမ်ရုပ်သည် သဠာယတန၏အကြောင်း ဖြစ်၏။

## ၅။ သဠာယတန၏အကြောင်းပစ္စည်းဖြစ်ပုံ

(သဠာယတနကြောင့် ဖဿဖြစ်ပုံ, သို့မဟုတ်, သဠာယတနသည် ဖဿ၏ အကြောင်းဖြစ်ပုံ)

သဠာယတနတည်းဟူသော ဒွါရမရှိသော် အာရုံကို မတွေ့ထိနိုင်ဘဲ သဠာယတနဖြစ်မှသာလျှင် အာရုံကိုတွေ့ထိခြင်း ဖဿ ဖြစ်နိုင်သောကြောင့် သဠာယတနသည် ဖဿ၏အကြောင်း ဖြစ်၏။

## ၆။ ဖဿ၏အကြောင်းပစ္စည်းဖြစ်ပုံ

(ဖဿကြောင့် ဝေဒနာဖြစ်ပုံ, သို့မဟုတ်, ဖဿသည် ဝေဒနာ၏အကြောင်းဖြစ်ပုံ)

ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, မဇ္ဈတ္တာရုံဟုဆိုအပ်သော အာရုံကို တွေ့ထိမှသာလျှင် ဝေဒနာကို ခံစားနိုင်၏၊ အာရုံကို မတွေ့ထိလျှင် မခံစားနိုင်သောကြောင့် ဖဿသည် ဝေဒနာ၏အကြောင်း ဖြစ်၏။

## ၇။ ဝေဒနာ၏အကြောင်းပစ္စည်းဖြစ်ပုံ

(ဝေဒနာကြောင့် တဏှာဖြစ်ပုံ, သို့မဟုတ်, ဝေဒနာသည် တဏှာ၏အကြောင်းဖြစ်ပုံ)

ခံစားအပ်သော တရားတို့၌ တပ်နှစ်သက်သည်ဖြစ်၍ အဖန်တလဲလဲ တပ်နှစ်သက်ဘွယ်ဟု ရှုလေ့ရှိသော သတ္တဝါအပေါင်းအား ဝေဒနာအကြောင်းရှိသည်ဖြစ်၍ တဏှာသည်ဖြစ်၏၊ ထို့ကြောင့် ဝေဒနာသည် တဏှာ၏အကြောင်း ဖြစ်၏။

## ၈။ တဏှာ၏အကြောင်းပစ္စည်းဖြစ်ပုံ

(တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ, သို့မဟုတ်, တဏှာသည် ဥပါဒါန်၏အကြောင်းဖြစ်ပုံ)

သတ္တဝါတို့သည် တဏှာဟုဆိုအပ်သော ချစ်ခြင်းဖြင့် တပ်နှစ်သက်ကုန်သည် ဖြစ်၍ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော တရားတို့၌ မြဲမြံစွာ စွဲလမ်းခြင်းငှာ ဖြစ်ကုန်၏၊ ထို့ကြောင့် တဏှာသည် ဥပါဒါန်၏အကြောင်း ဖြစ်၏။

**(၁) ကာမုပါဒါန်၏အကြောင်းဖြစ်ပုံ**

သတ္တဝါတို့သည် တဏှာဖြင့် ရူပါရုံစသည်တို့ကို သာယာကုန်၍ ၎င်းကာမအာရုံတို့၌ စွဲလမ်းခြင်းသို့ ရောက်ကုန်၏၊ ထို့ကြောင့် တဏှာသည် ကာမုပါဒါန်၏အကြောင်း ဖြစ်၏။

**(၂) ဒိဋ္ဌုပါဒါန်၏အကြောင်းဖြစ်ပုံ**

ရူပါရုံစသည်အပြားရှိသောအာရုံ၌ တပ်နှစ်သက်သော သတ္တဝါသည် ပေးလှူအပ်သော ကုသိုလ်၏အကျိုးသည် မရှိ၊ ဤသို့အစရှိသဖြင့် မိစ္ဆာအယူကို ပြင်းစွာစွဲယူ၏၊ ထို့ကြောင့် တဏှာသည် ဒိဋ္ဌုပါဒါန်၏အကြောင်း ဖြစ်၏။

**(၃) သီလဗ္ဗတုပါဒါန်၏အကြောင်းဖြစ်ပုံ**

သံသရာမှ လွတ်ခြင်းငှာ အလိုရှိသည်ဖြစ်၍ သံသရာမှ စင်ကြယ်ခြင်း၏အကြောင်း မဟုတ်သည်၌ သံသရာမှ စင်ကြယ်ခြင်း၏အကြောင်းဟူ၍ မှားသောအားဖြင့် စွဲလမ်းယူ၏၊ ထို့ကြောင့် တဏှာသည် သီလဗ္ဗတုပါဒါန်၏အကြောင်း ဖြစ်၏။

**(၄) အတ္တဝါဒုပါဒါန်၏အကြောင်းဖြစ်ပုံ**

ဥပါဒါနက္ခန္ဓာတို့၌ ငါ၏ကိုယ်, ငါ၏ကိုယ်နှင့် စပ်၍ဖြစ်ခြင်းဟူ၍ စွဲလမ်းကြောင်းဖြစ်သော အတ္တဝါဒအယူနှစ်ခုတို့၏အကြောင်းကို စွဲလမ်းယူ၏၊ ထို့ကြောင့် တဏှာသည် အတ္တဝါဒုပါဒါန်၏အကြောင်း ဖြစ်၏။

## ၉။ ဥပါဒါန်၏အကြောင်းပစ္စည်းဖြစ်ပုံ

(ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံ, သို့မဟုတ်, ဥပါဒါန်သည် ကမ္မဘဝ၏ အကြောင်းဖြစ်ပုံ)

ထိုက်သည့်အားလျော်စွာ သမ္မယောဂ, အနုသယတို့၏ အစွမ်းဖြင့် ဥပါဒါန်၌ တည်ကုန်သော သတ္တဝါတို့သည် ကုသိုလ်ကံ, အကုသိုလ်ကံကို အား ထုတ်ခြင်းသည် ဖြစ်ကုန်၏၊ ထို့ကြောင့် ဥပါဒါန်သည် ဘဝ၏အကြောင်း ဖြစ်၏။

## ၁၀။ ကမ္မဘဝ၏အကြောင်းပစ္စည်းဖြစ်ပုံ

(ကမ္မဘဝကြောင့် ဇာတိဖြစ်ပုံ, သို့မဟုတ်, ကမ္မဘဝသည် ဇာတိ၏အကြောင်းဖြစ်ပုံ)

ဥပပတ္တိဘဝဟု ဆိုအပ်သော ဇာတိသည် ကမ္မဘဝလျှင် အကြောင်းရှိသည် ဖြစ်၍ မျိုးစေ့ကြောင့် အညွန့်ကိုရအပ်သကဲ့သို့ ထိုထိုသို့သောဘဝတို့ကို အဖန်တလဲလဲရအပ်၏၊ ထို့ကြောင့် ကမ္မဘဝသည် (ဥပပတ္တိဘဝ) ဇာတိ၏ အကြောင်း ဖြစ်၏။

## ၁၁။ ဇာတိ၏အကြောင်းပစ္စည်းဖြစ်ပုံ

(ဇာတိကြောင့် ဇရာ–မရဏဖြစ်ပုံ, သို့မဟုတ်, ဇာတိသည် ဇရာ–မရဏ၏ အကြောင်းဖြစ်ပုံ)

ပဋိသန္ဓေ မတည်မဖြစ်ကုန်သော သတ္တဝါတို့အား ဇရာ–မရဏ၏ ဖြစ်ခြင်း သည် မရှိသောကြောင့် ဇာတိသည် ဇရာ–မရဏ၏အကြောင်း ဖြစ်၏။

## ဝေမတ္တာ ။ ပ ။ သမုဒယောဟောတိ ဟူသည်

အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော အဝိဇ္ဇာစသော ပစ္စည်းအဆက်ဆက်ဟု ဆိုအပ်သော အကြောင်းကြောင့် ဝဋ်ဟုဆိုအပ်သော, သုခစသည်တို့နှင့် မရောယှက် သော၊ တစ်နည်းအားဖြင့် အလုံးစုံသော ဒုက္ခအစု၏သာ ဖြစ်ခြင်းဖြစ်၏၊ ချမ်းသာမှု သုခ, တင့်တယ်မှုသုဘတို့၏ ဖြစ်ခြင်းမဟုတ်ပေ၊ ဗြဟ္မာ ဗိဿနိုး ထာဝရဘုရား စသည်တို့ ဖန်ဆင်းခြင်းစသော အကြောင်းကြောင့်လည်း ဤဝဋ်ဆင်းရဲအစု ဖြစ်သည် မဟုတ်ဟု ဆိုလို၏။

# ပဋိစ္စသမုပ္ပါဒ်နည်း၌ သိဖွယ်ရာများ

(အခွန့် ၃–ပါး, အင်္ဂါ ၁၂–ပါး, အလွှာ ၄–ပါး, အစပ် ၃–ပါး, ဝဋ် ၃–ပါး, အခြင်းအရာ ၂၀–ပါး, မူလ ၂–ပါးတို့၏သရုပ်ကို အဘိဓမ္မာအတိုင်းသိပါ။)

**အခွန့် ၃–ပါး**

အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလသုံးပါးသည် အမြဲမပြတ် ဖြစ်တတ်သော ကြောင့် အခွန့်မည်၏။ (အခွန့် = အဒ္ဓါ)

(၁) အတိတ်ဘဝ၌ အကျိုးဝင်သော အဝိဇ္ဇာနှင့် သင်္ခါရဟူသော အကြောင်းတို့ကိုသာ အလိုရှိအပ်သော အဖြစ်ကြောင့် အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်ဖြစ်သောကာလ မည်၏။
(အဒ္ဓါ သဒ္ဒါဖြင့် အဝိဇ္ဇာ အစရှိသော တရားတို့ကိုသာလျှင် ယူရခြင်း အကြောင်းကား အဝိဇ္ဇာစသော တရားမှ လွတ်သော တစ်စုံတစ်ခုသော ကာလကို မရအပ်သောကြောင့်တည်း၊ ထိုစကားမှန်၏၊ ဖြစ်ကုန်ပြီးသောတရား, မဖြစ်ကုန်သေးသောတရားတို့ကို အတိတ်ကာလ, အနာဂတ်ကာလဟု ခေါ်ကြ၏၊ ဥပါဒ်စသော ခဏငယ်သုံးခု အပေါင်း၌ အကျုံးဝင်ကုန်သော တရားတို့ကိုသာလျှင် ပစ္စုပ္ပန်ကာလဖြင့် ခေါ်ကြကုန်၏။)

(၂) ပစ္စုပ္ပန်ဘဝ၌ အကျုံးဝင်သော တဏှာဥပါဒါန်အစရှိသော အကြောင်းကြောင့် အနာဂတ်ဘဝ ဖြစ်လတ္တံ့သောကြောင့်, ဇာတိ,ဇရာမရဏ သည် အနာဂတ်ဖြစ်သောကာလ မည်၏။

(၃) အတိတ်အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲအကျိုးသသော ရှိသောကြောင့် လည်းကောင်း၊ အနာဂတ်အကျိုးငါးပါး၏ ဤပစ္စုပ္ပန် ဘဝ၌ အကြောင်းသဘောရှိသောကြောင့် လည်းကောင်း ဝိညာဏ် စသော ၈–ပါးတို့သည် ပစ္စုပ္ပန်ကာလ မည်၏။

**သောကအစရှိသော စကားရပ်**

ပဋိစ္စသမုပ္ပါဒ်နည်း၌ သောကအစရှိသောစကားသည် ဇာတိ၏ မုချမဟုတ်သော အကျိုးဆက်မျှကို ညွှန်ပြသောစကားဖြစ်၏၊ အသီးအခြားအင်္ဂါကို ပြခြင်း မဟုတ်ပေ။

(ဇာတိ၏ မုချအကျိုးမှာ ဇရာ,မရဏ၊ အကျိုးဆက်မှာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ ဖြစ်ပါသည်။)

**အဝိဇ္ဇာ သင်္ခါရတို့ကို ယူသဖြင့် တဏှာ ဥပါဒါန် ကမ္မဘဝတို့ကို ယူအပ်ပုံ**

အဝိဇ္ဇာနှင့် တဏှာ ဥပါဒါန်တို့သည် ကိလေသာအဖြစ်ချင်းတူသောကြောင့် အဝိဇ္ဇာကို ယူသဖြင့် တဏှာနှင့် ဥပါဒါန်တို့ကို ယူအပ်၏။

သင်္ခါရနှင့် ကမ္မဘဝတို့သည် ကံအဖြစ်ချင်းတူသောကြောင့် သင်္ခါရကို ယူသဖြင့် ကမ္မဘဝကိုလည်း ယူအပ်၏။

**ဇာတိ, ဇရာမရဏတို့ကို ယူသဖြင့် ဝိညာဏ်စသော ငါးပါးကို ယူအပ်ပုံ**

ဇာတိ, ဇရာမရဏ ဟူသည် တရားကိုယ် သီးခြားမရှိ၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့၏ ဖြစ်ဆဲ–ရင့်ဆဲ–ပျက်ဆဲ အခိုက်အတန့်သာ ဖြစ်၍ ဇာတိ, ဇရာမရဏကို ယူသဖြင့် ဝိညာဏ်စသော အကျိုးငါးပါးကို ယူအပ်၏။

**အခြင်းအရာ ၂၀–ပါး** = အကြောင်း အကျိုး အလွှာ ၄–ပါးတွင် ဝင်နှင့် ဆက်နွယ်၍ ရထိုက်သမျှ ကောက်ယူရသော တရားအပေါင်း ၂၀–ပါး သည် "အာကာရ–အခြင်းအရာ" မည်၏။

(၁) အတိတ်အကြောင်း ၅–ပါး = အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။
(၂) ပစ္စုပ္ပန်အကျိုး ၅–ပါး = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။
(၃) ပစ္စုပ္ပန်အကြောင်း ၅–ပါး = တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။
(၄) အနာဂတ်အကျိုး ၅–ပါး = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

## (အတိတ်ကာလချင်းတူသော) သင်္ခါရနှင့် ကမ္မဘဝ အထူး

| သင်္ခါရ | ကမ္မဘဝ |
|---|---|
| (၁) ကုသိုလ်ကံ အကုသိုလ်ကံကို ပြုလုပ်ရာ၌ အထမြောက်မီ ရှေ့အဖို့၌ဖြစ်သော ပုဗ္ဗစေတနာသည် သင်္ခါရ မည်၏။ | (၁) ကုသိုလ်ကံ အကုသိုလ်ကံကို ပြုလုပ်ရာ၌ အထမြောက်သော မုဥ္စစေတနာသည် ကမ္မဘဝ မည်၏။ |
| (၂) ဇော ၇–ချက်တို့တွင် ရှေ့ဇော ၆–ချက်နှင့် ယှဉ်သော စေတနာ | (၂) ဇော ၇–ချက်တို့တွင် သတ္တမဇော၌ယှဉ်သော စေတနာ |
| (၃) စေတနာနှင့် ယှဉ်သောစိတ် စေတသိက်သည် သင်္ခါရ မည်၏။ | (၃) စေတနာဟူသမျှသည် ကမ္မဘဝ မည်၏။ |
| ဤသို့အတိတ်အကြောင်း ၅–ပါးတွင် ပါဝင်သော အတိတ်ကာလချင်းတူသည့် သင်္ခါရနှင့် ကမ္မဘဝတို့ ထူးခြားမှု ရှိပါသည်။ | |

### အတိတ်အကြောင်း ၅–ပါးဖြစ်ပုံ

သရုပ်အားဖြင့် ဟောတော်မူအပ်သော အဝိဇ္ဇာ,သင်္ခါရ ၂–ပါး၊ သိမ်းယူခြင်း (သင်္ဂဟ)၏ အစွမ်းဖြင့် ဆိုအပ်သော တဏှာ, ဥပါဒါန်, ကမ္မဘဝ ၃–ပါးတို့၏ အစွမ်းဖြင့် အတိတ်အကြောင်း ၅–ပါး ဖြစ်ရပါသည်။

### ပစ္စုပ္ပန်အကြောင်း ၅–ပါးဖြစ်ပုံ

သရုပ်အားဖြင့် ဟောတော်မူအပ်သော တဏှာ, ဥပါဒါန်, ကမ္မဘဝ ၃–ပါး၊ သိမ်းယူခြင်း (သင်္ဂဟ)၏ အစွမ်းဖြင့် ဆိုအပ်သော အဝိဇ္ဇာ, သင်္ခါရ ၂–ပါး တို့၏ အစွမ်းဖြင့် ပစ္စုပ္ပန်အကြောင်း ၅–ပါး ဖြစ်ရပါသည်။

### အာကာရမည်ပုံ

ဆိုအပ်ပြီးသော ၂၀–သော တရားတို့သည် အတိတ်အစရှိသည်တို့တွင် ထိုထိုသော အတိတ်ဖြစ်သောအကြောင်း အစရှိသည်၌ ထည့်လောင်းအပ် (ထင်ရှားပြအပ်) သောကြောင့် အာကာရ မည်ကြ၏။

## အစပ် ၃–ပါး (တိသန္ဓိ)

**ဋီကာကျော်ဆရာအလို**

(၁) အတိတ်အကြောင်းများနှင့် ပစ္စုပ္ပန်အကျိုး ၅–ပါး၏ အကြား၌ ဟေတုဖလသန္ဓိ တစ်ခု၊

(၂) ပစ္စုပ္ပန်အကျိုး ၅–ပါးနှင့် ပစ္စုပ္ပန်အကြောင်းများ၏ အကြား၌ ဖလဟေတုသန္ဓိ တစ်ခု၊

(၃) ပစ္စုပ္ပန်အကြောင်းများနှင့် အနာဂတ်အကျိုး၏ အကြား၌ ဟေတုဖလသန္ဓိ တစ်ခု၊

**သမ္မောဟဝိနောဒနီအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့အလို**

(၁) သင်္ခါရနှင့် ဝိညာဏ်တို့၏ အကြား၌ ဟေတုဖလသန္ဓိတစ်ခု၊

(၂) ဝေဒနာနှင့် တဏှာတို့၏ အကြား၌ ဖလဟေတုသန္ဓိတစ်ခု၊

(၃) ဘဝနှင့် ဇာတိတို့၏ အကြား၌ ဟေတုဖလသန္ဓိတစ်ခု၊

**အစပ် ၃–ပါးအထူး**

အဝိဇ္ဇာအစရှိသော အကြောင်းကြောင့် ဝိညာဏ်အစရှိသော အကျိုး၏ မပြတ်မစဲအမြဲဖြစ်ခြင်းရှိသောကြောင့် ပဌမအစပ်သည် "ဟေတုဖလသမ္ဗန္ဓ"ဖြစ်၏။

တတိယအစပ်သည်လည်း ထို့အတူ တဏှာအစရှိသော အကြောင်းကြောင့် ဇာတိစသော အကျိုး၏ မပြတ်မစဲ အမြဲဖြစ်ခြင်းရှိသောကြောင့် "ဟေတုဖလသမ္ဗန္ဓ" ပင်ဖြစ်၏။

ဒုတိယအစပ်ကား ဝိညာဏ်အစရှိသော ပစ္စုပ္ပန်အကျိုးကြောင့် တဏှာအစရှိသော ပစ္စုပ္ပန်အကြောင်း၏ မပြတ်မစဲ အမြဲဖြစ်ခြင်းရှိသောကြောင့် "ဖလဟေတုသမ္ဗန္ဓ" ဖြစ်၏၊ ဤသို့ထူးပါသည်။

**မေး** – အကြောင်းဖြစ်သောတရားသည်သာလျှင် အကျိုး၏ဥပနိဿယပစ္စည်း ဖြစ်သင့်သည် မဟုတ်ပါလော? အဘယ်ကြောင့် "အကျိုးကြောင့် အကြောင်း၏ မပြတ်မစဲ အမြဲဖြစ်ခြင်း" ဖြစ်ရပါသနည်း။

**ဖြေ** – အကျိုးဖြစ်သော ဝိညာဏ်စသောတရားသည်လည်း အခြားသော အကြောင်း သဘောရှိသော တဏှာစသောတရား၏အကြောင်း (ဥပနိဿယပစ္စည်း)ဖြစ်သောကြောင့် "အကျိုးကြောင့် အကြောင်း၏ မပြတ်မစဲ အမြဲဖြစ်ခြင်း" ဖြစ်ပါသည်။

**သင်္ခေပမည်ပုံ**

ကံ၏ အကျိုးတရားတို့၌ အဝိဇ္ဇာအစရှိသော အကြောင်းတရား, ဝိညာဏ် အစရှိသော အကျိုးတရားတို့ကို အကျဉ်းချုံး၍ ပေါင်းစုအပ်သောကြောင့် သင်္ခေပ မည်၏၊ ဆရာမြတ်တို့က အလ္လာဟု မြန်မာပြန်ဆိုကြသည်။

**စတုသင်္ခေပ (အလ္လာ ၄–ပါး)**

(၁) အတိတ်အကြောင်း ၅–ပါးသည် ၁–လ္လာ၊
(၂) ပစ္စုပ္ပန်အကျိုး ၅–ပါးသည် ၁–လ္လာ၊
(၃) ပစ္စုပ္ပန်အကြောင်း ၅–ပါးသည် ၁–လ္လာ၊
(၄) အနာဂတ်အကျိုး ၅–ပါးသည် ၁–လ္လာ၊

**ဝဋ်မည်ပုံ**

သံသရာ၌ မပြတ်မစဲ ချာချာလည်စေတတ်သောကြောင့် ဝဋ်မည်၏။ (လှည်းဘီး စက်ဘီးများ လည်ပတ်နေသကဲ့သို့ ကြောင်းကျိုးမပြတ် တရစပ်လည်ပတ်နေသော ပဋိစ္စသမုပ္ပါဒ်တရားကို ဝဋ်ဟု ခေါ်၏။)

**ဝဋ် ၃–ပါး**

(၁) အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ၃–ပါးသည် ကိလေသာတရားဖြစ်၍ ကိလေသဝဋ် မည်၏။
(၂) ကမ္မဘဝဟုဆိုအပ်သော ဘဝတစ်စိတ်နှင့် သင်္ခါရ ၂–ပါးသည် ကံတရားများဖြစ်၍ ကမ္မဝဋ် မည်၏။
(၃) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ နှင့်ဥပပတ္တိဘဝဟုဆိုအပ်သော ဘဝတစ်စိတ်ဖြစ်သော ဇာတိ, ဇရာ, မရဏ တို့သည် အကျိုးတရားဖြစ်၍

ဝိပါကဝဋ္ဋ မည်၏။

**ကမ္မဝဋ္ဋတွင် ပါဝင်သော ကမ္မဘဝနှင့် သင်္ခါရအထူး**

အနာဂတ်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ဤပစ္စုပ္ပန်ဘဝ စေတနာသည် ကမ္မဘဝ မည်၏၊ ကံဖြစ်ရာ ရှေးအတိတ်ဘဝ၌ ဖြစ်ခဲ့သော ဤပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော စေတနာသည် သင်္ခါရ မည်၏၊ ဤသို့ ထူးပါသည်။

**ဘဝတစ်စိတ် (ဘဝေကဒေသော) ပါဠ်ဖြင့် ပြဆိုသောအနက်**

ဘဝဟူသည် ကမ္မဘဝ, ဥပပတ္တိဘဝဟု ၂–မျိုးရှိသဖြင့် ကမ္မဘဝသည် ဘဝတစ်စိတ်သာ ဖြစ်၏ ဟူသော အဓိပ္ပါယ်ကို ပြ၏။

(ထို့ကြောင့် ကမ္မဘဝဟု ဆိုအပ်သော ဘဝတစ်စိတ်သည်လည်းကောင်း၊ သင်္ခါရတို့သည် လည်းကောင်း၊ ကမ္မဝဋ္ဋမည်၏ဟု ဖွင့်ဆိုခြင်း ဖြစ်၏။)

**ဥပါဒါနပစ္စယာဘဝေါ–ဟူသော ပါဠ်၌**

ဘဝသဒ္ဒါဖြင့် ကမ္မဘဝကိုလည်း ဟောအပ်သည်အဖြစ်ကြောင့် 'ဘဝေကဒေသ' သဒ္ဒါကို အရှင်အနုရုဒ္ဓါဆရာသည် မိန့်ဆိုအပ်၏။

**ဝဋ္ဋမြစ် ၂–ပါး**

အဝိဇ္ဇာမူလ = အဝိဇ္ဇာသည် အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ–ဟု ဆိုအပ်သော ရှေ့ပိုင်းဘဝစက်(ဝဋ္ဋ)၏ အရင်းအမြစ် အစဖြစ်၏။

တဏှာမူလ = တဏှာသည် တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဇာတိ, ဇရာ မရဏ–ဟု ဆိုအပ်သော နောက်ပိုင်းဘဝစက်(ဝဋ္ဋ)၏ အရင်းအမြစ် အစဖြစ်၏။

**အဝိဇ္ဇာမူလကို အရင်ဆိုရခြင်း**

မူလ ၂–ပါးတွင် အဝိဇ္ဇာမူလကို အရင်ဆိုရခြင်းမှာ သံသရာရှေ့ပိုင်း၏

မူလဖြစ်၍လည်းကောင်း, ပြဋ္ဌာန်းသောကြောင့်လည်းကောင်း ဖြစ်ပါသည်။

**ဝဋ်ပြတ်ပုံ**

အဝိဇ္ဇာတဏှာဟူသော ရင်းမြစ်အစ မူလ ၂-ပါးကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်စေခြင်းကြောင့် ဝဋ်တရားသည် ပြတ်၏။

**ဝဋ်လည်ပုံ**

ဇရာ,မရဏဟု ဆိုအပ်သော တွေဝေမိန်းမောကြောင်းတရားသည် အမြဲမပြတ် အထပ်ထပ် နှိပ်စက်အပ်ကုန်သော, သောကအစရှိသည်တို့သည် လွန်စွာ သက်ရောက် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အား ကာမာသဝစသော အာသဝေါတရားတို့၏ ဖြစ်ခြင်းကြောင့် တစ်ဖန်အဝိဇ္ဇာဖြစ်ကာ ဝဋ်လည်ပါတော့သည်။ ထိုစကားမှန်၏၊ မြတ်စွာဘုရားဟောတော်မူပုံမှာ "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" ဟူသည် တည်း။

**အာသဝါနံ့ သမုပ္ပါဒါ (အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော)**

ဤပါဠ်ဖြင့် အဝိဇ္ဇာ၏ အကြောင်းကို ပြပါသည်၊ အဝိဇ္ဇာ၏ အကြောင်းကို မပြလျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် မဖွဲ့စပ်မလည်ပတ် ဟူသောအပြစ် ဖြစ်လာပါမည်။

**မြတ်စွာဘုရားပညတ်တော်မူပုံ**

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် မပြတ်လည်သော, အစမထင်သော ဘုံသုံးပါး၌ ဖြစ်သော, ကိလေသာ ကံ ကံ၏အကျိုးတို့၏ အစွမ်းဖြင့် ၃-ပါးသော ဝဋ်တရားကို အကြောင်းတရားတို့၏ ညီညွတ်ခြင်းကို စွဲ၍ အကျိုးတရားတို့၏ ဖြစ်ရာ ပဋိစ္စသမုပ္ပါဒ်တရားဟူ၍ ဘုရားရှင်ပညတ်တော်မူပါသည်။

❀ ❀ ❀ ❀ ❀

# ပဌာန်းနည်း

**ပစ္စည်း (ပစ္စယ)** = အကျိုးပစ္စယုပ္ပန်တရားတို့၏ စွဲ၍ အညီအညွတ်ဖြစ်ရာတရား၊
= ဆိုင်ရာအကျိုးကို ပေးတတ်သော အကြောင်းတရား၊

**ပစ္စယုပ္ပန် (ပစ္စယုပ္ပန္န)** = အကြောင်းပစ္စည်းတရားကြောင့်ဖြစ်သော အကျိုးတရား၊

**ပစ္စယသတ္တိ** = အကျိုးပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေတတ်သော အကြောင်းပစ္စည်းတရား၏ စွမ်းရည်သတ္တိ၊

## ပဋ္ဌာန်းနည်းအဖွင့် (အကျဉ်း)

| | | | |
|---|---|---|---|
| ၁။ ဟေတုပစ္စည်း | = | ဟိတ်ဖြစ်၍ | ကျေးဇူးပြုတတ်သောတရား |
| ၂။ အာရမ္မဏပစ္စည်း | = | အာရုံဖြစ်၍ | ။ |
| ၃။ အဓိပတိပစ္စည်း | = | အကြီးအမှူးဖြစ်၍ | ။ |
| ၄။ အနန္တရပစ္စည်း | = | အခြားမဲ့ဖြစ်၍ | ။ |
| ၅။ သမနန္တရပစ္စည်း | = | ကောင်းစွာအခြားမဲ့ဖြစ်၍ | ။ |
| ၆။ သဟဇာတပစ္စည်း | = | တကွဖြစ်၍ | ။ |
| ၇။ အညမညပစ္စည်း | = | အချင်းချင်းဖြစ်၍ | ။ |
| ၈။ နိဿယပစ္စည်း | = | မှီရာဖြစ်၍ | ။ |
| ၉။ ဥပနိဿယပစ္စည်း | = | အားကြီးသောအကြောင်းဖြစ်၍ | ။ |
| ၁၀။ ပုရေဇာတပစ္စည်း | = | ရှေး၌ဖြစ်၍ | ။ |
| ၁၁။ ပစ္ဆာဇာတပစ္စည်း | = | နောက်မှဖြစ်၍ | ။ |
| ၁၂။ အာသေဝနပစ္စည်း | = | အဖန်တလဲလဲမှီဝဲထုံအပ်သည်ဖြစ်၍ | ။ |
| ၁၃။ ကမ္မပစ္စည်း | = | မျိုးစေ့ဖြစ်၍ | ။ |
| ၁၄။ ဝိပါကပစ္စည်း | = | အကျိုးဖြစ်၍ | ။ |
| ၁၅။ အာဟာရပစ္စည်း | = | ထောက်ပံ့နိုင်စေတတ်သည်ဖြစ်၍ | ။ |

၁၆။ ဈာနပစ္စည်း = အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား
၁၇။ ဈာနပစ္စည်း = ကပ်၍ရှုတတ်သည်ဖြစ်၍ ။
၁၈။ မဂ္ဂပစ္စည်း = အကြောင်းဖြစ်၍ ။
၁၉။ သမ္ပယုတ္တပစ္စည်း = ယှဉ်သည်ဖြစ်၍ ။
၂၀။ ဝိပ္ပယုတ္တပစ္စည်း = မယှဉ်သည်ဖြစ်၍ ။
၂၁။ အတ္ထိပစ္စည်း = ရှိသည်ဖြစ်၍ ။
၂၂။ နတ္ထိပစ္စည်း = မရှိသည်ဖြစ်၍ ။
၂၃။ ဝိဂတပစ္စည်း = ကင်းသည်ဖြစ်၍ ။
၂၄။ အဝိဂတပစ္စည်း = မကင်းသည်ဖြစ်၍ ။

**၁။ ဟေတုပစ္စည်း**

အထက်သို့ ဩဇာဓာတ်ကို ရှေ့ရှုဆောင်တတ်သောအမြစ်ကြောင့် သစ်ပင်သည် အလွန်စည်ပင်ပြန့်ပွားခြင်းသို့ ရောက်သကဲ့သို့ – လောဘအစရှိသော ပစ္စည်းတရားတို့ကြောင့် ပစ္စယုပ္ပန်တရားတို့သည် တည်တတ်၏၊ အလွန်စည်ပင်ပွားစီးခြင်းသို့ ရောက်တတ်၏၊ ထိုသို့ ပစ္စယုပ္ပန်တရားတို့၏ တည်ရာတည်ကြောင်း ပွားစီးစည်ပင်ခြင်းသို့ ရောက်ကြောင်းဖြစ်သော သတ္တိကြောင့် ဟိတ် ၆–ပါးသည် ဟေတု မည်၏၊ ထိုဟိတ်ဟူသည် ပစ္စည်းလည်းဖြစ်သောကြောင့် ဟေတုပစ္စည်း မည်၏။

**ဟိတ်နှင့်ပစ္စည်းအထူး**

ဟိတ် = အာရုံ၌ အတူတကွဖြစ်ဖက် သဟဇာတ်တရားတို့၏ ကောင်းစွာတည်တံ့နိုင်သော ဝိသေသသတ္တိထူးသည် ဟိတ် မည်၏။

ပစ္စည်း = ဤသို့ တည်တံ့နိုင်အောင် ထောက်ပံ့သမှု ကျေးဇူးပြုမှု သာမညသတ္တိသည် ပစ္စည်း မည်၏။

## ၂။ အာရမ္မဏပစ္စည်း

ကြိုးတန်း တောင်ဝှေးစသည်တို့သည် အင်အားချိနဲ့သောသူတို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အာရုံ ၆–ပါးတို့သည်လည်း စိတ်–စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သတ္တိကြောင့် အာရုံ ၆–ပါးသည် အာရမ္မဏပစ္စည်း မည်၏။

**"ယံ ယံ ဓမ္မံ အာရဗ္ဘ" စသည်ဖြင့် ဟောရခြင်း**

စိတ်, စေတသိက်တရားတို့၏ အာရမ္မဏပစ္စည်းအဖြစ်သို့ မရောက်နိုင်သောတရား မရှိသောကြောင့် အာရုံတရားတို့ကို "ယံ ယံ ဓမ္မံ အာရဗ္ဘ" စသည်ဖြင့် မြတ်စွာဘုရားရှင်သည် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၌ ဟောတော်မူခြင်း ဖြစ်ပါသည်။

## ၃။ အဓိပတိပစ္စည်း

မိမိနှင့်စပ်၍ ဖြစ်ကုန်သော တရားတို့၏ အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော လွန်ကဲသောတရားသည် အဓိပတိပစ္စည်း မည်၏။

## ၄။ အနန္တရပစ္စည်း ၅။ သမနန္တရပစ္စည်း

ပစ္စယုပ္ပန်တရားနှင့် အခြားမရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောကြောင့် အနန္တရပစ္စည်း မည်၏။

ရုပ်ကလာပ်တို့ကဲ့သို့ အလုံးအဝန်းစသော သဏ္ဌာန်မရှိခြင်းကြောင့်၊ ကောင်းစွာ ပစ္စယုပ္ပန်တရားနှင့် အခြားမရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောကြောင့် သမနန္တရပစ္စည်း မည်၏။

**အနန္တရနှင့် သမနန္တရအထူး**

ယင်းနှစ်ခုသည် "သံ" သဒ္ဒါမျှသာ ထူးကြ၏၊ အနက်အားဖြင့်ကား ထူးခြားခြင်း မရှိပေ၊ သို့သော် ဝေနေယျတို့၏ အလိုအရှာသယကြောင့် ၂–မျိုးခွဲ၍ ဟောတော်မူခြင်းဖြစ်၏၊ အနက်အားဖြင့် – ထိုပစ္စည်းနှစ်ခုသည် ကောင်းစွာ အခြားမဲ့၌ ချုပ်ပြီးသော စိတ်စေတသိက်အပေါင်း၏ အမည်သာ ဖြစ်ပါသည်။

## (အတိတ်ကာလချင်းတူသော) သင်္ခါရနှင့် ကမ္မဘဝ အထူး

| သင်္ခါရ | ကမ္မဘဝ |
|---|---|
| (၁) ကုသိုလ်ကံ အကုသိုလ်ကံကို ပြုလုပ်ရာ၌ အထမမြောက်မီ ရှေ့အဖို့၌ဖြစ်သော ပုဗ္ဗစေတနာသည် သင်္ခါရ မည်၏။ (၂) ဇော ၇–ချက်တို့တွင် ရှေ့ဇော ၆–ချက်နှင့် ယှဉ်သော စေတနာ (၃) စေတနာနှင့် ယှဉ်သောစိတ် စေတသိက်သည် သင်္ခါရ မည်၏။ | (၁) ကုသိုလ်ကံ အကုသိုလ်ကံကို ပြုလုပ်ရာ၌ အထမြောက်သော မုဥ္စစေတနာသည် ကမ္မဘဝ မည်၏။ (၂) ဇော ၇–ချက်တို့တွင် သတ္တမဇော၌ယှဉ်သော စေတနာ (၃) စေတနာဟူသမျှသည် ကမ္မဘဝ မည်၏။ |
| ဤသို့အတိတ်အကြောင်း ၅–ပါးတွင် ပါဝင်သော အတိတ်ကာလချင်းတူသည့် သင်္ခါရနှင့် ကမ္မဘဝတို့ ထူးခြားမှု ရှိပါသည်။ | |

**အတိတ်အကြောင်း ၅–ပါးဖြစ်ပုံ**

သရုပ်အားဖြင့် ဟောတော်မူအပ်သော အဝိဇ္ဇာ,သင်္ခါရ ၂–ပါး၊ သိမ်းယူခြင်း (သင်္ဂဟ)၏ အစွမ်းဖြင့် ဆိုအပ်သော တဏှာ, ဥပါဒါန်, ကမ္မဘဝ ၃–ပါးတို့၏ အစွမ်းဖြင့် အတိတ်အကြောင်း ၅–ပါး ဖြစ်ရပါသည်။

**ပစ္စုပ္ပန်အကြောင်း ၅–ပါးဖြစ်ပုံ**

သရုပ်အားဖြင့် ဟောတော်မူအပ်သော တဏှာ, ဥပါဒါန်, ကမ္မဘဝ ၃–ပါး၊ သိမ်းယူခြင်း (သင်္ဂဟ)၏ အစွမ်းဖြင့် ဆိုအပ်သော အဝိဇ္ဇာ, သင်္ခါရ ၂–ပါး တို့၏ အစွမ်းဖြင့် ပစ္စုပ္ပန်အကြောင်း ၅–ပါး ဖြစ်ရပါသည်။

**အာကာရမည်ပုံ**

ဆိုအပ်ပြီးသော ၂၀–သော တရားတို့သည် အတိတ်အစရှိသည်တို့တွင် ထိုထိုသော အတိတ်ဖြစ်သောအကြောင်း အစရှိသည်၌ ထည့်လောင်းအပ် (ထင်ရှားပြအပ်) သောကြောင့် အာကာရ မည်ကြ၏။

**အစပ် ၃–ပါး (တိသန္ဓိ)**

**ဋီကာကျော်ဆရာအလို**

(၁) အတိတ်အကြောင်းများနှင့် ပစ္စုပ္ပန်အကျိုး ၅–ပါး၏ အကြား၌ ဟေတုဖလသန္ဓိ တစ်ခု၊

(၂) ပစ္စုပ္ပန်အကျိုး ၅–ပါးနှင့် ပစ္စုပ္ပန်အကြောင်းများ၏ အကြား၌ ဖလဟေတုသန္ဓိ တစ်ခု၊

(၃) ပစ္စုပ္ပန်အကြောင်းများနှင့် အနာဂတ်အကျိုး၏ အကြား၌ ဟေတုဖလသန္ဓိ တစ်ခု၊

**သမ္မောဟဝိနောဒနီအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့အလို**

(၁) သင်္ခါရနှင့် ဝိညာဏ်တို့၏ အကြား၌ ဟေတုဖလသန္ဓိတစ်ခု၊

(၂) ဝေဒနာနှင့် တဏှာတို့၏ အကြား၌ ဖလဟေတုသန္ဓိတစ်ခု၊

(၃) ဘဝနှင့် ဇာတိတို့၏ အကြား၌ ဟေတုဖလသန္ဓိတစ်ခု၊

**အစပ် ၃–ပါးအထူး**

အဝိဇ္ဇာအစရှိသော အကြောင်းကြောင့် ဝိညာဏ်အစရှိသော အကျိုး၏ မပြတ်မစဲအမြဲဖြစ်ခြင်းရှိသောကြောင့် ပထမအစပ်သည် "ဟေတုဖလသမ္ဗန္ဓ"ဖြစ်၏။

တတိယအစပ်သည်လည်း ထို့အတူ တဏှာအစရှိသော အကြောင်းကြောင့် ဇာတိစသော အကျိုး၏ မပြတ်မစဲ အမြဲဖြစ်ခြင်းရှိသောကြောင့် "ဟေတုဖလသမ္ဗန္ဓ" ပင်ဖြစ်၏။

ဒုတိယအစပ်ကား ဝိညာဏ်အစရှိသော ပစ္စုပ္ပန်အကျိုးကြောင့် တဏှာအစရှိသော ပစ္စုပ္ပန်အကြောင်း၏ မပြတ်မစဲ အမြဲဖြစ်ခြင်းရှိသောကြောင့် "ဖလဟေတုသမ္ဗန္ဓ" ဖြစ်၏၊ ဤသို့ထူးပါသည်။

**မေး** – အကြောင်းဖြစ်သောတရားသည်သာလျှင် အကျိုး၏ဥပနိဿယပစ္စည်း ဖြစ်သင့်သည် မဟုတ်ပါလော? အဘယ်ကြောင့် "အကျိုးကြောင့် အကြောင်း၏ မပြတ်မစဲ အမြဲဖြစ်ခြင်း" ဖြစ်ရပါသနည်း။

**ဖြေ** – အကျိုးဖြစ်သော ဝိညာဏ်စသောတရားသည်လည်း အခြားသော အကြောင်းသဘောရှိသော တဏှာစသောတရား၏အကြောင်း (ဥပနိဿယပစ္စည်း)ဖြစ်သောကြောင့် "အကျိုးကြောင့် အကြောင်း၏ မပြတ်မစဲ အမြဲဖြစ်ခြင်း" ဖြစ်ပါသည်။

**သင်္ခေပမည်ပုံ**

ကံ၏ အကျိုးတရားတို့၌ အဝိဇ္ဇာအစရှိသော အကြောင်းတရား, ဝိညာဏ်အစရှိသော အကျိုးတရားတို့ကို အကျဉ်းချုံး၍ ပေါင်းစုအပ်သောကြောင့် သင်္ခေပမည်၏၊ ဆရာမြတ်တို့က အလ္လာဟု မြန်မာပြန်ဆိုကြသည်။

**စတုသင်္ခေပ (အလ္လာ ၄–ပါး)**

(၁) အတိတ်အကြောင်း ၅–ပါးသည် ၁–လ္လာ၊
(၂) ပစ္စုပ္ပန်အကျိုး ၅–ပါးသည် ၁–လ္လာ၊
(၃) ပစ္စုပ္ပန်အကြောင်း ၅–ပါးသည် ၁–လ္လာ၊
(၄) အနာဂတ်အကျိုး ၅–ပါးသည် ၁–လ္လာ၊

**ဝဋ်မည်ပုံ**

သံသရာ၌ မပြတ်မစဲ ချာချာလည်စေတတ်သောကြောင့် ဝဋ်မည်၏။ (လှည်းဘီးစက်ဘီးများ လည်ပတ်နေသကဲ့သို့ ကြောင်းကျိုးမပြတ် တရစပ်လည်ပတ်နေသော ပဋိစ္စသမုပ္ပါဒ်တရားကို ဝဋ်ဟု ခေါ်၏။)

**ဝဋ် ၃–ပါး**

(၁) အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ၃–ပါးသည် ကိလေသာတရားဖြစ်၍ ကိလေသဝဋ်မည်၏။
(၂) ကမ္မဘဝဟုဆိုအပ်သော ဘဝတစ်စိတ်နှင့် သင်္ခါရ ၂–ပါးသည် ကံတရားများဖြစ်၍ ကမ္မဝဋ် မည်၏။
(၃) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ နှင့်ဥပပတ္တိဘဝဟုဆိုအပ်သော ဘဝတစ်စိတ်ဖြစ်သော ဇာတိ, ဇရာ, မရဏ တို့သည် အကျိုးတရားဖြစ်၍

ဝိပါကဝဋ် မည်၏။

**ကမ္မဝဋ်တွင် ပါဝင်သော ကမ္မဘဝနှင့် သင်္ခါရအထူး**

အနာဂတ်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ဤပစ္စုပ္ပန်ဘဝ စေတနာသည် ကမ္မဘဝ မည်၏၊ ကံဖြစ်ရာ ရှေးအတိတ်ဘဝ၌ ဖြစ်ခဲ့သော ဤပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော စေတနာသည် သင်္ခါရ မည်၏၊ ဤသို့ ထူးပါသည်။

**ဘဝတစ်စိတ် (ဘဝေကဒေသော) ပါဠိဖြင့် ပြဆိုသောအနက်**

ဘဝဟူသည် ကမ္မဘဝ, ဥပပတ္တိဘဝဟု ၂-မျိုးရှိသဖြင့် ကမ္မဘဝသည် ဘဝတစ်စိတ်သာ ဖြစ်၏ ဟူသော အဓိပ္ပါယ်ကို ပြ၏။

(ထို့ကြောင့် ကမ္မဘဝဟု ဆိုအပ်သော ဘဝတစ်စိတ်သည်လည်းကောင်း၊ သင်္ခါရတို့သည် လည်းကောင်း၊ ကမ္မဝဋ်မည်၏ဟု ဖွင့်ဆိုခြင်း ဖြစ်၏။)

**ဥပါဒါနပစ္စယာဘဝေါ-ဟူသော ပါဠိ၌**

ဘဝသဒ္ဒါဖြင့် ကမ္မဘဝကိုလည်း ဟောအပ်သည်အဖြစ်ကြောင့် 'ဘဝေကဒေသ' သဒ္ဒါကို အရင်အနုရုဒ္ဓါဆရာသည် မိန့်ဆိုအပ်၏။

**ဝဋ်မြစ် ၂-ပါး**

အဝိဇ္ဇာမူလ = အဝိဇ္ဇာသည် အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟု ဆိုအပ်သော ရှေ့ပိုင်းဘဝစက်(ဝဋ်)၏ အရင်းအမြစ် အစဖြစ်၏။

တဏှာမူလ = တဏှာသည် တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဇာတိ, ဇရာ မရဏ-ဟု ဆိုအပ်သော နောက်ပိုင်းဘဝစက်(ဝဋ်)၏ အရင်းအမြစ် အစဖြစ်၏။

**အဝိဇ္ဇာမူလကို အရင်ဆိုရခြင်း**

မူလ ၂-ပါးတွင် အဝိဇ္ဇာမူလကို အရင်ဆိုရခြင်းမှာ သံသရာရှေ့ပိုင်း၏

မူလဖြစ်၍လည်းကောင်း, ပြဋ္ဌာန်းသောကြောင့်လည်းကောင်း ဖြစ်ပါသည်။

**ဝဋ်ပြတ်ပုံ**

အဝိဇ္ဇာတဏှာဟူသော ရင်းမြစ်အစ မူလ ၂-ပါးကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်စေခြင်းကြောင့် ဝဋ်တရားသည် ပြတ်၏။

**ဝဋ်လည်ပုံ**

ဇရာ,မရဏဟု ဆိုအပ်သော တွေဝေမိန်းမောကြောင်းတရားသည် အမြဲမပြတ် အထပ်ထပ် နှိပ်စက်အပ်ကုန်သော, သောကအစရှိသည်တို့သည် လွန်စွာ သက်ရောက် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အား ကာမာသဝစသော အာသဝေါတရားတို့၏ ဖြစ်ခြင်းကြောင့် တစ်ဖန်အဝိဇ္ဇာဖြစ်ကာ ဝဋ်လည်ပါတော့သည်။ ထိုစကားမှန်၏၊ မြတ်စွာဘုရားဟောတော်မူပုံမှာ "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" ဟူသည် တည်း။

**အာသဝါနံ့ သမုပ္ပါဒါ (အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော)**

ဤပါဠိဖြင့် အဝိဇ္ဇာ၏ အကြောင်းကို ပြပါသည်၊ အဝိဇ္ဇာ၏ အကြောင်းကို မပြလျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် မဖွဲ့စပ်မလည်ပတ် ဟူသောအပြစ် ဖြစ်လာပါမည်။

**မြတ်စွာဘုရားပညတ်တော်မူပုံ**

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် မပြတ်လည်သော, အစမထင်သော ဘုံသုံးပါး၌ ဖြစ်သော, ကိလေသာ ကံ ကံ၏အကျိုးတို့၏ အစွမ်းဖြင့် ၃-ပါးသော ဝဋ်တရားကို အကြောင်းတရားတို့၏ ညီညွတ်ခြင်းကို စွဲ၍ အကျိုးတရားတို့၏ ဖြစ်ရာ ပဋိစ္စသမုပ္ပါဒ်တရားဟူ၍ ဘုရားရှင်ပညတ်တော်မူပါသည်။

# ပဋ္ဌာန်းနည်း

**ပစ္စည်း (ပစ္စယ)** = အကျိုးပစ္စယုပ္ပန်တရားတို့၏ စွဲ၍ အညီအညွတ်ဖြစ်ရာတရား၊
= ဆိုင်ရာအကျိုးကို ပေးတတ်သော အကြောင်းတရား၊

**ပစ္စယုပ္ပန် (ပစ္စယုပ္ပန္န)** = အကြောင်းပစ္စည်းတရားကြောင့်ဖြစ်သော အကျိုးတရား၊

**ပစ္စယသတ္တိ** = အကျိုးပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေတတ်သော အကြောင်းပစ္စည်းတရား၏ စွမ်းရည်သတ္တိ၊

## ပဋ္ဌာန်းနည်းအဖွင့် (အကျဉ်း)

၁။ ဟေတုပစ္စည်း = ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား

၂။ အာရမ္မဏပစ္စည်း = အာရုံဖြစ်၍ ။

၃။ အဓိပတိပစ္စည်း = အကြီးအမှူးဖြစ်၍ ။

၄။ အနန္တရပစ္စည်း = အခြားမဲ့ဖြစ်၍ ။

၅။ သမနန္တရပစ္စည်း = ကောင်းစွာအခြားမဲ့ဖြစ်၍ ။

၆။ သဟဇာတပစ္စည်း = တကွဖြစ်၍ ။

၇။ အညမညပစ္စည်း = အချင်းချင်းဖြစ်၍ ။

၈။ နိဿယပစ္စည်း = မှီရာဖြစ်၍ ။

၉။ ဥပနိဿယပစ္စည်း = အားကြီးသောအကြောင်းဖြစ်၍ ။

၁၀။ ပုရေဇာတပစ္စည်း = ရှေး၌ဖြစ်၍ ။

၁၁။ ပစ္ဆာဇာတပစ္စည်း = နောက်မှဖြစ်၍ ။

၁၂။ အာသေဝနပစ္စည်း = အဖန်တလဲလဲမှီဝဲထုံအပ်သည်ဖြစ်၍ ။

၁၃။ ကမ္မပစ္စည်း = မျိုးစေ့ဖြစ်၍ ။

၁၄။ ဝိပါကပစ္စည်း = အကျိုးဖြစ်၍ ။

၁၅။ အာဟာရပစ္စည်း = ထောက်ပံ့နိုင်စေတတ်သည်ဖြစ်၍ ။

| | | | |
|---|---|---|---|
| ၁၆။ ဣန္ဒြိယပစ္စည်း | = | အစိုးရသည်ဖြစ်၍ | ကျေးဇူးပြုတတ်သောတရား |
| ၁၇။ ဈာနပစ္စည်း | = | ကပ်၍ရှုတတ်သည်ဖြစ်၍ | ။ |
| ၁၈။ မဂ္ဂပစ္စည်း | = | အကြောင်းဖြစ်၍ | ။ |
| ၁၉။ သမ္ပယုတ္တပစ္စည်း | = | ယှဉ်သည်ဖြစ်၍ | ။ |
| ၂၀။ ဝိပ္ပယုတ္တပစ္စည်း | = | မယှဉ်သည်ဖြစ်၍ | ။ |
| ၂၁။ အတ္ထိပစ္စည်း | = | ရှိသည်ဖြစ်၍ | ။ |
| ၂၂။ နတ္ထိပစ္စည်း | = | မရှိသည်ဖြစ်၍ | ။ |
| ၂၃။ ဝိဂတပစ္စည်း | = | ကင်းသည်ဖြစ်၍ | ။ |
| ၂၄။ အဝိဂတပစ္စည်း | = | မကင်းသည်ဖြစ်၍ | ။ |

## ၁။ ဟေတုပစ္စည်း

အထက်သို့ ညြဇာခတ်ကို ရှေ့ရှုဆောင်တတ်သောအမြစ်ကြောင့် သစ်ပင်သည် အလွန်စည်ပင်ပြန့်ပွားခြင်းသို့ ရောက်သကဲ့သို့ – လောဘအစရှိသော ပစ္စည်းတရားတို့ကြောင့် ပစ္စယုပ္ပန်တရားတို့သည် တည်တတ်၏၊ အလွန်စည်ပင်ပွားစီးခြင်းသို့ ရောက်တတ်၏၊ ထိုသို့ ပစ္စယုပ္ပန်တရားတို့၏ တည်ရာတည်ကြောင်း ပွားစီးစည်ပင်ခြင်းသို့ ရောက်ကြောင်းဖြစ်သော သတ္တိကြောင့် ဟိတ် ၆–ပါးသည် ဟေတု မည်၏၊ ထိုဟိတ်ဟူသည် ပစ္စည်းလည်းဖြစ်သောကြောင့် ဟေတုပစ္စည်း မည်၏။

**ဟိတ်နှင့်ပစ္စည်းအထူး**

ဟိတ် = အာရုံ၌ အတူတကွဖြစ်ဖက် သဟဇာတ်တရားတို့၏ ကောင်းစွာ တည်တံ့နိုင်သော ဝိသေသသတ္တိထူးသည် ဟိတ် မည်၏။

ပစ္စည်း = ဤသို့ တည်တံ့နိုင်အောင် ထောက်ပံ့သမှု ကျေးဇူးပြုမှု သာမညသတ္တိသည် ပစ္စည်း မည်၏။

## ၂။ အာရမ္မဏပစ္စည်း

ကြိုးတန်း တောင်ဝှေးစသည်တို့သည် အင်အားချိနဲ့သောသူတို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အာရုံ ၆–ပါးတို့သည်လည်း စိတ်–စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သတ္တိကြောင့် အာရုံ ၆–ပါးသည် အာရမ္မဏပစ္စည်း မည်၏။

**"ယံ ယံ ဓမ္မံ အာရဗ္ဘ" စသည်ဖြင့် ဟောရခြင်း**

စိတ်, စေတသိက်တရားတို့၏ အာရမ္မဏပစ္စည်းအဖြစ်သို့ မရောက်နိုင်သောတရား မရှိသောကြောင့် အာရုံတရားတို့ကို "ယံ ယံ ဓမ္မံ အာရဗ္ဘ" စသည်ဖြင့် မြတ်စွာဘုရားရှင်သည် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၌ ဟောတော်မူခြင်း ဖြစ်ပါသည်။

## ၃။ အဓိပတိပစ္စည်း

မိမိနှင့်စပ်၍ ဖြစ်ကုန်သော တရားတို့၏ အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော လွန်ကဲသောတရားသည် အဓိပတိပစ္စည်း မည်၏။

## ၄။ အနန္တရပစ္စည်း ၅။ သမနန္တရပစ္စည်း

ပစ္စယုပ္ပန်တရားနှင့် အခြားမရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောကြောင့် အနန္တရပစ္စည်း မည်၏။

ရုပ်ကလာပ်တို့ကဲ့သို့ အလုံးအဝန်းစသော သဏ္ဌာန်မရှိခြင်းကြောင့်၊ ကောင်းစွာ ပစ္စယုပ္ပန်တရားနှင့် အခြားမရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောကြောင့် သမနန္တရပစ္စည်း မည်၏။

**အနန္တရနှင့် သမနန္တရအထူး**

ယင်းနှစ်ခုသည် "သံ" သဒ္ဒါမျှသာ ထူးကြ၏၊ အနက်အားဖြင့်ကား ထူးခြားခြင်း မရှိပေ၊ သို့သော် ဝေနေယျတို့၏ အလိုအဇ္ဈာသယကြောင့် ၂–မျိုးခွဲ၍ ဟောတော်မူခြင်းဖြစ်၏၊ အနက်အားဖြင့် – ထိုပစ္စည်းနှစ်ခုသည် ကောင်းစွာ အခြားမဲ့၌ ချုပ်ပြီးသော စိတ်စေတသိက်အပေါင်း၏ အမည်သာ ဖြစ်ပါသည်။

**ကေစိဝါဒကား** – အနက်အခြားမရှိသောကြောင့် အနန္တရပစ္စည်း၊ ကာလအခြား မရှိသောကြောင့် သမနန္တရပစ္စည်းဟု ဆိုကြ၏။ ဤအဆိုမှာ ဘုရားဟောနှင့် ဆန့်ကျင်နေ၏၊ ဆန့်ကျင်ပုံမှာ – ပဋ္ဌာန်းတွင် "နိရောဓသမာပတ် မဝင်စားမီ ဖြစ်သော နေဝသညာနာသညာယတနဇောသည် သမာပတ်မှအထ ဖြစ်ပေါ်သော ဖိုလ်ဇောအား သမနန္တရသတ္တိဖြင့် ကျေးဇူးပြုကြောင်း" ဟောထားသည်၊ ဤဒေသနာအရ နိရောဓသမာပတ်ဝင်စားသောကာလ ၇–ရက် စသည် ခြားနေသော်လည်း သမနန္တရသတ္တိဖြင့် ကျေးဇူးပြုသောကြောင့်တည်း။

## ၆။ သဟဇာတပစ္စည်း

မိမိနှင့်တကွဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား တကွဖြစ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် သဟဇာတပစ္စည်း မည်၏။

ဥပမာ – ဆီမီးသည် မိမိနှင့်တကွဖြစ်သော အလင်းအား ကျေးဇူးပြုသကဲ့သို့

## ၇။ အညမညပစ္စည်း

နာမ်ခန္ဓာလေးပါးတို့သည်လည်းကောင်း၊ မဟာဘုတ်လေးပါးတို့သည်လည်းကောင်း၊ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုရုပ်နှင့် ပဉ္စဝေါကာရပဋိသန္ဓေစိတ်တို့သည်လည်းကောင်း၊ အချင်းချင်း တစ်ပါးသည် တစ်ပါးကို အပြန်အလှန် ထောက်ပံ့ခိုင်စေတတ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အညမညပစ္စည်း မည်၏။

ဥပမာ – သစ်သား ၃–ချောင်းကို ထောင်၍ထားရာ မလဲမပြိုအောင် အချင်းချင်းကျေးဇူးပြုသကဲ့သို့

**သဟဇာတပစ္စည်းနှင့် အညမညပစ္စည်းအထူး**

သဟဇာတပစ္စည်း = အတူတကွဖြစ်၍သာလျှင် ကျေးဇူးပြုတတ်သောတရား

အညမညပစ္စည်း = အတူတကွလည်းဖြစ်–အချင်းချင်းအပြန်အလှန်လည်း ဖြစ်၍ ကျေးဇူးပြုတတ်သောတရား

**သဟဇာတပစ္စည်းတိုင်း အညမညပစ္စည်း မဖြစ်ပုံ**

စိတ္တဇရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သော နာမက္ခန္ဓာ ၄-ပါး၊ ဥပါဒါရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သော မဟာဘုတ် ၄-ပါးတို့၏ အညမညပစ္စည်းအဖြစ်ကို ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၌ ဘုရားရှင် မထုတ်ဆောင်အပ်သောကြောင့် သဟဇာတပစ္စည်းဖြစ်သော အချို့သောတရား၏ အညမညပစ္စည်းအဖြစ်ဖြင့် မဖြစ်ကြောင်းကို သိရပါသည်။

**တကွဖြစ်သည်၏ အဖြစ်ဖြင့်သာလျှင် မိမိကို ကျေးဇူးပြုတတ်သောတရားတို့အား ကျေးဇူးပြုတတ်သည်၏အဖြစ်သည် အညမညပစ္စယသတ္တိ ဖြစ်ခဲ့လျှင်-**

သဟဇာတပစ္စည်းနှင့် အညမညပစ္စည်းတို့ အတူတူဖြစ်ခြင်းဟူသောအပြစ်ဖြစ်ရာ၏။

## ၈။ နိဿယပစ္စည်း

မြေကြီးသည် သစ်ပင်စသည်တို့၏ တည်ရာဖြစ်သကဲ့သို့၊ ပန်းချီကားအဝတ်သည် ပန်းချီဆေး၏ မှီရာဖြစ်သကဲ့သို့ ပစ္စယုပ္ပန်တရားတို့၏ တည်ရာ,မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် နိဿယပစ္စည်း မည်၏။

## ၉။ ဥပနိဿယပစ္စည်း

ပစ္စယုပ္ပန်တရားတို့အား အားကြီးသောမှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဥပနိဿယပစ္စည်း မည်၏။

## ၁၀။ ပုရေဇာတပစ္စည်း

ဝတ္ထုရုပ် ၆-ပါးနှင့် အာရုံ ၆-ပါးတို့သည် ပစ္စယုပ္ပန်တရားတို့၏ ရှေးဦးစွာဖြစ်နှင့်၍ တည်လင့်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ပုရေဇာတပစ္စည်း မည်၏။

**၁၁။ ပစ္ဆာဇာတပစ္စည်း**

နောက်၌ဖြစ်၍ ကျေးဇူးပြုတတ်သောတရားသည် မရှိပါမူ ရှေးက ဖြစ်နှင့်သော ကံကြောင့်ဖြစ်သော ခန္ဓာအစဉ်၏ မပြတ်တည်ခြင်းသည် မဖြစ်နိုင်၊ ထို့ကြောင့် ကံကြောင့်ဖြစ်သော ခန္ဓာအစဉ် မပြတ်တည်ခြင်း၏ အကြောင်း အထောက်အပံ့အဖြစ်ဖြင့် ပစ္စယုပ္ပန်တရား၏ နောက်မှဖြစ်၍ ကျေးဇူးပြုတတ် သောကြောင့် ပစ္ဆာဇာတပစ္စည်း မည်၏၊ ထိုပစ္ဆာဇာတပစ္စည်းသည် လင်းတငယ် ၏ ကိုယ်တို့အား ကျေးဇူးပြုသော ကဗဠီကာရအာဟာရ၌ တောင့်တသော တဏှာနှင့်ယှဉ်သော စေတနာနှင့်တူ၏။

**၁၂။ အာသေဝနပစ္စည်း**

ရှေးရှေး၌ လေ့ကျက်အပ်သော ကျမ်းဂန်သည် နောက်နောက်၌ လေ့ကျက် အပ်သော ကျမ်းဂန်ကို လွယ်ကူစွာသင်ယူစေနိုင်ခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ ရှေးကုသိုလ်စသော ပစ္စည်းတရားသည် နောက်၌ဖြစ်သော ကုသိုလ်စသော ပစ္စယုပ္ပန်တရားအား မိမိနှင့်တူအောင် အဖန်တလဲလဲ ပြုပြင်ဖြစ်စေခြင်းငှာ ကျေးဇူးပြုသောကြောင့် အာသေဝနပစ္စည်း မည်၏။

**၁၃။ ကမ္မပစ္စည်း**

စိတ်၏အားထုတ်ခြင်းဟုဆိုအပ်သော ဗျာပါရ၏အဖြစ်ဖြင့် သဟဇာတ် တရားတို့အားလည်းကောင်း၊ အထူးထူးသောခဏနှင့် ယှဉ်ကုန်သောဝိပါက်တို့ အားလည်းကောင်း၊ ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ကျေးဇူးပြုတတ်သော စေတနာသည် ကမ္မပစ္စည်း မည်၏။

**ကမ္မပစ္စည်းသည် ၂-မျိုး ရှိ၏။**

(၁) ပဝတ္တိအခါ စေတနာသည် သဟဇာတ်ဖြစ်သော နာမ်ရုပ်တို့အား ကျေးဇူးပြု သောကြောင့် သဟဇာတကမ္မပစ္စည်း မည်၏။

ဥပမာ - သစ်ပင်၏အမြစ်သည် သစ်ပင်နှင့်တကွဖြစ်၍ ထိုသစ်ပင် အား မြဲမြဲခိုင်ခန့်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့

(၂) အတိတ်ဖြစ်သော ရှေးရှေးဘဝကုသိုလ်, အကုသိုလ်စေတနာသည် ဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရုပ်တို့အား ကျေးဇူးပြုသောကြောင့် နာနာက္ခဏိကကမ္မပစ္စည်း မည်၏။

ဥပမာ – မျိုးစေ့သည် အပင်အညွန့်ကို ဖြစ်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့

## ၁၄။ ဝိပါကပစ္စည်း

မိမိ၏အားထုတ်ခြင်း ဗျာပါရမရှိသည်ဖြစ်၍ ငြိမ်သက်စွာဖြစ်ခြင်းဖြင့် သဟဇာတ်ဖြစ်ကုန်သော နာမ်ရုပ်တို့အား အားထုတ်ခြင်းမရှိသည်ဖြစ်၍ ငြိမ်သက်စွာဖြစ်ခြင်းအကျိုးငှာ ကျေးဇူးပြုတတ်သောတရားသည် ဝိပါကပစ္စည်း မည်၏။

ဥပမာ – ရင့်မှည့်မှုသို့ရောက်သော သစ်သီးသစ်ပွင့်တို့သည် အရှိန်အစွမ်းကုန်ခန်းကာ ဗျာပါရ လုံးဝမရှိတော့ဘဲ သိမ်မွေ့နူးနေးသော သဘောကို ရောက်ကြသကဲ့သို့

### ဝိပါက်စိတ်, စေတသိက်တို့ ငြိမ်သက်ပုံ

သန္တာဘာဝမှာ အားထုတ်ခြင်းမရှိသော ငြိမ်သက်သည်၏အဖြစ်နှင့် ကိလေသာကို၏ ငြိမ်းအေးခြင်းဟူသော ငြိမ်သက်သည်၏အဖြစ်ဟူ၍ ၂–မျိုးရှိရာတွင် ဝိပါက်စိတ်စေတသိက်တို့သည် အားထုတ်ခြင်းမရှိသောငြိမ်သက်သည်၏အဖြစ် ဖြစ်ပါသည်။

### ဘဝင်စိတ်တို့ကို မသိနိုင်ပုံ

အားထုတ်ခြင်းမရှိသော ငြိမ်သက်သောသဘောရှိသောစိတ်တို့ ဖြစ်ကြသောကြောင့်ပင် ဘဝင်ဟူသော ဝိပါက်စိတ်တို့ကို မသိနိုင်ခြင်း ဖြစ်ပါသည်။

(ဘဝင်ဝိပါက်စိတ်သာမက အာရုံ၌ ရှေးရှုကျရောက်ကာမျှဖြစ်သော ပဉ္စဝိညာဏ်, အာရုံကို ခံယူကာမျှဖြစ်သော သမ္ပဋိစ္ဆိုင်း၊ အာရုံကို စုံစမ်းကာမျှဖြစ်သော သန္တီရဏဟူသော ဝိပါက်စိတ်တို့ကိုလည်း သိနိုင်ခဲ၏။)

(ပဉ္စဒွါရ၌ ဓာတ်တို့၏ဖြစ်ခြင်းကြောင့်သာလျှင် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏတို့၏ ရူပါရုံစသည်တို့ကို ယူတတ်သည်၏အဖြစ်ကို သိရခြင်းဖြစ်၏။)

## ၁၅။ အာဟာရပစ္စည်း

ပစ္စယုပ္ပန်ဖြစ်သော ရုပ်နာမ်တရားတို့အား ထောက်ပံ့ခိုင်စေတတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာဟာရလေးပါးသည် အာဟာရပစ္စည်း မည်၏။

### ဥပတ္ထမ္ဘကသတ္တိသည်သာ အာဟာရသတ္တိမည်ပုံ

အာဟာရပစ္စည်း၌ ဇနကသတ္တိရှိသော်လည်း ဥပတ္ထမ္ဘကသတ္တိသည်သာလျှင် အာဟာရ၏ ပဓာနကိစ္စ ဖြစ်၏၊ အာဟာရသည် ပစ္စယုပ္ပန် ရုပ်နာမ်တရားတို့ကို ဖြစ်စေပါသော်လည်း ပစ္စယုပ္ပန်တရားတို့ မပြတ်စဲအောင် ထောက်ပံ့လျက်သာလျှင် ဖြစ်စေပါသည်၊ ထို့ကြောင့် ထောက်ပံ့တတ်သည်၏အဖြစ် (ဥပတ္ထမ္ဘကသတ္တိ) သည်သာလျှင် အာဟာရ၏အဖြစ် (အာဟာရပစ္စယသတ္တိ) မည်ပါသည်၊ ဖြစ်စေတတ်သည်၏အဖြစ် (ဇနကသတ္တိ)သည် အာဟာရ၏အဖြစ် (အာဟာရ သတ္တိ) မမည်ပါ၊ ထို့ကြောင့် ဇနကသတ္တိ ဥပတ္ထမ္ဘကသတ္တိ ၂-မျိုးစလုံး ရှိသော်လည်း ထောက်ပံ့ခိုင်စေတတ်သည့် ဥပတ္ထမ္ဘကသတ္တိဖြင့်သာ ကျေးဇူးပြု သည်ဟု ဆိုရပါသည်။

## ၁၆။ ဣန္ဒြိယပစ္စည်း

စက္ခုစသော ဣန္ဒြေတရားတို့သည် ဒဿနစသော ထိုထိုကိစ္စတို့၌ စက္ခုဝိညာဏ်စသော ပစ္စယုပ္ပန်တရားတို့ကို မိမိအလိုသို့ အစဉ်လိုက်စေခြင်းဟု ဆိုအပ်သော အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဣန္ဒြိယပစ္စည်း မည်၏။

## ၁၇။ ဈာနပစ္စည်း

ကသိဏ်းစသောအာရုံ၊ တေဘူမကတရားတို့၏ အနိစ္စတာစသော လက္ခဏာ၊ နိဗ္ဗာန်၏ တထလက္ခဏာတို့ကို ကပ်၍ကြံခြင်း ရှုခြင်း၏ အစွမ်းဖြင့် ကပ်ရောက် ၍ ထိုထိုအာရုံတို့ကို ကြံတတ် ရှုတတ်ကုန်သောကြောင့် ဝိတက်အစရှိသော တရား ၇-ပါးတို့သည် ဈာနပစ္စည်း မည်၏။

**၁၈။ မဂ္ဂပစ္စည်း**

သုဂတိဘဝမှလည်းကောင်း၊ ကုသိုလ်မှလည်းကောင်း၊ ဒုဂ္ဂတိဘဝမှလည်းကောင်း၊ အကုသိုလ်မှလည်းကောင်း ထွက်မြောက်အောင် ကျေးဇူးပြုတတ်သော သမ္မာဒိဋ္ဌိစသော တရားတို့သည် မဂ္ဂပစ္စည်း မည်၏။

**၁၉။ သမ္ပယုတ္တပစ္စည်း**

ပရမတ္ထအားဖြင့် ပြားကုန်သော်လည်း တူသည်အဖြစ်သို့ ရောက်ကုန်သကဲ့သို့ ဧကုပ္ပါဒအစရှိသော သမ္ပယောဂလက္ခဏာဖြင့် ကျေးဇူးပြုတတ်ကုန်သောကြောင့် နာမ်ခန္ဓာလေးပါးတို့သည် သမ္ပယုတ္တပစ္စည်း မည်၏။

**၂၀။ ဝိပ္ပယုတ္တပစ္စည်း**

တစ်ပါးသည် တစ်ပါးနှင့် စပ်သည်အဖြစ်ဖြင့် ယှဉ်ကုန်သော်လည်း ဧကုပ္ပါဒအစရှိသော သမ္ပယောဂလက္ခဏာအားဖြင့် မယှဉ်သည်ဖြစ်၍ မနီးနှောသည်အဖြစ်ကြောင့် ထူးသည်အဖြစ်သို့ ရောက်သဖြင့် ကျေးဇူးပြုတတ်ကုန်သော နာမ်နှင့်ရုပ်တို့သည် ဝိပ္ပယုတ္တပစ္စည်း မည်၏။

**၂၁။ အတ္ထိပစ္စည်း**

မိမိထင်ရှားရှိခိုက် ထင်ရှားရှိနေသော တရားတို့အား ထောက်ပံ့ခိုင်စေတတ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အတ္ထိပစ္စည်း မည်၏။

အတ္ထိပစ္စည်း ၅-မျိုးမှာ

(၁) သဟဇာတတ္ထိ (သဟဇာတပစ္စည်းနှင့်တူ၏)

(၂) ပုရေဇာတတ္ထိ (ပုရေဇာတပစ္စည်းနှင့်တူ၏)

(၃) ပစ္ဆာဇာတတ္ထိ (ပစ္ဆာဇာတပစ္စည်းနှင့်တူ၏)

(၄) အာဟာရတ္ထိ (ရုပ်အာဟာရပစ္စည်းနှင့်တူ၏)

(၅) ဣန္ဒြိယတ္ထိ (ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့်တူ၏)

**အတ္ထိပစ္စည်း၏ ဥပတ္ထမ္ဘကသတ္တိကိုသာ ဆိုရခြင်း**

အတ္ထိပစ္စည်းတို့မှာ ဇနကသတ္တိရှိပါသော်လည်း ဋီအရိုက်၌သာလျှင် ၎င်းတို့၏ ဗျာပါရသည် အလွန်အကဲနှင့်တကွ ဖြစ်သောကြောင့် ၎င်းတို့၏ ဥပတ္ထမ္ဘကသတ္တိ ကိုသာ ဆိုရခြင်း ဖြစ်ပါသည်။

## ၂၂။ နတ္ထိပစ္စည်း

တစ်ခုသော ဖဿစသော တရားအပေါင်းသည်ဖြစ်နေလျှင် နှစ်ခုမြောက်သော ဖဿစသော တရားအပေါင်းသည် မဖြစ်နိုင်သောကြောင့် မိမိတည်ရှိနေသဖြင့် ဖြစ်ခွင့်မရကုန်သော မိမိ၏ အခြားမဲ့၌ ဖြစ်လတ္တံ့ကုန်သော စိတ်စေတသိက်တရားတို့အား ဖြစ်ခွင့်ပေးသည်၏ အစွမ်းဖြင့် ကျေးဇူးပြုတတ်ကုန်သော အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်စေတသိက်တရားတို့သည် နတ္ထိပစ္စည်း မည်၏။

## ၂၃။ ဝိဂတပစ္စည်း

မိမိ၏ဖဿန စသော သဘောမကင်းသဖြင့် မိမိ၏အခြားမဲ့၌ မဖြစ်လတ္တံ့ကုန်သော စိတ်စေတသိက်တရားတို့အား မိမိသဘောကင်းသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော နတ္ထိပစ္စည်းတရားတို့သည်ပင် ဝိဂတပစ္စည်း မည်၏။

**နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းအထူး**

ပစ္စည်းတရားချုပ်သည်၏ အခြားမဲ့၌ ထိုပစ္စည်းတရား နှင့် ဆိုင်ရာ ဘာမျှမကျန်ဘဲ သုညဖြစ်ခြင်းသည် နတ္ထိပစ္စည်း မည်၏။

ပစ္စည်းတရားချုပ်ခြင်းဘင်သို့ ရောက်ပြီးသည်၏အဖြစ်သည် ဝိဂတပစ္စည်း မည်၏။

## ၂၄။ အဝိဂတပစ္စည်း

ပစ္စည်းတရား၏ မိမိဆိုင်ရာ သဘာဝလက္ခဏာ မကင်းသေးသည်၏

အဖြစ်ဖြင့် ချုပ်ခြင်းသို့ မရောက်သည်၏အစွမ်းဖြင့် ကျေးဇူးပြုတတ်ကုန်သော အတ္ထိပစ္စည်းတရားတို့သည်ပင် အဝိဂတပစ္စည်း မည်၏။

**အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းအထူး**

မိမိထင်ရှားရှိသောသဘောနှင့် ပြည့်စုံသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အဖြစ်သည် အတ္ထိပစ္စည်း မည်၏။

ချုပ်ခြင်းဘင်သို့ မရောက်သည်၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သောအဖြစ် သည် အဝိဂတပစ္စည်း မည်၏။

**ပဋ္ဌာန်းနည်းအဖွင့်(အကျဉ်း) ပြီး၏။**

## ပဋ္ဌာန်းနည်းအဖွင့် (အကျယ်)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | အကြောင်း | (နာမ်)သည် | – | အကျိုး | (နာမ်)အား | ၆ | ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏ |
| ၂။ | ။ | (နာမ်)သည် | – | ။ | (နာမ်ရုပ်)အား | ၅ | ။ |
| ၃။ | ။ | (နာမ်)သည် | – | ။ | (ရုပ်)အား | ၁ | ။ |
| ၄။ | ။ | (ရုပ်)သည် | – | ။ | (နာမ်)အား | ၁ | ။ |
| ၅။ | ။ | (ပညတ်–နာမ်–ရုပ်)သည် | – | ။ | (နာမ်)အား | ၂ | ။ |
| ၆။ | ။ | (နာမ်ရုပ်)သည် | – | ။ | (နာမ်ရုပ်)အား | ၉ | ။ |

**၁။ နာမ်သည် နာမ်အား ကျေးဇူးပြုပုံ ၆–ပစ္စည်း**

နာမ်သည် နာမ်အား အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန၊ သမ္ပယုတ္တ ဤ ၆–ပစ္စည်းဖြင့် ကျေးဇူးပြု၏။

**ကျေးဇူးပြုပုံမှာ**

**(၁) ဝီထိစိတ်အစဉ်ဝယ်**

ရှေးရှေးချုပ်ကုန်သော စိတ်စေတသိက်နာမ်တရားတို့သည်

နောက်နောက်မှ ဆက်၍ဖြစ်ကုန်သော စိတ်စေတသိက်နာမ်တရားတို့အား အနန္တရမျိုးဖြစ်၍ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတပစ္စည်းအားဖြင့် ကျေးဇူးပြုသည်။

**(၂) ဇော ၇–ကြိမ်ဇောရာဝယ်**

ရှေးဇောနာမ်တရားသည် နောက်ဇောနာမ်တရားအား ဆိုအပ်ပြီးသော အနန္တရ စသော ၄–ပစ္စည်းအပြင် အာသေဝနပစ္စည်းအားဖြင့်လည်း ကျေးဇူးပြုသည်။

**(၃) ဝီထိစိတ်တစ်ခုတစ်ခုဖြစ်သော စိတ္တက္ခဏ ၁–ချက် အတွင်းရှိ စိတ်စေတသိက်နာမ်တရားများသည်**

သဟဇာတမျိုးဖြစ်၍ သမ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြု၏။ (သမ္ပယုတ္တပစ္စည်းကိုသာ ဆိုသော်လည်း သဟဇာတမျိုးဖြစ်၍ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ ပစ္စည်းများပါ ဖြစ်သင့်၏။)

**ပစ္စည်း–ပစ္စယုပ္ပန်တရားများ**

(၁) အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်၊ စေတသိက်ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိကြဉ်သော စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး (နာမ်) တရားတို့သည် မိမိသို့ အတူလိုက်၍ဖြစ်ကုန်သော စိတ်၊ စေတသိက်ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး (နာမ်)တရားတို့အား အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ ၄–ပစ္စည်းအားဖြင့် ကျေးဇူးပြု၏။

(၂) ရှေး၌ဖြစ်ကုန်သော အဆုံးဇော၊မဂ်ဇော၊ဖိုလ်ဇောကြဉ်သော ဇောစိတ် ၄၇–ပါး၊ စေတသိက် ၅၂–ပါး (နာမ်)တရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ပထမဇော, ဖိုလ်ဇောကြဉ်သော ဇောစိတ် ၅၁–ပါး၊ စေတသိက် ၅၂–ပါး (နာမ်)တရားတို့အား အာသေဝနပစ္စည်းအပြင်

အနန္တရစသော ၄–ပစ္စည်းအားဖြင့်လည်း ကျေးဇူးပြု၏။

(၃) စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါးတို့သည် တကွဖြစ်ကုန်သော စိတ်၊ စေတသိက်တရားတို့အား အချင်းချင်း သမ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြု၏။

**အာသေဝနပစ္စည်းဆိုင်ရာသိဖွယ်**

**(၁) ဇောသည်သာ အာသေဝနပစ္စည်းတပ်၍ ဝိပါက်သည် အာသေဝန ပစ္စည်း မတပ်နိုင်ခြင်း**

ကံ၏အစွမ်းကြောင့် အကျိုး၏အဖြစ်သို့ရောက်သော, ကံ၏အဟုန်သည် ပစ်ချအပ်သည်ဖြစ်၍ ကျသကဲ့သို့ဖြစ်၍ဖြစ်သော ဝိပါက်ဖြစ်သော အဗျာကတသည် မိမိ၏သဘောကိုယူ၍ အဖန်တလဲလဲထုံ၍ နောက်ဖြစ်သော ဝိပါက်အဗျာကတတရားကို မဖြစ်စေနိုင်၊ နောက်ဖြစ်သော ဝိပါက်အဗျာကတသည်လည်း ရှေး၌ဖြစ်သော ဝိပါက်၏ အာနုဘော်ကို ယူ၍လည်းမဖြစ်၊ ထို့ကြောင့် ဝိပါက်သည် အာသေဝနပစ္စည်း မတပ်နိုင်။

**(၂) အာဝဇ္ဇန်းဒွေးသည် အာသေဝနပစ္စည်း မတပ်နိုင်ခြင်း**

အဟိတ်ကြိယာတို့တွင် ဟသိတုပ္ပါဒ်တစ်ပါးကိုသာ အာသေဝနပစ္စည်း တပ်နိုင်၏ဟု မြတ်စွာဘုရား ဟောတော်မူ၍ ကြွင်းသော အာဝဇ္ဇန်းဒွေး ကို မဟောသောကြောင့် အာဝဇ္ဇန်းဒွေးသည် အာသေဝနပစ္စည်း မတပ်ပါ။

**(၃) ဇောတို့တွင်လည်း လောကီဇောသာ အာသေဝနပစ္စည်း တပ်၏**

လောကုတ္တရာဇောတို့၏ အာသေဝနပစ္စည်း တပ်သည်အဖြစ်ကို ပဋ္ဌာန်း၌ မြတ်စွာဘုရား ဟောတော်မမူသောကြောင့် ဖြစ်ပါသည်။

* မဂ်ဇောသည် ပြားသောဓာတ်ရှိသော ဖိုလ်ဇော၏ ရှေ့သွားဖြစ်သော ကြောင့်၊ ထိုဖိုလ်ဇောကို အာသေဝနသတ္တိကို မယူစေနိုင်။
* ဖိုလ်ဇောသည် ဇော၏အစွမ်းဖြင့်ဖြစ်သော်လည်း ဝိပါက်အဗျာကတ တရားဖြစ်၍ အာသေဝနသတ္တိကို မယူနိုင်၊ တစ်ပါးသောဝိပါက် ဖြစ်သော ဇောကိုလည်း မယူစေနိုင်။

**(၄) ဂေါတြဘူ၊ ဝေါဒါန်တို့သည် မဂ်ဇောအား အာသေဝနပစ္စည်း တပ်နိုင်ခြင်း**

မဂ္ဂဝီထိ၌ ဂေါတြဘူ၊ ဝေါဒါန်တို့သည် မဂ်ဇောအား အာသေဝန ပစ္စည်း တပ်နိုင်သော ဇောအဖြစ် ယူရခြင်းမှာ ဘုံအစရှိသည်တို့၏ အစွမ်းဖြင့် ဇာတ်ကွဲပြားခြင်းကို အာသေဝနပစ္စည်းအရာ၌ အလိုမရှိအပ် သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့်သာလျှင် ပဋ္ဌာန်း၌ "ဂေါတြဘု မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော၊ ဝေါဒါနံ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော"ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏။

**သမ္ပယုတ္တပစ္စည်းဆိုင်ရာသိဖွယ်**

ဧကုပ္ပါဒ အစရှိသော လေးပါးသော သမ္ပယောဂလက္ခဏာမရှိခြင်းကြောင့် စိတ်နှင့်တကွဖြစ်ကုန်သော်လည်း ရုပ်တရားတို့၏ သမ္ပယုတ္တပစ္စည်းအဖြစ်သည် မရှိ။

## ၂။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုပုံ ၅–ပစ္စည်း

နာမ်သည် နာမ်ရုပ်အား ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါက ဤ ၅–ပစ္စည်းဖြင့် ကျေးဇူးပြု၏။

**ကျေးဇူးပြုပုံမှာ**

**(၁) ဟေတုပစ္စည်း၊ ဈာနပစ္စည်း၊ မဂ္ဂပစ္စည်းတရားတို့သည်**

ကမ္မဇရုပ်တို့အားလည်းကောင်း၊ ပဝတ္တိအခါ၌ စိတ္တဇရုပ်တို့အား လည်းကောင်း၊ ပဋိသန္ဓေ ပဝတ္တိအခါ ၂–ပါးစုံ၌ တကွဖြစ်ဘက် နာမ်ရုပ်တို့ အားလည်းကောင်း ဟေတုသတ္တိ၊ ဈာနသတ္တိ၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြု၏။

**(၂) သဟဇာတကမ္မပစ္စည်းအရ**

(ပဝတ္တိအခါ) စိတ် ၈၉–ပါးနှင့်ယှဉ်သော စေတနာသည် မိမိနှင့် အတူတကွဖြစ်သော နာမ်တို့အားလည်းကောင်း

(ပဋိသန္ဓေအခါ) ပဋိသန္ဓေစိတ်နှင့်တကွဖြစ်သော စေတနာသည် ကမ္မဇရုပ်အားလည်းကောင်း

(ပဝတ္တိအခါ) ရုပ်ကိုဖြစ်စေနိုင်သောစိတ်နှင့်တကွဖြစ်သော စေတနာသည် စိတ္တဇရုပ်အားလည်းကောင်း သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။

**နာနာက္ခဏိက ကမ္မပစ္စည်းအရ**

အထူးထူးသောကာလ၌တည်သော အတိတ်ဘဝ၌ဖြစ်သော ကုသိုလ်, အကုသိုလ်စေတနာ ၃၃–ပါးသည် ထံကြောင့်ဖြစ်ကုန်သော ဝိပါက်စိတ် ၃၆–ပါး နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်စသော နာမ်ရုပ် တို့အား နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။

## (၃) ဝိပါကပစ္စည်းအရ

ဝိပါက်စိတ် ၃၆–ပါး နာမက္ခန္ဓာ ၄–ပါးတို့သည် ဝိပါက်အချင်းချင်း အား လည်းကောင်း၊ ဝိပါက်နှင့်အတူဖြစ်ကုန်သော ဝိညတ်ခွေးကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဝိပါကသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

**ဝိပါကက္ခန္ဓာဟူသည်**

ဝိပါကက္ခန္ဓာအရ ဝိပါက်နာမ်ခန္ဓာကိုသာ ယူရ၏၊ ကမ္မဇရုပ်တရားကို မယူရပါ။

အဘယ့်ကြောင့် နာမ်ခန္ဓာကိုသာ ယူအပ်သနည်းဟု မူ – ထံကြောင့် ဖြစ်ရသော်လည်း ကမ္မဇရုပ်သည် ဝိပါက်ဟူသော အမည်ကို မရနိုင်သောကြောင့် ဖြစ်ပါသည်။

**ကမ္မဇရုပ်သည် ဝိပါကဟူသော အမည်ကို မရနိုင်ခြင်း**

နာမ်တရား၏အဖြစ်ဖြင့်လည်းကောင်း၊ အာရုံကို ယူတတ်သောတရား ၏ အဖြစ်ဖြင့်လည်းကောင်း၊ ထံနှင့်တူသော နာမ်တရားတို့၌သာ

"ဝိပါက" သဒ္ဒါသည် ထင်ရှားသောကြောင့်၊ ကမ္မဇရုပ်သည် ကံကြောင့် ဖြစ်သော်လည်း ဝိပါကဟူသော အမည်ကို မရနိုင်ပါ။

## ၃။ နာမ်သည် ရုပ်အား ကျေးဇူးပြုပုံ ၁–ပစ္စည်း

နာမ်သည် ရုပ်အား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

**ကျေးဇူးပြုပုံ**

နောက်နောက်၌ဖြစ်ကုန်သော စိတ်စေတသိက်ဖြစ်ကုန်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်ဆဲဖြစ်နေ အရူပဝိပါက် ၄–ခုကြဉ်သော ပဌမဘဝင်အစရှိသော နောက်နောက်သော စိတ် ၈၅–ခု၊ စေတသိက် ၅၂–ပါး နာမက္ခန္ဓာတို့သည် ရှေးရှေး၌ဖြစ်သော ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

**မေး** – 'နောက်မှဖြစ်သောပစ္စည်းတရားက ရှေ့၌ဖြစ်သော ပစ္စယုပ္ပန်တရားကို ကျေးဇူးပြုသည်' ဆိုရာ၌ ပစ္စယုပ္ပန်တရားက အလျှင်ဖြစ်ပါလျက် နောက်မှ ဖြစ်သော ပစ္စည်းတရားက ကျေးဇူးပြုနိုင်သည်၏ အဖြစ်သည် အဘယ်သို့ ဖြစ်နိုင်ပါမည်နည်း?

**ဖြေ** – နောက်မှဖြစ်သော ပစ္စည်းတရားက ရှေ့၌ဖြစ်သော ပစ္စယုပ္ပန်ရူပကာယကို ဖြစ်အောင်ကျေးဇူးပြုသည် မဟုတ်၊ (မိမိဖြစ်သောအခါ ဌီအခိုက်မှာ တည်ရှိနေသော ရူပကာယအစဉ်အဆက် ) ထိုရုပ်ကို ဆက်လက်တည်တံ့အောင် ထောက်ပံ့ခြင်းသာ ဖြစ်၏။ ထိုသို့ ထောက်ပံ့ခြင်းသည်သာလျှင် ပစ္ဆာဇာတပစ္စည်း၏ ကိစ္စဗျာပါရ ဖြစ်သောကြောင့် "နောက်မှဖြစ်သော ပစ္စည်းတရားက ရှေ့၌ဖြစ်သော ပစ္စယုပ္ပန်တရားကို ကျေးဇူးပြုသည်" ဆိုသော စကားသည် ဖြစ်နိုင်သည်သာ။

## ၄။ ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ ၁–ပစ္စည်း

ရုပ်သည် နာမ်အား ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

**ကျေးဇူးပြုပုံ**

(၁) ဝတ္ထုရုပ် ၆–ပါးတို့သည် (မဇ္ဈိမာယုကဖြစ်၍ အတီတဘွင် ၁–ချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ပ။ ကာယဝတ္ထု၊ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိမှပြန်၍ ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ၆–ပါးသော ဝတ္ထုရုပ်တို့သည်) ပဝတ္တိအခါ၌ ၇–ပါးကုန်သော ဝိညာဏဓာတ်တို့အား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

(၂) အာရုံ ၅–ပါးတို့သည် ပဉ္စဝိညာဏဝီထိအား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

**ပဝတ္တိအခါ၌သာ ကျေးဇူးပြုနိုင်ခြင်း**

ဝတ္ထုရုပ် ၆–ပါးသည် ဝိညာဏဓာတ်နာမ်တရားအား ပဋိသန္ဓေအခါ၌ ကျေးဇူးမပြုနိုင်ဘဲ ပဝတ္တိအခါ၌သာ ကျေးဇူးပြုနိုင်၏။ အကြောင်းမှာ –

(က) ပဋိသန္ဓေအခါ၌ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထုရုပ် ၄–ပါးတို့ မဖြစ်သင့်သောကြောင့်၊

(ခ) ပဋိသန္ဓေအခါ၌ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့၌ ကာယဝတ္ထု၊ ပဋိသန္ဓေအခါ၌ သံသေဒဇ၊ ဥပပါတ်ပုဂ္ဂိုလ်တို့အား စက္ခုစသော ဝတ္ထုရုပ် ၅–ပါးတို့ ရှိသော်လည်း၊ ပဋိသန္ဓေခဏ၌ ထိုဝတ္ထုရုပ်တို့သည် စက္ခုဝိညာဏ်စသည့် ဝိညာဏ် ၅–ပါးတို့အား ပုရေဇာတပစ္စည်းအဖြစ် ကျေးဇူးမပြုနိုင်ခြင်းကြောင့်၊

(ဂ) ဟဒယဝတ္ထုသည်လည်း ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွ ဖြစ်နေရသဖြင့် ပုရေဇာတအဖြစ် မရှိသောကြောင့် ဖြစ်ပါသည်။

## ၅။ ပညတ်–နာမ်–ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ ၂–ပစ္စည်း

ပညတ်–နာမ်–ရုပ်သည် နာမ်အား အာရမ္မဏ၊ ဥပနိဿယ ဤ ၂–ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၁) **အာရမ္မဏပစ္စည်းအရ**–ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဖြစ်သော စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ ရုပ် ၂၈–ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်ဟူသော (ပညတ် နာမ် ရုပ်) ပစ္စည်းတရားသည် စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါးတည်းဟူသော (နာမ်) ပစ္စယုပ္ပန်တရားတို့ အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) **ဥပနိဿယပစ္စည်း**

ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယပစ္စည်း၊ အနန္တရူပနိဿယပစ္စည်း၊ ပကတူပနိဿယပစ္စည်း ဟူ၍ ၃–ပါးအပြားရှိ၏။

**(က) အာရမ္မဏူပနိဿယပစ္စည်း**

အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈–ပါး၊ ဒေါသမူ‌ဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ် သော စိတ် ၈၄–ပါး၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၄၇–ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆–ပါး (နာမ်–ရုပ်)ပစ္စည်းတရားသည် စိတ်, စေတသိက် (နာမ်) ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(အာရမ္မဏူပနိဿယပစ္စည်းနှင့် အာရမ္မဏာဓိပတိပစ္စည်းအရ ကောက်တူ၏)

**အာရမ္မဏာဓိပတိပစ္စည်းနှင့် အာရမ္မဏူပနိဿယပစ္စည်း (အထူး)**

အာရမ္မဏာဓိပတိပစ္စည်း = အာရုံကို အလေးအမြတ် ပြုအပ်သည်၏အဖြစ်မျှဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏာဓိပတိပစ္စည်း မည်၏။

အာရမ္မဏူပနိဿယပစ္စည်း = အလေးအမြတ်ပြုအပ်သည်၏အဖြစ်တွင် လွန်ကဲအားကြီးသော အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏူပနိဿယပစ္စည်း မည်၏။

**( ခ ) အနန္တရူပနိဿယပစ္စည်း**

အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်, စေတသိက်ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိကြဉ်သော စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး (နာမ်)ပစ္စည်းတရားသည် စိတ်၊ စေတသိက် (နာမ်) ပစ္စယုပ္ပန်တရားတို့အား အနန္တရူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(အနန္တရူပနိဿယပစ္စည်းနှင့် အနန္တရပစ္စည်း အရကောက်တူ၏)

**အနန္တရနှင့် အနန္တရူပနိဿယပစ္စည်း (အထူး)**

အနန္တရပစ္စည်း = မိမိ၏အခြားမဲ့၌ လျောက်ပတ်သော စိတ်-စေတသိက်တို့ကို ဖြစ်စေရန် ကျေးဇူးပြုခြင်းသည် အနန္တရပစ္စည်း မည်၏။

အနန္တရူပနိဿယပစ္စည်း = နောက်စိတ်တို့အား ဖြစ်ပေါ်စေရန် အားကြီးသောအကြောင်း၏ အစွမ်းဖြင့် ကျေးဇူးပြုခြင်းသည် အနန္တရူပနိဿယပစ္စည်း မည်၏။

**( ဂ ) ပကတူပနိဿယပစ္စည်း**

အာရမ္မဏူပနိဿယ, အနန္တရူပနိဿယတို့နှင့် မရောသော မိမိသဘောအားဖြင့်သာလျှင် အားကြီးလွန်ကဲသော အကြောင်း

ဖြစ်သော ပစ္စည်းသည် ပကတူပနိဿယပစ္စည်းမည်၏၊ တစ်နည်း – အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌ ပြီးစေအပ်သည်ဖြစ်၍ အဖန်တလဲလဲ မှီဝဲအပ်သော အားကြီးလွန်ကဲသော အကြောင်းသည် ပကတူပနိဿယပစ္စည်း မည်၏။

**ပကတူပနိဿယပစ္စည်းအရ –**

(၁) အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော သဒ္ဓါ, သီလစသော ကုသိုလ်တရားများ၊ ရာဂ,ဒေါသစသော အကုသိုလ်တရားများ၊ ကိုယ်၌ဖြစ်သော သုခ,ဒုက္ခတရားများ၊ ဥတု–ဘောဇန–ပုဂ္ဂလ–သေနာသန ဤ (ပညတ်၊ နာမ်၊ ရုပ်)ပစ္စည်းတရားတို့သည် ထိုက်သည့်အားလျော်စွာ အဇ္ဈတ္တဗဟိဒ္ဓသန္တာန်၌ ကုသိုလ်စသော (နာမ်) ပစ္စယုပ္ပန်တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) ဗလဝဖြစ်သော (အားကြီးသော) ကုသိုလ်–အကုသိုလ်ကံ (နာမ်)ပစ္စည်းတရားတို့သည်လည်း ဝိပါက်နာမက္ခန္ဓာ (နာမ်) ပစ္စယုပ္ပန်တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပကတူပနိဿယပစ္စည်းဖြစ်ပုံ**

မိမိ၏ ရာဂစသောတရား, သဒ္ဓါစသောတရားတို့သည် မိမိ၏ ကုသိုလ်စသောတရားတို့၏ မှီရာဖြစ်၏။

မိမိ၏ သဒ္ဓါစသောတရားတို့သည် သူတစ်ပါးတို့၏ ကုသိုလ်တရားတို့၏ မှီရာဖြစ်၏။ (ဖြစ်ပုံမှာ မိမိ = မိတ်ဆွေကောင်း၏ သဒ္ဓါစသောတရားကို အမှီပြု၍ သူတစ်ပါးတို့ ကုသိုလ်ပြုသောအခါမျိုး၌ ဖြစ်၏)

**ရာဂစသည်တို့ကြောင့် ဒါနစသောကုသိုလ်တရားများ အဆင့်ဆင့်ဖြစ်ပုံ**

ကာမရာဂစသည်တို့ကို မှီ၍ ကာမဘဝ စသည်တို့၌ဖြစ်ခြင်း အကျိုးငှာလည်းကောင်း၊ ရာဂစသည်တို့ ငြိမ်းအေးခြင်းအကျိုးငှာ လည်းကောင်း၊ ဒါန, သီလ, ဥပေါသထ, ဈာန်, အဘိညာဉ်, ဝိပဿနာ, မဂ်ကို ပွားစေလျှင် ရာဂစသည်တို့ကြောင့် ဒါနစသော ကုသိုလ်တရားများ အဆင့်ဆင့်ဖြစ်ကြပါသည်။

**ရာဂစသည်တို့ကြောင့် အဆင့်ဆင့် ရာဂစသည်တို့ဖြစ်ပုံ**

အောက်အောက်၌ဖြစ်ကုန်သော ရာဂစသော အကုသိုလ် တရားများကို အမှီပြု၍ အထက်အထက်၌ဖြစ်ကုန်သော ရာဂ စသော အကုသိုလ်တရားများ ဖြစ်ကုန်၏။

**ရာဂစသည်တို့သည် ကုသိုလ်တို့အား ကျေးဇူးပြုနိုင်ခြင်း**

အကြင်အကြင် အကြောင်းကို မှီ၍ အကြင်အကြင် အကျိုး သည် ဖြစ်၏၊ ထိုထိုမှီရာဖြစ်သောအကြောင်းသည် ထိုထိုမှီတတ် သောအကျိုး၏ အားကြီးသောမှီရာအကြောင်း (ပကတူပနိဿယ) ဖြစ်သောကြောင့် ရာဂအစရှိသည်တို့ကို မှီ၍ ဒါနအစရှိသည် တို့လည်း ဖြစ်သင့်ရကား – ရာဂအစရှိသည်တို့သည် ဝိသဘာဂ ဖြစ်သော ဒါနစသည်တို့၏လည်း ဥပနိဿယပစ္စည်း ဖြစ်နိုင်ကြ ပါသည်။

**"ပစ္စယမဟာပဒေသ" ဟူသည်**

ပကတူပနိဿယပစ္စည်းကို ဆိုလို၏၊ များပြားသော အစိတ် အပိုင်းရှိသောပစ္စည်း = အရာကျယ်သောပစ္စည်း ဟု ဆိုလို၏။

## ၆။ နာမ်ရုပ်သည် နာမ်ရုပ်အား ကျေးဇူးပြုပုံ ၉–ပစ္စည်း

နာမ်ရုပ်သည် နာမ်ရုပ်အား အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ–ဟုဆိုအပ်သော ၉–ပစ္စည်း ဖြင့် ကျေးဇူးပြု၏။

**ကျေးဇူးပြုပုံ**

(၁) **အဓိပတိပစ္စည်း**သည် အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိဟု ၂–ပါး အပြားရှိ၏။

**(က) အာရမ္မဏာဓိပတိပစ္စည်း**

- အလွန်နှစ်သက်ဖွယ်ဖြစ်သော ရုပ်–နာမ်တရား၊
- [ အလေးအမြတ်ပြုအပ်သော (ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော) စိတ် ၈၄–ပါး၊ (ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်သော) စေတသိက် ၄၇–ပါး၊ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈–ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ၆–ပါး။ ]

**အာရမ္မဏာဓိပတိပစ္စယုပ္ပန်**

- အလွန်နှစ်သက်ဖွယ်ဖြစ်သော ရုပ်နာမ်တရားတို့ကို အာရုံပြု၍ ဖြစ်ကုန်သော စိတ်စေတသိက် (နာမ်)တရား၊
- [ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈–ပါး၊ မဟာကုသိုလ်စိတ် ၈–ပါး၊ မဟာကြိယာဉာဏ်သံ ၄–ပါး၊ လောကုတ္တရာစိတ် ၈–ပါးတည်းဟူသော ဇောစိတ် ၂၈–ပါး၊ (ဒေါသ, ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ,အပ္ပမညာကြဉ်သော) စေတသိက် ၄၅–ပါး နာမက္ခန္ဓာတရား။ ]

**(ခ) သဟဇာတာဓိပတိပစ္စည်း**

- ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသဟူသော အဓိပတိတရား ၄–ပါးသည် ပစ္စယုပ္ပန်တရားနှင့်တကွဖြစ်သောကြောင့် သဟဇာတာဓိပတိ ပစ္စည်း မည်၏။

– [ အဓိပတိတပ်ခိုက်,တပ်နေ (မောဟမူဒွေး,ဟသိတုပ္ပါဒ်ကြဉ်သော) သာဓိပတိဇော ၅၂–ပါး၌ရှိသော ဆန္ဒ,စိတ္တ,ဝီရိယနှင့် ဝီမံသ အဓိပတိတရား ၄–ပါး။ ]

**သဟဇာတာဓိပတိပစ္စယုပ္ပန်**

– အဓိပတိတရား ၄–ပါးကြောင့်ဖြစ်ကုန်သော စိတ်,စေတသိက်, စိတ္တဇရုပ်တရားများ။

– [ တကွဖြစ်ကုန်သော အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇောစိတ် ၅၂–ပါး၊ (ဝိစိကိစ္ဆာကြဉ်သော) စေတသိက် ၅၁–ပါး၊ သာဓိပတိစိတ္တဇရုပ်။ ]

(၂) **သဟဇာတပစ္စည်း**သည်

| <u>ပစ္စည်း</u> | <u>ပစ္စယုပ္ပန်</u> |
|---|---|
| (က) စိတ်–စေတသိက်(နာမ်) တရားတို့က | တကွဖြစ်သော စိတ်–စေတသိက်(နာမ်)တရားနှင့် စိတ္တဇရုပ်တို့အား–––ကျေးဇူးပြုသော သဟဇာတပစ္စည်း၊ |
| (ခ) မဟာဘုတ် ၄–ပါး(ရုပ်) တရားက | အချင်းချင်းဖြစ်သော မဟာဘုတ်ရုပ်အားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း၊ ကျေးဇူးပြုသော သဟဇာတပစ္စည်း၊ |
| (ဂ) ပဋိသန္ဓေအခါ၌ ပဋိသန္ဓေဝိပါက်စိတ်–စေတသိက်(နာမ်)သည် | အချင်းချင်းဖြစ်သော ဝိပါက်စိတ်–စေတသိက်(နာမ်)အားလည်းကောင်း၊ ဟဒယဝတ္ထုရုပ်အားလည်းကောင်း၊ ကျေးဇူးပြုသော သဟဇာတပစ္စည်း၊ |

ဟူ၍ သဟဇာတပစ္စည်း ၃–မျိုးရှိ၏။

(၃) **အညမညပစ္စည်း**ဟူသည် အချင်းချင်းအပြန်အလှန် ထောက်ပံ့ကျေးဇူး ပြုနိုင်သောပစ္စည်းတို့၌သာ ဖြစ်နိုင်သည်၊ တကွဖြစ်ကာမျှဖြင့် အညမည ပစ္စည်း မတပ်နိုင်။

ထို့ကြောင့်–ပဝတ္တိအခါစိတ်,စေတသိက်နှင့် စိတ္တဇရုပ်တို့သည် တကွ ဖြစ်ကာမျှဖြစ်၍ အညမညပစ္စည်း မဖြစ်နိုင်ကုန်၊ (သဟဇာတပစ္စည်း မျှသာ ဖြစ်ကုန်၏) ထို့အတူ–မဟာဘုတ်နှင့် ဥပါဒါရုပ်တို့သည်လည်း အချင်းချင်း အပြန်အလှန်ကျေးဇူးမပြုနိုင်၊ တကွဖြစ်ကာမျှသာဖြစ်၍ အညမညပစ္စည်း မတပ် (သဟဇာတပစ္စည်းမျှသာဖြစ်၏။)

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| (က) စိတ်–စေတသိက်(နာမ်) တရားတို့သည် | အချင်းချင်းဖြစ်သောစိတ်–စေတသိက်(နာမ်) တရားတို့အားလည်းကောင်း၊ |
| (ခ) မဟာဘုတ်ရုပ် ၄–ပါး တို့သည် | အချင်းချင်းဖြစ်သော မဟာဘုတ်ရုပ်အား လည်းကောင်း၊ |
| (ဂ) ပဋိသန္ဓေအခါ၌ ပဋိသန္ဓေဝိပါက်စိတ်– စေတသိက်(နာမ်)တရား သည် | အချင်းချင်းဖြစ်သော ဝိပါက်စိတ်,စေတသိက် အားလည်းကောင်း၊ ဟဒယဝတ္ထုရုပ်အားလည်းကောင်း၊ |

အညမညသတ္တိဖြင့် ကျေးဇူးပြုပုံ ၃–မျိုးရှိ၏။

မှတ်ချက်။ ။ နာမ်တရားက ရုပ်တရားအား အညမညသတ္တိဖြင့် ကျေးဇူးပြုမှုဟူသည် ဤပဋိသန္ဓေစိတ်,စေတသိက်နှင့် ဟဒယဝတ္ထုရုပ်ကို ရည်၍ ဆိုခြင်း ဖြစ်ပါသည်။

(၄) **နိဿယပစ္စည်း**သည် သဟဇာတနိဿယ၊ ပုရေဇာတနိဿယဟူ၍ ၂–ပါး အပြားရှိ၏။

(၁) သဟဇာတနိဿယသည် သဟဇာတနှင့် အလုံးစုံတူ၏။

(၂) ပုရေဇာတနိဿယသည် (က) ဝတ္ထုပုရေဇာတနိဿယ
(ခ) ဝတ္ထာရမ္မဏပုရေဇာတနိဿယ
ဟူ၍ ၂–ပါးရှိ၏။

| | | |
|---|---|---|
| (က) ဝတ္ထုပုနိဿယပစ္စည်း | = | ပဝတ္တိအခါ ဝတ္ထုရုပ် ၆–ပါး၊ |
| ဝတ္ထုပုရေဇာတနိဿယ ပစ္စယုပ္ပန် | = | ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ (အရူပဝိပါက် ၄–ပါး ကြဉ်သော) ဝိညာဏဓာတ် ၇–ပါးဟု ဆိုအပ်သော စိတ် ၈၅–ပါး၊ စေတသိက် ၅၂–ပါး၊ |
| (ခ) ဝတ္ထာရမ္မဏပုရေဇာတ နိဿယပစ္စည်း | = | မရဏာသန္နအခါ စုတိစိတ်မှ ပြန်ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ |
| ဝတ္ထာရမ္မဏပုရေဇာတ နိဿယပစ္စယုပ္ပန် | = | မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ ၁၁၊ (ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ၊ ဝိရတီ ၃၊ အပ္ပမညာ ၂ ကြဉ်သော) စေတသိက် ၄၄ ပါး၊ |

**(၅) အာဟာရပစ္စည်းသည် ရုပ်အာဟာရပစ္စည်း၊ နာမ်အာဟာရပစ္စည်းဟူ၍ ၂–ပါးအပြားရှိ၏။**

(၁) ရုပ်အာဟာရပစ္စည်း၌ = အလုပ်အလွေးပြု၍ စားမျိုအပ်သော အစာအာဟာရ၌ပါသော ဗဟိဒ္ဓသြဇာသည်–အဇ္ဈတ္တရှိစတုသမုဋ္ဌာနိကသြဇာနှင့် ပေါင်းဆုံမိရာ အချင်းချင်း၌သို့ အရောက်၌–အာဟာရဇရုပ်များကို ဖြစ်ပွားစေခြင်းဖြင့် ကျေးဇူးပြု၏။

(၂) နာမ်အာဟာရပစ္စည်း၌ = ဖဿ,စေတနာ,ဝိညာဏ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃–ပါးတို့သည်–တကွဖြစ်ကုန်သော စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား နာမ်အာဟာရသတ္တိဖြင့် ကျေးဇူးပြု၏။

**"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ– သတ္တဝါအားလုံး အာဟာရနှင့် စပ်၍ တည်၏" ဟူသောစကား၌ သဗ္ဗေသတ္တာအရတွင် အသညသတ် သတ္တဝါ ပါနိုင်–မပါနိုင်။**

အာဟာရပစ္စည်းတွင် နာမ်အာဟာရဖြင့် ကျေးဇူးပြုရာ၌ –

(က) 'နာမ်အာဟာရတရားတို့သည် တကွဖြစ်သော နာမ်ရုပ်တို့အား အာဟာရပစ္စည်းဖြင့် ကျေးဇူးပြု၏'ဟု ဘုရားရှင်ဟောကြားတော်မူ၏။

(ခ) 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ–သတ္တဝါအားလုံး အာဟာရနှင့် စပ်၍ တည်ကြ၏'ဟု ဘုရားရှင် ဟောကြားထားပြန်၏။

ထိုစကားနှစ်ရပ်တွင် (သဗ္ဗေသတ္တာ) သတ္တဝါအားလုံး၌ အသညသတ် သတ္တဝါသည် ရုပ်သက်သက်သတ္တဝါဖြစ်၍ နာမ်မရှိသောကြောင့် နာမ်အာဟာရ

ဖြင့် ကျေးဇူးမပြုနိုင်၊ ထို့ကြောင့် သဗ္ဗသတ္တာအရတွင် အသညသတ်သတ္တဝါ မပါဝင်နိုင်ဟု ဆိုကြ၏။

ဘုရားရှင်တို့၏စကားသည် လွဲမှားသည်ဟူ၍မရှိ---အသညသတ်သတ္တဝါသည် ရုပ်ချည်းသက်သက်ဖြစ်၍ လောလောဆယ်ပစ္စုပ္ပန်ကာလ၌ဖြစ်သော နာမ်အာဟာရပစ္စည်းအနေဖြင့် ကျေးဇူးမပြုနိုင်သော်လည်း–အသညသတ်သတ္တဝါ ဖြစ်လာအောင် အတိတ်က မနောသဉ္စေတနာဟာရ၏ အစွမ်းဖြင့်ဖြစ်သော ကံ၊ ထိုကံနှင့်တကွဖြစ်ကုန်သော ဖဿာဟာရ, ဝိညာဏာဟာရတို့၏ နာနာ–က္ခဏိကကမ္မပစ္စည်း၊ ပကတူပနိဿယပစ္စည်းနှစ်ပါးတို့ဖြင့် ကျေးဇူးပြုမှုဖြင့် ဖြစ်လာရခြင်းဖြစ်၍ အတိတ်နာမ်အာဟာရ၏ ကျေးဇူးပြုမှု မကင်းပေ။

ထိုအတိတ်နာမ်အာဟာရအကြောင်းကိုရည်၍ ဟောတော်မူခြင်းဖြစ်သည်၊ ပစ္စုပ္ပန်နာမ် အာဟာရဖြင့် ကျေးဇူးပြုခြင်းကို ရည်၍ ဟောတော်မူခြင်း မဟုတ်ပါ။

ထို့ကြောင့် "သတ္တဝါအားလုံးပင် အာဟာရနှင့်စပ်၍တည်၏" ဟူသော သဗ္ဗသတ္တာအရတွင် အသညသတ်သတ္တဝါလည်း ပါဝင်လျက် ရှိပါသည်။

**(၆) ဣန္ဒြိယပစ္စည်းသည်** – ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ၊ သဟဇာတိန္ဒြိယ ဟူ၍ ၃–ပါး အပြား ရှိ၏။

(၁) ပုရေဇာတိန္ဒြိယ (ဝတ္ထုပုရေဇာတိန္ဒြိယ) – အရ စက္ခုပသာဒ–စသော ဝတ္ထုရုပ် ၅–ပါး တို့သည် စက္ခုဝိညာဏ်စသော ဝိညာဏဓာတ် ၅–ပါး တို့အား ပုရေဇာတိန္ဒြိယ (ဝတ္ထုပုရေ–ဇာတိန္ဒြိယ) သတ္တိဖြင့် ကျေးဇူးပြု၏။

(၂) ရူပဇီဝိတိန္ဒြိယ – အရ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားသည် ရုပ်ဇီဝိတ ကြဉ်သော ကလာပ်တူဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား ရူပဇီဝိတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၃) သဟဇာတိန္ဒြိယ – အရ ဇီဝိတ၊ စိတ်၊ ဝေဒနာ စသော နာမ်ဣန္ဒြေ တရားကိုယ် ၈–ပါးတို့သည် တကွဖြစ်သော စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဘာဝရုပ် ၂–ပါးသည် ဣန္ဒြေမည်လျက် ဣန္ဒြိယပစ္စည်း မထိုက်ခြင်း**

ရုပ်ဣန္ဒြိယပစ္စည်းတရားတွင် (ပသာဒရုပ်) ပသာဒိန္ဒြေ ၅–ပါးနှင့် (ဇီဝိတရုပ်) ရုပ်ဇီဝိတိန္ဒြေတို့သာ ပါဝင်ပြီး ဣတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေတို့ မပါဝင်ပါ၊ ယင်းနှစ်ပါးသည် လိင်္ဂအစရှိသည်တို့ကို အစိုးတရ မိမိသို့ အစဉ်လိုက်စေသော်လည်း ဣန္ဒြိယပစ္စည်းအဖြစ်ဖြင့် မိမိသို့ အစဉ်လိုက်ပါစေခြင်း မဟုတ်ပေ။

ထင်ရှားစွာ ပြဆိုရပါမူ – (က) ရုပ်ဇီဝိတိန္ဒြေနှင့် (ခ) ကဗဠီကာရ–အာဟာရတို့သည် သဟဇာတ်ဖြစ်သော (က) ကမ္မဇရုပ် (ခ) စတုဇကာယ ရုပ်တို့အား (က) ဣန္ဒြိယသတ္တိ (ခ) အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြ၏၊ ထိုသဟဇာတ်ဖြစ်သော (က) ကမ္မဇရုပ် (ခ) စတုဇကာယရုပ်တို့အား အစဉ်စောင့်ရှောက်ခြင်း, ထောက်ပံ့နိုင်စေခြင်း အမှုကိုပြု၍ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသကဲ့သို့ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့သည် လိင်္ဂစသည်တို့အား ၂၄–ပါးသော ပစ္စည်းတို့တွင် တစ်စုံတစ်ခုသော ပစ္စယသတ္တိမျှဖြင့် ကျေးဇူးပြုခြင်း မရှိသောကြောင့် ဣန္ဒြိယပစ္စည်း မတပ်ပါ။

ထို့ကြောင့် ဣတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေတို့မှာ ဣန္ဒြေထိုက်သော်လည်း ဣန္ဒြိယပစ္စည်း မတပ်ကြခြင်းဖြစ်၏။

**ဣန္ဒြိယပစ္စည်း မတပ်သော်လည်း ဣန္ဒြေအမည်ရခြင်း**

ဘာဝရုပ် ၂-ပါးသည် လိင်္ဂစသည်အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးမပြုနိုင်သော်လည်း လိင်္ဂစသည်တို့အား မိမိအလိုသို့ လိုက်စေနိုင်ပါသည်၊ ဘာဝရုပ် ၂-ပါးသည် ယောကျ်ားမိန်းမဟူ၍ သိခြင်း၏အကြောင်းဖြစ်ခြင်း၊ ဣတ္ထိဘာဝရုပ်သည် မိမိခန္ဓာအစဉ်၌ ပုရိသလိင်္ဂစသော အခြင်းအရာတို့ကို ဖြစ်ခွင့်မပေးခြင်း၊ ပုမ္ဘာဝရုပ်သည်လည်း မိမိခန္ဓာအစဉ်၌ ဣတ္ထိလိင်္ဂစသော အခြင်းအရာတို့ကို ဖြစ်ခွင့်မပေးခြင်းတို့အပြင် မိမိနှင့် သက်ဆိုင်ရာ လိင်္ဂစသည်သို့သာ လိုက်စေသောအားဖြင့် အစိုးရသောကြောင့် ဣန္ဒြေအမည်ရကြပေသည်။

(၇) **ဝိပ္ပယုတ္တပစ္စည်းသည်** - သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ်ဟူ၍ သုံးပါးအပြားရှိ၏။

**(က) သဟဇာတဝိပ္ပယုတ်အရ** -

(၁) ပဋိသန္ဓေခဏ၌ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားသည်-ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) ပဉ္စဝေါကာရဘုံ၌ ဖြစ်ရိုက်ဖြစ်နေ (အရူပဝိပါက်-၄၊ ဒွေပဉ္စဝိညာဏ်-၁၀၊ ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော) စိတ် ၇၅-ပါး၊ စေတသိက် ၅၂-ပါးဟုဆိုအပ်သော ပဝတ္တိ၊ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့သည်-တကွဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

**( ခ ) ပုရေဇာတဝိပ္ပယုတ်သည်** – ပုရေဇာတပစ္စည်းနှင့်တူ၏။

(၁) ဝတ္ထုပုရေဇာတဝိပ္ပယုတ်

(၂) ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ် ဟူ၍ ၂–ပါးအပြားရှိ၏။

(၁) ဝတ္ထုပုရေဇာတဝိပ္ပယုတ် = ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတ နိဿယနှင့်တူ၏။

(၂) ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ်=ဝတ္ထာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယနှင့်တူ၏။

သို့ဖြစ်၍ **ပုရေဇာတဝိပ္ပယုတ်** အရ –

စက္ခုစသော ဝတ္ထုရုပ် ၆–ပါးသည် ပဝတ္တိအခါ စက္ခုဝိညာဏ်စသော ဝိညာဏဓာတ် ၇–ပါးအား ဝတ္ထုပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

**( ဂ ) ပစ္ဆာဇာတဝိပ္ပယုတ်သည်** – ပစ္ဆာဇာတပစ္စည်းနှင့်တူ၏။

ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ (အရူပဝိပါက် ၄–ပါးကြဉ်သော) ပဌမဘဝင်အစရှိသော နောက်နောက်သော စိတ် ၈၅–ပါး၊ စေတသိက် ၅၂–ပါး နာမက္ခန္ဓာတရားတို့သည် ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဋီသို့ရောက်သော (ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ) ရုပ်တရားတို့အား ပစ္ဆာဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

မှတ်ချက်။ ။ ဧကဇကာယ = ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်၊

ဒွိဇကာယ = ပဋိသန္ဓေစိတ်၏ ဋီခဏ၌ဖြစ်သော ကမ္မဇ၊ ဥတုဇရုပ်၊

တိဇကာယ = ပဋိသန္ဓေနောင် ပဌမ ဘဝင်စိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇ၊ ဥတုဇ၊ စိတ္တဇရုပ်

စတုဇကာယ = အာဟာရဇရုပ်ဖြစ်ပေါ်သောအခါ၌ ရှိသော ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ၊ အာဟာရဇရုပ်၊

**ဝိပ္ပယုတ္တပစ္စည်းအဖြစ် ဟောတော်မူသောတရားနှင့် ဟောတော်မမူသောတရား**

မြတ်စွာဘုရားသည် ယုံမှားသက်ာရှိရာ၌သာ ဝိပ္ပယုတ္တပစ္စည်းကို ဟောတော်မူသောကြောင့် နာမက္ခန္ဓာ ၄-ပါးနှင့် စက္ခုစသောဝတ္ထုရုပ်တို့သည် ယှဉ်လေသလော မယှဉ်လေသလောဟု ယုံမှားဖွယ်ရှိသောကြောင့် မယှဉ်သည်၏အဖြစ် ထင်ရှားစိမ့်သောငှာ ဝိပ္ပယုတ္တပစ္စည်းကို ဟောတော်မူပါသည်။

ရူပါရုံစသောရုပ်တို့သည်ကား-စက္ခုဝိညာဏ် စသည်တို့နှင့် ဝိပ္ပယုတ်ကား ဖြစ်၏၊ သို့သော်လည်း သမ္ပယုတ်လေလောဟု ယုံမှားသက်ာ မရှိသောကြောင့် ဝိပ္ပယုတ္တပစ္စည်းအရ၌ မကောက်ရပါ။

ထို့အတူ ရုပ်နှင့် ရုပ်ချင်းတရားတို့သည်လည်း ဝိပ္ပယုတ်ကေန်ဖြစ်၍ သမ္ပယုတ်လေလောဟု ယုံမှားဖွယ်မရှိသောကြောင့် ဝိပ္ပယုတ္တပစ္စည်း၌ မဟောအပ်ကုန်။

**(၈) အတ္ထိပစ္စည်းနှင့် (၉) အဝိဂတပစ္စည်းတို့သည် -**

(၁) သုံးပါးအပြားရှိသော သဟဇာတပစ္စည်း သဘောအားဖြင့်လည်းကောင်း၊ (သဟဇာတတ္ထိ၊ သဟဇာတာဝိဂတ)

(၂) နှစ်ပါးအပြားရှိသော ပုရေဇာတပစ္စည်း သဘောအားဖြင့်လည်းကောင်း၊ (ပုရေဇာတတ္ထိ၊ ပုရေဇာတာဝိဂတ)

(၃) တစ်ပါးအပြားရှိသော ပစ္ဆာဇာတပစ္စည်း သဘောအားဖြင့်လည်းကောင်း၊ (ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတာဝိဂတ)

(၄) အာဟာရတို့တွင် ကဗဠီကာရအာဟာရလည်းကောင်း၊ (ရူပအာဟာရတ္ထိ၊ ရူပအာဟာရာဝိဂတ)

(၅) ရုပ်ဇီဝိတိန္ဒြေလည်းကောင်း၊ (ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယာဝိဂတ) အားဖြင့် ငါးပါးအပြားရှိ၏။

ငါးပါးအပြားရှိသော ဤပစ္စည်းတို့သည် ထင်ရှားရှိသောသဘော ဖြစ်သော အတ္ထိသတ္တိဖြင့် ထိုသို့ ပစ္စယုပ္ပန်သဘော ရှိသည်သာဖြစ်သော တရားတို့ကို ထောက်ပံ့ခိုင်စေတတ်သည်အဖြစ်ကြောင့် အတ္ထိပစ္စည်းလည်း မည်၏။ အဝိဂတပစ္စည်းလည်းမည်၏။

**နိဗ္ဗာန်မှာ အတ္ထိ–အဝိဂတပစ္စည်း မရှိပုံ**

အတ္ထိပစ္စည်းဟူသည် ထင်ရှားရှိသောအခါ ပစ္စည်းထိုက်၍ ထင်ရှား မရှိသောအခါ ပစ္စည်းမထိုက်သော တရားဖြစ်သည်၊ နိဗ္ဗာန်ကား ထိုကဲ့သို့ ၂–မျိုး မရ၊ ပရမတ္ထအားဖြင့် အမြဲထင်ရှားရှိနေသောကြောင့် အတ္ထိပစ္စည်း မဖြစ်ထိုက်။ (အဝိဂတပစ္စည်း မထိုက်ပုံလည်း နည်းတူသိပါ။)

(တစ်နည်း)

ပစ္စည်းတစ်ခု၏ သတ္တိသည် အခြားသောဆန့်ကျင်ဘက်ပစ္စည်း၏ သတ္တိကို ထောက်စာလျှင် သာ၍ ထင်ရှား၏၊ အတ္ထိသတ္တိသည် နတ္ထိပစ္စည်း၏ သတ္တိနှင့် ဆန့်ကျင်ဘက်ဖြစ်၏၊ နတ္ထိသဘောကား ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှားရှိပြီးနောက် ချုပ်ပျောက်၍ မရှိခြင်းသဘောပင်ဖြစ်၏၊ နိဗ္ဗာန်မှာ ထိုကဲ့သို့သော နတ္ထိသတ္တိမရှိရကား နတ္ထိသတ္တိ၏ ဆန့်ကျင်ဘက် ဖြစ်သော အတ္ထိသတ္တိလည်း မရှိချေ၊ (ဝိဂတ၏ ဆန့်ကျင်ဘက်ဖြစ်သော အဝိဂတသတ္တိ မရှိကြောင်းကိုလည်း နည်းတူသိပါ။)

ထို့ကြောင့် နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် အမြဲထင်ရှားရှိ၍ အသင်္ခတတရား ဖြစ်သည့်အတွက် ဥပါဒ်၊ ဌီ၊ ဘင် ခဏငယ် ၃–ချက်နှင့် မယှဉ်သော နိဗ္ဗာန်၏ အတ္ထိပစ္စည်း–အဝိဂတပစ္စည်းအဖြစ်သည်မရှိ။

**၂၄–ပစ္စည်းအကျဉ်းချုပ်**

အလုံးစုံသောပစ္စည်းတို့သည် –

(၁) စိတ်၊ စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော ပစ္စည်းမည်သည် မရှိသောကြောင့်လည်းကောင်း၊

(၂) မိမိတို့၏ ဥစ္စာဖြစ်သော ပစ္စယုပ္ပန်တရားတို့၏ မှီရာအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော ပစ္စည်းမည်သည် မရှိသောကြောင့်လည်းကောင်း၊
(၃) အတ္တဘောဟု ဆိုအပ်သော သခၤါရလောကဖြစ်ခြင်းသည် ကုသိုလ်, အကုသိုလ်ကံလျှင် အကြောင်းရှိ၍ အကြောင်း၏ အမည်ကို အကျိုး၌ တင်စား၍ အလုံးစုံသောပစ္စည်းတို့သည် ကံအဖြစ်ကို မလွန်နိုင်သောကြောင့်လည်းကောင်း၊
(၄) အလုံးစုံသောပစ္စည်းတို့သည် ပရမတ္ထအားဖြင့်သော်လည်းကောင်း၊ လောကသမုတိ အစွမ်းအားဖြင့်သော်လည်းကောင်း ထင်ရှားရှိသောကြောင့်လည်းကောင်း၊
အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်း၊ ကမ္မပစ္စည်း၊ အတ္ထိပစ္စည်းတို့၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။

**သဟဇာတရုပ်**

အလုံးစုံသော ပစ္စယနိဒ္ဒေသ၌ ပါရှိသော သဟဇာတရုပ်ဟူသည်ကား–ပဝတ္တိအခါ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ် ၂–ပါးပင် ဖြစ်သည်၊ ၎င်းရုပ် ၂–ပါးကိုပင် ဆိုင်ရာနာမက္ခန္ဓာနှင့် အတူတကွဖြစ်သောကြောင့် သဟဇာတရုပ်ဟု ဆိုအပ်၏၊ (ပဋိသန္ဓေအခါ၌ စိတ္တဇရုပ်မရှိခြင်းကြောင့်၊ ပဝတ္တိအခါ၌ ကမ္မဇရုပ်တို့၏လည်း စိတ်၊ စေတသိက်တို့နှင့်တကွဖြစ်ခြင်း အမြဲမရှိခြင်းကြောင့် ဖော်ပြပါ ရုပ်နှစ်ပါးကိုသာ သဟဇာတရုပ်ဟု ဆိုရ၏။)

**၂၄–ပစ္စည်းကို ကာလအားဖြင့် ဝေဖန်ပုံ**

| | |
|---|---|
| ပစ္စုပ္ပန် (၁၅)ပစ္စည်း (ပစ္စုပ္ပန္နကာလိကပစ္စည်း) | = ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ |
| အတိတ် (၅)ပစ္စည်း (အတီတကာလိကပစ္စည်း) | = အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ။ |

| | |
|---|---|
| အတိတ်+ပစ္စုပ္ပန် (၁)ပစ္စည်း (ဒွိကာလိကပစ္စည်း) | = ကမ္မပစ္စည်း<br>= သဟဇာတကမ္မသည်–ပစ္စုပ္ပန်၊<br>နာနာက္ခဏိကကမ္မသည်–အတိတ်။ |
| ကာလ ၃–ပါး(၃)ပစ္စည်း (တိကာလိကပစ္စည်း) | = အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ။ |

**အဇ္ဈတ္တိကတရားနှင့် ဗဟိဒ္ဓတရား**

အတွင်းသန္တာန်၌ ဖြစ်သော စက္ခုစသည်, ရာဂစသည်, သဒ္ဓါစသည်တို့ သည် အဇ္ဈတ္တိကတရား၊ အပသန္တာန်၌ဖြစ်သော ပုဂ္ဂိုလ်, ဥတု, ဘောဇဉ် စသည်တို့သည် ဗဟိဒ္ဓတရားများ ဖြစ်ကြ၏။

**ပဋ္ဌာန်းနိဂုံး**

တေကာလိက+ကာလဝိမုတ္တ၊ အဇ္ဈတ္တ+ဗဟိဒ္ဓ၊ သင်္ခတ+အသင်္ခတ ဖြစ်သော တရားတို့သည် ပညတ်, နာမ်, ရုပ်တို့၏ အစွမ်းအားဖြင့် အကျဉ်းချုပ်အားဖြင့် ၃–ပါး အပြားအားဖြင့် တည်ကုန်သည်ဖြစ်၍ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီး၌ ၂၄–ပစ္စည်းတို့ မည်ကုန်၏။

(၂၄–ပစ္စည်းတို့ကို "ဓမ္မ"အားဖြင့် ရေတွက်လျှင် တေကာလိက+ ကာလဝိမုတ္တ၊ အဇ္ဈတ္တ+ဗဟိဒ္ဓ၊ သင်္ခတ+အသင်္ခတအားဖြင့် ၆–မျိုးရှိ၍ "အကျဉ်းချုပ် သင်္ခေပ" အားဖြင့် ရေတွက်လျှင် ပညတ်, နာမ်, ရုပ်တို့၏ အစွမ်းဖြင့် ၃–မျိုးသာ ဖြစ်၏။)

**နာမ်နှင့်ရုပ် အခွဲ**

ပညတ်, နာမ်, ရုပ်တို့တွင် ရူပက္ခန္ဓာကိုသာလျှင် ဖောက်ပြန်တတ်သောကြောင့် ရုပ်တရားဟု ဆိုအပ်၏၊ စိတ်, စေတသိက်ဟု ဆိုအပ်သော နာမ်ခန္ဓာ ၄–ပါး တို့သည်လည်းကောင်း၊ နိဗ္ဗာန်သည်လည်းကောင်း၊ ဤ ၅–ပါးသော တရားတို့ကို အရူပဟူ၍လည်းကောင်း၊ နာမ်ဟူ၍လည်းကောင်း ဆိုအပ်၏။

(နာမ်ရုပ်မှ တစ်ပါးသော ပညတ်သည် အတ္ထပညတ်, သဒ္ဒပညတ်ဟု ၂–ပါး အပြားရှိ၏၊ ထို ၂–ပါးတို့ကို ပညတ်ပိုင်းတွင် ဆက်လက်ကြည့်ပါ။)

# ပညတ်

ပညတ်သည် အတ္ထပညတ်, သဒ္ဒပညတ်ဟု ၂-ပါးအပြားရှိ၏။

(က) တော, တောင်, ရေ, မြေ, လူ, နတ်, ဗြဟ္မာ, ရုပ်, ဝေဒနာစသော အနက်အပေါင်းသည် အပြားအားဖြင့် သိစေအပ်သောကြောင့် အတ္ထပညတ် မည်၏။

(ခ) ဝန, ပဗ္ဗတ, ဥဒက, ဘူမိ, နရ, ဒေဝ, ဗြဟ္မာ, ရူပ, ဝေဒနာစသော သဒ္ဒါအပေါင်းသည် အပြားအားဖြင့် သိစေတတ်သောကြောင့် သဒ္ဒပညတ် မည်၏။

**အတ္ထပညတ်အမျိုးမျိုး**

၁။ သဏ္ဌာနပညတ် = ပထဝီစသော မဟာဘုတ်တို့၏ ဖောက်ပြန်သော အခြင်းအရာကိုစွဲ၍ ပညတ်အပ်သော မြေ၊ တောင် စသည် သည် သဏ္ဌာနပညတ် မည်၏။

၂။ သမူဟပညတ် = သစ်၊ မြေစိုင်၊ ချည် စသော အဆောက်အဦးတို့၏ ပေါင်းစုတည်နေပုံအခြင်းအရာကိုစွဲ၍ ပညတ်အပ်သော အိမ်၊ ရထား၊ လှည်း၊ အိုး၊ ပုဆိုးစသည် သည် သမူဟပညတ် မည်၏။

၃။ ဇာတိပညတ် = ခန္ဓာငါးပါးအပေါင်းကိုစွဲ၍ ပညတ်အပ်သော ယောကျ်ား၊ ပုဂ္ဂိုလ်၊ လူ၊ နတ်စသည် သည် ဇာတိပညတ် မည်၏။

၄။ ဒိသာပညတ်--- = နေ၊ လ၊ နက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ်၍ လှည့်လည်သွားခြင်းစသော အခြင်းအရာကိုစွဲ၍ ပညတ်အပ်သော အရှေ့၊ အနောက်စသည် သည်

ဒိသာပညတ်၊ နံနက်၊ ည စသည် သည် ကာလပညတ်၊ ကဆုန်လ စသည် သည် မာသပညတ် မည်၏။

၅။ အာကာသပညတ် = မဟာဘုတ်ရုပ်ကလာပ်တို့ ဆက်သွယ်ထိစပ်ခြင်း မရှိ၊ မတွေ့ထိအပ်သော ဟင်းလင်းဖြစ်နေပုံ အခြင်းအရာကိုစွဲ၍ ပညတ်အပ်သော တွင်း၊ လိုဏ်၊ အပေါက် စသည် သည် အာကာသပညတ် မည်၏။

၆။ နိမိတ်ပညတ် = ပွားများအားထုတ်အပ်သော ဘာဝနာအစဉ်အားဖြင့် ထင်လာသော အခြင်းအရာကိုစွဲ၍ ပညတ်အပ်သော ကသိုဏ်းနိမိတ်၊ အသုဘနိမိတ်၊ ဥဂ္ဂဟနိမိတ် စသည် သည် နိမိတ်ပညတ် မည်၏။

ဤသို့ အစရှိသော ပညတ်အပေါင်းသည် အတ္ထပညတ်တို့ပင်တည်း။

**သဒ္ဒပညတ် ၆-ပါး**

သဒ္ဒပညတ်သည် နာမ, နာမကမ္မ စသော ၆-ပါးသော အမည်ဖြင့်လည်း ခေါ်ဆိုအပ်၏။

၁။ 'ဘူမိ'စသော သဒ္ဒါသည် အနက်သို့ ညွတ်တတ်သောကြောင့် နာမ (နာမ်) မည်၏။

၂။ 'ဘူမိ'စသော သဒ္ဒါသည် ပညာရှိတို့ မှည့်ခေါ်အပ်သော အမည်ဖြစ်သောကြောင့် နာမကမ္မ မည်၏။

၃။ ထိုသဒ္ဒါသည်ပင် ပညာရှိတို့ ထားအပ်၊ ဆောင်အပ်သောကြောင့် နာမဓေယျ မည်၏။

၄။ ထိုသဒ္ဒါသည်ပင် မရွတ်ဆိုမီ တိမ်မြုပ်နေသောအဖြစ်မှ ထုတ်ဖော်၍ ရွတ်ဆိုအပ်သောကြောင့် နိရုတ္တိမည်၏။

၅။ ထိုသဒ္ဒါသည်ပင် အနက်ကို ထင်ရှားပြတတ်သောကြောင့် ဗျဉ္ဇန မည်၏။

၆။ ထိုသဒ္ဒါသည်ပင် အနက်သို့ ရှေးရှုရွတ်ဆိုအပ်သောကြောင့် အဘိလာပ မည်၏။

## ဝိဇ္ဇမာနပညတ် စသည် ၆–ပါး

နာမပညတ်သည် ဝိဇ္ဇမာနနာမပညတ်, အဝိဇ္ဇမာနနာမပညတ်, ထိုဝိဇ္ဇမာန နာမပညတ်, အဝိဇ္ဇမာနနာမပညတ်နှင့် ယှဉ်ခြင်း၏ အစွမ်းအားဖြင့် ၆–ပါးပြား၏။

| | | | |
|---|---|---|---|
| ၁။ | ဝိဇ္ဇမာနပညတ် | = | ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ကို သိစေတတ်သော သဒ္ဒပညတ် ပုံစံ–ရုပ်၊ ဝေဒနာ |
| ၂။ | အဝိဇ္ဇမာနပညတ် | = | ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ကို သိစေတတ်သော သဒ္ဒပညတ် ပုံစံ–မြေ၊ တောင် |
| ၃။ | ဝိဇ္ဇမာနေန– အဝိဇ္ဇမာနပညတ် | = | ပရမတ္ထအားဖြင့် ထင်ရှားရှိနှင့် ထင်ရှားမရှိသော အနက်ကို သိစေတတ်သော သဒ္ဒပညတ် ပုံစံ– ဆဠာဘိညော = အဘိညာဏ် ၆–ပါးရသောပုဂ္ဂိုလ် |
| ၄။ | အဝိဇ္ဇမာနေန– ဝိဇ္ဇမာနပညတ် | = | ပရမတ္ထအားဖြင့် ထင်ရှားမရှိနှင့် ထင်ရှားရှိသော အနက်ကို သိစေတတ်သော သဒ္ဒပညတ် ပုံစံ– ဣတ္ထိသဒ္ဒေါ |
| ၅။ | ဝိဇ္ဇမာနေန– ဝိဇ္ဇမာနပညတ် | = | ပရမတ္ထအားဖြင့် ထင်ရှားရှိနှင့် ထင်ရှားရှိသော အနက်ကို သိစေတတ်သော သဒ္ဒပညတ် ပုံစံ– စက္ခုဝိညာဏ် |
| ၆။ | အဝိဇ္ဇမာနေန– အဝိဇ္ဇမာနပညတ် | = | ပရမတ္ထအားဖြင့် ထင်ရှားမရှိနှင့် ထင်ရှားမရှိသော အနက်ကို သိစေတတ်သော သဒ္ဒပညတ် ပုံစံ– ရာဇပုတ္တော = မင်း၏ သားတော် |

**ပညတ် ၂-မျိုးသိပုံ (တစ်နည်း) အသံတစ်ခုကိုကြားရာ၌ သဒ္ဒပညတ်, အတ္ထပညတ်သိပုံ**

"နွား"ဟူသော အသံကို ကြားရသောအခါ, နားထောင်သူ၏ သန္တာန်၌

၁။ ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏဝီထိ ဖြစ်ပေါ်လာ၏။

၂။ ထို့နောက် အတိတ်သဒ္ဒါရုံ အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိ ဖြစ်ပေါ်လာ၏။

၃။ ထို့နောက် "နွား"ဟူသော သဒ္ဒပညတ် (ဝါ) နာမပညတ်ကို အာရုံပြု၍ မနောဒွါရဝီထိ (နာမဂ္ဂဟဏဝီထိ) ဖြစ်ပေါ်လာ၏၊ ထိုဝီထိဖြင့် သဒ္ဒပညတ်ကိုသာ သိသေး၏။

၄။ (ထိုသဒ္ဒပညတ်မှ သိစေတတ်သော) အနက်ဒြပ် အတ္ထပညတ်ကို အာရုံပြု၍ မနောဒွါရဝီထိ (အတ္ထဂ္ဂဟဏဝီထိ) ဖြစ်ပေါ်၏၊ ထိုဝီထိဖြင့် အတ္ထပညတ်ကို သိ၏။

**အက္ခရာ ၂-ခု, ၃-ခုရှိသော အမည်များ၌**

ပုံစံ "နွားထီး" ဆိုရာ၌ "နွား" ဟူသော အသံအတွက် ၂ ဝီထိ

"ထီး" ဟူသော အသံအတွက် ၂ ဝီထိ

ထိုအသံ ၂-ရပ်ကို ပေါင်းစပ်၍ အာရုံပြုသော သမူဟဂ္ဂဏ, အနုဗန္ဓက မနောဒွါရဝီထိ ၁ ဝီထိဖြစ်ပြီးမှ, နာမဂ္ဂဟဏဝီထိနှင့် အတ္ထဂ္ဂဟဏဝီထိတို့ ဖြစ်၏။ (ဤကား ဆရာမြတ်တို့အလို ဖြစ်၏။)

**ခြားနားချက်**

ဋီကာကျော်အလို အက္ခရာတစ်လုံးတိုးလာတိုင်း အစိတ်အစိတ်အသံကို အာရုံပြုသော သောတဝိညာဏဝီထိနှင့် မနောဒွါရဝီထိ၊ ပေါင်း ၂-ဝီထိ တိုးလာ၏။

ဆရာမြတ်တို့အလို ထို ၂–ဝီထိအပြင် အပေါင်းအသံကို အာရုံပြုသော "သမူဂ္ဂဟဏ ဝီထိ" တိုးလာ၏။

∴ အက္ခရာ ၁ လုံး = ၄ ဝီထိ

၂ လုံး = ဋီကာကျော်အလို ၆ ဝီထိ

ဆရာမြတ်တို့အလို ၇ ဝီထိ

**နွားဟူသောစကားလုံး၌ သဒ္ဒပညတ်, အတ္ထပညတ် ခွဲခြားပြ၍၊ ယင်းပညတ်တို့ကို ဝီထိစဉ်အားဖြင့် သိရပုံကိုလည်း ရေးပြပါ။**

တတိယမနောဒွါရဝီထိဖြင့် သိရသော "နွား"ဟူသော စကားလုံးအသံသည် သဒ္ဒပညတ်၊ စတုတ္ထမနောဒွါရဝီထိဖြင့် သိရသော "နွား"ဟူသော အနက်ဒြပ်သည် အတ္ထပညတ် ဖြစ်၏။

ဝီထိစဉ်အားဖြင့် သိရပုံမှာ – "နွား"ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏဝီထိ ဖြစ်၏၊ ထို့နောက် "နွား"ဟူသော အတိတ်သဒ္ဒါရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိ ဖြစ်၏၊ (ဤ ၂ ဝီထိဖြင့် အသံသာမညကိုသာ သိသေး၏) ထို့နောက် "နွား"ဟူသော သဒ္ဒပညတ်ကို အာရုံပြု၍ သိသော တတိယ မနောဒွါရဝီထိ ဖြစ်၏၊ ထို့နောက် "နွား"ဟူသော အတ္ထပညတ်ကို အာရုံပြု၍ သိသော စတုတ္ထမနောဒွါရဝီထိ ဖြစ်၏။

❀ ❀ ❀ ❀ ❀

# ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပစ္စည်း–ပစ္စယုပ္ပန်တရားများ

## ၁။ နာမ်သည် နာမ်အား ၆ ပစ္စည်း

| | | |
|---|---|---|
| ၁။ အနန္တရ ၃။ နတ္ထိ<br>၂။ သမနန္တရ ၄။ ဝိဂတ | ရဟန္တာတို့၏ စုတိစိတ်ကြဉ်သောရှေးရှေးစိတ် ၈၉, စေ ၅၂ | ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်နောက်စိတ် ၈၉, စေ ၅၂ |
| ၅။ အာသေဝန | ဖာတ်တူအဆုံးဇောကြဉ်သော ရှေးရှေးလောကီဇော ၄၇, စေ ၅၂ | ပထမဇော, ဖိုလ်ဇော ၄ပါးကြဉ်သော နောက်နောက်ဇော ၅၁, စေ ၅၂ |
| ၆။ သမ္ပယုတ္တ | အချင်းချင်းအားတပ်သော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ ၄ ပါး ဟုဆိုအပ်သော စိတ် ၈၉, စေ ၅၂ | အချင်းချင်းမှ ထောက်အပ်သော စိတ် ၈၉, စေ ၅၂ |

## ၂။ နာမ်သည် နာမ်ရုပ်အား ၅ ပစ္စည်း

| | | |
|---|---|---|
| ၁။ ဟေတု | ဟိတ် ၆ ပါး | သဟိတ်စိတ် ၇၁, မောဟမူဒွေး၌မောဟကြဉ်သော စေ ၅၂ သဟိတ်စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ် |
| ၂။ ဈာန | ဝိ, ဝိ, ပီ, ဝေ, ဧ ဟူသော ဈာနင်တရားကိုယ် ၅ ပါး | ဒွေး ၁၀ ကြဉ် စိတ် ၇၉, စေ ၅၂ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် |
| ၃။ မဂ္ဂ | ပညာ,ဝိ,ဝိ–၃,ဝီ,သတိ,ဧ,ဒိဋ္ဌိ ဟူသော မဂ္ဂင်တရားကိုယ် ၉ ပါး | သဟိတ်စိတ် ၇၁, စေ ၅၂ သဟိတ်စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ် |
| ၄။ ကမ္မ<br>(၁) နာနာက္ခဏိက ကမ္မ | အတိတ်ဖြစ်သော ကု,အကု စေတနာ ၃၃ | ဝိပါက်စိတ် ၃၆, စေ ၃၈ အလုံးစုံသော ကမ္မဇရုပ်များ |

| | | |
|---|---|---|
| (၂) သဟဇာတကမ္မ | စိတ် ၈၉ ရှိ အလုံးစုံသော စေတနာ | စိတ် ၈၉, စေတနာကြဉ်သော စေ ၅၁ ပါး<br>စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် |
| ၅။ ဝိပါက | ဝိပါက်စိတ် ၃၆, ယှဉ်ဖက် စေ ၃၈ | အချင်းချင်းမှတပ်သော ဝိပါက် စိတ် ၃၆, စေ ၃၈<br>ဝိညတ်ခွေးကြဉ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် |

## ၃။ နာမ်သည် ရုပ်အား ၁ ပစ္စည်း

| | | |
|---|---|---|
| ပစ္ဆာဇာတ | ပဥ္စဝေါကာရဘုံ၌ဖြစ်ခိုက်, ဖြစ်နေ အရူပဝိပါက် ၄ ကြဉ်သော ပထမဘဝင်အစ ရှိသော နောက်နောက်သော စိတ် ၈၅, စေ ၅၂ | ပဋိသန္ဓေ အစရှိသော ရှေးရှေး စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဋ္ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇ ကာယဟုခေါ်သော စတုသမုဋ္ဌာ– နိက ရုပ်အပေါင်း |

## ၄။ ရုပ်သည် နာမ်အား ၁ ပစ္စည်း

| | | |
|---|---|---|
| (၁) (က) ဝတ္ထုပုရေဇာတ (ဝတ္ထုပုရေဇာတနိဿယနှင့်တူ၏)<br>(ခ) ဝတ္ထာရမ္မဏပုရေဇာတ (ဝတ္ထာရမ္မဏပုရေဇာတနိဿယနှင့်တူ၏) | | |
| (၂) အာရမ္မဏပုရေဇာတ | ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် ၁၈ ပါး | ပဥ္စဝေါကာရဘုံ၌ အာရမ္မဏ ပုရေဇာတပစ္စည်းကိုရခိုက်, ရနေ ဖြစ်သော ကာမစိတ် ၅၄, ဘိဉ္ဓေး, အပ္ပမညာကြဉ်သော စေ ၅၀ |

## ၅။ ပညတ်, နာမ်, ရုပ်သည် နာမ်အား ၂ ပစ္စည်း

| | | |
|---|---|---|
| ၁။ အာရမ္မဏ | အလုံးစုံသော စိတ် ၈၉, စေ ၅၂, ရုပ် ၂၈, နိဗ္ဗာန်, ပညတ် | စိတ် ၈၉, စေ ၅၂ |
| ၂။ ဥပနိဿယ<br>(၁) အာရမ္မဏူပ-နိဿယ အာရမ္မဏာဓိပတိပစ္စည်းနှင့်တူ၏။<br>(၂) အနန္တရူပနိဿယ အနန္တရပစ္စည်းနှင့်တူ၏။ | | |
| (၃) ပကတူပနိဿယ | ကာလ ၃ပါး၌ ဗလဝဖြစ်သော ရှေးရှေးစိတ် ၈၉, စေ ၅၂, ရုပ် ၂၈, ပစ္စည်းထိုက်သောအချို့သောပညတ် | နောက်နောက်သောစိတ် ၈၉, စေ ၅၂ |

## ၆။ နာမ်ရုပ်သည် နာမ်ရုပ်အား ၉ ပစ္စည်း

| | | |
|---|---|---|
| ၁။ အဓိပတိ<br>(၁) သဟဇာတာ-ဓိပတိ | အဓိပတိပစ္စည်းတပ်နေခိုက် တပ်နေ သာဓိပတိဇော ၅၂ ပါးရှိ ဆန္ဒ, ဝီရိယ, ဝီမံသနှင့် သာဓိပတိဇော ၅၂ ပါး | အဓိပတိပစ္စည်းတပ်နေခိုက်, တပ်နေ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂, ဝိစိကိစ္ဆာကြဉ် စေ ၅၁, သာဓိပတိစိတ္တဇရုပ် |
| (၂) အာရမ္မဏာ-ဓိပတိ | အလေးအမြတ်ပြုအပ်သော, ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈ ပါး၊ (ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်) စိတ် ၈၄၊ (ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကြဉ်)စေ ၄၇, နိဗ္ဗာန် | အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈, မဟာကု ၈, မဟာကြိဉာသံ ၄, လောကုတ္တရာစိတ် ၈, ပေါင်း ၂၈ ပါး၊ (ဒေါစတုက်, ဝိစိကိစ္ဆာ, အပ္ပမညာဒွေးကြဉ်) စေ ၄၅ |

| | | |
|---|---|---|
| ၂။ သဟဇာတ (က) | အလုံးစုံသောစိတ် ၈၉, စေ ၅၂ ပါးတို့သည် | အချင်းချင်းအားလည်းကောင်း၊ တကွဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း၊ |
| (ခ) | မဟာဘုတ် ၄ ပါးတို့သည် | အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ် ၂၄ ပါးတို့အား လည်းကောင်း၊ |
| (ဂ) | ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုရုပ်နှင့်ပဉ္စဝေါကာရ ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာ ၄ ပါးတို့သည် | အချင်းချင်းအား ----- သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။ |
| ၃။ အညမည (က) (ခ) (ဂ) | | အချင်းချင်း အပြန်အလှန်ကျေးဇူးပြုကြ၏။ |
| ၄။ နိဿယ (၁) သဟဇာတ နိဿယ | သဟဇာတပစ္စည်းနှင့်တူ၏၊ | |
| (၂) ပုရေဇာတ နိဿယ (က) ဝတ္ထုပုရေ နိဿယ | ပဝတ္တိအခါ ဝတ္ထုရုပ် ၆ ပါး | ပဉ္စဝေါကာရဘုံ၌ဖြစ်သော အရူပဝိပါက် ၄ ကြဉ် စိတ် ၈၅, စေ ၅၂ |
| (ခ) ဝတ္ထာရမ္မဏ ပုရေနိဿယ | မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇ ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု | မရဏာသန္နအခါ မ ၁, ကာမဇော ၂၉, ရုံ ၁၁, ဘိဒွေး, ပေါင်းစိတ် ၄၃ ပါး, (ကုသာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ ၃, အပ္ပမညာ ၂ ကြဉ်) စေ ၄၄ ပါး |

| | | |
|---|---|---|
| ၅။ အာဟာရ | | |
| (၁) ရုပ်အာဟာရ | အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာနှင့် ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ | ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ, ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်များ |
| (၂) နာမ်အာဟာရ | ဖဿ, စေတနာ, ဝိညာဏ် ဟူသော နာမ်အာဟာရ တရားကိုယ် ၃ ပါး | တကွဖြစ်ဖက် စိတ် ၈၉, စေ ၅၂, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် |
| ၆။ ဣန္ဒြိယ | | |
| (၁) ပုရေဇာတိန္ဒြိယ | မဇ္ဈိမာယုကဖြစ်၍ 'တီ'နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု | ဒွေပဉ္စဝိညာဏ် ၁၀, ယှဉ် စေ ၇ ပါး |
| (၂) ရူပဇီဝိတိန္ဒြိယ | ရုပ်ဇီဝိတ | ရုပ်ဇီဝိတကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉ ပါး |
| (၃) သဟဇာတိန္ဒြိယ | စိတ်, ဇီဝိတ, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧ, ပညာ ဟူသောနာမ်ဣန္ဒြေတရားကိုယ် ၈ ပါး | တကွဖြစ်သော စိတ် ၈၉, စေ ၅၂, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် |
| ၇။ ဝိပ္ပယုတ္တ | | |
| (၁) သဟဇာတဝိပ် | | |
| (က) | ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် အရူပဝိပါက် ၄, ဒွေး ၁၀, ရဟန္တာစုတိကြဉ်သောစိတ်၇၅, စေ၅၂ဟုဆိုအပ်သောပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ၄ပါးသည် | တကွဖြစ်သော (က) စိတ္တဇရုပ် (ခ) ပဋိကမ္မဇရုပ် |
| (ခ) | ပဉ္စဝေါကာရပဋိသန္ဓေနှင့် ဟဒယဝတ္ထုရုပ်တို့သည် | အချင်းချင်းအား ကျေးဇူးပြု၏။ |

(၂) ပုရေဇာတဝိပ်

(က) ဝတ္ထုပု-ဝိပ် = ဝတ္ထုပုရေဇာတနှင့်တူ၏။

(ခ) ဝတ္ထာရမ္မဏပု-ဝိပ် = ဝတ္ထာရမ္မဏပုနှင့်တူ၏။

(၃) ပစ္ဆာဇာတဝိပ် = ပစ္ဆာဇာတပစ္စည်းနှင့်တူ၏။

၈။ အတ္ထိပစ္စည်း

(၁) သဟဇာတတ္ထိ = သဟဇာတပစ္စည်းနှင့်တူ၏။

(၂) ပုရေဇာတတ္ထိ = ပုရေဇာတပစ္စည်းနှင့်တူ၏။

(က) ဝတ္ထုပုရေဇာတတ္ထိ

(ခ) ဝတ္ထာရမ္မဏပုရေဇာတတ္ထိ

(ဂ) အာရမ္မဏပုရေဇာတတ္ထိ

(၃) ပစ္ဆာဇာတတ္ထိ = ပစ္ဆာဇာတပစ္စည်းနှင့်တူ၏။

(၄) အာဟာရတ္ထိ = ရုပ်အာဟာရပစ္စည်းနှင့်တူ၏။

(၅) ဣန္ဒြိယတ္ထိ = ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့်တူ၏။

၉။ အဝိဂတပစ္စည်း = အတ္ထိပစ္စည်းနှင့် အလုံးစုံတူ၏။

**ပစ္စည်းပိုင်းမှတ်စု ပြီး၏။**

# ကမ္မဋ္ဌာန်းပိုင်း

**သမထ**

ကာမစ္ဆန္ဒစသော နီဝရဏတရားတို့ကို ငြိမ်းအေးစေတတ်သောကြောင့် သမာဓိ တရားသည် သမထ မည်၏။

(တရားကိုယ် – လောကီကုသိုလ်, ကြိယာ၌ရှိသော သမာဓိ(စေတသိက်)ကို ရ၏။)

**ဝိပဿနာ**

တေဘူမကသင်္ခါရ ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာယာဉ် ၃–ပါးသို့တင်၍ အထူးထူးသော အခြင်းအရာအားဖြင့် ရှုတတ်သော ကြောင့် မဂ်၏ရှေ့အဖို့၌ ဖြစ်သမျှ လောကီပညာစေတသိက်သည် ဝိပဿနာ မည်၏။

(တရားကိုယ် – မဟာကုသိုလ်, ကြိယာ၌ယှဉ်သော ပညာကို ရ၏။)

**ဘာဝနာ**

သမထ ဝိပဿနာ တရားတို့သည် လွန်စွာအကျိုးများသဖြင့် မိမိတို့သန္တာန်၌ ရှေးဦးစွာ ဖြစ်စေထိုက်၊ တစ်ကြိမ်ဖြစ်ပြီးနောက် ထပ်ကာထပ်ကာ ပွားများစေထိုက် သောကြောင့် ဘာဝနာ မည်၏။

**ကမ္မဋ္ဌာန်း**

(ကမ္မဋ္ဌာန = ကမ္မသ – ဘာဝနာကို ပွားများအားထုတ်မှု၏ + ဌာန – တည်ရာအာရုံ)

သမထ, ဝိပဿနာ ဘာဝနာနှစ်ပါးကို ပွားများအားထုတ်မှု၏ ဖြစ်ရာ– တည်ရာဖြစ်သော ပထဝီကသိုဏ်း စသောအာရုံနှင့် တေဘူမကသင်္ခါရ(ရုပ်နာမ်) ဟူသောအာရုံတို့သည် ကမ္မဋ္ဌာန်း မည်၏။ (အာရုံကမ္မဋ္ဌာန်း)

(တစ်နည်း) နောက်နောက်ပွားများအားထုတ်မှု ဟူသော ဘာဝနာကံ၏ နီးစွာသောအကြောင်း(တည်ရာ)ဖြစ်သော ရှေးရှေးပွားများအားထုတ်မှုဟူသော ဘာဝနာ အစဉ်ကိုလည်း ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရသည်။ (အာရမ္ဘဏကကမ္မဋ္ဌာန်း)

**မှတ်ချက်** – ဘာဝနာ ၂–မျိုးပြားခြင်းကြောင့် ဘာဝနာကံ၏ ဖြစ်ရာဖြစ်သော ကမ္မဋ္ဌာန်းသည်လည်း သမထ–ဝိပဿနာအားဖြင့် ၂–မျိုးပြား၏။

| | | |
|---|---|---|
| **သမထဘာဝနာကံ၏ အာရုံဖြစ်သောကမ္မဋ္ဌာန်း** | = | သမထဘာဝနာကမ္မဋ္ဌာန်း ပထဝီကသိုဏ်းစသောအာရုံ |
| **ဝိပဿနာဘာဝနာကံ၏ အာရုံဖြစ်သောကမ္မဋ္ဌာန်း** | = | ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း တေဘူမကသင်္ခါရ(ရုပ်နာမ်)အာရုံ |

**အကျိုး** – သမထဘာဝနာကို ပွားများအားထုတ်လျှင် မဟဂ္ဂုတ်ဈာန်–အဘိညာဏ် ရ၏။
– ဝိပဿနာဘာဝနာကို ပွားများအားထုတ်လျှင် မဂ်–ဖိုလ် ရ၏။

# ၁။ သမထဘာဝနာ ကမ္မဋ္ဌာန်း

သမထဘာဝနာကမ္မဋ္ဌာန်း၀ယ် သိဖွယ်ရာများကား –

၁။ ကမ္မဋ္ဌာန်း ၄ဝ–ပါး
၂။ စရိုက် ၆–ပါး (သပ္ပါယဘေဒ)
၃။ ဘာဝနာ ၃–ပါး (ဘာဝနာဘေဒ)
၄။ နိမိတ် ၃–ပါး (နိမိတ္တ/ဂေါစရ–ဘေဒ)
၅။ အဘိညာဏ်ခန်း တို့ဖြစ်သည်။

## ၁။ ကမ္မဋ္ဌာန်း ၄ဝ-ပါး

**ကမ္မဋ္ဌာန်း ၄ဝ–ပါး**

| ခေါင်းစဉ် (၇)ပါး | | အပြား (၄ဝ) |
|---|---|---|
| (၁) ကသိုဏ်း | = | ၁ဝ–ပါး |
| (၂) အသုဘ | = | ၁ဝ–ပါး |
| (၃) အနုဿတိ | = | ၁ဝ–ပါး |
| (၄) အပ္ပမညာ | = | ၄–ပါး |

(၅) အာဟာရေပဋိကူလသညာ = ၁–ပါး
(၆) စတုဓာတုဝဝတ္ထာန် = ၁–ပါး
(၇) အာရုပ္ပ = ၄–ပါး

## (၁) ကသိုဏ်း (ကသိဏ)

တစ်စိတ်တစ်ဒေသဖြစ်သော မြေကြီးစသည်၌ မတည်မူ၍ အပိုင်းအခြားမရှိသော မြေအရပ် စသည်တို့၌ "ပထဝီ, ပထဝီ" စသည်ဖြင့် ပွားများနှလုံးသွင်းသော အခြင်းအရာအားဖြင့် နှံ့တတ်, အကြွင်းမရှိသောအဖြစ်သို့ ရောက်တတ်သောကြောင့် ကသိုဏ်း မည်၏။

ပထဝီကသိုဏ်း = မြေကြီးသည်ပင် တစ်စိတ်တစ်ဒေသ၌ မတည်မူ၍ အဆုံးမရှိ နှံ့သောအဖြစ်ဖြင့် အလုံးစုံ ဟူသော အနက်ကြောင့် ပထဝီကသိုဏ်း မည်၏။
အာပေါကသိုဏ်း = ရေသည်ပင်လျှင် ---
တေဇောကသိုဏ်း = မီးသည်ပင်လျှင်---
ဝါယောကသိုဏ်း = လေသည်ပင်လျှင် ---
နီလကသိုဏ်း = ညိုသောအဆင်းသည်ပင်လျှင် ---
ပီတကသိုဏ်း = ရွှေသောအဆင်းသည်ပင်လျှင် ---
လောဟိတကသိုဏ်း = နီသောအဆင်းသည်ပင်လျှင် ---
ဩဒါတကသိုဏ်း = ဖြူသောအဆင်းသည်ပင်လျှင် ---
အာလောကကသိုဏ်း = နံရံပေါက် စသည်တို့၌ ထင်သော နေလစသည်တို့၏ အရောင်အလင်းသည်ပင် ---
ပရိစ္ဆိန္နာကာသကသိုဏ်း = ပိုင်းခြားအပ်သော ကောင်းကင်သည်ပင်လျှင် ---

**ပထဝီကသိုဏ်းအရကောက်ပုံ**

(၁) မုချအားဖြင့်ယူပုံ = ဝိုင်းဝိုင်းစက်စက်ပြုလုပ်ထားအပ်သော မြေသားဒြပ် (ပထဝီကသိုဏ်းဝန်း)ကို မုချအားဖြင့်ရ၏။
(၂) သဒိသူပစာအားဖြင့်ယူပုံ = ပထဝီကသိုဏ်းဝန်းနှင့် အလားတူစွာ ထင်ပေါ်လာသော ပဋိဘာဂနိမိတ်ကို သဒိသူပစာအားဖြင့်ရ၏။

(၃) ကာရဏရူပစာ = ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်လျှင် အာရုံရှိသော
အားဖြင့်ယူပုံ ဈာန်ကို အကြောင်းဖြစ်သော အာရုံ၏အမည်ကို အကျိုးဖြစ်သော ဈာန်ပေါ်မှာ တင်စား၍ ကာရဏရူပစာ အားဖြင့်ရ၏။

(အာပေါကသိုဏ်း – စသည်တို့၏ အရကိုလည်း နည်းတူသိပါ။)

**မေး။ ။ ကသိုဏ်း ၁၀–ပါးကို သဘောတူရာ ပေါင်းပြခဲ့ပါ။**

ကသိုဏ်း ၁၀–ပါးတို့တွင် ပထဝီကသိုဏ်း အစရှိကုန်သော လေးပါးသောကသိုဏ်းတို့သည် မဟာဘုတ်ဖြစ်သောကသိုဏ်း (ဘူတကသိုဏ်း) မည်ကုန်၏၊ နီလကသိုဏ်း အစရှိကုန်သော လေးပါးသော ကသိုဏ်းတို့သည် ဝဏ္ဏကသိုဏ်း မည်ကုန်၏၊ ပိုင်းခြားအပ်သော ကောင်းကင်သည် အာကာသကသိုဏ်း မည်၏၊ လရောင် အစရှိသော အရောင်သည် အာလောကကသိုဏ်း မည်၏။

## (၂) အသုဘ

မသာယာ, မတင့်တယ်, စက်ဆုပ်ဖွယ်ရာ သူကောင်အသုဘ။

ဥဒ္ဓုမာတက = သေသည်မှအထက်ဖြစ်သော နောက်ကာလ၌ လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူးရောင်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော သူကောင်အသုဘ။

ဝိနီလက = အဖြူ၊ အနီ စသည်နှင့်ရောသော များသောအားဖြင့် ညိုသော အဆင်းရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော သူကောင် အသုဘ။

ဝိပုဗ္ဗက = ယိုသောပြည်ရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော သူကောင် အသုဘ။

ဝိစ္ဆိဒ္ဒက = အလယ်၌ နှစ်ပိုင်းပြတ်သည်ဖြစ်၍ –

ဝိက္ခာယိတက = ခွေး၊ မြေခွေး အစရှိသည်တို့ အထူးထူးသော အခြင်းအရာ ဖြင့် ခဲအပ်သည်ဖြစ်၍ –

ဝိက္ခိတ္တက = ခွေး၊ မြေခွေးအစရှိသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် အပိုင်းပိုင်းဖြတ်လျက် ထိုထိုသောအရပ်၌ ပစ်အပ်သည် ဖြစ်၍ –

ဟတဝိက္ခိတ္တက = ကျီးခြေသဏ္ဌာန် အစရှိသည်နှင့်တူသော ဓား လက်နက်ဖြင့် သတ်လျက် အထူးထူးသော အခြင်းအရာဖြင့် ပစ်အပ်သည် ဖြစ်၍ –

လောဟိတက = ယိုသောသွေးရှိသည်ဖြစ်၍ –

ပုဠုဝက = ပိုးလောက်တို့ဖြင့် ပြည့်သည်ဖြစ်၍ –

အဋ္ဌိက = အရိုးစုသာဖြစ်၍ – (တစ်နည်း) ယုတ်သော အပိုင်းအခြားအားဖြင့် တစ်ခုသာဖြစ်သော အရိုးသည်လည်း –

## (၃) အနုဿတိ

ဘုရားဂုဏ်တော်စသော အာရုံများကို အဖန်တလဲလဲ ဇွဲမြဲစွာအောက်မေ့ဆင်ခြင်မှုသည် အနုဿတိ မည်၏။

ဗုဒ္ဓါနုဿတိ = မြတ်စွာဘုရား၏ အရဟံ အစရှိသော ဂုဏ်တော်အပေါင်းကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် ဗုဒ္ဓါနုဿတိ မည်၏။

ဓမ္မာနုဿတိ = တရားတော်၏ သွာက္ခာတ အစရှိသော ဂုဏ်တော် အပေါင်းကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် ဓမ္မာနုဿတိ မည်၏။

သံဃာနုဿတိ = သံဃာတော်၏ သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော် အပေါင်းကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် သံဃာနုဿတိ မည်၏။

သီလာနုဿတိ = မကျိုး, မပျက်ခြင်း အစရှိသောအားဖြင့် ကောင်းစွာ စင်ကြယ်သော မိမိသီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် သီလာနုဿတိ မည်၏။

စာဂါနုဿတိ = အညစ်အကြေးဖြစ်သော မစ္ဆေရကင်းသောသူ၏ အဖြစ်အစရှိသည်အစွမ်းဖြင့် မိမိ၏ စွန့်ကြဲသော ကောင်းမှုဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် စာဂါနုဿတိ မည်၏။

ဒေဝတာနုဿတိ = အကြင် သဒ္ဓါ အစရှိသည်တို့နှင့် ပြည့်စုံသောသူတို့သည် နတ်အဖြစ်သို့ ရောက်ကုန်၏။ ထိုနတ်တို့၏ သဒ္ဓါအစရှိကုန်သော ဂုဏ်နှင့်တူကုန်သော သဒ္ဓါ အစရှိသော ဂုဏ်ကျေးဇူးမျိုးသည် ငါ့၌လည်းရှိ၏ဟု နတ်တို့ကို သက်သေအရာ၌ထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကျေးဇူးတို့ကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် ဒေဝတာနုဿတိ မည်၏။

ဥပသမာနုဿတိ = အလုံးစုံသော ဝဋ်တရား၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် ဥပသမာ-နုဿတိ မည်၏။

မရဏာနုဿတိ = ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းဖြစ်၍ဖြစ်သော သေခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် မရဏာနုဿတိ မည်၏။

## မရဏာနုဿတိဆိုင်ရာမှတ်ဖွယ်

မရဏ ၄-ပါး

(၁) သမုစ္ဆေဒမရဏ = ရဟန္တာတို့၏ ဝဋ်ဒုက္ခပြတ်ကင်း၍ ပရိနိဗ္ဗာန် စံဝင်ခြင်း။

(၂) ခဏိကမရဏ = သင်္ခါရတို့၏ ဘင်ခဏ၊

(၃) သမ္မုတိမရဏ = သစ်ပင်သေသည်၊ ပြဒါးသေသည်၊ သံသေသည်ဟု ခေါ်ဝေါ်ရာ၌ သစ်ပင်စသည်တို့၏ သေခြင်း၊

(၄) ဇီဝိတိန္ဒြိယုပစ္ဆေဒမရဏ = တစ်ဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေအစဉ်၏ ပြတ်စဲခြင်း၊

### မရဏာနုဿတိ အရ ယူရသော မရဏ

သမုစ္ဆေဒမရဏသည် အများနှင့်မဆိုင်၊ ရဟန္တာများနှင့်သာ ဆိုင်၏၊ ခဏိက-မရဏသည် ဆင်ခြင်၍ထင်မြင်နိုင်ခဲ၏၊ သမ္မုတိမရဏမှာ သံဝေဂဖြစ်ဖွယ်ရာမဟုတ်၊ ထို့ကြောင့် ထို ၃-ပါးကို ဤမရဏာနုဿတိအရာ၌ မလိုအပ်ပေ။

ဓိဝိတိန္ဒြေယပစ္ဆေဒမရဏ–သာလျှင် အများနှင့်လည်းဆိုင်၊ ထင်မြင်နိုင်ဖွယ်လည်းရှိ၊ သံဝေဂဖြစ်ခြင်း၏ အကြောင်းလည်း ဟုတ်သောကြောင့် ဤဓိဝိတိန္ဒြိယပစ္ဆေဒမရဏကို အဖန်ဖန် ဆင်ခြင်အောက်မေ့မှုသည်သာ မရဏာနုဿတိ မည်၏။

**ဆင်ခြင်အောက်မေ့ပုံ**

သူသေကောင်ကို ကြည့်၍ဖြစ်စေ၊ ရှေးရှေးက တွေ့မြင်အပ်ဖူးသော စည်းစိမ်ရှင်ကြီးတို့၏ သေရပုံကိုဖြစ်စေ ကြည့်ရှုဆင်ခြင်၍ “မရဏံ ဘဝိဿတိ၊ မရဏံ ဘဝိဿတိ– ဤကဲ့သို့ သေရဦးလတ္တံ့၊ ဤကဲ့သို့ သေရဦးလတ္တံ့”ဟု သေခြင်းသဘော တရားကို သတိသံဝေဂရှေ့သွားဖြင့် အသင့်အတင့် နှလုံးသွင်း၍ အဖန်ဖန် ပွားများရာ၏။

ကာယဂတာသတိ = ဆံပင်အစရှိသော ရူပကာယအစု၌ ဖြစ်သော အောက်မေ့ခြင်းသည် ကာယဂတာသတိ မည်၏။

အာနာပါနဿတိ = ထွက်သက် ဝင်သက်လျှင် အာရုံရှိသော အောက်မေ့ခြင်းသည် အာနာပါနဿတိ မည်၏။

## (၄) အပ္ပမညာ

ဤမျှ ဤမျှဟု ပိုင်းခြားကန့်သတ်အပ်သည့် အတိုင်းအရှည် ပမာဏ မရှိသော သတ္တဝါလျှင် အာရုံရှိသောကြောင့် အပ္ပမညာ မည်၏။

ဗြဟ္မဝိဟာရ = ကောင်းမြတ်သော အကျင့်မြတ်ဖြစ်သဖြင့် မြတ်သော ကျင့်သုံးအပ်သော တရားဖြစ်သောကြောင့် ဗြဟ္မဝိဟာရ မည်၏။

= (တစ်နည်း) ဗြဟ္မာ့အသွင် အလွန်မြတ်ကုန်သော ယောဂီအရှင်တို့၏ ကျင့်သုံးရာတရား ကျင့်အပ်, ဖြစ်စေအပ်သော တရားဖြစ်သောကြောင့် ဗြဟ္မဝိဟာရ မည်၏။

ဗြဟ္မစိုရ် (ဗြဟ္မစရိယ) = မြတ်သောအကျင့်ဖြစ်သောကြောင့် ဗြဟ္မစရိယ = ဗြဟ္မစိုရ် မည်၏။

မေတ္တာ = ချစ်တတ်သောကြောင့်လည်းကောင်း၊ ချစ်အပ်သော ပုဂ္ဂိုလ်တို့၌ အာရုံပြုသောအားဖြင့် ဖြစ်တတ်သောကြောင့် လည်းကောင်း မေတ္တာ မည်၏။

= (တစ်နည်း) အတိုင်းမသိသော သုခိတဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ အမျှချစ်ခြင်းသည် မေတ္တာ မည်၏။
= မေတ္တာသည် သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်လိုခြင်း လက္ခဏာ ရှိသည်။
(တရားကိုယ်ကား – အဒေါသစေတသိက် ဖြစ်၏။)

ကရုဏာ = အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်းသည် ကရုဏာ မည်၏။
= ကရုဏာသည် သူတစ်ပါး၏ ဆင်းရဲကို ပယ်ခြင်းငှာ အလိုရှိသည်အဖြစ်လျှင် လက္ခဏာရှိ၏။
(တရားကိုယ်ကား – ကရုဏာစေတသိက် ဖြစ်၏။)

မုဒိတာ = အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသည် မုဒိတာ မည်၏။
= မုဒိတာသည် သူတစ်ပါး၏စည်းစိမ်ကို ဝမ်းမြောက်ခြင်း လက္ခဏာ ရှိ၏။
(တရားကိုယ်ကား – မုဒိတာစေတသိက် ဖြစ်၏။)

ဥပေက္ခာ = အတိုင်းမသိသော သုခိတ–ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်းသည် ဥပေက္ခာ မည်၏။
= (တစ်နည်း) အတိုင်းမသိသော သုခိတဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ ချစ်ခင် သနား ဝမ်းမြောက်မှုများ မဖြစ်ပွားစေဘဲ သင့်တင့်အောင်ရှုခြင်းသည် ဥပေက္ခာ မည်၏။
= ဥပေက္ခာသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့်ဖြစ်ခြင်း လက္ခဏာရှိ၏။
(တရားကိုယ်ကား – တတြမဇ္ဈတ္တတာစေတသိက် ဖြစ်၏။)

## (၅) အာဟာရေပဋိကူလသညာ

အသွားအပြန်တည်းဟူသော ဂမန၊ ရှာမှီးရခြင်း ပရိယေသန၊ သုံးဆောင်ရခြင်း ပရိဘောဂ စသော ဆယ်ပါးသော အခြင်းအရာကို ဆင်ခြင်ခြင်သည်၏

အစွမ်းဖြင့် မျိုအပ် စားအပ်သော ဆွမ်း ဘောဇဉ် စသော ကဗဠီကာရအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်အဖြစ်ကို အောက်မေ့ဆင်ခြင်ခြင်း အမှတ်သညာသည် အာဟာရေပဋိကူလသညာ မည်၏။ (တရားကိုယ်ကား–သညာစေတသိက် ဖြစ်၏။)

## (၆) စတုဓာတုဝဝတ္ထာန်

ခန္ဓာကိုယ်ရှိ ပထဝီဓာတ် အစရှိကုန်သော လေးပါးသော ဓာတ်တို့ကို မိမိ၏ထဒ္ဓအစရှိသော သဘောအားဖြင့်လည်းကောင်း၊ ဆံအစရှိသော သမ္ဘာရ အစရှိသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ ပိုင်းခြားမှတ်သားတတ်သော ဉာဏ်သည် စတုဓာတုဝဝတ္ထာန် မည်၏။ (တရားကိုယ်ကား–ပညာစေတသိက် ဖြစ်သည်။)

## (၇) အာရုပ္ပ

ရုပ်၏ ဆန့်ကျင်ဘက်ဖြစ်သော အာရုံ၌ ဖြစ်သောကြောင့် အာကာသာ–နဉ္စာယတန အစရှိကုန်သော လေးပါးတို့သည် အာရုပ္ပ မည်၏။

## ဘုံနှင့် ကမ္မဋ္ဌာန်း တွဲစပ်ပုံ

| | | |
|---|---|---|
| **လူ့ဘုံသဗ္ဗ** | = | လူ့ဘုံ၌ ကမ္မဋ္ဌာန်း ၄၀–လုံး ရနိုင်၏။ |
| **ဒေဝဘုံဝယ်<br>သညာ, အသုဘ,<br>ကာယကိုပယ်** | = | နတ်ပြည် ၆–ထပ်၌ အသုဘ ၁၀–ပါး၊ ကာယဂတာသတိ၊ အာဟာရေပဋိကူလသညာအားဖြင့် ၁၂–ပါးသော ကမ္မဋ္ဌာန်းတို့ကို မရနိုင်ပါ။ |
| **အာနာပါန<br>ရူပထပ်ပယ်** | = | ရူပဗြဟ္မာဘုံ၌ ၎င်း ၁၂–ပါးအပြင် အာနာပါနဿတိ ကမ္မဋ္ဌာန်းကိုလည်း မရနိုင်ပါ။ |
| **အရူပလေးဝ<br>သူ့ဟာကွယ်** | = | အရူပဗြဟ္မာဘုံ၌ အာရုပ္ပကမ္မဋ္ဌာန်း ၄–ပါးကိုသာ ထိုက်သည့် အားလျော်စွာ ရနိုင်ပါသည်။ |

## ပညတ်ကမ္မဋ္ဌာန်း ၂၈–ပါး

ကသိုဏ်းပညတ် ၁၀–ပါး၊ အသုဘပညတ် ၁၀–ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်

ဝင်သက်ပညတ်၊ ဗြဟ္မဝိဟာရတရား ၄–ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ် ၄–ပါး၊ ပထမာရုပ္ပဝိညာဏ်၏ အာရုံဖြစ်သော ကောင်းကင်ပညတ်၊ တတိယာရုပ္ပဝိညာဏ်၏ အာရုံဖြစ်သော နတ္ထိဘောပညတ်၊ ဤ ၂၈–ပါးတို့သည် ပညတ်ကမ္မဋ္ဌာန်း မည်၏။

**ပရမတ်ကမ္မဋ္ဌာန်း ၁၂–ပါး**

ကျန်ဗုဒ္ဓါနုဿတိစသော အနုဿတိ ၈–ပါး၊ သညာ ၁–ပါး၊ ဝဝတ္ထာန် ၁–ပါး၊ ဒုတိယာရုပ္ပဝိညာဏ်၏ အာရုံဖြစ်သော ပထမာရုပ္ပဝိညာဏ်၊ စတုတ္ထာရုပ္ပဝိညာဏ်၏ အာရုံဖြစ်သော တတိယာရုပ္ပဝိညာဏ်၊ ပေါင်း ၁၂–ပါးသည် ပရမတ်ကမ္မဋ္ဌာန်း မည်၏။

## ၂။ စရိုက် ၆-ပါး

**စရိုက်(စရိတ)**

သတ္တဝါတို့သန္တာန်၌ ပင်ကိုယ်ရိုးရာ သူတကာဖြစ်နေကျထက် လွန်ကဲပိုမို အဖြစ်များခြင်းသည် စရိုက် မည်၏။

(တစ်နည်း) အလွန်အကဲ မိမိသန္တာန်၌ မပြတ်မလတ်ဖြစ်သော ပင်ကိုယ် ပကတိတရားသဘောသည် စရိုက် မည်၏။

**ဝါသနာ**

ဘဝအဆက်ဆက်က ပါလာသည့် ကိလေသာ၏သတ္တိ (စွဲမြဲနေသော အလေ့ အကျင့် ဖြစ်သည်။)

**ရာဂစရိုက်**

အလွန်အကဲ မိမိသန္တာန်၌ မပြတ်မလပ်ဖြစ်သော 'တဏှာရာဂ'သည် ရာဂ စရိုက် မည်၏။ (ကြွင်းစရိုက်များ သိလွယ်ပြီ။)

**စရိုက် ၆–ပါး**

ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ ဝိတက်စရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်။

**စရိုက် ၆၃–ပါး ရေတွက်ပုံ**

**၁။ ရာဂ၊ ဒေါသ၊ မောဟ နှင့်စပ်၍ စရိုက် ၇–မျိုး**

(၁) ရာဂစရိုက်၊
(၂) ဒေါသစရိုက်၊
(၃) မောဟစရိုက်၊
(၄) ရာဂ–ဒေါသစရိုက်၊
(၅) ရာဂ–မောဟစရိုက်၊
(၆) ဒေါသ–မောဟစရိုက်၊
(၇) ရာဂ–ဒေါသ–မောဟစရိုက်။

**၂။ သဒ္ဓါ၊ ဗုဒ္ဓိ၊ ဝိတက် နှင့်စပ်၍ စရိုက် ၇–မျိုး**

(၁) သဒ္ဓါစရိုက်၊
(၂) ဗုဒ္ဓိစရိုက်၊
(၃) ဝိတက်စရိုက်၊
(၄) သဒ္ဓါ–ဗုဒ္ဓိစရိုက်၊
(၅) သဒ္ဓါ–ဝိတက်စရိုက်၊
(၆) ဗုဒ္ဓိ–ဝိတက်စရိုက်၊
(၇) သဒ္ဓါ–ဗုဒ္ဓိ–ဝိတက်စရိုက်။

**၃။ ဧကမူ ၃–နည်း**

(က) ရာဂကိုမူတည်၊ သဒ္ဓါစသည် မူလီသွတ် = စရိုက် ၇–မျိုး

(၁) ရာဂ–သဒ္ဓါစရိုက်၊
(၂) ရာဂ–ဗုဒ္ဓိစရိုက်၊
(၃) ရာဂ–ဝိတက်စရိုက်၊
(၄) ရာဂ–သဒ္ဓါ–ဗုဒ္ဓိစရိုက်၊
(၅) ရာဂ–သဒ္ဓါ–ဝိတက်စရိုက်၊
(၆) ရာဂ–ဗုဒ္ဓိ–ဝိတက်စရိုက်၊
(၇) ရာဂ–သဒ္ဓါ–ဗုဒ္ဓိ–ဝိတက်စရိုက်။

(ခ) ဒေါသကိုမူတည်၊ သဒ္ဓါစသည် မူလီသွတ် = စရိုက် ၇–မျိုး၊

(ဂ) မောဟကိုမူတည်၊ သဒ္ဓါစသည် မူလီသွတ် = စရိုက် ၇–မျိုး၊

∴ ဧကမူ ၃–နည်း = ၇ × ၃ = စရိုက် ၂၁–မျိုး။

**၄။ ဒွိမူ ၃–နည်း**

(က) ရာဂ–ဒေါသကိုမူတည်၊ သဒ္ဓါစသည် မူလီသွတ် = စရိုက် ၇–မျိုး၊

(၁) ရာဂ–ဒေါသ–သဒ္ဓါစရိုက်၊
(၂) ရာဂ–ဒေါသ–ဗုဒ္ဓိစရိုက်၊
(၃) ရာဂ–ဒေါသ–ဝိတက်စရိုက်၊
(၄) ရာဂ–ဒေါသ–သဒ္ဓါ–ဗုဒ္ဓိစရိုက်၊
(၅) ရာဂ–ဒေါသ၊ သဒ္ဓါ–ဝိတက်စရိုက်၊
(၆) ရာဂ–ဒေါသ၊ ဗုဒ္ဓိ–ဝိတက်စရိုက်၊
(၇) ရာဂ–ဒေါသ၊ သဒ္ဓါ–ဗုဒ္ဓိ–ဝိတက်စရိုက်။

(ခ) ရာဂ–မောဟကိုမူတည်၊ သဒ္ဓါစသည် မူလီသွတ် = စရိုက် ၇–မျိုး၊
(ဂ) ဒေါသ–မောဟကိုမူတည်၊ သဒ္ဓါစသည် မူလီသွတ် = စရိုက် ၇–မျိုး၊
∴ ဒွိမူ ၃–နည်း = ၇ × ၃ = စရိုက် ၂၁–မျိုး။

**၅။ တိမူ ၁–နည်း**

(၁) ရာဂ–ဒေါသ–မောဟ–သဒ္ဓါစရိုက်၊
(၂) ရာဂ–ဒေါသ–မောဟ–ဗုဒ္ဓိစရိုက်၊
(၃) ရာဂ–ဒေါသ–မောဟ–ဝိတက်စရိုက်၊
(၄) ရာဂ–ဒေါသ–မောဟ၊ သဒ္ဓါ–ဗုဒ္ဓိစရိုက်၊
(၅) ရာဂ–ဒေါသ–မောဟ၊ သဒ္ဓါ–ဝိတက်စရိုက်၊
(၆) ရာဂ–ဒေါသ–မောဟ၊ ဗုဒ္ဓိ–ဝိတက်စရိုက်၊
(၇) ရာဂ–ဒေါသ–မောဟ၊ သဒ္ဓါ–ဗုဒ္ဓိ–ဝိတက်စရိုက်။
∴ တိမူ ၁–နည်း = ၇ × ၁ = စရိုက် ၇–မျိုး

| | | | | |
|---|---|---|---|---|
| ၁။ | ရာဂ–ဒေါသ–မောဟနှင့်စပ်၍ | = | စရိုက် | ၇–မျိုး |
| ၂။ | သဒ္ဓါ–ဗုဒ္ဓိ–ဝိတက်နှင့်စပ်၍ | = | စရိုက် | ၇–မျိုး |
| ၃။ | ဧကမူ ၃–နည်း | = | စရိုက် | ၂၁–မျိုး |
| ၄။ | ဒွိမူ ၃–နည်း | = | စရိုက် | ၂၁–မျိုး |
| ၅။ | တိမူ ၁–နည်း | = | စရိုက် | ၇–မျိုး |
| | ပေါင်း | = | စရိုက် | ၆၃–မျိုး |

**မှတ်ချက်။** ။အချို့သောဆရာတို့သည်ကား – ဒိဋ္ဌိနှင့်တကွ ၆၄–ပါးသော စရိုက်တို့သည် ဖြစ်ကုန်၏ဟု ဖွင့်ကုန်၏။

❀ ❀ ❀ ❀ ❀

# သပ္ပါယဘေဒ

"မည်သည့်ကမ္မဋ္ဌာန်းသည် မည်သည့်စရိုက်ရှိသူအား သင့်လျော်လျောက်ပတ်၏"ဟု ထိုထိုစရိုက်ရှိသူအား သင့်လျော်လျောက်ပတ်သော ကမ္မဋ္ဌာန်းကို ခွဲခြမ်းပြဆိုရာအခန်းသည် သပ္ပါယဘေဒ မည်၏။

**ရာဂ–ဒေါသ–မောဟ–ဝိတက် ဟူသောစရိုက်**တို့သည် မကောင်းသောစရိုက်များဖြစ်သောကြောင့် ယင်းစရိုက်များကို ပယ်ရှားနိုင်ရန် စရိုက်၏အကြိုက်မဟုတ်သော ကမ္မဋ္ဌာန်းကို အားထုတ်ရမည်။

**သဒ္ဓါနှင့်ဗုဒ္ဓိစရိုက် ၂–ပါး**သည် ကောင်းသောစရိုက်များ ဖြစ်သောကြောင့် ယင်းစရိုက်များ တိုးပွားလာအောင် စရိုက်၏အကြိုက်ဖြစ်သော ကမ္မဋ္ဌာန်းကို အားထုတ်ရမည်။

## (၁) ရာဂစရိုက်ရှိသောသူနှင့် လျော်ပတ်သောကမ္မဋ္ဌာန်း

အသုဘ ၁၀–ပါးနှင့် ကာယဂတာသတိသည် ရာဂနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ရာဂများသောသူများနှင့် လျောက်ပတ်၏။

## (၂) ဒေါသစရိုက်ရှိသောသူနှင့် လျောက်ပတ်သောကမ္မဋ္ဌာန်း

ဝဏ္ဏကသိုဏ်း ၄–ပါး၊ အပ္ပမညာ ၄–ပါး၊ ပေါင်း ၈–ပါးသည် ဒေါသကို ပယ်ခွာခြင်း၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ မထိပါး မညှင်းဆဲခြင်းလျှင် အာရုံရှိသောကြောင့်လည်းကောင်း ဒေါသစရိုက်ရှိသောသူအား သင့်လျော်လျောက်ပတ်၏။

## (၃) မောဟစရိုက်–ဝိတက်စရိုက်ရှိသောသူနှင့် လျောက်ပတ်သောကမ္မဋ္ဌာန်း

အာနာပါနသသတိသည် ပညာ၏အာရုံဖြစ်၍ မောဟနှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း၊ ကမ္မဋ္ဌာန်းမှအပ တစ်ပါးသောအာရုံ၌ ဝိတက်၏ထွက်ပြေးခြင်းကို တားမြစ်တတ်သည်အဖြစ်ကြောင့်လည်းကောင်း အာနာပါနသသတိသည် မောဟစရိုက်–ဝိတက်စရိုက်ရှိသောသူအား လျောက်ပတ်၏။

## (၄) သဒ္ဓါစရိုက်ရှိသောသူနှင့် လျောက်ပတ်သောကမ္မဋ္ဌာန်း

သဒ္ဓါပွားခြင်း၏အကြောင်းဖြစ်သောကြောင့် ဗုဒ္ဓါနုဿတိစသော အနုဿတိ ၆-ပါးသည် သဒ္ဓါစရိုက်ရှိသောသူအား လျောက်ပတ်၏။

## (၅) ဗုဒ္ဓိစရိုက်ရှိသောသူနှင့် လျောက်ပတ်သောကမ္မဋ္ဌာန်း

နက်နဲသည်ဖြစ်၍ ပညာ၏အရာသာ ဖြစ်သောကြောင့် မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် တို့သည် ဗုဒ္ဓိစရိုက်ရှိသောသူအား လျောက်ပတ်၏။

## (၆) စရိုက် ၆-ပါးလုံးနှင့် လျောက်ပတ်သောကမ္မဋ္ဌာန်း

ဓာတ်ကြီး ၄-ပါးကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်း၊ အာရုပ္ပ ၄-ပါး၊ ပေါင်း ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့သည် မည်သည့်စရိုက်များသောသူမဆို စီးဖြန်းပွားများခြင်းငှာ သင့်လျော်လျောက်ပတ်ကုန်၏။

အဘယ့်ကြောင့်ဆိုသော် - ရာဂစသော အကုသိုလ်စရိုက်ကို မငြိမ်းအေးစေနိုင် မပယ်ခွာနိုင်သော ကမ္မဋ္ဌာန်းတို့မည်သည် မရှိကုန်၊ သဒ္ဓါစသော ကုသိုလ်စရိုက်တို့ကိုလည်း မထောက်ပံ့နိုင် တိုးပွားအောင် မပြုနိုင်သော ကမ္မဋ္ဌာန်းတို့မည်သည် မရှိကုန်၊ ထို့ကြောင့် သင့်လျော်လျောက်ပတ်၏။

## မောဟစရိုက်ရှိသူနှင့် သင့်လျော်သော ကသိုဏ်းဝန်း

မောဟစရိုက်များသောသူသည် ကောက်နယ်တလင်းခန့် ကျယ်ပြန့်သော ကသိုဏ်းဝန်းပြုကာ စီးဖြန်းရာ၏၊ ငယ်သော ကသိုဏ်းဝန်းနှင့် မသင့်လျော်ပေ၊ အဘယ်ကြောင့်ဆိုသော် - ကသိုဏ်းဝန်းငယ်ပါမူ ကျဉ်းမြောင်းသောအရံ၌ စိတ်သည် အလွန်တွေဝေသောကြောင့် မောဟအလွန်များတတ်သောကြောင့် ဖြစ်ပါသည်။

## ဝိတက်စရိုက်ရှိသူနှင့် သင့်လျော်သော ကသိုဏ်းဝန်း

ဝိတက်စရိုက်များသောသူသည် တစ်ထွာနှင့် လက်လေးသစ် (တစ်ပေခန့်) ပမာဏရှိသော အိုးဝ, ခွက်ဝ, ဆန်ကောမျှ ပမာဏရှိသော ကျဉ်းငယ်သော ကသိုဏ်းဝန်းပြုကာ စီးဖြန်းပွားများရာ၏၊ ကြီးကျယ်သော ကသိုဏ်းဝန်းနှင့်ကား မသင့်လျော်ပေ၊

အဘယ့်ကြောင့်ဆိုသော် – ကသိုဏ်းဝန်းကျင်ယ်ပါမူ ကျယ်ပြန့်သော အာရုံသည် ဝိတက်၏ ထိုထိုအာရုံသို့ ပြေးသွားခြင်း (စိတ်ပျံ့လွင့်ခြင်း)၏ အကြောင်း ဖြစ်သောကြောင့် (ဝိတက်အလွန်များသောကြောင့်) ဖြစ်ပါသည်။

**မေး ။ (က) ပုဂ္ဂိုလ်တစ်ယောက်စီသာဆိုင်သော ကမ္မဋ္ဌာန်း၊ (ခ) အများဆိုင်သော ကမ္မဋ္ဌာန်းတို့ကို ခွဲခြားပြခဲ့ပါ။**

(က) နီလစသော ဝဏ္ဏကသိုဏ်း ၄–ပါး၊ အသုဘ ၁၀–ပါး၊ အနုဿတိ ၁၀–ပါး၊ အပ္ပမညာ ၄–ပါး၊ သညာ, ဝဝတ္ထာန်အားဖြင့် ၃၀–ပါးသော ကမ္မဋ္ဌာန်းတို့သည် ပုဂ္ဂိုလ်တစ်ယောက်စီနှင့်သာဆိုင်သော ကမ္မဋ္ဌာန်းများ ဖြစ်ကြပါသည်။

(ခ) ကြွင်းသော ကသိုဏ်း ၆–ပါး၊ အာရုပ္ပ ၄–ပါးအားဖြင့် ၁၀–ပါးသော ကမ္မဋ္ဌာန်းတို့သည် အများဆိုင်ကမ္မဋ္ဌာန်းများ ဖြစ်ကြပါသည်။ (တစ်နည်း) ပုဂ္ဂိုလ်အားလုံးနှင့် သင့်လျော်လျောက်ပတ်သောကြောင့် သဗ္ဗဋ္ဌာနိက ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရပါသည်။

**မေး ။ "အသုဘ ၁၀–ပါး၊ ကာယဂတာသတိ ဟူသော ကမ္မဋ္ဌာန်း ၁၀–ပါးသည် ရာဂစရိုက်ရှိသူအား သင့်လျော်၏" စသော အရှင်အနုရုဒ္ဓါဆရာ၏သတ်မှတ်ချက်ကို ဧကန်မုချ မှတ်ရပါမည်လော၊ ရှင်းပြခဲ့ပါ။**

ဧကန်မုချ မမှတ်ရပါ၊ ထိုကမ္မဋ္ဌာန်းတို့သည် ရာဂစသည်တို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်သောကြောင့်လည်းကောင်း၊ အလွန်သင့်လျော်လျောက်ပတ်သောကြောင့်လည်းကောင်း ယင်းသို့ သတ်မှတ်ခြင်း ဖြစ်ပါသည်။

ရာဂစသည်တို့ကို မပယ်ခွာနိုင်၊ သဒ္ဓါ, ပညာ စသည်တို့ကို ကျေးဇူးမပြုနိုင်၊ မတိုးပွားစေနိုင်သော ဘာဝနာ မည်သည်မရှိပါ၊ (ကမ္မဋ္ဌာန်းမှန်က ရာဂစသော စရိုက်ဆိုးများကို ပယ်ခွာ၍ သဒ္ဓါ၊ ပညာ စသည်တို့ကို တိုးပွားစေနိုင်သည်သာ။)

ထို့ကြောင့် စရိုက် ၆–ပါးတို့တွင် မည်သည့်စရိုက်ရှိသူအားမဆို ကမ္မဋ္ဌာန်း ၄၀–လုံး အထိုက်အလိုက် သင့်လျော်လျောက်ပတ်သည်သာ ဟု မှတ်ရပါမည်။

* * * * *

## ၃။ ဘာဝနာဘေဒ

ကမ္မဋ္ဌာန်း ၄၀ ကို ဘာဝနာအပြား ၃–ပါးဖြင့် ရသင့်သည့်အားလျော်စွာ ခွဲခြား ဝေဖန်ပြရာအခန်းသည် ဘာဝနာဘေဒ မည်၏။

**ဘာဝနာ ၃–ပါး**

(၁) **ပရိကမ္မဘာဝနာ** = ဈာန်၊ မဂ်၊ ဖိုလ် တည်းဟူသော အပ္ပနာကို ပြုပြင်တတ်, ဖြစ်ပေါ်စေတတ်သော, အပ္ပနာ၏အစ ရှေးမဆွဖြစ်သော ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းသည်မှစ၍ နီဝရဏာမငြိမ်းမီ အတွင်း ပွားများအားထုတ်အပ်သမျှသော ကာမာဝစရ (ကု, ကြိ) ဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏။

(၂) **ဥပစာရဘာဝနာ** = နီဝရဏာတရား ငြိမ်းသည်မှစ၍ ဂေါတြဘူတိုင်အောင် ဤအတွင်း၌ ပွားများအပ်သမျှသော ကာမာဝစရဘာဝနာသည် အပ္ပနာ၏အနီး၌ ဖြစ်သောကြောင့် ဥပစာရ–ဘာဝနာ မည်၏။

(၃) **အပ္ပနာဘာဝနာ** = အပ္ပနာမည်သော ဝိတက်လျှင် အကြီးအမှူးရှိသည်အဖြစ်ကြောင့် မဟဂ္ဂုတ်၊ လောကုတ္တရာဈာန်အဖြစ်သို့ ရောက်သောဘာဝနာသည် အပ္ပနာဘာဝနာ မည်၏။

**မုချအပ္ပနာနှင့် ဥပစာရအပ္ပနာ**

သမ္ပယုတ်တရားတို့ကို အာရုံ၌ကျစေသကဲ့သို့ ဖြစ်တတ်သောကြောင့် ဝိတက်သည် မုချအားဖြင့် အပ္ပနာ မည်၏။ (ထိုစကားမှန်၏၊ ထိုဝိတက်ကို "အပ္ပနာ ဗျပ္ပနာ" ဟု မြတ်စွာဘုရားသည် ညွှန်ပြတော်မူအပ်၏။)

အပ္ပနာဟု ဆိုအပ်သော ဝိတက်လျှင် အကြီးအမှူးရှိသည်အဖြစ်၏အစွမ်းကြောင့် အလုံးစုံကုန်သော မဟဂ္ဂုတ်လောကုတ္တရာဈာန်တရားတို့ကို ဥပစာရအားဖြင့် အပ္ပနာဟု ဆိုအပ်ကုန်၏။

## ဘာဝနာ ၃–ပါးလုံး ရနိုင်သောကမ္မဋ္ဌာန်း

ကသိုဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ အပ္ပမညာ ၄–ပါး၊ အာရုပ္ပ ၄–ပါး၊ ပေါင်း ၃၀–ပါးသည် ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ ၃–ပါးလုံး ရနိုင်၏။

## ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ ၂–ပါးသာ ရနိုင်သောကမ္မဋ္ဌာန်း (တစ်နည်း) အပ္ပနာဘာဝနာ မရသောကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိစသော အနုဿတိ ၈–ပါး၊ အာဟာရေပဋိကူလသညာ ၁–ပါး၊ စတုဓာတုဝဝတ္ထာန် ၁–ပါး၊ ပေါင်း ၁၀–ပါးသည် ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ ၂–ပါးသာ ရနိုင်၏၊ အပ္ပနာဘာဝနာ မရနိုင်ပါ။

## ဗုဒ္ဓါနုဿတိ စသည်၌ အပ္ပနာဘာဝနာ မရနိုင်ခြင်း

ဘုရားဂုဏ် စသည်တို့သည် ပရမတ္ထတရားဖြစ်သောကြောင့်လည်းကောင်း၊ တစ်ပါးမက များသောအပြားရှိသည်အဖြစ်ကြောင့်လည်းကောင်း၊ ဗုဒ္ဓါနုဿတိစသော ၁၀–ပါးသော ကမ္မဋ္ဌာန်းတို့၌ အပ္ပနာအစွမ်းဖြင့် သမာဓိသည် တည်ခြင်းငှာ မစွမ်းနိုင်သောကြောင့် အပ္ပနာအဖြစ်သို့ မရောက်ဘဲ ကာမာဝစရသမာဓိသာ ဖြစ်နိုင်သည်၊ ၎င်းကာမာဝစရသမာဓိသည်လည်း ဥပစာရသမာဓိအဖြစ်ဖြင့်သာ တည်တံ့နိုင်သောကြောင့် ဥပစာရဘာဝနာမျှသာ ပြည့်စုံ၍ အပ္ပနာဘာဝနာ မပြည့်စုံခြင်းဖြစ်၏။

## ဒုတိယာရုပ္ပနှင့် စတုတ္ထာရုပ္ပ ပရမတ်ကမ္မဋ္ဌာန်းတို့၏ အပ္ပနာဘာဝနာ ရနိုင်ခြင်းအကြောင်း

ဒုတိယာရုပ္ပနှင့် စတုတ္ထာရုပ္ပ ကမ္မဋ္ဌာန်းတို့သည် ပရမတ်ကမ္မဋ္ဌာန်းဖြစ်၍ ပရမတ်အာရုံကို အာရုံပြုကာ နက်နဲသော်လည်း အပ္ပနာဘာဝနာ ရနိုင်သည်။

အကြောင်းမှာ – အာရုပ္ပဈာန်တို့သည် အောက်အောက်ဈာန်၏ အာရုံကို လွန်လျှင် အထက်ဈာန်ကို ရမြဲဖြစ်၍ အောက်အောက်အာရုံကို လွန်မြောက်နိုင်သော

ဘာဝနာအစွမ်းကြောင့် အထက်ပရမတ်အာရုံကို အာရုံပြုကာ အပ္ပနာသို့ ရောက်နိုင်သည်။

**လောကုတ္တရာသမာဓိသည် ပရမတ်ကို အာရုံပြုသော်လည်း အပ္ပနာဘာဝနာ ရနိုင်ခြင်း အကြောင်း**

လောကုတ္တရာသမာဓိသည် နိဗ္ဗာန်တည်းဟူသော ပရမတ်အာရုံကို အာရုံပြုကာ နက်နဲသော်လည်း အပ္ပနာဘာဝနာ ရနိုင်သည်။

အကြောင်းမှာ –ဝိသုဒ္ဓိအစဉ်အားဖြင့်လည်းကောင်း၊ ဉာဏ်စဉ်အားဖြင့် လည်းကောင်း၊ အဆင့်ဆင့် တက်ခဲ့သော ဘာဝနာသည် လွန်စွာအားရှိသဖြင့် လောကုတ္တရာသမာဓိသည် နိဗ္ဗာန်ကို အာရုံပြု၍ လောကုတ္တရာအပ္ပနာသို့ ရောက်နိုင်၏။

**ဈာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ**

(၁) ကသိုဏ်း ၁၀–ပါး၊ အာနာပါနဿတိ ၁–ပါး ပေါင်း ၁၁–ပါးသည် ရူပဈာန် ၅–ပါးလုံး၏ အာရုံဖြစ်ကုန်၏၊ ဤ ၁၁–ပါးတွင် တစ်ပါးပါးကို ပွားများအားထုတ်လျှင် ရူပါဝစရဈာန် ၅–ပါးလုံးကို ရနိုင်ပါသည်။

ထိုကသိုဏ်း ၁၀–ပါးနှင့် အာနာပါနဿတိကမ္မဋ္ဌာန်းတို့သည် ဈာန် ၅–ပါး အပေါင်းရှိသောကြောင့် (တစ်နည်း) ဈာန် ၅–ပါးအပေါင်း၌ ယှဉ်သောကြောင့် **ပဉ္စကဈာနိက** မည်၏။

(၂) အသုဘ ၁၀–ပါး၊ ကာယဂတာသတိ ၁–ပါး၊ ပေါင်း ၁၁–ပါးသည် ပဌမဈာန်၏ အာရုံဖြစ်ကုန်၏၊ ဤ ၁၁–ပါးတို့တွင် တစ်ပါးပါးကို ပွားများ အားထုတ်လျှင် ပဌမဈာန်ကိုသာ ရနိုင်ပါသည်။

အသုဘကမ္မဋ္ဌာန်းတို့သည် စက်ဆုပ်ရွံရှာဖွယ်သော အနိဋ္ဌာရုံများ ဖြစ်ကုန်၍ စိတ်နှစ်သက်မှုကို ဖြစ်စေရန် အားအလွန်နည်းကုန်၏၊ ထို့ကြောင့် ၎င်းကမ္မဋ္ဌာန်းတို့၌ သမာဓိရစေရန် ရေစီးပြင်းသောမြစ်၌ ထိုးဝါးနှင့်ကင်း၍ လှေသည် မတည်တံ့နိုင်သကဲ့သို့ ဝိတက်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် ဝိတက်ပါရှိသော ပဌမဈာန်ကိုသာရနိုင် ဖြစ်စေနိုင်၏၊ ဝိတက်မယှဉ်သော–ဝိတက်ကင်းသော ဒုတိယဈာန်စသည်တို့ကိုကား မဖြစ်စေနိုင်ကုန်။ (အသုဘကမ္မဋ္ဌာန်းသည် အဝိတက္ကဈာန်၏ မဖြစ်သင့်သောကြောင့် **ပဌမဈာနိက** မည်၏။)

(၃) မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့သည် ဒေါမနဿနှင့်တကွဖြစ်သော ဗျာပါဒ တရား၊ သတ္တဝါတို့အား ညှဉ်းဆဲခြင်း ဝိဟိံသတရား၊ သူတစ်ပါးစည်းစိမ်၌ မမွေ့လျော်ခြင်း အနဘိရတိတရားတို့ကို ပယ်တတ်သည် အဖြစ်ကြောင့် သောမနဿဝေဒနာနှင့်သာတကွ ဖြစ်၍ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန် လေးပါးကို ဖြစ်စေနိုင်ကုန်၏။ (ထို့ကြောင့် **စတုက္ကဈာနိက** မည်၏။)

(၄) ဥပေက္ခာဗြဟ္မဝိဟာရသည်ကား–"အလုံးစုံသော သတ္တဝါတို့သည် ချမ်းသာသော ကိုယ်စိတ်ရှိပါစေကုန်သတည်း၊ ဆင်းရဲမှ လွတ်ပါစေကုန်သတည်း၊ ရအပ်သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းမှ မလျော့ပါစေကုန်သတည်း" ဟူသော မေတ္တာ စသည် အစွမ်းဖြင့်ဖြစ်သော ကိစ္စသုံးပါးအပေါင်းကိုပယ်၍ ကံသာလျှင် မိမိဥစ္စာ ရှိသည်အဖြစ်ကို ရှုသဖြင့် သတ္တဝါတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် သောမနဿဝေဒနာနှင့် မယှဉ်နိုင်ဘဲ ဥပေက္ခာနှင့်တကွ ဖြစ် သော ပဉ္စမဈာန်သာ ဖြစ်နိုင်သည်။
(ထို့ကြောင့် ဥပေက္ခာဗြဟ္မဝိဟာရသည် **ဥပေက္ခာပဉ္စမဈာနိက** မည်၏။)

(၅) အာရုပ္ပကမ္မဋ္ဌာန်း ၄–ပါးသည် ဆိုင်ရာအရူပပဉ္စမဈာန်အသီးသီးကိုသာ **ရစေ** နိုင်၏။

## ၄။ နိမိတ္တဘေဒ (ဂေါစရဘေဒ)

ကမ္မဋ္ဌာန်း ၄၀–ပါးကို အာရုံအပြား ၃–ပါးတို့ဖြင့် ရသင့်သည်အားလျော်စွာ ခွဲခြားဝေဖန်ပြရာအခန်းသည် ဂေါစရဘေဒ မည်၏။

နိမိတ္တ သဒ္ဒါသည် "ဘာဝနာ၏အကြောင်းဖြစ်သော အာရုံ" ဟူသော အနက် ကို ဟော၏၊ ထို့ကြောင့် "ဂေါစရဘေဒ"ကို "နိမိတ္တဘေဒ"ဟုလည်း ခေါ်ဆိုနိုင်၏။

**နိမိတ် ၃–ပါး**

**နိမိတ်** = အာရမ္မဏိကတရားတို့ဖြင့် သိအပ်သောကြောင့် အာရုံတရားသည် နိမိတ် မည်၏။

(၁) ပရိကမ္မနိမိတ် = ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သောကြောင့် ပထဝီကသိုဏ်းဝန်း အစရှိသော အာရုံသည် ပရိကမ္မနိမိတ် မည်၏။
(၂) ဥဂ္ဂဟနိမိတ် = စက္ခုဝိညာဏ်ဖြင့် ယူအပ် မြင်အပ်သကဲ့သို့ မနောဒွါရိက ကုသိုလ်ဇောစိတ်ဖြင့် မှန်းဆ၍ ယူအပ်သောကြောင့် ကသိုဏ်းဝန်း အစရှိသော အာရုံသည် ဥဂ္ဂဟနိမိတ် မည်၏။
(၃) ပဋိဘာဂနိမိတ် = ညိုသောအဆင်းစသော ကသိုဏ်းဝန်းအပြစ်မှ ကင်းသော၊ ဥပစာရဘာဝနာ, အပ္ပနာဘာဝနာတို့၏ အာရုံဖြစ်သော ကသိုဏ်းဝန်း အစရှိသော အာရုံသည် ဥဂ္ဂဟနိမိတ်နှင့် တူသောကြောင့် ပဋိဘာဂနိမိတ် မည်၏။

## ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်ရနိုင်သော ကမ္မဋ္ဌာန်း ၄၀–ပါး

မည်သည့်ကမ္မဋ္ဌာန်းမဆို အာရုံနှင့် မကင်းနိုင်၊ အာရုံနှင့်ကင်းသော ကမ္မဋ္ဌာန်း မည်သည် မရှိသောကြောင့် ပရိကမ္မနိမိတ်ကို ရသည်ချည်း ဖြစ်၏။ ပရိကမ္မနိမိတ်ကို ရပါက ၎င်းပရိကမ္မနိမိတ်နှင့်တူစွာ ဥဂ္ဂဟနိမိတ်သည် ထင်မြဲဖြစ်သောကြောင့် အလုံးစုံသောကမ္မဋ္ဌာန်း ၄၀ ၌ ဥဂ္ဂဟနိမိတ်ကိုလည်း ရအပ်၏။

ယင်းရသော ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်တို့သည် သက်ဆိုင်သော ကမ္မဋ္ဌာန်း အလိုက် ထိုက်သင့်သလို (ယထာရဟ) ထင်ခြင်း ဖြစ်သည်။ (ကမ္မဋ္ဌာန်း ၄၀ ၌ အာရုံ အမျိုးမျိုးရှိရာ ၎င်းအာရုံအားလျော်စွာသာ ထင်၏ဟူလို။)

ထိုကမ္မဋ္ဌာန်း ၄၀ တို့တွင် ကသိုဏ်း ၁၀–ပါး, အသုဘ ၁၀–ပါး, ကာယဂတာ–သတိ, အာနာပါနဿတိ, ပေါင်း ကမ္မဋ္ဌာန်း ၂၂–ပါးတို့၌သာလျှင် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်တို့သည် ထင်ရှားစွာ ဖြစ်နိုင်ပါသည်။

ဗုဒ္ဓါနုဿတိစသော အနုဿတိ ၈–ပါး, အပ္ပမညာ ၄–ပါး, သညာ ၁–ပါး, ဝဝတ္ထာန် ၁–ပါး, အရူပ ၄–ပါး ပေါင်း ၁၈–ပါးသော ကမ္မဋ္ဌာန်းများ၌ကား ပရိကမ္မ–နိမိတ်၊ ဥဂ္ဂဟနိမိတ်တို့သည် ထင်ရှားစွာ မဖြစ်နိုင်ကြပါ၊ ထို့ကြောင့် "ပရိယာယေန" ဟု မိန့်ဆိုရခြင်း ဖြစ်သည်။

ဗုဒ္ဓါနုဿတိ စသည်တို့၌ ရှေးဦးစွာ စတင်စီးဖြန်းကတည်းကပင် ဘုရားဂုဏ် စသည်တို့ကို စိတ်ဖြင့်မှန်း၍ စီးဖြန်းရသောကြောင့် "ဘယ်အခိုက်မှာ ပရိကမ္မနိမိတ်၊

ဘယ်အခိုက်မှာ ဥဂ္ဂဟနိမိတ်”ဟု အထင်အရှား ခွဲခြား၍ မရပါ၊ “ဂုဏ်တော်စသည်တို့ မထင်ရှားသေးခင် ပရိကမ္မနိမိတ်၊ အတော်ထင်ရှားလာသည့်အခါ ဥဂ္ဂဟနိမိတ်”ဟု အမှန်းအတားလောက်သာ ခွဲခြားနိုင်ပါသည်။

**ပဋိဘာဂနိမိတ်ရနိုင်သော ကမ္မဋ္ဌာန်း ၂၂-ပါး**

ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, ကာယဂတာသတိ, အာနာပါနဿတိ, ပေါင်း ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌သာ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့ ထင်ရှားစွာ ဖြစ်နိုင်သောကြောင့် ပဋိဘာဂနိမိတ် ရနိုင်ကြ၏။

ပဋိဘာဂနိမိတ်ကို ရသောကြောင့် ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိတို့သည်လည်း ဖြစ်ကုန်၏။

**ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်အထူး**

**ဥဂ္ဂဟနိမိတ်**

(၁) စက္ခုဝိညာဏ်ဖြင့် ယူအပ်၊ မြင်အပ်သကဲ့သို့ မနောဒွါရိကကုသိုလ်ဇောစိတ်ဖြင့် မှန်းဆ၍ ယူအပ်သော, ရှေးကထက် သမာဓိရှိလှစွာသော တည်ကြည်မှုရှိသော ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သည့် ကသိုဏ်းဝန်းအစရှိသောအာရုံသည် ဥဂ္ဂဟနိမိတ် မည်၏။

(၂) ဥဂ္ဂဟနိမိတ်သည် ပဋိဘာဂနိမိတ်လောက် မစင်ကြယ်ပါ။

**ပဋိဘာဂနိမိတ်**

(၁) ဥဂ္ဂဟနိမိတ်နှင့် ပုံသဏ္ဍာန်၊ ပမာဏတူသော၊ ညီသောအဆင်း,လက်ချောင်းရာစသော ကသိုဏ်းဝန်းအပြစ်တို့မှ ကင်းလွတ်သော၊ ဥပစာရဘာဝနာ, အပ္ပနာဘာဝနာတို့၏ အာရုံဖြစ်သော ကသိုဏ်းဝန်းအစရှိသော အာရုံသည် ပဋိဘာဂနိမိတ် မည်၏။

(၂) ပဋိဘာဂနိမိတ်ကား လက်ချောင်းရာစသော ကသိုဏ်းဝန်းအပြစ်တို့မှ ကင်းလွတ်သဖြင့် ဥဂ္ဂဟနိမိတ်ထက် အဆအရာ, အထောင်မက သာလွန်၍ စင်ကြယ်သန့်ရှင်းပါသည်။

(၃) ဥဂ္ဂဟနိမိတ်သည် မြေဝန်း၊ မြေဝိုင်း စသည်ဖြစ်သောကြောင့် အထည်ကိုယ် ဒြပ်ထင်ရှားရှိသော အဋ္ဌကလာပ်ရုပ် ပရမတ်တရားများ ဖြစ်ကြ၏။

(၃) ပဋိဘာဂနိမိတ်ကား ယောဂီပုဂ္ဂိုလ်၏ ပွားများအားထုတ်သော ဘာဝနာသညာကြောင့် ဖြစ်ပေါ်လာသော အာရုံဖြစ်၍ အထည်ကိုယ်ဒြပ် ထင်ရှားရှိသော ပရမတ်တရားမဟုတ်၊ ပညတ်တရားမျှသာ ဖြစ်ပါသည်။

ဤသို့အားဖြင့် ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်တို့ ထူးခြားမှု ရှိပါသည်။

**ကမ္မဋ္ဌာန်းအားမထုတ်မီ ပြုလုပ်ရမည့် ကျင့်ဝတ်များ**

(၁) စတုပါရိသုဒ္ဓိသီလကို စင်ကြယ်အောင် သုတ်သင်ရမည်။
(၂) ပလိဗောကြီး ၁၀–ပါးကို ဖြတ်တောက်ရမည်။
(၃) ချစ်မြတ်နိုးအပ်သည်အဖြစ်, အလေးအမြတ်ပြုအပ်သည်အဖြစ်, မေတ္တာပွားစေအပ်သည်အဖြစ် အစရှိသောဂုဏ်နှင့်ပြည့်စုံသော ကလျာဏမိတ္တသို့ ချဉ်းကပ်ကာ မိမိ၏စရိုက်နှင့် သင့်လျော်သောကမ္မဋ္ဌာန်းကို သင်ယူရမည်။
(၄) ထို့နောက် ဘာဝနာနှင့် မလျော်ကပ်သော ကျောင်း ၁၈–ပါးကို ပယ်၍ အင်္ဂါ ၅–ပါးနှင့် ပြည့်စုံသော ဘာဝနာနှင့် လျော်ကပ်သောကျောင်း၌ နေထိုင် ရမည်။
(၅) ပလိဗောငယ်များကို ဖြတ်တောက်ရမည်။
ထို့နောက်မှ ပထဝီကသိုဏ်းစသော ဘာဝနာကို ပွားများ အားထုတ်ရမည်။
(အကျယ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ရှုပါ။)

**ဘာဝနာနှင့် နိမိတ်တွဲစပ်ပုံ**

**နိမိတ် ၃–ပါး၊ ဘာဝနာ ၃–ပါးလုံး ရနိုင်သောကမ္မဋ္ဌာန်း ၂၂–ပါး၌ တွဲစပ်ပုံ**

(ကသိုဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ)

ပရိကမ္မနိမိတ် → ပရိကမ္မဘာဝနာ
ဥဂ္ဂဟနိမိတ် → (ရှေးကထက်သမာဓိရှိလှစွာသော၊ တည်ကြည်လှသော) ပရိကမ္မဘာဝနာ
ပဋိဘာဂနိမိတ် → ဥပစာရဘာဝနာ
→ အပ္ပနာဘာဝနာ

## ပရိကမ္မနိမိတ်နှင့် ပရိကမ္မဘာဝနာ

ရှေးဦးစွာ ကမ္မဋ္ဌာန်းအလုပ်ကို စတင်အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် တစ်ထွာ လက်လေးသစ်ခန့်ရှိသော ပထဝီကသိုဏ်းကို မျက်စိဖြင့် စူးစိုက်ကြည့်ရှုလျက် “ပထဝီ–ပထဝီ (မြေ–မြေ)”ဟု နှုတ်က ရွတ်ဆို၍သော်လည်းကောင်း၊ မရွတ်ဆိုဘဲ စိတ်ဖြင့် မှန်းဆ၍သော်လည်းကောင်း ပွားများရသည်၊ ရံဖန်မျက်စိကိုမှိတ်၍သော် လည်း ပွားများနိုင်သည်။ ထိုကဲ့သို့ မျက်စိဖြင့်ကြည့်ရှုအပ်၊ စိတ်ဖြင့် မှန်းဆအပ်သော အာရုံကို ပရိကမ္မနိမိတ်ဟု ခေါ်ဆိုရ၏။

ကြည့်ရှု၍သော်လည်းကောင်း၊ မှန်းဆ၍သော်လည်းကောင်း ပွားများမှုကို ပရိကမ္မဘာဝနာဟု ခေါ်ဆိုရသည်။

## ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာ

ပထဝီကသိုဏ်းဝန်း ပရိကမ္မနိမိတ်ကို မှိတ်တုံ ဖွင့်တုံ အဖုံဖုံ အာရုံပြု၍ ပွားများရင်း မျက်စိကိုမှိတ်၍ စိတ်ဖြင့်ဆင်ခြင်သောအခါ မျက်စိဖြင့် တိုက်ရိုက်မြင်နေရသကဲ့သို့ မနောဒွါရ (ခေါ်) စိတ်အစဉ်မှာ ထင်ရှားစွာ ပေါ်လာ၏၊ ထိုသို့ ထင်ရှားစွာ ပေါ်လာသော အာရုံကို ဥဂ္ဂဟနိမိတ်ဟု ခေါ်ဆိုရ၏။

ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာသည် ရှေးကထက်သမာဓိ ရ၍ တည်ကြည်လှစွာသော ပရိကမ္မဘာဝနာ မည်၏။

## ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ

ပရိကမ္မဘာဝနာ (သမာဓိ)ဖြင့် ဥဂ္ဂဟနိမိတ်ကို အဖန်ဖန်အထပ်ထပ် စိတ်ဖြင့် ဆင်ခြင်ပွားများသော ယောဂီပုဂ္ဂိုလ်အား အစဉ်သဖြင့် နီဝရဏတို့သည် ကင်းကွာကုန်၏၊ ကိလေသာတို့သည် ရေများ အနည်ကျသကဲ့သို့ ကောင်းစွာ ငြိမ်ဝပ်နေကုန်၏၊ ထိုအခါ ဥဂ္ဂဟနိမိတ်နှင့် ပုံသဏ္ဌာန်ပမာဏတူမျှ၍ ဥဂ္ဂဟနိမိတ်၏ လက်ချောင်းရာ၊ လက်ဖနောင့်ရာ၊ လက်ဝါးရာစသော ကသိုဏ်းဝန်းအပြစ်တို့မှ လွတ်သော ---

အိမ်မှထုတ်အပ်သော ကြေးမုံဝန်းကဲ့သို့ လည်းကောင်း၊

ကောင်းစွာပွတ်သပ်ပြီးသော ခရုသင်းခွက်ကဲ့သို့ လည်းကောင်း၊

တိမ်တိုက်ကြားမှ ထွက်လာသော လပြည့်ဝန်းကဲ့သို့ လည်းကောင်း၊

ကောင်းကင်တိမ်ညိုဝမှ ပျံသန်းသွားသော ဥဗျိုင်းဖြူကဲ့သို့ လည်းကောင်း၊

ဥဂ္ဂနိမိတ်ကို ထွင်းဖောက်၍ ထွက်လာသကဲ့သို့ ထိုဥဂ္ဂဟနိမိတ်ထက် အဆအရာ, အဆအထောင်မက သာလွန်စင်ကြယ်သော နိမိတ်သည် ပဋိဘာဂနိမိတ်မည်၏။

၎င်းပဋိဘာဂနိမိတ်သည် စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသော အဆင်းသဏ္ဌာန်စသော ဝဏ္ဏဒြပ်ပရမတ်အာရုံမျိုး မဟုတ်၊ ရှန့်ရင်းသော အနိစ္စတာ စသောအားဖြင့် သုံးသပ်သည်လည်း မဟုတ်၊ ယောဂီပုဂ္ဂိုလ်၏ အားထုတ်မှု ဘာဝနာအစွမ်း ဥပစာရသမာဓိရမှု ထင်ရှားဖြစ်ပေါ်လာသော အခြင်းအရာ ပညတ်အာရုံမျှသာ ဖြစ်သည်၊ ဘာဝနာသညာဖြင့်သာဖြစ်သော ပညတ်အာရုံဖြစ်သည်။

ထိုပဋိဘာဂနိမိတ်ပေါ်လာချိန်မှစ၍ ဘာဝနာစိတ်အစဉ်သည်လည်း ပရိကမ္မဘာဝနာ အဆင့်အတန်းကို ကျော်လွန်ကာ ဥပစာရဘာဝနာ အဆင့်အတန်းသို့ ရောက်လာတော့သည်။ (ဥပစာရဘာဝနာဟူသည် ပရိဗန္ဓခေါ် ကုသိုလ်စိတ်ကို နှောင့်ယှက်တားမြစ်တတ်သော ကာမစ္ဆန္ဒစသော နီဝရဏ ၅-ပါးကို ပယ်ရှားနိုင်သော ကာမာ-ဝစရသမာဓိ = သမာဓိပြဋ္ဌာန်းသော ကာမာဝစရဇောစိတ် ဖြစ်သည်။)

<u>ပဋိဘာဂနိမိတ်နှင့် အပ္ပနာဘာဝနာ</u>

ပဋိဘာဂနိမိတ်ထင်လာ၍ ဥပစာရဘာဝနာသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုထင်လာသော ပဋိဘာဂနိမိတ်ကိုပင် အာရုံပြုလျက် ဥပစာရသမာဓိ (ဘာဝနာ) ဖြင့် ဆက်လက်အားထုတ်လျှင် အပ္ပနာဘာဝနာခေါ် ရူပါဝစရပထမဈာန်ကို ရရှိပါတော့သည်။

(မှတ်ချက်။ ။ ထင်လာသော ပဋိဘာဂနိမိတ်ကိုပင် အာရုံပြုလျက် ဥပစာရသမာဓိဖြင့် ဆက်လက်အားထုတ်လျှင် -

ဉာဏ်ထက်မြက်သူ(ဉာဏ်ကြီးရှင်)တို့မှာ - မကြာခင်ပင် အပ္ပနာဘာဝနာခေါ် ရူပဈာန် ဖြစ်ပေါ်လာ၏၊

ဉာဏ်မထက်မြက်သူတို့မှာ - ရအပ်ပြီးသော ပဋိဘာဂနိမိတ်ကိုပျောက်ကွယ်မသွားအောင် အထူးစောင့်ရှောက်လျက် အဆက်မပြတ် အားထုတ်ရမည်၊ ထိုသို့ အားထုတ်ခြင်းကို ကောင်းစွာ မှီဝဲသည်ဟု ဆိုရ၏။)

**နိမိတ် ၂-ပါး၊ ဘာဝနာ ၃-ပါးရနိုင်သော ကမ္မဋ္ဌာန်း ၈-ပါး၌ တွဲစပ်ပုံ**

(အပ္ပမညာ ၄-ပါး၊ အာရုပ္ပ ၄-ပါး = ပဋိဘာဂနိမိတ်မရ၊ အပ္ပနာဘာဝနာ-ချာန်ရ)

ပရိကမ္မနိမိတ် ⟶ ပရိကမ္မဘာဝနာ

ဥဂ္ဂဟနိမိတ် ⟶ ရှေးကထက် သမာဓိရလှစွာ တည်ကြည်သော-ပရိကမ္မဘာဝနာ၊

→ ဥပစာရဘာဝနာ၊

→ အပ္ပနာဘာဝနာ။

**နိမိတ် ၂-ပါး၊ ဘာဝနာ ၂-ပါးသာ ရနိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါး၌ တွဲစပ်ပုံ**

(ဗုဒ္ဓါနုဿတိစသော အနုဿတိ ၈-ပါး၊ အာဟာရေပဋိကူလသညာ၊ စတုဓာတု-ဝ,ဝတ္ထာန် = ပဋိဘာဂနိမိတ်မရ၊ အပ္ပနာဘာဝနာ-ချာန်မရ)

ပရိကမ္မနိမိတ် ⟶ ပရိကမ္မဘာဝနာ၊

ဥဂ္ဂဟနိမိတ် ⟶ ရှေးကထက် သမာဓိရလှစွာ တည်ကြည်သော ပရိကမ္မဘာဝနာ

→ ဥပစာရဘာဝနာ၊

**ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပွားများပုံ**

(အပ္ပနာချာန်သို့ မရောက်သော ကမ္မဋ္ဌာန်း ၁၀-ပါး၏ နိမိတ်နှင့် ဘာဝနာတွဲစပ်ပုံ)

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် -

(၁) အရဟံဂုဏ်တော်ကို စီးဖြန်းပွားများလိုလျှင် "အရဟံ-အရဟံ"ဟု အဖန်တလဲလဲ စီးဖြန်းမှုပရိကံ ပြုရပါမည်။
(အရဟံဂုဏ်တော်သည် ပရိကမ္မနိမိတ်ဖြစ်၍၊ စီးဖြန်းမှုသည် ပရိကမ္မဘာဝနာ ဖြစ်၏။)

(၂) ထိုအရဟံဂုဏ်တော်ကို ကောင်းစွာယူမိ၍ ဥဂ္ဂဟနိမိတ် ထင်လာသောအခါ ပရိကမ္မဘာဝနာသည် သမာဓိရကာ တည်ကြည်လာပြီ ဖြစ်သည်။

(၃) ထို့ထက် သမာဓိရသောအခါ နီဝရဏကင်းကွာသဖြင့် ဥပစာရဘာဝနာအဆင့်သို့ တက်လှမ်းနိုင်ပါသည်။
(အပ္ပနာဘာဝနာအဆင့်အတန်းသို့ မရောက်နိုင်ပါ၊ ထို့အတူ ပဋိဘာဂနိမိတ် လည်း မရနိုင်ပါ။)

**ဒုတိယဈာန်စသော ရူပဈာန်ဖြစ်ပုံ**

ပထမဈာန်ကိုရပြီးနောက် ထိုမိမိရရှိပြီးသော ပထမဈာန်ကိုပင် ဝသီဘော် ၅–ပါးတို့ဖြင့် အစွမ်းသတ္တိထက်မြက်အောင် အဖန်ဖန်လေ့လာဝင်စားမှု ပြုပြီး၍ ဝိတက် စသော ရန့်ရင်းကြမ်းတမ်းသော ဈာန်အင်္ဂါကို ပယ်ခြင်းငှာလည်းကောင်း၊ ဝိစာရစသော သိမ်မွေ့သော ဈာန်အင်္ဂါဖြစ်ပေါ်စေခြင်းငှာလည်းကောင်း၊ ရှေးကထင်ပြီးသော ပဋိဘာဂ နိမိတ်ကိုပင် အာရုံပြုလျက် "ပထဝီ–ပထဝီ"ဟု အဖန်တလဲလဲ စီးဖြန်းမှု ပရိကံကို ပြုသော ယောဂီပုဂ္ဂိုလ်အား အစဉ်အတိုင်း ဒုတိယဈာန် စသည်တို့သည် ထိုက်သည့် အားလျော်စွာ အပ္ပနာဘာဝနာအစွမ်းဖြင့် ဖြစ်ပေါ်လာကြ၏။

ဝိတက်အပေါ်၌ စွဲလမ်းချက် (နိကန္တိတဏှာ) ကောင်းကောင်းမကွာသေးခင် ပရိကမ္မဘာဝနာ မည်၏၊ ကောင်းကောင်းကွာလျှင် ဥပစာရဘာဝနာမည်၏၊ ဆက်လက် အားထုတ်သောအခါ ဝိတက်ဈာန်အင်္ဂါမပါဘဲ ဝိစာရစသည့် ဈာန်အင်္ဂါ ၄–ပါးနှင့် ပြည့်စုံသော ဒုတိယဈာန်ခေါ် အပ္ပနာဘာဝနာ ဖြစ်ပေါ်လာ၏။ (တတိယဈာန် စသည်၌ လည်း နည်းတူသိပါ။)

**ဒုတိယဈာန် စသည်၏ နိမိတ်နှင့် ဘာဝနာတွဲစပ်ပုံ**

ပဋိဘာဂနိမိတ် ——→ အောက်, အောက်ဈာန်အင်္ဂါအပေါ် နိကန္တိတဏှာ ကောင်းကောင်းမကွာသေးခင် ပရိကမ္မဘာဝနာ၊
→ ကောင်းကောင်းကွာလျှင် ဥပစာရဘာဝနာ၊
→ အပ္ပနာဘာဝနာ

**ဝသီဘော် ၅–ပါး**

**(၁) အာဝဇ္ဇနဝသီဘော်**

ဈာန်အင်္ဂါ ၅–ပါးတို့တွင် တစ်ပါးပါးသော ဈာန်အင်္ဂါဟူသော အာရုံ၌ ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ၄–ကြိမ် ၅–ကြိမ်သော ပစ္စဝေက္ခဏာဇော ၂–ကြိမ် ၃–ကြိမ်သော ဘဝင်ထက်မလွန်မူ၍ အဆင့်ဆင့် အထပ်ထပ် ဈာန်အင်္ဂါ ကို အစဉ်အတိုင်း ဆင်ခြင်ခြင်း၌ မနောဒွါရာဝဇ္ဇန်း၏ နိုင်နင်းလှသော စွမ်းရည် သည် အာဝဇ္ဇနဝသီဘော် မည်၏။

**(၂) သမာပဇ္ဇနဝသီဘော်**

တန်ခိုးစသည် ပြုရာဝယ် လျင်မြန်စွာ ဈာန်ဝင်စားခြင်းငှာ အလိုရှိသည်၏ အခြားမဲ့ဖြစ်သော ကာလ၌ ၂-ကြိမ် ၃-ကြိမ်သော ဘဝင်ထက် မလွန်စေမူ၍ ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဈာန်ဝင်စားခြင်းငှာ စွမ်းနိုင်သည် အဖြစ်သည် သမာပဇ္ဇနဝသီဘော် မည်၏။

**(၃) အဓိဋ္ဌာနဝသီဘော်**

တံတား(ရေကာတာရိုး)သည် လျင်သောအယဉ်ရှိသောမြစ်၏ ရေအယဉ်ကို ဖြတ်တောက် တားဆီးသကဲ့သို့ ဘဝင်၏ အယဉ်အဟုန်ကို ဖြတ်၍ ပိုင်းခြား ထားသော ကာလပတ်လုံး ဈာန်ကို မိမိသန္တာန်၌ တည်ခြင်းငှာ စွမ်းနိုင်သည် အဖြစ် (ဘဝင်မကျအောင် ဈာန်ကိုစောင့်ရှောက်ခြင်းငှာ စွမ်းနိုင်သည်အဖြစ်) သည် အဓိဋ္ဌာနဝသီဘော် မည်၏။

**(၄) ဝုဋ္ဌာနဝသီဘော်**

ပိုင်းခြားထားသော ကာလကို မလွန်မူ၍ ဈာန်မှထခြင်းငှာ စွမ်းနိုင်သည် အဖြစ် သည် ဝုဋ္ဌာနဝသီဘော် မည်၏။

(တစ်နည်း) ပိုင်းခြားထားသော ကာလအတွင်း၌ မထမူ၍ ပိုင်းခြားထားသော ကာလ၏ အစွမ်းဖြင့်သာလျှင် ထခြင်းငှာ စွမ်းနိုင်သည်အဖြစ်သည် ဝုဋ္ဌာနဝသီဘော် မည်၏။

**(၅) ပစ္စဝေက္ခဏာဝသီဘော်**

မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ဖြစ်သော ဇောတို့သည်သာလျှင် ပစ္စဝေက္ခဏာ ဇောမည်သောကြောင့် အာဝဇ္ဇနဝသီဘော်သည်ပင် ပစ္စဝေက္ခဏာဝသီဘော် မည်၏။

**အရူပဈာန်ဖြစ်ပုံ**

အာကာသကသိုဏ်းမှတစ်ပါး ၉-ပါးသောကသိုဏ်းတို့တွင် တစ်ပါးပါးသော ကသိုဏ်း၏ ကသိုဏ်းဝန်းပဋိဘာဂနိမိတ်ကို နလုံးမသွင်းဘဲ ပယ်ခွာ၍ ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍ "အာကာသောအနန္တော၊ အာကာသောအနန္တော-

ကောင်းကင်ပြင်ကြီးသည် အဆုံးအပိုင်းအခြားမရှိ”ဟု ရွတ်ဆို၍သော်လည်းကောင်း၊ စိတ်ဖြင့် မှန်းဆ၍သော်လည်းကောင်း၊ အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံပြုရပါမည်။ ထိုသို့ ပရိကံပြုသော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ပထမအရူပဈာန်ဟူသော အပ္ပနာဖြစ်ပေါ်လာပါသည်။ **(အာကာသာနဉ္စာယတနဈာန်)**

ထိုပထမာရုပ္ပဝိညာဏ်ကို အာရုံပြု၍ “ဝိညာဏံ အနန္တံ၊ ဝိညာဏံ အနန္တံ – ဝိညာဏ်စိတ်သည် အဆုံးအပိုင်းအခြားမရှိ”ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြုသော သန္တာန်၌ ဒုတိယအရူပဈာန်ဟူသော အပ္ပနာဖြစ်ပေါ်လာသည်။ **(ဝိညာဏဉ္စာ–ယတနဈာန်)**

ထိုပထမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍ “နတ္ထိကိဉ္စိ၊ နတ္ထိကိဉ္စိ – စိုးစဉ်းအနည်းငယ်မျှမရှိ”ဟု အဖန်တလဲလဲစီးဖြန်းခြင်း ပရိကံကို ပြုသောအခါ ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ တတိယအရူပဈာန်ဟူသော အပ္ပနာ ဖြစ်ပေါ်လာ၏။ **(အာကိဉ္စညာယတနဈာန်)**

တတိယာရုပ္ပဝိညာဏ်စိတ်ကို အာရုံပြု၍ “သန္တမေတံ၊ ပဏီတမေတံ – ငြိမ်သက်ပေစွ၊ မွန်မြတ်ပေစွ”ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြုသော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ စတုတ္ထအရူပဈာန်ဟူသော အပ္ပနာဖြစ်ပေါ်လာ၏။ **(နေဝသညာ–နာသညာယတနဈာန်)**

(တတိယာရုပ္ပဈာန်သည် ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်မျှသာလျှင် အာရုံရှိသောကြောင့် ‘သန္တ, ပဏီတ’ = ငြိမ်သက်, မွန်မြတ်၏။)

## ယံကိဉ္စိ ကသိဏံ ဥဂ္ဃါဋေတွာ

<u>ကသိဏ်းမှ ခွာသည်ဟုဆိုရာ၌</u> ကသိဏ်းဝန်းကို မဆိုလို၊ ကသိဏ်း၏ ပဋိဘာဂနိမိတ်ကိုသာ ခွာရမည်ဟု ဆိုလိုသည်။

<u>ဥဂ္ဃါဋေတွာ</u> ဟူသည် ပကတိပစ္စည်းတစ်ခုခုကို ခွာယူသကဲ့သို့ ခွာသည် မဟုတ်၊ မူလက စိတ်ဖြင့်မှန်း၍ ဖြန့်ထားအပ်သော ကသိဏ်းဝန်း ပဋိဘာဂနိမိတ်ကို နှလုံးမသွင်းဘဲ နေခြင်းကိုပင် ပဋိဘာဂနိမိတ်မှ ခွာသည်ဟု ဆိုလိုသည်။

## ၅။ အဘိညာဉ်ခန်း

အဘိညာဉ် = (အဘိ + ဉာဏ)
= (အဘိ–အလွန်အကျူးအထူး + ဉာဏ–သိတတ်သောဉာဏ်)
= အလွန်အကျူး အထူးသိတတ်သောကြောင့် အဘိညာဉ် မည်၏။ ဣဒ္ဓိဝိဓ စသော ၅–ပါးသော လောကီအဘိညာဉ် တို့၏ အစွမ်းဖြင့် ဖြစ်သော ရူပါဝစရကုသိုလ်, ကြိယာပဉ္စမ ဈာန်ကိုရ၏။

**အဘိညာဉ်အစွမ်းဖြင့်ဖြစ်သော ရူပပဉ္စမဈာန်ဟူသည်ကား**

ရူပပဉ္စမဈာန် ရရုံမျှဖြင့် အဘိညာဉ်ကို မဖြစ်စေနိုင်သေး၊ အဘိညာဉ်ကို ဖြစ်နိုင်အောင် သမာပတ် ၈–ပါးကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ဩဒါတကသိုဏ်း အဆုံးရှိသော ၈–ပါးသော ကသိုဏ်းတို့တွင် တစ်ပါးပါးသောကသိုဏ်း၌ ၈–ပါး၊ ၉– ပါးသော သမာပတ်တို့ကို ဝသီဘော်အစွမ်းဖြင့် အထပ်ထပ် ပွားများလေ့လာကာ ဝသီဘော်မြောက်ပြီး၍ ဝိသုဒ္ဓိမဂ်လာ ၁၄–ပါးသောနည်းတို့ဖြင့် ဈာန်ကို ကောင်းစွာ လေ့လာကာ ရူပပဉ္စမဈာန်ကို နိုင်နင်းအောင် ဆုံးမအပ်၏၊ ဤသို့ ဆုံးမ လေ့လာအပ် ပြီးသော ရူပပဉ္စမဈာန်ကိုသာ အဘိညာဉ်၏အစွမ်းဖြင့်ဖြစ်သော ရူပါဝစရပဉ္စမဈာန် ဟု ခေါ်သည်။

**အဘိညာဉ်ဖြစ်ပုံ**

(၁) အဘိညာဉ်ကို ဖြစ်စေလိုသော ယောဂီပုဂ္ဂိုလ်သည် ကောင်းစွာ ဆုံးမလေ့လာ အပ်ပြီးသော ရူပပဉ္စမဈာန်ကို (ပရိကံပြုသည့်အခါ ဆိုင်ရာအာရုံ၌ ပရိကံစိတ်ကို ကောင်းစွာထားနိုင်ခြင်း အကျိုးငှာ) အခြေခံ၍ ဝင်စားရမည်။
**ပါဒကပဉ္စမဈာန်ဝီထိ** – န ဒ မ ပ ဥ န ဂေါ ဈာန် – ဈာန် တိဟိတ်ဘွင်အများ (ဈာန်ဇောပေါင်းမည်မျှ ချရမည်ဟု အတိအကျမလာ၊ အကြိမ်လိုသလောက် ကျနိုင်ရာ၏။ အရေးကြီးသည့်အခါ၌ကား ဈာန်ဇောများစွာ ကျမည်မဟုတ်။)

(၂) ၎င်းနောက် ရူပပဉ္စမဈာန်မှထပြီး – "ဣဒ္ဓိဝိအဘိညာဉ်"ကို ဖြစ်စေလိုလတ် သော် "ငါသည် လူအရာကို ဖန်ဆင်းလို၏၊ လူအထောင်ကို ဖန်ဆင်းလို၏"ဟု

ရှေးဦးစွာ ဆင်ခြင်နှလုံးသွင်းခြင်း ပရိကံကို ပြုရာ၏၊ ဤပရိကံပြုရာ၌ "ငါသည် ..... ဖန်ဆင်းလို၏"ဟု မန္တာန်စုတ်သလို မန်းမှုတ်နေရမည်ကို မဆိုလို၊ "တစ်ရာ ဖြစ်စေသတည်း၊ တစ်ထောင်ဖြစ်စေသတည်း၊ မည်သို့မည်ပုံ ဖြစ်စေသတည်း"ဟု ဖြစ်စေလိုရာကို စိတ်ဖြင့်အာရုံပြု၍ ဆောက်တည်မိဋ္ဌာန်နေခြင်းတည်း၊ ထို့ကြောင့် ဤဝီထိကို ကာမဇောအဓိဋ္ဌာနဝီထိဟုလည်း ဆိုကြ၏။

**ကာမဇောအဓိဋ္ဌာနဝီထိ** – န ဒ မ ကာမအဓိဋ္ဌာန်ဇော(၇) ဘွင်အများ

(၃) ထို့နောက် – အဘိညာဉ်၏ အခြေခံအဖြစ်ဖြင့် ပဋ္ဌမဈာန်ကို ထပ်မံဝင်စား ရပြန်၏၊ ဤပါဒကပဋ္ဌမဈာန်ကို တစ်ဖန်ဝင်စားခြင်းသည် အဘိညာဉ်ကို အားပေးခြင်း အကျိုးရှိ၏၊ (ပင်ကိုယ်က အဘိညာဉ်အလေ့အလာ ရပြီးသူ တို့မှာမူ ဤပါဒကဈာန်ကို ထပ်၍ မဝင်စားသော်လည်း အဘိညာဉ် ဖြစ်ပေါ် လာနိုင်သည်၊ ထို့ကြောင့် အချို့အဋ္ဌကထာကျမ်းများ၌ ဤနောက်ထပ် ပါဒက– ဈာနဝီထိ မလာ။)

**ပါဒကပဋ္ဌမဈာန်ဝီထိ** – န ဒ မ ပ ဥ နု ဂေါ, ဈာန် – ဈာန်တိဟိတ်ဘွင်အများ (အဘိညာဉ်ဝီထိ မပေါ်သေးသမျှ ပါဒကဈာနဝီထိ, အဓိဋ္ဌာနဝီထိတို့ကို ထပ်ကာထပ်ကာ ဖြစ်စေရသည်။)

(၄) ပါဒကပဋ္ဌမဈာန်မှထပြီး ပရိကံပြုခဲ့သော အာရုံအတိုင်း အာရုံပြု၍ ပရိကံပြု (အဓိဋ္ဌာန်)သောအခါ အဓိဋ္ဌာန်ပြုသည်နှင့်တစ်ပြိုင်နက် ဖန်ဆင်းလိုသော တန်ခိုး အမျိုးမျိုးဖြစ်ပေါ်လာ၏။

**အဘိညာဏဝီထိ** – န ဒ မ ပ န ဂေါ, ဘိ(၁) တိဟိတ်ဘွင်အများ

<u>**မှတ်ချက်**</u>

"ပါဒကဈာန်၊ ပရိကံနှင့် (အဓိဋ္ဌာန်နှင့်)၊ တစ်ဖန်ပါဒကဖြစ်ပြီးမှ ကျတုံ့ အဘိညာ" ဟူသည်နှင့်အညီ – များသောအားဖြင့် ဤအစဉ်အတိုင်း လေးဝီထိမြောက်မှ အဘိညာဉ်ဝီထိ ကျ၏။ သို့ရာတွင် –

(၁) ပါဒကဈာန်ဝီထိ၌ ဈာန်ဇောပေါင်း မည်မျှ ချရမည်ဟု မလာ၊ သမာပတ္တိဝီထိမျိုး ဖြစ်သောကြောင့် အကြိမ်လိုသလောက် ကျနိုင်ရာ၏၊ အရေးကြီးသည့်အခါ၌မူ ဈာန်များစွာ ကျမည်မဟုတ်။

(၂) ပရိကံ (အမိဋ္ဌာန်) ပြုရာ၌လည်း တစ်ဝီထိသာမက စိတ်ထဲ၌ စွဲလောက်သည် အထိ အတော်များများ ဖြစ်ဖွယ်ရှိသည်။

(၃) နောက်ထပ် ပါဒကဈာနဝီထိသည် – အဘိညာဉ်အလေ့အလာ မရှိသေးသူများ အတွက် အဘိညာဉ်ကို အားပေးသဖြင့် ထပ်မံ၍ အဘိညာဉ်၏ အခြေခံ အဖြစ် ဝင်စားနိုင်သော်လည်း အလေ့အလာရှိပြီး သူတို့အတွက်မှာမူ ထပ်မံ မဝင်စားသော်လည်း အဘိညာဉ်ဖြစ်ပေါ်လာနိုင်သဖြင့် မပါဝင်လည်း ရသည်။ ဤပါဒကဈာန်ဝီထိနှင့် ပရိကမ္မဝီထိ (အမိဋ္ဌာနဝီထိ)တို့ကို အဘိညာဏဝီထိ မပေါ်သေးသမျှ ထပ်ကာထပ်ကာ ဖြစ်စေရသည်။

**တရားကိုယ်စိတ်များ**

| | | |
|---|---|---|
| ရှေ့–နောက်ဘဝင်စိတ် | = | ကာမတိဟိတ်ဘဝင် ၄–ပါး (မဟာဝိပါက်ဉာဏ်သံ ၄–ပါး) ရူပဘဝင် ၅–ပါး (ရူပဝိပါက် ၅–ပါး) |
| ပ, ဥ, နု, ဂေါ | = | မဟာကု, ကြိ (ဥပေက္ခာ) ဉာဏ်သံ ၄–ပါး |
| ဈာန် | = | ရူပကု, ကြိ ပဉ္စမဈာန်စိတ် ၂–ပါး |
| ဘိ | = | ရူပါကု, ကြိ ပဉ္စမဈာန်စိတ်နှင့် ယှဉ်သော ကုဘိ၊ ကြိဘိ |
| ဘုံ | = | ကာမသုဂတိ ၇–ဘုံ၊ ရူပ ၁၅–ဘုံ။ |
| ပုဂ္ဂိုလ် | = | တိဟိတ်ပုထုဇဉ်–၁၊ ဖိုလ်ပုဂ္ဂိုလ်–၄ ပေါင်း ၅–ယောက် |

**လောကီအဘိညာဉ် ၅–ပါး**

| | | | |
|---|---|---|---|
| (၁) | ဣဒ္ဓိဝိဓအဘိညာဉ် | = | ရုပ်ကိုအမိဋ္ဌာန်ခြင်း၊ ဖန်ဆင်းခြင်းစသော အထူးထူး အပြားပြားတန်ခိုးရှိသော အဘိညာဉ်။ |
| (၂) | ဒိဗ္ဗသောတအဘိညာဉ် | = | နတ်နားကဲ့သို့ အဝေးမှ အသံကို ကြားနိုင်စွမ်းသော အဘိညာဉ်။ |
| (၃) | ပရစိတ္တဝိဇာနန အဘိညာဉ် | = | သူတစ်ပါးတို့၏ စိတ်ကိုသိသော အဘိညာဉ်၊ (စေတောပရိယအဘိညာဉ်) |
| (၄) | ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် | = | ရှေးဘဝတို့၌ မိမိသန္တာန်ဝယ် ဖြစ်ဖူးသော, အာရုံ ပြုသောအားဖြင့် သုံးဆောင်မှီဝဲဖူးကုန်သော ခန္ဓာ၊ |

ထိုခန္ဓာနှင့်စပ်သော အမျိုးအမည် စသည်တို့ကို အောက်မေ့ခြင်းငှာ စွမ်းနိုင်သော အဘိညာဉ်။

(၅) ဒိဗ္ဗစက္ခုအဘိညာဉ် = နတ်မျက်စိကဲ့သို့ အဝေးမှ ရူပါရုံကို မြင်နိုင်စွမ်းသော အဘိညာဉ်။

**အဘိညာဉ်သို့ ရှေးရှုဆောင်ရာ၌ ရူပါဝစရဈာန်သည် အဘိညာဉ်၏အခြေခံဖြစ်ရခြင်း**

ရူပါဝစရပဉ္စမဈာန်သည် ဥပေက္ခာ, ဧကဂ္ဂတာနှင့် ယှဉ်သည့်အတွက် အဘိညာဉ် အားလျော်သောကြောင့် အဘိညာဉ်သို့ ရှေးရှုဆောင်ရာ၌ ရူပါဝစရဈာန်သည် အဘိညာဉ်၏အခြေခံ ဖြစ်ရခြင်း ဖြစ်ပါသည်။

**အဘိညာဉ်ရဖို့ရန် ပရိကံပြုရာ၌ ဆင်ခြင်ရမည့်အာရုံများ**

(၁) ဣဒ္ဓိဝိဓအဘိညာဉ်အတွက် - အဓိဋ္ဌာန်အပ်သော တစ်ရာ,တစ်ထောင်စသော အာရုံ၊ အထူးပြုစီမံအပ်သော သတို့သားအဆင်းစသော အာရုံများ၊

(၂) ဒိဗ္ဗသောတအဘိညာဉ်အတွက် - ကြီးကျယ်သောအသံ၊ သိမ်မွေ့သောအသံ စသော အာရုံများ။

(၃) စေတောပရိယအဘိညာဉ်အတွက် - သူတစ်ပါး၏နှလုံးသား၌ဖြစ်သော သွေးအဆင်းကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုခြင်းဖြင့်ဖြစ်သော သရာဂစိတ်စသော အာရုံများ။

(၄) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်အတွက် - ရှေးဘဝတို့၌ စုတိစိတ်စသည် အပြားရှိသော ရှေးဘဝ၌ ခံစားဖူးသောခန္ဓာ။

(၅) ဒိဗ္ဗစက္ခုအဘိညာဉ်အတွက် - အလင်းနှံ့ရာအရပ်၌ရှိသော အဆင်းတို့ ဖြစ်ပါသည်။

**အဘိညာဉ်တို့၏ အာရုံ**

(၁) **ဣဒ္ဓိဝိဓအဘိညာဉ်၏ အာရုံ**

ပါဒကဈာန်သည်လည်းကောင်း၊ ကိုယ်သည်လည်းကောင်း၊ ရူပါရုံစသည်ကို ဖန်ဆင်းရာ၌ ရူပါရုံစသည်တို့သည်လည်းကောင်း ဤသို့ အာရုံ ၆-ပါးတို့သည် ဣဒ္ဓိဝိဓအဘိညာဉ်၏အာရုံ ဖြစ်ကုန်၏၊ ထိုအာရုံ ၆-ပါးတို့တွင် ပါဒကဈာန်သည် အတိတ်အာရုံသာတည်း၊ ကိုယ်သည် ပစ္စုပ္ပန်အာရုံသာတည်း၊

ရူပါရုံစသော အာရုံတို့သည် ပစ္စုပ္ပန် သို့မဟုတ် အနာဂတ်အာရုံသာတည်း။

(၂) **ဒိဗ္ဗသောတအဘိညာဉ်၏အာရုံ**

အသံသာလျှင်ဖြစ်၏၊ ထိုအသံသည်လည်း ပစ္စုပ္ပန်သာဖြစ်သည်။

(၃) **စေတောပရိယအဘိညာဉ်၏အာရုံ**

မဟာအဋ္ဌကထာဆရာတို့အလို – အတိတ် ၇–ရက်, အနာဂတ် ၇–ရက်၌ ဖြစ်သော ကာမစိတ်စသည်တို့တွင် အမှတ်မရှိ တစ်ပါးပါးသော, ကာလ ၃–ပါး၌ ဖြစ်သောစိတ်ဟု ဆိုကုန်၏။

အရှင်မဟာဗုဒ္ဓဃောသစသော ဆရာတို့အလို – နာမ်ခန္ဓာ ၄–ပါးတို့ ဖြစ်၏။

(၄) **ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၏အာရုံ**

ရှေးဘဝ၌ နေခဲ့ဖူးသောခန္ဓာ, ထိုခန္ဓာတို့နှင့်စပ်သော အမည်, အနွယ်, နိဗ္ဗာန်တို့ ဖြစ်သည်။

(၅) **ဒိဗ္ဗစက္ခုအဘိညာဉ်၏အာရုံ**

ပစ္စုပ္ပန်ရူပါရုံ ဖြစ်သည်။

**စေတောပရိယအဘိညာဉ်၏အာရုံနှင့်ပတ်သက်၍**

**မေး။** ။ စေတောပရိယအဘိညာဉ်၏ ပစ္စုပ္ပန်စိတ်လျှင် အာရုံရှိသည်၏အဖြစ်သည် အဘယ်နည်းဖြင့် ဖြစ်နိုင်ပါသနည်း၊ မနောဒွါရာဝဇ္ဇန်းသည် ယူအပ်ပြီးသော စိတ်သည်သာလျှင် စေတောပရိယအဘိညာဉ်၏အာရုံဖြစ် သည် မဟုတ်ပါလော?

(ဆိုလိုသည်မှာ – မနောဒွါရာဝဇ္ဇန်းသည် ပစ္စုပ္ပန်စိတ်ကို အာရုံပြု၍ ချုပ်သည်ရှိသော်၊ ထိုမနောဒွါရာဝဇ္ဇန်းစိတ်ချုပ်သည်နှင့် အာရုံပြုခံရသော သူတစ်ပါး၏စိတ်သည်လည်း ချုပ်၏၊ ထို့ကြောင့် မနောဒွါရာဝဇ္ဇန်း ယူသောအာရုံကို အဘိညာဉ်စိတ်က အာရုံမပြုနိုင်ဟုလို။)

(တစ်ဖန် – ဝီထိတစ်ခုတည်းတွင် မနောဒွါရာဝဇ္ဇန်းနှင့် ဇောတို့၏အာရုံ

ကွဲနိုင်သောဝီထိမှာလည်း မဂ္ဂဝီထိ, ဖလဝီထိသာ ဖြစ်နိုင်သည်။)

**ဖြေ။ ။ အဋ္ဌကထာအလို** – ပရစိတ္တဝိဇာနန အဘိညာဉ်သည် သန္တတိပစ္စုပ္ပန် ဖြစ်သောစိတ်တို့ကို အာရုံပြု၍ဖြစ်သောကြောင့် ပစ္စုပ္ပန်စိတ်လျှင် အာရုံ ရှိသည်၏အဖြစ် ဖြစ်နိုင်ပါသည်။

**မူလဋီကာဆရာအလို** – ပါဒကစျာန်မှထ၍ ပစ္စုပ္ပန်စသော ဝေဖန်အပ် သောအပြားကို မပြုဘဲ ပစ္စုပ္ပန်စသည်ကို ဝေဖန်ခြင်းမဖက် သက်သက် "ဤသူ၏စိတ်ကို သိလို၏" ဟူ၍သာ ပရိကံပြု၍ တစ်ဖန် ပါဒကစျာန်ကို ဝင်စား၊ ထိုစျာန်မှထပြီးနောက် ပစ္စုပ္ပန်စိတ်စသည်ဖြင့် အထူးမ,မ သာမညအားဖြင့်သာလျှင် စိတ်ကိုဆင်ခြင်၍ ၃–ပါး, သို့မဟုတ် ၄–ပါး သော ပရိကံဇောတို့ အခြားမဲ့၌ စေတောပရိယအဘိညာဉ်ဖြင့် သူတစ်ပါး တို့၏စိတ်သာမညကို ထိုးထွင်း၍ သိပါသည်၊ ဥပမာ– ဒိဗ္ဗစက္ခုအဘိညာဉ် ဖြင့် ရူပါရုံသာမညကို ထိုးထွင်း၍ သိသကဲ့သို့တည်း။

ထို့နောင်မှ ကာမာဝစရစိတ် (ကာမဇောမနောဒွါရဝီထိ)ဖြင့် သရာဂ စိတ် စသည်ဖြင့် ပိုင်းခြားသတ်မှတ်ခြင်းကို ပြုပါသည်။ ဥပမာ– အညို, အရွှေစသော အဆင်းဝိသေသကို ကာမာဝစရစိတ်ဖြင့် ပိုင်းခြား သတ်မှတ် ခြင်းကို ပြုသကဲ့သို့တည်း။

## ရှင်းလင်းချက်

**အဋ္ဌကထာအလို။** ။ ပရစိတ္တဝိဇာနနအဘိညာဉ်ဖြင့် သူတစ်ပါးတို့၏စိတ်ကို သိရာ၌ မနောဒွါရာဝဇ္ဇန်းက ဆင်ခြင်အပ်သောစိတ်သည် ပရိကံစသည်တို့ အခိုက်၌ ချုပ်ပြီးဖြစ်သော်လည်း သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်အားဖြင့် "ပစ္စုပ္ပန်" ဟုပင် ဆိုနိုင်သောကြောင့် ပရစိတ္တဝိဇာနနအဘိညာဉ်၏ ပစ္စုပ္ပန်စိတ်လျှင် အာရုံရှိသည်၏အဖြစ် ဖြစ်နိုင်ပါသည်–ဟူလို။

**မူလဋီကာအလို။** ။ သူတစ်ပါးစိတ်ကို သိလိုသောတန်ခိုးရှင်သည် သူတစ်ပါး ၏သန္တာန်၌ ဖြစ်ဆဲသော ပစ္စုပ္ပန်စိတ်ကို အာဝဇ္ဇန်းဖြင့် ဆင်ခြင်၏၊ ထို့နောက် ပရိကံစသော ဇောတို့ကလည်း မိမိတို့နှင့် တိုက်ဆိုင်နေသော သူတစ်ပါး၏ ပစ္စုပ္ပန်စိတ်ကိုပင် အသီးသီး အာရုံပြုကြ၏၊ ဤသို့လျှင် အာရုံတရားက

စိတ်ချည်းဖြစ်၍ အာရုံအားဖြင့် မကွဲပြားပါ။

အာဝဇ္ဇန်းက ပစ္စုပ္ပန်ကို ဆင်ခြင်၍ ပရိကံစသောဇောတို့က အတိတ်စိတ်ကို အာရုံပြုလျှင် ကာလအားဖြင့် ကွဲပြားသည်ဟု ဆိုသင့်၏၊ ဤ၌ကား အသီးအသီး မိမိတို့နှင့် တိုက်ဆိုင်နေသော ပစ္စုပ္ပန်စိတ်ကိုပင် အာရုံပြုကြသောကြောင့် ကာလအားဖြင့်လည်း မကွဲပြားပါ။

ထို့ကြောင့် ပရစိတ္တဝိဇာနနအဘိညာဏ်၏ ပစ္စုပ္ပန်စိတ်လျှင် အာရုံရှိသည်၏ အဖြစ် ဖြစ်နိုင်ပါသည်–ဟူလို။

**ဒိဗ္ဗစက္ခုအဘိညာဉ်ကို စုတူပပါတဉာဏ်ဟု ဆိုရခြင်း**

စုတေခါနီးသူနှင့် ပဋိသန္ဓေနေပြီးစသူတို့ကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့်ပင် သိအပ်သည် ဖြစ်၍ ဒိဗ္ဗစက္ခုဉာဏ်ကိုပင် စုတူပပါတဉာဏ်ဟု ဆိုရသည်။ (ထို့ကြောင့် အရှင်အနုရုဒ္ဓါဆရာသည် စုတူပပါတဉာဏ်ကို သီးခြား မပြဆိုပါ။)

**ယထာကမ္မူပဂဉာဏ်, အနာဂတံဉာဏ်တို့ကို သီးခြားမပြဆိုခြင်း**

ယထာကမ္မူပဂဉာဏ်, အနာဂတံဉာဏ်တို့မှာ သီးခြားပရိကံ မရှိပါ၊ ဒိဗ္ဗစက္ခုဉာဏ်၏ အစွမ်းဖြင့်သာလျှင် ပြီးစီးကြရပါသည်၊ ထို့ကြောင့် ထိုဉာဏ် ၂–ပါးတို့ကိုလည်း အရှင်အနုရုဒ္ဓါဆရာ မပြဆိုခြင်း ဖြစ်ပါသည်။

**အနာဂတံသဉာဏ်၏ အာရုံ**

အနာဂတံသဉာဏ်သည် အနာဂတ်ကာလ ခုနစ်ရက်အတွင်း နောင်ဖြစ်လတ္တံ့သော စိတ်စေတသိက်ကိုလည်းကောင်း၊ ဒုတိယနေ့မှစ၍ နောင်ဖြစ်လတ္တံ့သော အလုံးစုံသောတရားတို့ကိုလည်းကောင်း၊ အာရုံပြု၏။

အနာဂတံသဉာဏ်သည် မိမိ၏တည်ရာဖြစ်သော ခုနစ်ရက်အတွင်း၌ဖြစ်သော အာရုံ၌ သဗ္ဗညုတဉာဏ်နှင့်တူသော ဖြစ်ခြင်းရှိ၏။

**ယထာကမ္မူပဂဉာဏ်၏ အာရုံ**

ယထာကမ္မူပဂဉာဏ်၏အာရုံသည် ကုသိုလ်,အကုသိုလ်စေတနာလည်းကောင်း၊ စေတနာနှင့်တကွ နာမ်ခန္ဓာ ၄–ပါးလည်းကောင်း ဖြစ်၏။

# ၂။ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း

အနိစ္စအစရှိသော အစွမ်းဖြင့် အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့် ရှုတတ်သောကြောင့် ဝိပဿနာ မည်၏၊ အနိစ္စာနုပဿနာ အစရှိသော ဘာဝနာမယ ဖြစ်သော ပညာကို ဝိပဿနာဟု ယူအပ်၏၊ ထိုဝိပဿနာ၏ ကမ္မဋ္ဌာန်းဖြစ်သော ကြောင့် ဝိပဿနာကမ္မဋ္ဌာန်း မည်၏၊ တစ်နည်း – ထိုဝိပဿနာသည်ပင်လျှင် ကမ္မဋ္ဌာန်းဖြစ်သောကြောင့် ဝိပဿနာကမ္မဋ္ဌာန်း မည်၏။

**ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းဝယ် သိဖွယ်ရာများကား**

၁။ လက္ခဏာယာဉ် ၃–ပါး
၂။ အနုပဿနာ ၃ –ပါး
၃။ ဝိပဿနာဉာဏ် ၁၀ –ပါး
၄။ ဝိသုဒ္ဓိဘေဒ
၅။ ဝိမောက္ခဘေဒ
၆။ ပုဂ္ဂလဘေဒ
၇။ သမာပတ္တိဘေဒ

## ၁။ လက္ခဏာယာဉ် ၃-ပါး

**လက္ခဏာ** = သင်္ခါရတရားတို့၏ မှတ်သားအပ်သောကြောင့်လည်းကောင်း၊ မှတ်သားကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊ အမှတ်အသားသည် လက္ခဏာ မည်၏။

**လက္ခဏာ ၃–ပါး**

(၁) အနိစ္စလက္ခဏာ = ခန္ဓာ ၅–ပါး ရုပ်နာမ်တရားတို့၏ မမြဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် အနိစ္စလက္ခဏာ မည်၏။

(၂) ဒုက္ခလက္ခဏာ = ခန္ဓာ ၅–ပါး ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း–ပျက်ခြင်းဖြင့် နှိပ်စက်၍ ဆင်းရဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် ဒုက္ခလက္ခဏာ မည်၏။

(၃) အနတ္တလက္ခဏာ = ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့၏ အလိုမလိုက်သော အားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် အနတ္တလက္ခဏာ မည်၏။
(တစ်နည်း) တိတ္ထိတို့ ကြံဆအပ်သော အတ္တ၏ မရှိသည် အဖြစ်သည် 'အနတ္တ' မည်၏။ ထို အနတ္တသည်ပင် လက္ခဏာ မည်သောကြောင့် အနတ္တလက္ခဏာ မည်၏။

**လက္ခဏာယာဉ် ၃-ပါး** = ထိုလက္ခဏာ ၃-ပါးသည် လှည်းယာဉ်၊ လှေယာဉ် အလား နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သောကြောင့် လက္ခဏာယာဉ်ဟု ဆိုခြင်းဖြစ်၏။

* * * * *

## ၂။ အနုပဿနာ ၃-ပါး

(အနု = အဖန်ဖန် + ပဿနာ = ရှုခြင်း)

(၁) အနိစ္စာနုပဿနာ = သင်္ခါရတရားတို့၏ အနိစ္စလက္ခဏာကို အဖန်တလဲလဲ ရှုခြင်း၊
(၂) ဒုက္ခာနုပဿနာ = သင်္ခါရတရားတို့၏ ဒုက္ခလက္ခဏာကို အဖန်တလဲလဲ ရှုခြင်း၊
(၃) အနတ္တာနုပဿနာ = သင်္ခါရတရားတို့၏ အနတ္တလက္ခဏာကို အဖန်တလဲလဲ ရှုခြင်း၊

* * * * *

## ၃။ ဝိပဿနာဉာဏ် ၁၀-ပါး

တေဘူမက သင်္ခါရတရားတို့၏ အနိစ္စအဖြစ်၊ ဒုက္ခအဖြစ်၊ အနတ္တအဖြစ်ကို အဖန်ဖန်ရှုတတ်သော အနုပဿနာဉာဏ်သည် ဝိပဿနာဉာဏ် မည်၏။

(အနုပဿနာဉာဏ် ၃-ပါးသည်ပင် သမ္မသန စသည်အားဖြင့် ဝိပဿနာဉာဏ် ၁၀-ပါးဖြစ်၏။)

(၁) ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု အပေါင်းအားဖြင့် သုံးသပ်သည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် သမ္မသနဉာဏ် မည်၏။

(၂) ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်း နှစ်ပါးကို အဖန်တလဲလဲ ရှုသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ် မည်၏။

(၃) ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ပျက်ခြင်းတစ်ပါးကိုသာ အဖန်တလဲလဲ ရှုသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် ဘင်္ဂဉာဏ် မည်၏။

(၄) ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အလွန်ကြောက်လန့်ဘွယ်ဘေးကြီးဟု အဖန်တလဲလဲ ရှုသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် ဘယဉာဏ် မည်၏။

(၅) ဘေးကြီးဟု ထင်အပ်ပြီး မြင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အပြစ်အားဖြင့် ရှုသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် အာဒီနဝဉာဏ် မည်၏။

(၆) အပြစ်ဟု ထင်အပ်ပြီး, မြင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ငြီးငွေ့သည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် နိဗ္ဗိဒါဉာဏ် မည်၏။

(၇) ငြီးငွေ့၍ ထိုခန္ဓာငါးပါး သင်္ခါရတရားတို့မှ လွတ်မြောက်ခြင်းငှာ အလိုရှိသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် မုဉ္စိတုကမျတာဉာဏ် မည်၏။

(၈) ထွက်မြောက်ရန် အကြောင်း၏ ပြည့်စုံခြင်းငှာ တစ်ဖန် ခန္ဓာငါးပါး သင်္ခါရတရားတို့ကို သိမ်းဆည်းသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် ပဋိသင်္ခါဉာဏ် မည်၏။

(၉) ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ကြောက်ခြင်း နှစ်သက်ခြင်းကို လျစ်လျူရှုခြင်း (ဝါ) မဖြစ်စေခြင်းအစွမ်းဖြင့် ဖြစ်သောဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ် မည်၏။

(၁၀) ရှေးဉာဏ်ကိုးပါး၏ ကိစ္စပြီးခြင်းအားလည်းကောင်း, အထက်၌ ၃၇–ပါးသော ဗောဓိပက္ခိယတရားတို့အားလည်းကောင်း လျော်သောဉာဏ်သည် အနုလောမ–ဉာဏ် မည်၏။

## သမ္မသနဉာဏ်ရှုပွားပုံ (သမ္မသနနည်း ၄–နည်း)

**(၁) ကလာပသမ္မသနနည်း**

"အတိတ်ဘဝ၌ဖြစ်သောရုပ်"စသည်ဖြင့် မခွဲဘဲ ရူပက္ခန္ဓာအားလုံး၊ ဝေဒနာ–

ကန္ဒာအားလုံး စသည်ဖြင့် ခန္ဓာတစ်ပါးပါးကို တစ်ပေါင်းတည်း အကျဉ်းချုံး၍ သုံးသပ်ပွားများခြင်းသည် ကလာပသမ္မသနနည်း မည်၏။

အလုံးစုံသောရုပ် (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်)သည်

- ကုန်ခန်းပျက်စီးခြင်းဟူသော အနက်သဘောကြောင့် အနိစ္စချည်းပါတကား၊
- ကြောက်မက်ဖွယ်ဘေးဟူသော အနက်သဘောကြောင့် ဒုက္ခချည်းပါတကား၊
- အတ္တအနှစ်သာရမရှိခြင်းဟူသော အနက်သဘောကြောင့် အနတ္တချည်းပါတကားဟု ဆင်ခြင်သုံးသပ် ပွားများသောနည်းသည် ကလာပသမ္မသနနည်း မည်၏။

## (၂) အဒ္ဓါသမ္မသနနည်း

ရုပ်နာမ်တရားတို့ကို "အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလ၊ အနာဂတ်ကာလ" အားဖြင့် ခွဲခြား၍ သုံးသပ်ပွားများခြင်းသည် အဒ္ဓါသမ္မသနနည်း မည်၏။

(က) အတိတ်ကာလ၌ ဖြစ်သောရုပ် (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်) သည် ထိုအတိတ်ကာလ၌ပင် ချုပ်ခဲ့ပြီ၊ ဤပစ္စုပ္ပန်ကာလသို့ မရောက်၊ ဤသို့ ကုန်ခန်းပျက်စီးခြင်းဟူသော – ။ ပ ။

(ခ) အနာဂတ်ကာလ၌ ဖြစ်လတ္တံ့၊ တစ်ပါးသောကာလသို့ မရောက်နိုင်၊ ဤသို့ – ။ ပ ။

(ဂ) ပစ္စုပ္ပန်ကာလ၌ ဖြစ်ဆဲရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) သည် ပစ္စုပ္ပန်ကာလ၌ပင် ချုပ်၏၊ အနာဂတ်ကာလသို့ မရောက်နိုင်၊ ဤသို့ – ။ ပ ။

## (၃) သန္တတိသမ္မသနနည်း

တစ်ဘဝတည်း၌ပင် အအေးရုပ်အစဉ်၊ အပူရုပ်အစဉ် စသည်ဖြင့် ရုပ်နာမ်တို့၏ "အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အစဉ်အမျိုးမျိုးကို" ခွဲခြား၍ သုံးသပ်ပွားများခြင်းသည် သန္တတိသမ္မသနနည်း မည်၏။

အတိတ်ဖြစ်သော အပူရုပ်အစဉ်သည် ပစ္စုပ္ပန်ဖြစ်သော အအေးရုပ်အစဉ်သို့ မရောက်၊ ထိုင်နေသောအခါ၌ဖြစ်သော ရုပ်အစဉ်သည် ထသောအခါ၌ဖြစ်သော ရုပ်အစဉ်သို့မရောက်၊ ပထမအရွယ်၌ဖြစ်သော ရုပ်အစဉ်သည် ဒုတိယအရွယ်သို့

မရောက်၊ ဤသို့ ကုန်ခန်းပျက်စီးခြင်းဟူသော – ။ ပ ။

**(၄) ခဏသမ္မသနနည်း**

ရုပ်နာမ်အစဉ်တို့ကို "အတိတ်ခဏ၊ ပစ္စုပ္ပန်ခဏ၊ အနာဂတ်ခဏ"အားဖြင့် ခွဲခြား၍ သုံးသပ်ပွားများခြင်းသည် ခဏသမ္မသနနည်း မည်၏။

(က) အတိတ်ကာလ၌ ဖြစ်သောရုပ် (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်) သည် အတိတ်ခဏ၌ပင် ချုပ်ခဲ့ပြီး ပစ္စုပ္ပန်ခဏသို့ မရောက်၊ ဤသို့ – ။ ပ ။

(ခ) ပစ္စုပ္ပန်ကာလ၌ ဖြစ်သောရုပ် (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်)သည် အနာဂတ်ခဏ၌ပင် ချုပ်လိမ့်မည်။ တစ်ပါးသော ခဏသို့မရောက်၊ ဤသို့ – ။ ပ ။

(ဂ) အနာဂတ်ကာလ၌ ဖြစ်သောရုပ် (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်) သည် အနာဂတ်ခဏ၌ပင် ချုပ်လိမ့်မည်။ တစ်ပါးသော ခဏသို့ မရောက်၊ ဤသို့ – ။ ပ ။

(ဃ) အတီတဘဝင်ခဏ၌ဖြစ်သော စိတ်၊ စေတသိက် (နာမ်ခန္ဓာ ၄–ပါး)သည် အတီတဘဝင်၌ပင် ချုပ်လေပြီ၊ ဘဝင်္ဂစလနသို့ မရောက်၊ ဤသို့ – ။ ပ ။

**ဥဒယဗ္ဗယဉာဏ်ဖြင့် သုံးသပ်ပွားများနည်း ၂–နည်း**

| | | |
|---|---|---|
| (၁) | **ပစ္စယသမနုပဿနာနည်း** | = အကြောင်းနှင့်စပ်၍ သုံးသပ်ပွားများနည်း။ |
| | ရုပ်တရားအကြောင်း | = အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ။ |
| | စိတ် (နာမ်)အကြောင်း | = အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ နာမ်ရုပ်။ |
| | စေတသိက် (နာမ်)အကြောင်း | = အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿ။ |
| (၂) | **ခဏသမနုပဿနာနည်း** | = ဥပါဒ်ခဏ၊ ဘင်ခဏနှင့်စပ်၍ သုံးသပ်ပွားများနည်း။ |

# ၄။ ဝိသုဒ္ဓိဘေဒ

## ဝိသုဒ္ဓိ ၇–ပါး

### ၁။ သီလဝိသုဒ္ဓိ

ပါတိ**မောက္ခသံဝရသီလ** စသော သီလ ၄–ပါးတို့၏ လုံခြုံပြည့်စုံ စင်ကြယ်မှုသည် သီလဝိသုဒ္ဓိ **မည်၏**။

သီလ ၄–ပါးဟူသည်

(က) ပါတိမောက္ခသံဝရသီလ

- သီလကိုစောင့်ထိန်းသူကို အပါယ်အစရှိသော ဆင်းရဲတို့မှ လွတ်မြောက်စေတတ်သောကြောင့် 'ပါတိမောက္ခ' မည်၏။
- ထိုပါတိမောက္ခသည်ပင် ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှ စောင့်ရှောက်တတ်သောကြောင့် 'သံဝရ'လည်း မည်၏။
- ကာယကံ, ဝစီကံတို့ကို ကောင်းစွာထားခြင်း၊ ကုသိုလ်တရားတို့ကို လွန်စွာ ဆောင်ထားခြင်းဟူသော အနက်သဘောကြောင့် 'သီလ' လည်း မည်၏။

ထို့ကြောင့် မိမိကို စောင့်ထိန်းသူကို အပါယ်ဒုက္ခစသည်တို့မှ လွတ်စေ၍ ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှ စောင့်ရှောက်လျက်၊ ကာယကံ, ဝစီကံတို့ကို ကောင်းစွာထားခြင်း, ကုသိုလ်တရားတို့ကို လွန်စွာဆောင်ထားခြင်းတို့ကြောင့် "ပါတိမောက္ခသံဝရသီလ" မည်ပါသည်။

(ရဟန်းတော်တို့အတွက် ၂၂၇–သွယ်သောသိက္ခာပုဒ်) (ဤသီလသည် သဒ္ဓါပြဋ္ဌာန်း၏, သဒ္ဓါဖြင့်သာ ဤသီလကို လုံခြုံစေနိုင်၏။)

(ခ) ဣန္ဒြိယသံဝရသီလ

စက္ခုစသော ဣန္ဒြေ ၆–ပါးတို့ကို ရူပါရုံစသော အာရုံ ၆–ပါးတို့၌ စောင့်စည်းခြင်း၏အစွမ်းဖြင့် ဖြစ်သောသီလသည် ဣန္ဒြိယသံဝရသီလ မည်၏၊ (သတိပြဋ္ဌာန်း၏, သတိ မပြတ်ထားမှသာ ဣန္ဒြေကို စောင့်ရှောက်နိုင်၏။)

(ဂ) <u>အာဇီဝပါရိသုဒ္ဓိသီလ</u>

မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းကြောင့် အသက်မွေးဝမ်းကျောင်း စင်ကြယ်ခြင်း၏အစွမ်းဖြင့် ဖြစ်သောသီလသည် အာဇီဝပါရိသုဒ္ဓိသီလ မည်၏။

ဘုရားရှင် စက်ဆုပ်တော်မူသော ကုလဒူသန, အနေသန စသော မိစ္ဆာဇီဝတို့ကို ရှောင်ကြဉ်၍ စင်ကြယ်စွာ ရအပ်သော ပစ္စည်းဖြင့်သာ ခံယူသုံးစွဲ အသက်မွေးသော သီလတည်း။

(ကုလဒူသန = ပန်းပေးမှု, သစ်သီးပေးမှု စသဖြင့် ဒကာတို့၏ စစ်မှန်သော ပင်ကိုယ်သဒ္ဓါတရားကို ပျက်စီးမှု၊

အနေသန = ဒကာ, ဒကာမတို့ အထင်ကြီး၍ ကြည်ညိုလာအောင် ဟန်ဆောင်မှု၊ ဗေဒင်ဟောမှု၊ ဆေးကုမှု စသဖြင့် ပစ္စည်းရအောင် ရှာဖွေမှု)

(ဝီရိယပြဋ္ဌာန်း၏, ဝီရိယနည်းသူသည် အလွယ်တကူရနိုင်သော မိစ္ဆာဇီဝအမှုကို ပြုတတ်၏, ဝီရိယရှိသူမှသာ မိစ္ဆာဇီဝအမှုကို ရှောင်နိုင်၏။)

(ဃ) <u>ပစ္စယသန္နိဿိတသီလ</u>

ပစ္စည်းလေးပါး၌ ကောင်းစွာမှီ၍ ထိုပစ္စည်းဖြင့် အကျိုးရှိသည်၏ အဖြစ်ကို ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်ခြင်းဟူသော သီလသည် ပစ္စယ–သန္နိဿိတသီလ ဖြစ်၏။ စင်ကြယ်စွာရအပ်သော ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲသော သီလဖြစ်၏။ (ပညာပြဋ္ဌာန်း၏)

**စတုပါရိသုဒ္ဓိသီလမည်ပုံ**

၄–ပါးအပြားရှိသောကြောင့်လည်းကောင်း၊ ဒေသနာကြားခြင်း, စောင့်စည်းခြင်း, တရားသဖြင့် ရှာမှီးခြင်း, ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်ခြင်းတို့၏အစွမ်းဖြင့် ထက်ဝန်းကျင် စင်ကြယ်သောကြောင့်လည်းကောင်း စတုပါရိသုဒ္ဓိသီလ မည်၏။

၂။ **စိတ္တဝိသုဒ္ဓိ** (အရ–ဥပစာရသမာဓိ, အပ္ပနာသမာဓိ)

နီဝရဏတည်းဟူသော အညစ်အကြေးမှ စိတ်ကို သုတ်သင်တတ်သောကြောင့် သမာဓိသည် စိတ္တဝိသုဒ္ဓိ မည်၏။

(တစ်နည်း) စိတ်ကို ပဓာနပြု၍ သမာဓိကို ညွှန်ပြအပ်သောကြောင့်လည်း

ကောင်း၊ နီဝရဏအညစ်အကြေးမှ စင်ကြယ်သောကြောင့်လည်းကောင်း သမာဓိသည် စိတ္တဝိသုဒ္ဓိ မည်၏။

**၃။ ဒိဋ္ဌိဝိသုဒ္ဓိ** (အရ–နာမရူပပရိစ္ဆေဒဉာဏ်)

နာမ်ရုပ်ကို ပိုင်းခြား၍သိခြင်း (တစ်နည်း) ဒုက္ခသစ္စာဖြစ်သော နာမ်ရုပ်တို့ကို ပိုင်းခြား၍ သိတတ်သောဉာဏ် (နာမရူပပရိစ္ဆေဒဉာဏ်)သည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

"နာမ်ရုပ်မှတစ်ပါးသော အတ္တမည်သည်မရှိ"ဟု ရှုမြင်တတ်သောကြောင့် "ဒိဋ္ဌိ"မည်၍ အတ္တဒိဋ္ဌိ အညစ်အကြေးကို သုတ်သင်တတ်သောကြောင့် "ဝိသုဒ္ဓိ" လည်း မည်၏၊ ထို့ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

**နာမ်နှင့်ရုပ်ကို ပိုင်းခြားသိပုံ**

'ဖဿသည် တွေ့ထိခြင်းလက္ခဏာရှိ၏, ပထဝီသည် ကြမ်းတမ်းခြင်း လက္ခဏာရှိ၏' ဤသို့ အကျယ်အားဖြင့်လည်းကောင်း၊ 'နာမ်သည် အာရုံ၌ညွတ်ခြင်း လက္ခဏာရှိ၏, ရုပ်သည် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏' ဤသို့ အကျဉ်းအားဖြင့်လည်းကောင်း နာမ်ရုပ်တို့ကို ပိုင်းခြား၍ သိခြင်း။

**လက္ခဏာရသစသည်**

| | | |
|---|---|---|
| လက္ခဏာ | = | တေဘူမကတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော သာမည အမှတ်အသားသည်လည်းကောင်း၊ မိမိတစ်ပါးတည်း၏ ကက္ခဠ–ဖုသန စသော အမှတ်အသားသည်လည်းကောင်း လက္ခဏာ မည်၏။ |
| ရသ | = | ပြုအပ်သောကိစ္စသည်လည်းကောင်း၊ ပြည့်စုံသောဂုဏ်သည်လည်းကောင်း ရသ မည်၏။ |
| ပစ္စုပဋ္ဌာန် | = | ယောဂီ၏ဉာဏ်၌ ရှေးရှုထင်လာသော အခြင်းအရာသည်လည်းကောင်း၊ အကျိုးသည်လည်းကောင်း ပစ္စုပဋ္ဌာန် မည်၏။ |
| ပဒဋ္ဌာန် | = | နီးစွာသောအကြောင်းသည် ပဒဋ္ဌာန် မည်၏။ |

**၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ** (အရ–ပစ္စယပရိဂ္ဂဟဉာဏ်)

နာမ်ရုပ်တို့၏ ဖြစ်ခြင်းအကြောင်းကို ပိုင်းခြားယူခြင်း (တစ်နည်း) နာမ်ရုပ်တို့၏အကြောင်းဖြစ်သော သမုဒယသစ္စာကို ပိုင်းခြားယူတတ်သောဉာဏ်

(ပစ္စယပရိဂ္ဂဟဉာဏ်)သည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။

နာမ်ရုပ် ၂–ပါးတို့သည် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော အကျိုးတရားများသာ ဖြစ်ကြသည်၊ မည်သူတစ်စုံတစ်ယောက်မျှ ဖန်ဆင်း၍ ဖြစ်သည် မဟုတ်ဟု သိလာသောအခါ ဘုရား၌ ယုံမှားခြင်းစသော ၈–ပါးသော ကင်္ခါ, ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့ပြီလော စသော ၁၆–ပါးသော ကင်္ခါတို့မှ လွန်မြောက်သောကြောင့် "ကင်္ခါဝိတရဏ" မည်၍ **အဟေတုကဒိဋ္ဌိ**, ဝိသမ–ဟေတုကဒိဋ္ဌိ ဟူသော အညစ်အကြေးတို့ကို သုတ်သင်**တတ်သော**ကြောင့် "ဝိသုဒ္ဓိ"လည်း မည်၏။ ထို့ကြောင့် "ကင်္ခါဝိတရဏဝိသုဒ္ဓိ" **မည်**၏။

<u>**နာမ်ရုပ်တို့၏ဖြစ်ကြောင်းများ**</u>

ပဋိသန္ဓေအခါ နာမ်, ရုပ်၏ ဖြစ်ကြောင်းမှာ – **အဝိဇ္ဇာ**၊ **တဏှာ**၊ ဥပါဒါန်၊ ကံ

ပဝတ္တိအခါ = နာမ်၏ဖြစ်ကြောင်းမှာ–စက္ခုပသာဒစသော နိဿယပစ္စည်း၊ ရူပါရုံစသော အာရမ္မဏပစ္စည်း စသည် (တစ်နည်း) အာရုံ ၆–ပါးတို့၏ အာရမ္မဏစသော သတ္တိ ၈–မျိုး၊ ဝတ္ထုရုပ် ၆–ပါး တို့၏ နိဿယစသော သတ္တိ ၆–မျိုးတို့ ဖြစ်၏။

= ရုပ်၏ဖြစ်ကြောင်းများမှာ – ကံ၊ စိတ်၊ ဥတု၊ အာဟာရ

ဤကား သာမညဖြစ်ကြောင်းတည်း၊ ဝိသေသအားဖြင့်ကား –

– ကုသိုလ်နာမ်၏ ဖြစ်ကြောင်းသည် ယောနိသောမနသိကာရစသော သမ္ပတ္တိစက် ၄–ပါး၏ ပြည့်စုံခြင်း
– အကုသိုလ်နာမ်၏ ဖြစ်ကြောင်းသည် အယောနိသောမနသိကာရစသော ဝိပတ္တိစက် ၄–ပါးဖြစ်ခြင်း
– ဝိပါက်နာမ်၏ ဖြစ်ကြောင်းသည် ကုသိုလ်ကံ, အကုသိုလ်ကံ
– အာဝဇ္ဇန်း၏ ဖြစ်ကြောင်းသည် ဘဝင်နှင့်, သန္တီရဏ
– ကြိယာဇော၏ ဖြစ်ကြောင်းသည် ရဟန္တာပုဂ္ဂိုလ်၏သန္တာန်

**ကင်္ခါဝိတရဏဝိသုဒ္ဓိ၏အမည်ထူးများ**

ကင်္ခါဝိတရဏဝိသုဒ္ဓိသည်

(၁) အကျိုးတရားများ တည်တံ့ဖို့အကြောင်းကို သိတတ်သောကြောင့် **ဓမ္မ–ဋ္ဌိတိဉာဏ်** ဟုလည်း မည်၏။

(၂) ရုပ်နာမ်ကို အကြောင်းနှင့်တကွ ဟုတ်တိုင်းမှန်စွာ သိတတ်သောကြောင့် **ယထာဘူတဉာဏ်** ဟုလည်း မည်၏။

၅။ **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ** (အရ–သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်)

မဂ်ဟုတ်သည်၏ လက္ခဏာ, မဂ်မဟုတ်သည်၏ လက္ခဏာကို ပိုင်းခြားမှတ်သားဆုံးဖြတ်တတ်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

(တစ်နည်း) မဂ်ဟုတ်သည် မဟုတ်သည်ကို သိတတ်ခြင်း၊ မဂ်မဟုတ်သည်၌ မဂ်ဟုမှတ်သောသညာကို သုတ်သင်ခြင်းကြောင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံလိုသောယောဂီသည် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ၂–ပါးကို ပွားများအပ်၏။**

သမ္မသနဉာဏ် = (နှာ–၁၄၆ ကြည့်ပါ)

သမ္မသနဉာဏ် ရှုပွားပုံ = (နှာ–၁၄၆ ကြည့်ပါ)

သမ္မသနဉာဏ်ဖြစ်ပြီးနောက် –

အာရဒ္ဓဝိပဿကယောဂီသည် ထိုတေဘူမကသင်္ခါရတရားတို့၌ပင်လျှင် ပစ္စယ၏အစွမ်းဖြင့်လည်းကောင်း, ခဏ၏အစွမ်းဖြင့်လည်းကောင်း ဥဒယဗ္ဗ–ယဉာဏ် ဖြင့် အဖြစ်,အပျက်ကို ဆက်လက်သုံးသပ် ပွားများအပ်၏။

သုံးသပ်ပွားများပုံမှာ ...

ရူပက္ခန္ဓာ၌ (၁) အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏၊

(၂) တဏှာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏၊

(၃) ကံဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏၊

(၄) အာဟာရဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏–ဟု ပစ္စယ၏အစွမ်းဖြင့် ၄–ပါး၊

(၅) ဖြစ်သော် ဥပါဒ်အခိုက်သာဖြစ်၏ဟု ခဏ၏အစွမ်းဖြင့် ၁–ပါး

ဤသို့လျှင် ပစ္စယ၏အစွမ်းအားဖြင့် ဥဒယကိုရှုနည်း ၄–ပါး၊ ခဏ၏အစွမ်းအားဖြင့်ရှုနည်း ၁–ပါးအားဖြင့် ဥဒယကိုရှုနည်း ၅–ပါးဖြစ်၏၊ နိရောဓကို ရှုနည်းလည်း ထို့အတူ ၅–ပါးဖြစ်၍ ရူပက္ခန္ဓာကိုရှုနည်း ၁၀–ပါး ဖြစ်၏။

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့၌ 'အာဟာရ'ကို ပယ်၍ 'ဖဿ'ကို ထည့်ပြီး သုံးသပ်ပွားများခြင်းအားဖြင့် ရှုနည်း ၁၀–ပါးစီ ဖြစ်၏။

ဝိညာဏက္ခန္ဓာ၌ 'အာဟာရ'ကို ပယ်၍ 'နာမရူပ'ကို ထည့်ပြီး သုံးသပ်ပွားများခြင်းအားဖြင့် ရှုနည်း ၁၀–ပါး ဖြစ်၏။

ဤသို့လျှင် ခန္ဓာ ၅–ပါးတို့၌ ဥဒယဗ္ဗယဉာဏ်ဖြင့် ဥဒယဗ္ဗယ(ဖြစ်ပျက်)ကို သုံးသပ်ပွားများပုံ အခြင်းအရာ ၅၀ ဖြစ်၏။

(နှာ ၁၄၈–ဥဒယဗ္ဗယဉာဏ်ဖြင့် သုံးသပ်ပွားများနည်း ၂–နည်းလည်း ရှုပါ)

**<u>မဂ်ဟုတ်သည် မဟုတ်သည်ကို ဆုံးဖြတ်ပုံ</u>**

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံလိုသော ယောဂီသည် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ၂–ပါးကို ပွားများအပ်၏၊ ဤဉာဏ်နှစ်ပါးဖြင့် နာမ်ရုပ်တို့၏အဖြစ်အပျက်ကို အမြဲမပြတ်ရှုသော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာ၏ ညစ်ညူးကြောင်းဖြစ်သော ဩဘာသစသော တရား ၁၀–ပါးတို့သည် ဖြစ်ပေါ်လာတတ်ကုန်၏၊ ထိုအခါ 'ငါ့အား ဤသို့သဘောရှိသော ဩဘာသစသည်တို့သည် ရှေးအခါက မဖြစ်ပေါ်ဘူးကုန်၊ မချွတ်ကေန်ပင် မဂ်ဖိုလ်သို့ရောက်ပြီ'ဟု အထင်ရောက်တတ်၏၊ ထိုသို့ မယူဆဘဲ ဤဩဘာသစသည်တို့သည် 'တဏှာ, ဒိဋ္ဌိ, မာန' ဥပက္ကိလေသ ၃–ပါး တို့၏ ဖြစ်ရာအာရုံဖြစ်၍ သစ္စာ ၄–ပါးကို သိခြင်း၏ အကြောင်းဖြစ်သော မဂ်မဟုတ်၊ စင်စစ်သော်ကား ဝိပဿနာညစ်ညူးကြောင်းတရားတို့သာတည်း (လမ်းမှန်မဟုတ်)၊ ထိုဝိပဿနာညစ်ညူးကြောင်း ဘေးရန်တို့မှလွတ်သော ဝိပဿနာဘာဝနာ၏ အာရုံလမ်းသို့ သွားသော ဝိပဿနာဉာဏ်သည်သာလျှင် သစ္စာ ၄–ပါးကို သိခြင်း၏အကြောင်းဖြစ်သော **မဂ်တည်း (လမ်းမှန်တည်း)ဟူ၍ ဆုံးဖြတ်အပ်၏။**

<u>**ဝိပဿနာညစ်ညူးကြောင်း**</u> (ဝိပဿနုပက္ကိလေသ)(ဥပက္ကိလေသ)၁၀–ပါး

(၁) ဩဘာသ = ဝိပဿနာစိတ်ကြောင့်ဖြစ်သော ကိုယ်မှထွက်သော အရောင်အလင်း၊

(၂) ပီတိ = ဝိပဿနာစိတ်နှင့်တကွဖြစ်သော ခုဒ္ဒကာ အစရှိသော ပီတိ ၅–မျိုး၊

(၃) ပဿဒ္ဓိ = ကိုယ်စိတ်တို့၏ ငြိမ်းချမ်းမှု (ကာယပဿဒ္ဓိနှင့် စိတ္တ–ပဿဒ္ဓိ)၊

(၄) အဓိမောက္ခ = အားကြီးသော သဒ္ဓိန္ဒြေ၊

(၅) ပဂ္ဂဟ = သမ္မပ္ပဓာန်ကိစ္စကို ပြီးစေတတ်သော ဝီရိယသမ္ဗောဇ္ဈင်၊

(၆) သုခ = အလွန်မွန်မြတ်အေးချမ်းသာ စေတသိကသုခ၊

(၇) ဉာဏ = သိကြားမင်း ပစ်လွှတ်အပ်သော ဝရဇိန်လက်နက်နှင့် တူသော, လက္ခဏာ ၃–ပါးကို အထူးသဖြင့် ရှုတတ်သောဉာဏ်၊

(၈) ဥပဋ္ဌာန = ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာတည်သော သတိ၊

(၉) ဥပေက္ခာ = ဖြစ်မှုပျက်မှု အလွန်ထင်နေရကား အသင့်အားဖြင့် ရှုစားတတ်သော "တတြမဇ္ဈတ္တုပေက္ခာ"နှင့် "အာဝဇ္ဇ–နုပေက္ခာ"နှစ်ပါး၊

(တတြမဇ္ဈတ္တုပေက္ခာ = ဝိပဿနာဉာဏ်နှင့်ယှဉ်သော တတြမဇ္ဈတ္တတာ စေတသိက်

အာဝဇ္ဇနုပေက္ခာ = ထို၏ရှေ့သွား မနောဒွါရာဝဇ္ဇန်းနှင့်ယှဉ်သောစေတနာစေတသိက်)

(၁၀) နိကန္တိ = ကိလေသာဟု မသိနိုင်လောက်အောင် ဝိပဿနာ၌ သာယာနှစ်သက်သော သိမ်မွေ့သော တဏှာ၊

**ဝိပဿနာ၏ဘေးရန်အစစ်နှင့်အတု**

<u>နိကန္တိ</u> သည် ညစ်ညူးကြောင်း ဘေးရန်အစစ်လည်းဖြစ်သည်၊ ညစ်ညူးကြောင်း တရားတို့၏ တည်ရာလည်း ဖြစ်သည်။

<u>သြဘာသစသော ၉–ပါး</u>သည် တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော ညစ်ညူးကြောင်း တရားတို့၏ တည်ရာဖြစ်သောကြောင့်သာလျှင် ဥပစာအားဖြင့် ညစ်ညူးကြောင်း သေားရန်ဟု ဆိုရခြင်း ဖြစ်သည်၊ ညစ်ညူးကြောင်း စင်စစ်အကုသိုလ်ဖြစ်သော ကြောင့် ဆိုရသည်မဟုတ်။

မှတ်ချက်။ ။ သမထပရိဗန္ဓ (သမထ၏သေားရန်) = နီဝရဏတရား ၅–ပါး
ဝိပဿနာပရိဗန္ဓ (ဝိပဿနာ၏သေားရန်) = သြဘာသစသော ၁၀–ပါး

**အမဂ္ဂနှင့်မဂ္ဂ**

<u>အမဂ္ဂ</u> = သြဘာသစသော ၁၀–ပါးတို့သည် တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော ညစ်ညူးကြောင်းတရား (ဥပက္ကိလေသတရား) လမ်းမှန်လမ်းကောင်း မဟုတ်) လမ်းမှား မည်၏။

<u>မဂ္ဂ</u> = ထို ၁၀–ပါးတို့မှ လွတ်သော ဝိပဿနာလမ်းစဉ်အတိုင်း ဆက်လက် ရှုမှတ်ပွားများသော ဝိပဿနာဉာဏ်သည် (မဂ္ဂ = မဂ်ဖိုလ်ရကြောင်း လမ်းမှန်လမ်းကောင်း) လမ်းမှန် မည်၏။

## ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဥဒယဗ္ဗဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉–ပါး သည် အရိယာမဂ်တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိသို့ ရောက်ကြောင်းအကျင့် ဖြစ်သောကြောင့်လည်းကောင်း၊ မျက်မှောက်ထင်ထင် လက္ခဏာရေး ၃–ပါးကို သိမြင်သဖြင့် ဆန့်ကျင်ဘက်ကိလေသာတို့မှ စင်ကြယ်ခြင်းကြောင့်လည်းကောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

ဝိပဿနာ၏ ညစ်ညူးကြောင်း သေားရန်တို့မှ လွတ်ပြီးသော ဥဒယဗ္ဗယ– ဉာဏ်နှင့် ကောင်းစွာပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် –

(၁) ဥဒယဗ္ဗယဉာဏ် (နောက်ပိုင်း)၊

(၂) ခန္ဓာ ၅–ပါးတို့၏ ပျက်ခြင်းမျှကိုသာ ရှုတတ်သော ဘင်္ဂဉာဏ်၊

(၃) ခြင်္သေ့စသည်တို့၏ ကြောက်စရာအခြင်းအရာကို ရှုသကဲ့သို့ (ဘင်၏ အစွမ်းဖြင့် ထင်ကုန်သော) သင်္ခါရတို့၏ ကြောက်မက်ဖွယ် အခြင်းအရာကို ရှုသော ဘယဉာဏ်၊

(၄) မီးလောင်သောအိမ်၏အပြစ်ကို အိမ်ရှင်သည် ရှုသကဲ့သို့ (ကြောက်မက်ဖွယ် အခြင်းအရာအားဖြင့် အဖန်ဖန်ရှုအပ်ပြီးသော) သင်္ခါရတို့၏အပြစ်ကို ရှုတတ်သော အာဒီနဝဉာဏ်၊

(၅) (မြင်အပ်ပြီးသော အပြစ်ရှိသော) သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်း၏အစွမ်း ဖြင့်ဖြစ်သော နိဗ္ဗိဒါဉာဏ်၊

(၆) ငါးစသော သတ္တဝါတို့သည် ပိုက်ကွန်စသည်မှ လွတ်လိုကုန်သကဲ့သို့ တေဘူမကသင်္ခါရတရားတို့မှ လွတ်ခြင်းငှာ အလိုရှိသည်၏အစွမ်းအား ဖြင့်ဖြစ်သော မုစ္စိတုကမျတာဉာဏ်၊

(၇) သမုဒ္ဒရာ၌ ဆောင်ယူအပ်သော ကျီးမသည် အရပ်မျက်နှာတို့ကို အဖန်ဖန် အထပ်ထပ် ကြည့်သကဲ့သို့ ထို့အတူ လွတ်ခြင်း၏အကြောင်းကို ပြီးပြည့်စုံ ခြင်းငှာ (မြင်အပ်ပြီးသော အပြစ်ရှိသော) သင်္ခါရတရားတို့၌ အဖန်ဖန် အထပ်ထပ် သုံးသပ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော ပဋိသင်္ခါနုပဿနာဉာဏ်၊

(၈) စွန့်အပ်ပြီးသော မယားရှိသော ယောကျ်ားသည် ထိုမယား၌ လျစ်လျူရှု သကဲ့သို့ (ထို့အတူ မြင်အပ်ပြီးသော အပြစ်ရှိသော) သင်္ခါရတရားတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်၊

(၉) အနိစ္စစသော လက္ခဏာတို့ကို ရှုသည်၏အဖြစ်အားဖြင့် အောက်၌ဖြစ်သော ဝိပဿနာဉာဏ်တို့အားလည်းကောင်း၊ အထက်မဂ်ခဏ၌ ရအပ်ကုန်သော ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့အားလည်းကောင်း လျော်သော အနုလောမဉာဏ်၊

ဤ ဉာဏ် ၉-ပါး ရင့်သန်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ် သုံးပါးသို့တင်၍ ထပ်ကာထပ်ကာ အမြဲမပြတ် ကျင့်ကြံသည်ရှိသော် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

## သိခါပဏ္ဍ

ဝိပဿနာဉာဏ်တို့တွင် သင်္ခါရုပေက္ခာဉာဏ်အရင့်ပိုင်းနှင့် အနုလောမဉာဏ် တို့သည် ဝိပဿနာကမ္မဋ္ဌာန်းအကျင့်၏ လမ်းဆုံးသို့ ရောက်ပြီးဖြစ်သောကြောင့် သိခါပဏ္ဍ-အထွတ်အထိပ် မည်၏။

ဝိပဿနာပရိပါက = ဝိပဿနာ၏ ရင့်ခြင်း
= သင်္ခါရုပေက္ခာဉာဏ် (အရင့်ပိုင်း)ကို ရ၏။

**ဝုဋ္ဌာနဂါမိနီဝိပဿနာ**

သင်္ခါရုပေက္ခာဉာဏ်(အရင့်ပိုင်း)နှင့် အနုလောမဉာဏ် ၂–ပါးသည် အပါယ် စသောဘေးမှလည်းကောင်း၊ သင်္ခါရနိမိတ်တို့မှလည်းကောင်း ကင်းလွတ် ထမြောက်သောတရားဟု ဆိုအပ်သော ဝုဋ္ဌာနမည်သော မဂ်သို့ ရောက်ကြောင်း ဝိပဿနာဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဟု ခေါ်၏။

၇။ **ဉာဏဒဿနဝိသုဒ္ဓိ** (အရ–မဂ် ၄–ပါး)

(မူလဝိသုဒ္ဓိ ၂–ပါး၊ ကာယဝိသုဒ္ဓိ ၄–ပါး၊ ပေါင်း ၆–ပါးသော ဝိသုဒ္ဓိ အစဉ်အားဖြင့် ပွားများအားထုတ်၍ ဖြစ်ပေါ်လာသော) မဂ် ၄–ပါးသည် သစ္စာလေးပါးကို သိတတ်သောကြောင့်လည်းကောင်း၊ မျက်မှောက်ပြုတတ် သောကြောင့်လည်းကောင်း၊ ကိလေသာအညစ်အကြေးမှ စင်ကြယ်သောကြောင့် လည်းကောင်း ဉာဏဒဿနဝိသုဒ္ဓိ မည်၏။

**ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ကူးပြောင်းရာ၌ စိတ်အစဉ်ဖြစ်ပေါ်ပုံ**

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံ၍ ဉာဏ် ၉–ပါး၏ တစ်ဘက်ကမ်းသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာဝိပဿနာဉာဏ် ရင့်သန်၍ အပ္ပနာဟုဆိုအပ်သော လောကုတ္တရာမဂ် ဖြစ်လတ်သော် –

ရှေးဦးစွာ န, ဒ ၂–ကြိမ်ဖြစ်၍ ချုပ်၏၊ ထို့နောက် တေဘူမကသင်္ခါရ တရားတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၍ ချုပ်၏၊ ထို့နောက် အမှတ်မရှိ တစ်ခုခုသော အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ ၃–ပါးကို အာရုံပြု၍ ပ, ဥ, နု ၃–ကြိမ်ဖြစ်၍ ချုပ်၏၊ ထို့နောက် ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်၏။

ထိုစိတ်၏ အခြားမဲ့၌ သောတာပတ္တိမဂ်သည် ဒုက္ခသစ္စာကား– လောကီစိတ် ၈၁, လောဘကြဉ်သော စေတသိက် ၅၁, ရုပ် ၂၈–ပါးသာတည်း၊ ထိုထက် အယုတ်အလွန်မရှိဟု ပိုင်းခြား၍ သိ၏၊ သမုဒယသစ္စာကို ပယ်လျက်၊ (နိရောဓ သစ္စာ) နိဗ္ဗာန်ကို အာရုံပြုသည့်အစွမ်းဖြင့် မျက်မှောက်ပြု၍၊ သမ္မာဒိဋ္ဌိဟူသော

မဂ်ဉာဏ်သည် မိမိနှင့် ယှဉ်ဘက်ဖြစ်သော သမ္မာသင်္ကပ္ပ စသော ၇–ပါးသော မဂ္ဂင်တို့နှင့် သဟဇာတစသော ပစ္စည်းအဖြစ်ဖြင့် အတူတကွဖြစ်၍, မဂ္ဂသစ္စာကို ပွားစေသည်၏အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။

ထို့နောက် သောတာပတ္တိဖိုလ်စိတ် ၂–ကြိမ်၊ ၃–ကြိမ် ဖြစ်ပြီး ဘဝင်ကျ၏၊ တစ်ဖန် ဘဝင်ကို ဖြတ်၍ မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်ပြီးသော ကိလေသာ, ကြွင်းကျန်သောကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တို့ ဖြစ်ကုန်၏။

## ဖိုလ်စိတ် ၂–ကြိမ် ၃–ကြိမ် ဖြစ်ရခြင်း

မီးကိုသတ်ပြီးသော်လည်း မီး၏အပူရှိန်ကို ငြိမ်းစေရန် အိုးတို့ဖြင့် သွန်းလောင်းအပ်သော ရေကဲ့သို့ ကိလေသာတို့ကို ပယ်အပ်ပြီးသော်လည်း သန္တာန်ဝယ် ကိလေသာအပူရှိန် ငြိမ်းစေရန် ဖိုလ်စိတ် ၂–ကြိမ် ၃–ကြိမ် ဖြစ်ရ၏။

## ပစ္စဝေက္ခဏာဉာဏ်

ပစ္စဝေက္ခဏာဉာဏ် ဟူသည် ဝမ်းမြောက်ဝမ်းသာ ငါသည် ကိလေသာတို့မှ လွတ်ရပေပြီ–ဟု မိမိရသော မဂ်, ဖိုလ်, နိဗ္ဗာန် စသည်တို့ကို ဆင်ခြင်သော ကာမာဝစရဉာဏ်များဖြစ်၏။

ဝိပဿနာဉာဏ် ပိုင်၍ သောတာပန်အရိယာအဖြစ်သို့ရောက်သော ယောဂီသည် –

(၁) "ငါသည် ဤသောတာပတ္တိမဂ်ကို ရအပ်ပေပြီ" ဟု မိမိရသော မဂ်ကို ဆင်ခြင်၏။

(၂) ထို့နောက် "ငါသည် ဤလောကုတ္တရာအကျိုးတရားကို ရအပ်ပေပြီ" ဟု ဖိုလ်ကို ဆင်ခြင်၏။

(၃) ထို့နောက် "ငါသည် ဘဝတိုင်း ဘဝတိုင်း မပြတ်လိုက်ခါ နှိပ်စက်နေသော ဤမည်သော ကိလေသာရန်သူကို ပယ်အပ်ပေပြီ" ဟု ပယ်အပ်သော ကိလေသာတို့ကို ဆင်ခြင်၏။

(၄) ထို့နောက် "ငါ့အား ဤမည်သော ကိလေသာတို့ကား ကြွင်းကျန်လျက်

ရှိကုန်သေး၏" ဟု ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်၏။

(၅) နောက်ဆုံး၌ "ငါသည် ဤထူးမြတ်လှစွာသော နိဗ္ဗာန်အမြိုက်တရားကို အာရုံပြုသောအားဖြင့် ရအပ်ပေပြီ" ဟု နိဗ္ဗာန်ကို ဆင်ခြင်၏။

ကိလေသာဝေဖန်ခြင်းတို့ကို မဆင်ခြင်လိုသော အရိယာတို့သည် ပယ်ပြီး ကိလေသာနှင့် ကြွင်းသောကိလေသာတို့ကို မဆင်ခြင်ကြပေ။ (ဆိုလိုသည်မှာ– ပယ်အပ်ပြီးသော ကိလေသာနှင့် ကြွင်းသောကိလေသာတို့ကို အချို့သေက္ခပုဂ္ဂိုလ်သည် ဆင်ခြင်၍၊ အချို့သော သေက္ခပုဂ္ဂိုလ်သည် မဆင်ခြင်ပါ၊ ထိုသို့ ဆင်ခြင်ခြင်း, မဆင်ခြင်ခြင်း၌ ထိုသေက္ခတို့၏ အလိုအတိုင်းသာ ဖြစ်ပေသည်။) ထို့ကြောင့်ပင် မဟာနာမ်သာကီဝင်မင်းသည် "အရှင်ဘုရား – တပည့်တော်သည် အဘယ်မည်သောတရားကို အဇ္ဈတ္တသန္တာန်၌ မပယ်အပ်ပါသေးသနည်း" ဟု မပယ်အပ်သေးသော ကိလေသာတို့ကို မဆင်ခြင်သောကြောင့် မေးလျှောက်ခြင်း ဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသော ကိလေသာတို့ကို ပယ်အပ်ပြီးသည်အဖြစ်ကြောင့် ကြွင်းသောကိလေသာတို့ကို ဆင်ခြင်ခြင်း မရှိ၊ ထို့ကြောင့် သေက္ခပုဂ္ဂိုလ်သုံးယောက်တို့အား ၁၅–ပါးသော ပစ္စဝေက္ခဏာဉာဏ်၊ ရဟန္တာပုဂ္ဂိုလ်အား ၄–ပါးသော ပစ္စဝေက္ခဏာဉာဏ်၊ ဤသို့ ပစ္စဝေက္ခဏာဉာဏ် ၁၉–တန်တို့ ဖြစ်ကြ၏။

## ဂေါတြဘူစိတ်ဆိုင်ရာ သိဖွယ်

### ဂေါတြဘူစိတ်ဖြစ်ပုံ

ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသည်၊ ဂေါတြဘူစိတ်ဖြစ်ပြီးနောက် မဂ်စိတ် ကေန်ပေါ်ပေါက်လာပါတော့သည်၊ မဂ်စိတ် ပေါ်ပေါက်လာလျှင် အရိယာအနွယ်သို့ ရောက်ပြီဖြစ်၍ ဂေါတြဘူစိတ်ကို ပုထုဇဉ်အနွယ်ကို လွှမ်းမိုးသောတရားဟုလည်းကောင်း၊ အရိယာအနွယ်သို့ ရောက်သောတရားဟုလည်းကောင်း ဆိုကြသည်။

**အာဝဇ္ဇန်းအတု**

ဂေါတြဘူစိတ်သည် ပ, ဥ, နု အမည်ရသော စိတ်တို့ကဲ့သို့ အနိစ္စစသော လက္ခဏာတစ်ပါးပါးကို အာရုံပြုသည် မဟုတ်၊ နိဗ္ဗာန်ကို အာရုံပြုသောကြောင့် မဂ်ရှေ့မှနေ၍ နိဗ္ဗာန်ကို ညွှန်ပြသောစိတ်ဖြစ်ရကား ဂေါတြဘူစိတ်ကို မဂ်ဇော၊ ဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သော အာဝဇ္ဇန်းနှင့်တူသောစိတ်ဟု ပြောစမှတ် ပြုကြ၏၊ ဤစကားအရ ဂေါတြဘူကို အာဝဇ္ဇန်းအတုဟု ဆိုကြသည်။

**ဝိသုဒ္ဓိ ၇–ပါး နှင့် ဝိပဿနာဉာဏ်တွဲစပ်ပုံ * (မှတ်ချက်)**

| | | | |
|---|---|---|---|
| မူလ ၂ | ၁။ သီလဝိသုဒ္ဓိ | | |
| | ၂။ စိတ္တဝိသုဒ္ဓိ | | |
| သရီရ ၄ | ၃။ ဒိဋ္ဌိဝိသုဒ္ဓိ | (၁) နာမရူပပရိစ္ဆေဒဉာဏ် | |
| | ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ | (၂) ပစ္စယပရိဂ္ဂဟဉာဏ် | |
| | ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | (၃) သမ္မသနဉာဏ်<br>(၄) ဥဒယဗ္ဗယဉာဏ် (ရှေ့ပိုင်း) | ဝိပဿနာဉာဏ်စ |
| | ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | (၄) ဥဒယဗ္ဗယဉာဏ် (နောက်ပိုင်း)<br>(၅) ဘင်္ဂဉာဏ်<br>(၆) ဘယဉာဏ်<br>(၇) အာဒီနဝဉာဏ်<br>(၈) နိဗ္ဗိဒါဉာဏ်<br>(၉) မုစ္စိတုကမျတာဉာဏ်<br>(၁၀) ပဋိသင်္ခါဉာဏ်<br>(၁၁) သင်္ခါရုပေက္ခာဉာဏ်<br>(၁၂) အနုလောမဉာဏ် | ဝုဋ္ဌာနဂါမိနီ<br>ဝိပဿနာ |
| * လွတ် | | (၁၃) ဂေါတြဘူဉာဏ် | ဝိသုဒ္ဓိအစဉ်မှလွတ် |
| သီသ ၁ | ၇။ ဉာဏဒဿနဝိသုဒ္ဓိ | (၁၄) မဂ်ဉာဏ် | |
| | | (၁၅) ဖိုလ်ဉာဏ်<br>(၁၆) ပစ္စဝေက္ခဏာဉာဏ် | |

**ဝိသုဒ္ဓိ ၇–ပါး၏ မူလ၊ သရီရ၊ သီသအခွဲ**

မူလဝိသုဒ္ဓိ ၂–ပါး = သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ။
သရီရဝိသုဒ္ဓိ (ဝါ)
ကာယဝိသုဒ္ဓိ၄–ပါး = ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။
သီသ(ဦးထိပ်)ဝိသုဒ္ဓိ = ဉာဏဒဿနဝိသုဒ္ဓိ။

**စူဠသောတာပန်**

ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ ရောက်ဖူးသူအား ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အတော်အတန် ပယ်ခွာနိုင်၍ သောတာပန်နှင့် အလားတူသောကြောင့် စူဠသောတာပန် မည်၏၊ ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ဒိဋ္ဌိ, ကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့် ဝိစိကိစ္ဆာကို တဒင်္ဂပဟာန်အားဖြင့် ပယ်နိုင်၏၊ ရပြီးဝိသုဒ္ဓိ ၂–ပါးမှ မဆုတ်ယုတ်ပါက ဒုတိယဘဝ၌ သုဂတိဘဝသို့ ရောက်၏။

❀ ❀ ❀ ❀ ❀

## ၅။ ဝိမောက္ခဘေဒ

ဝိမောက္ခ = ဆန့်ကျင်ဘက်ကိလေသာတို့မှ လွတ်မြောက်သောကြောင့် မဂ်နှင့်ဖိုလ်သည် ဝိမောက္ခ မည်၏။
= (တစ်နည်း) သံသရာအနှောင်အဖွဲ့မှ လွတ်မြောက်တတ်သောကြောင့် မဂ် ၄–ပါး၊ ဖိုလ် ၄–ပါးသည် ဝိမောက္ခ မည်၏။
ဝိမောက္ခမုခ = (ဝိမောက္ခ = မဂ်၊ ဖိုလ် + မုခ = အကြောင်း၊ တံခါးဝ)
= ဝိမောက္ခ မည်သော မဂ်ဖိုလ်တို့၏ အကြောင်းတရားဖြစ်သော (ဝါ) ဝိမောက္ခ မည်သော မဂ်ဖိုလ်သို့ ဝင်ရောက်ဖို့ရာ အဝင်တံခါးပေါက် သဖွယ်ဖြစ်သော သုညတာနုပဿနာ၊ အနိမိတ္တာနုပဿနာ၊ အပ္ပဏိဟိတာနုပဿနာ ၃–ပါး (ဝုဋ္ဌာနဂါမိနီ ဝိပဿနာ)သည် ဝိမောက္ခမုခ မည်၏။

**ဝိမောက္ခ ၃–ပါး**

(၁) အနိမိတ္တဝိမောက္ခ = အနိစ္စလက္ခဏာကိုရှု၍ ယန ဟုထင်နေသော 'နိစ္စနိမိတ်' ကင်းစင်ကာ ကိလေသာတို့မှ လွတ်သော မဂ်–ဖိုလ်၊

(၂) အပ္ပဏိဟိတဝိမောက္ခ = ဒုက္ခလက္ခဏာကိုရှု၍ သာယာတောင့်တသော 'တဏှာပဏိဓိ' ကင်းစင်ကာ ကိလေသာတို့မှ လွတ်သော မဂ်–ဖိုလ်၊

(၃) သုညတဝိမောက္ခ = အနတ္တလက္ခဏာကိုရှု၍ ဘာမျှမရှိ သုညချည်းသာဟု 'အတ္တဒိဋ္ဌိ' ကင်းစင်ကာ ကိလေသာတို့မှ လွတ်သော မဂ်–ဖိုလ်၊

**ဝိမောက္ခမုခ ၃–ပါး** (မဂ်ဖိုလ်၏တံခါးဝသဖွယ်ဖြစ်သော အနုပဿနာဉာဏ်၃–ပါး)

(၁) **အနိမိတ္တဝိမောက္ခမုခ**

ခန္ဓာ ၅–ပါး သင်္ခါရတရားတို့၌ မမြဲသည်၌ မြဲ၏ဟူ၍ဖြစ်သော သညာ–ဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ ၃–ပါးကိုစွန့်၍ အနိစ္စဟု အဖန်တလဲလဲ စီးဖြန်းပွားများသော အနိစ္စာနုပဿနာ(အနိစ္စဝိပဿနာ)သည် ဝိပလ္လာသ–နိမိတ်မှကင်း၍ မဂ်ဖိုလ်သို့ရောက်ခြင်း၏အကြောင်းဖြစ်သောကြောင့် အနိမိတ္တ–ဝိမောက္ခမုခ မည်၏။

(၂) **အပ္ပဏိဟိတဝိမောက္ခမုခ**

ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံတို့၌ တပ်နှစ်သက်တတ်သော တဏှာ ဟူသော တောင့်တခြင်းကို စွန့်တတ်သော ဒုက္ခာနုပဿနာ(ဒုက္ခဝိပဿနာ)သည် တဏှာဟူသော တောင့်တခြင်းမှကင်း၍ မဂ်ဖိုလ်သို့ရောက်ခြင်း၏အကြောင်းဖြစ်သောကြောင့် အပ္ပဏိဟိတဝိမောက္ခမုခ မည်၏။

(၃) **သုညတဝိမောက္ခမုခ**

ခန္ဓ ၅–ပါး သင်္ခါရတရားတို့၌ ငါ, ငါ၏ကိုယ်, ငါခံစားသည်ဟူသော နှလုံးသွင်းခြင်းကို ပယ်စွန့်၍ အနတ္တ–အနတ္တဟု အဖန်တလဲလဲ စီးဖြန်းပွားများသော အနတ္တာနုပဿနာ (အနတ္တဝိပဿနာ) သည် အတ္တမှဆိတ်၍ မဂ်ဖိုလ်သို့

ရောက်ခြင်း၏အကြောင်း ဖြစ်သောကြောင့် သုညတဝိမောက္ခမုခ မည်၏။

**မဂ်,ဖိုလ်တို့၏ ဝိမောက္ခအမည်ရပုံများ**

၁။ **ဝိပဿနာဂမနဝသေနနည်း–ဝိပဿနာ၏အစွမ်းအားဖြင့် အမည် ၃–မျိုးရပုံ**

မဂ်သို့ရောက်ကြောင်းဖြစ်သော ဝုဋ္ဌာနဂါမိနိဝိပဿနာသည် –

(၁) အနတ္တ–ဟု စီးဖြန်း၍ရအပ်သော မဂ်နှင့်မဂ္ဂါနန္တရဖိုလ်တို့သည် – သုညတဝိမောက္ခ၊

(၂) အနိစ္စ–ဟု စီးဖြန်း၍ရအပ်သော မဂ်နှင့်မဂ္ဂါနန္တရဖိုလ်တို့သည် – အနိမိတ္တဝိမောက္ခ၊

(၃) ဒုက္ခ–ဟု စီးဖြန်း၍ရအပ်သော မဂ်နှင့်မဂ္ဂါနန္တရဖိုလ်တို့သည် – အပ္ပဏိဟိတဝိမောက္ခ၊

ဟု မဂ္ဂဝီထိတွင် အမည် ၃–မျိုး ရကြ၏။

ဤနည်းအရ – ဖလသမာပတ္တိဝီထိမှ ဖိုလ်တရားသည်လည်း သမာပတ်မဝင်စားမီက ရှုပွားရသော ဝိပဿနာအားလျော်စွာ ဝိမောက္ခ အမည်ရကြ၏၊ ထိုအခါ၌မူ မိမိရခဲ့သော မဂ်၏အစွမ်းဖြင့် အမည်မရအပ်တော့ပေ၊ (မဂ်ရခဲ့စဉ် မဂ္ဂဝီထိ၌ အနတ္တဟု ဝိပဿနာရှု၍ သုညတဝိမောက္ခဟု မဂ်အားလျော်စွာ ရခဲ့စေကာမူ ဖလသမာပတ္တိဝီထိ၌ သမာပတ်ဝင်စားခါနီး အနိစ္စဟု ဝိပဿနာရှုခဲ့ပါမူ ယင်းဖိုလ်စိတ်များသည် ဝိပဿနာအစွမ်းဖြင့်ပင် အနိမိတ္တဝိမောက္ခ အမည်ပင်ရတော့၏။)

၂။ **အာရမ္မဏာဝသေနနည်း – အာရုံအားဖြင့် အမည် ၃–မျိုးရပုံ**

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည် သုညတ မည်၏၊ အနိမိတ္တ၊ အပ္ပဏိဟိတလည်း မည်၏၊ မဂ်ဖိုလ်တို့သည် –

(၁) သုညတနိဗ္ဗာန်ကို အာရုံပြုပါမူ သုညတဝိမောက္ခ မည်၏။

(၂) အနိမိတ္တနိဗ္ဗာန်ကို အာရုံပြုပါမူ အနိမိတ္တဝိမောက္ခ မည်၏။

(၃) အပ္ပဏိတိတနိဗ္ဗာန်ကို အာရုံပြုပါမူ အပ္ပဏိဟိတဝိမောက္ခ မည်၏။

ဤသို့အားဖြင့် အာရုံ၏အစွမ်းအားဖြင့် မဂ်ဖိုလ်တို့သည် အမည် ၃–မျိုးလုံးကို တစ်ပြိုင်နက် ရကြသည်။

## ၃။ သရသဝသေနနည်း–မိမိ၏ပင်ကိုယ်သဘောဂုဏ်သတ္တိအားဖြင့် အမည် ၃–မျိုးရပုံ

မဂ်ဖိုလ်တို့သည် မိမိတို့၏ ပင်ကိုယ်သဘောအားဖြင့် –

(၁) ရာဂစသည်မှ ဆိတ်သော ဂုဏ်သတ္တိကြောင့် သုညတဝိမောက္ခ မည်၏။

(၂) ရူပနိမိတ်စသော အာရုံမှကင်းသောကြောင့် အနိမိတ္တဝိမောက္ခ မည်၏။

(၃) ကိလေသာဟူသော တောင့်တခြင်း ကင်းသောကြောင့် အပ္ပဏိဟိတ–ဝိမောက္ခ မည်၏။

ဤသို့လျှင် မိမိ၏ပင်ကိုယ်သဘောဂုဏ်အစွမ်းအားဖြင့် အမည် ၃–မျိုးလုံးကို တစ်ပြိုင်နက်ရကြ၏။

**မှတ်ချက်**

(၁) မဂ္ဂဝီထိ၌ မဂ်သည် – ဝိပဿနာဂမန၊ အာရမ္မဏ၊ သရသတို့၏ အစွမ်းအားဖြင့် ဝိမောက္ခအမည် ၃–မျိုးရ၏။

(၂) မဂ္ဂဝီထိ၌ ဖိုလ်သည် – မဂ္ဂါဂမန၊ အာရမ္မဏ၊ သရသတို့၏ အစွမ်းအားဖြင့် ဝိမောက္ခအမည် ၃–မျိုးရ၏။

(၃) ဖလသမာပတ္တိဝီထိ၌ ဖိုလ်သည် – ဝိပဿနာဂမန၊ အာရမ္မဏ၊ သရသတို့၏အစွမ်းအားဖြင့် ဝိမောက္ခအမည် ၃–မျိုးရ၏။

မဂ် = ဝိပဿနာဂမန၊ အာရမ္မဏ၊ သရသ = အကြောင်း ၃–ပါး

ဖိုလ် = ဝိပဿနာဂမန၊ မဂ္ဂါဂမန၊ အာရမ္မဏ၊ သရသ = အကြောင်း ၄–ပါး

ဝိပဿနာဂမန = မဂ္ဂဝီထိ၌ မဂ်ဖြစ်ပေါ်လာကြောင်း၊ ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဖြစ်ပေါ်လာကြောင်း ဝုဋ္ဌာနဂါမိနီဝိပဿနာ။

မဂ္ဂါဂမန = မဂ္ဂဝီထိ၌ ဖိုလ်ဖြစ်ပေါ်လာကြောင်း မဂ်။

# ၆။ ပုဂ္ဂလဘေဒ

**အရိယာပုဂ္ဂိုလ်များ**

(၁) **သောတာပန်ပုဂ္ဂိုလ်**

သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ ပယ်ခြင်းကြောင့် အပါယ် ၄-ပါးသို့ ကျရောက်ခြင်းမှ ကင်းလွတ်၍ ကာမသုဂတိဘုံ၌ ၇-ကြိမ်သာ ပဋိသန္ဓေနေပြီး ၈-ကြိမ်မြောက် ပဋိသန္ဓေ မနေတော့သောသူ။

(ရူပဘုံ၊ အရူပဘုံတို့၌ကား ၇-ကြိမ်ထပ် ပို၍လည်း ပဋိသန္ဓေ နေကောင်း၏)

**သောတာပန် ၃-မျိုး**

(က) သတ္တက္ခတ္တုပရမ သောတာပန်

နုံ့သော ဣန္ဒြေရှိသော သောတာပန်ဖြစ်၏၊ ကာမသုဂတိ ၇-ဘုံ၌ ၇-ကြိမ် ပဋိသန္ဓေနေပြီးနောက် ရဟန္တာအဖြစ်သို့ ရောက်မည့် ပုဂ္ဂိုလ်ဖြစ်သည်။

(ခ) ကောလံကောလ သောတာပန်

အလယ်အလတ်ဖြစ်သော ဣန္ဒြေရှိသော သောတာပန်ဖြစ်၏၊ ကာမသုဂတိဘုံ၌ ၂-ဘ၀ ၃-ဘ၀ ဖြစ်ပြီးနောက် ရဟန္တာအဖြစ်သို့ ရောက်မည့် ပုဂ္ဂိုလ် ဖြစ်သည်။

(ဂ) ဧကဗီဇီ သောတာပန်

ထက်မြက်သော ဣန္ဒြေရှိသော သောတာပန်ဖြစ်၏၊ ကာမသုဂတိဘုံ၌ ၁-ကြိမ်သာ ပဋိသန္ဓေနေပြီးနောက် ရဟန္တာအဖြစ်သို့ ရောက်မည့် ပုဂ္ဂိုလ်ဖြစ်သည်။

(၂) **သကဒါဂါမ်ပုဂ္ဂိုလ်**

သကဒါဂါမိမဂ်ဖြင့် ရာဂ၊ ဒေါသ၊ မောဟတို့ကို ခေါင်းပါးအောင် ပြုတတ်သောကြောင့် ကာမသုဂတိဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေ နေသောသူ၊

(မောဟ-အရ လောဘ, ဒေါသနှင့် တကွဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်, ပဋိဃသမ္ပယုတ် မောဟကိုသာ ယူရ၏။)

## (၃) အနာဂါမ်ပုဂ္ဂိုလ်

အနာဂါမိမဂ်ဖြင့် ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်ခြင်းကြောင့် ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မလာတော့သောသူ၊

(အနာဂါမ်ပုဂ္ဂိုလ် စုတေလျှင် အထက်ရူပ–အရူပဘုံတို့၌သာ ဖြစ်ထိုက်၏)

## (၄) ရဟန္တာပုဂ္ဂိုလ်

အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ပယ်ခြင်းကြောင့် ကိလေသာ အာသဝတို့ လုံးဝ ကင်းရှင်းစင်ကြယ်သောကြောင့် ခီဏာသဝလည်း မည်၏။

လောက၌ မြတ်သောအလှူကို ခံထိုက်သောကြောင့် အဂ္ဂဒက္ခိဏေယျ–ပုဂ္ဂိုလ်လည်း မည်၏။

# ၇။ သမာပတ္တိဘေဒ

## (၁) ဖလသမာပတ်

အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့၏ဆိုင်ရာ ဖိုလ်စိတ်များ အလိုရှိသလောက် အစဉ်မပြတ် ဖြစ်နေစေမှုကို ဖလသမာပတ် ဝင်စားသည်ဟု ခေါ်၏။

(လောက၌ နတ်တို့သည် နတ်စည်းစိမ်ချမ်းသာကို ခံစားသကဲ့သို့ မင်းတို့သည် မင်းစည်းစိမ်ချမ်းသာကို ခံစားသကဲ့သို့) အရိယာပုဂ္ဂိုလ်တို့သည်လည်း မျက်မှောက်သော ကိုယ်၏အဖြစ်၌ လောကုတ္တရာချမ်းသာကို ခံစားလိုသောကြောင့် အလိုရှိတိုင်းသောခဏ၌ ကာလအပိုင်းအခြားကိုပြု၍ ဖလသမာပတ် ဝင်စားတော်မူကြ၏။

ဖလသမာပတ်သည် ဝိပဿနာပညာဘာဝနာ၏ အကျိုးထူးသာဖြစ်၍ လောကီစျာန်ရမှုနှင့် မဆိုင်ရကား လောကီစျာန် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အရိယာတို့သည် မိမိ၏ ရအပ်ပြီးသောဖိုလ်ကို ဝင်စားနိုင်ကြသည်။

ဖလသမာပတ် ဝင်စားပြီးနောက် ရည်ရွယ်ရင်း အချိန်စေ့၍ ဖိုလ်စိတ် အစဉ်ရပ်ကာ ဘဝင်စိတ်ဖြစ်ပေါ်လာခြင်းကို ဖလသမာပတ်မှထသည်ဟု ခေါ်၏။

## (၂) နိရောဓသမာပတ်

စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာ ရောက်နေခြင်းကို နိရောဓသမာပတ် ဝင်စားသည်ဟုခေါ်၏။ (တစ်နည်း) မျက်မှောက်သောကိုယ်၏အဖြစ်၌ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာရောက်၍ ကိလေသာဟူသော ပူပန်ခြင်းမှ ငြိမ်းလျက် ချမ်းသာစွာ နေခြင်းကို နိရောဓသမာပတ် ဝင်စားသည်ဟု ခေါ်၏။

**ဝင်စားနိုင်သောပုဂ္ဂိုလ်များ**

နိရောဓသမာပတ်ကို ပဥ္စဝေါကာရဘုံများမှ လောကီဈာန် သမာပတ် ၈-ပါး၊ ၉-ပါး ရကြသည့် အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်ကြသည်။

နိရောဓသမာပတ်သည် အရိယာမဂ်ပညာ၏ အကျိုးအာနိသင် ဖြစ်၏။

**ဝင်စားရခြင်းအကျိုး**

နိရောဓသမာပတ်ကို ဝင်စားကြခြင်းသည် သင်္ခါရတရားတို့၌ သံဝေဂဉာဏ်ဖြင့် ငြီးငွေ့တော်မူကြ၍ သင်္ခါရတို့မှ ကင်းတန်သမျှ ကင်းလျက် မျက်မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်းအကျိုးငှာ ဖြစ်သည်။

**သမာပတ်ဝင်စားပုံ**

နိရောဓသမာပတ် ဝင်စားလိုသော အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သည် ဆွမ်းစားပြီး၊ လက်ခြေတို့ကို ကောင်းစွာဆေးကြောကာ၊ ဆိတ်ငြိမ်သောအရပ်၌ ကောင်းစွာခင်းကျင်းအပ်သော နေရာဝယ် ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ထိုင်နေကာ၊ နိရောဓသမာပတ်သို့ ရှေ့ရှုသတိကိုဖြစ်စေ၍ ရူပါဝစရပထမဈာန်ကို ဝင်စားရ၏။

ထို့နောက် ဈာန်မှထ၍ ဈာန်အတွင်း၌ဖြစ်သော စိတ်-စေတသိက် သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မည့်လွန်း မထက်လွန်းသော ဝိပဿနာဉာဏ်ဖြင့် ရှုအပ်၏။

ထိုသို့ ဈာန်ဝင်စားခြင်း ဝိပဿနာရှုခြင်းဟူသော သမထ ဝိပဿနာအစုံကို ဒု-ဈာန်မှ ဝိညာဏဉ္စာယတနဈာန်တိုင်အောင် ဖြစ်စေပြီး အာကိဉ္စညာ-ယတနဈာန်ကို ဝင်စားရ၏၊ ထိုဈာန်မှထသော်, ဝိပဿနာမရှုဘဲ -

(၁) ကိုယ်နှင့်မစပ် သီးခြားထားအပ်သော ပရိက္ခရာ၊ ကျောင်း စသည်တို့ကို မိမိသမာပတ်ဝင်စားနေခိုက် ရန်သူမျိုး ၅–ပါးတို့ မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ပြုခြင်း၊
(၂) သံဃာတို့ တောင့်တသည်ကို ဆင်ခြင်ခြင်း၊
(၃) မြတ်စွာဘုရား ခေါ်တော်မူအံ့သည်ကို ဆင်ခြင်ခြင်း၊
(၄) ၇–ရက်အတွင်း ကမ္မဇရုပ်ကို ဖြစ်စေတတ်သော အသက်၏ တည်ခြင်းကို ကြည့်ရှုခြင်းဟူသော –

**ပုဗ္ဗကိစ္စ ၄**–ပါးကို ပြုပြီးလျှင် နေဝသညာနာသညာယတနစျာန်ကို ဝင်စားရ၏၊ နေဝသညာနာသညာယတနစျာန်ဇော ၂–ကြိမ်စောပြီးသည်၏ အခြားမဲ့၌ စိတ်အစဉ်သည် ပြတ်ပြီး စိတ်, စေတသိက်, စိတ္တဇရုပ်တို့ ချုပ်ခြင်း တည်းဟူသော နိရောဓသို့ ဆိုက်ရောက်သွား၏။ (ကဗဠီကာရအာဟာရကိစ္စ ရှိခြင်းကြောင့် ကာမဘုံသား ၇–ရက် အထိသာ၊ ရူပဗြဟ္မာ အလိုရှိသမျှ ဝင်စား နိုင်၏)

**သမာပတ်မှထခြင်း** – အဓိဋ္ဌာန်ထားသော ကာလစေ့၍ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ ဖြစ်ပေါ်လာခြင်းကို နိရောဓသမာပတ်မှ ထသည်ဟု ခေါ်၏၊ အနာဂါမ်ဖြစ်က အနာဂါမိဖိုလ်ဇော ၁–ကြိမ်၊ ရဟန္တာဖြစ်က အရဟတ္တဖိုလ် ဇော ၁–ကြိမ် စောပြီးနောက် ဘဝင်ကျလေတော့၏၊ ထို့နောက် မိမိဖိုလ်ကို ပြန်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ဖြစ်၏။

**အရူပဘုံရှိ အနာဂါမ်,ရဟန္တာများ နိရောဓသမာပတ် မဝင်စားခြင်း**

အရူပဗြဟ္မာများသည် အောက်အောက်စျာန်များ ဝင်စားခြင်း မရှိသောကြောင့် အစဉ်အတိုင်း ဝင်စားဖို့ရာ ပထမစျာန်စသော အောက်အောက်စျာန်များ မရှိ၍ နိရောဓ သမာပတ် မဝင်စားနိုင်ပါ။

[ **မေး** – ပဉ္စဝေါကာရဘုံရှိ ရူပပဉ္စမစျာန်အထိသာရသော အနာဂါမ်,ရဟန္တာ ပုဂ္ဂိုလ် များ နိရောဓသမာပတ် ဝင်စားခြင်း ရှိ–မရှိ ]

## နိဂုံး

သာသနာတော်၌ ဈာနသုခ ဖလသုခ စသည့် အပြားရှိသော သမထဝိပဿနာဟု ဆိုအပ်သော အကျင့်ဖြင့် ရအပ်သော သာယာအပ် ခံစားအပ်သော အရသာတည်းဟူသော ဈာနသုခ, ဖလသုခ စသည် အပြားရှိသော ချမ်းသာကို တောင့်တသော အမျိုးသားသည် အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မြတ်သော သမထဘာဝနာ, ဝိပဿနာ ဘာဝနာတည်းဟူသော ဘာဝနာနှစ်ခုအပေါင်းကို ပွားစေအပ်၏။

**ကမ္မဋ္ဌာန်းပိုင်းမှတ်စုပြီး၏။**